www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၅၄၆၈၄၅၊ ၅၄၂၉၇၃

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာပီးအိမ်၊ ကြည်အေး
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၉၆ မျက်နှာ၊ ၁၃ ·၅ စင်တီ× ၂၀ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇွန်လ၊ စတုတ္ထအကြိမ်၊ ၂၀၀၀ ပြည့်နှစ်၊ ရာပြည့်စာအုပ်တိုက် တတိယအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# မေတ္တာမီးအိမ်

ကြည်အေး

www.burmeseclassic.com

www.burmeseclassic.com


ညက အဖြူသည် မက်နေကျ အိပ်မက်ကို မက်သည်။ အိပ်မက်ထဲမှာ ဖေဖေ သေဆုံးပြီးသားဖြစ်၍ ငရဲခံနေသည်ကို သွားကြည့်ရ၏။ ဖေဖေသည် နဂိုနေထက် ငါးဆမျှ ကြီးမားနေကာ ဇရပ်လို၊ တန်ဆောင်းလို အဆောက်အအုံ၏ ထုပ်တန်းများကြားမှာ သူ့ခေါင်း ဝင်ရောက်နေသည်။ ဖေဖေသည် တူနှင့်ပေကို မနားတမ်း ထုနေရသည်။ အဖြူသည် တစ်ခဏမျှ လန့်၍ နိုးလာသည်ထင်သည်။ အပြင်မှာ ခါတိုင်းလိုပင် ညသည် တိတ်ဆိတ် အေးမြနေ၏။ အိပ်ခန်းပြတင်းနှင့် ကပ်နေသော စံကားဖြူပင်မှ အရွက်ပွန်းသည့် အကိုင်းတစ်ကိုင်းသည် ပြတင်းမှန်ချပ်ကို တရှပ်ရှပ်လာ၍ခြစ်သည်။ လက်လှမ်းမီသော ထိုအကိုင်းမှာ စံကားဖြူ အပွင့်ကြွင်းများ ပွင့်နေတာက တော့ အိပ်မက်လားမသိ။ ခုလို ဆောင်းဦးမှာကော စံကားဖြူ ပွင့်လို့လား။ မနက်ကျ ထကြည့်ဦးမည် စိတ်ကူးရင်း စံကားဖြူပွင့်များသည် မီးသီးမှိန်မှိန် များ ဖြစ်သွားသည်။

ကြည့်နေရင်း မီးသီးများငြိမ်းသွားကာ အဖြူသည် တောလမ်းကျဉ်းတစ်ခု၌ ခပ်သုတ်သုတ်လျှောက်လျက် ရှိသည်။ နားထဲမှာတော့ ပြတင်းမှန်မှ သစ်ကိုင်းခြစ်သံ တရှပ်ရှပ် ကြားဆဲပင်။ စံကားဖြူပန်းနံ့လည်း သင်းပျံ့မွှေးရီလို့ နေသည်။ လေပြင်းတိုက်၍ တိတ်ဆိတ် အေးမြမြ ညအခါ ဖြစ်လေ၏။ တော်တော်ပင် မှောင်လေတော့ တစ်ယောက်တည်းဖြစ်သည်ကို သတိရပြီး ကြောက်ရွံ့လာဆဲ။ ကိုဦးကို တွေ့လိုက်သည်။ ကိုဦးသည် လမ်း

www.burmeseclassic.com

www.burmeseclassic.com


ကွေ့မှာ မီးအိမ်ကိုင်မြှောက်ပြလို့ နေသည်။ မီးအိမ်သည် ရှေးဆန်၍ သံပန်းနွယ်ခက်များဖြင့် ခြယ်လှယ်၍ လှပသည်။ ပြာလဲ့သော အလင်းရောင်ကို ပေးသည်။ မျက်စိ အေးမြစေသော အလင်းရောင်ပင်။ ပြီးတော့ ကောင်းကင်ပေါ် တက်သွားကာ လဝန်းလို သာနေသည်။ အိပ်မက်ထဲမှာ ကိုဦးရဲ့ တိမ်တိုက်ကြားက သာနေသော မီးအိမ်ကလေးကို လသာတယ်လို့ပဲ အဖြူက ပြောနေသည်။

အိပ်မက်သည် ခါတိုင်းလိုပင် သည်နေရာမှာ ဆုံးသွားသော်လည်း ပြီးပျောက်မသွားဘဲ သည်အတိုင်းနေသည်မှာ မိုးလင်း၍ နိုးလာသည်အထိပင်။ နိုးလာသည့်အခါ အပြင်၌ နုနယ်သော နေရောင်ခြည်မျှင်များကို ပထမတွေ့လိုက်၏။ ဖေဖေ သေပြီပေါ့။ သည်တော့ ကိုဦးကို တယ်လီဖုန်း ဆက်ရတော့မည် ဖြစ်၏။ ကိုဦး၏ နံပါတ် ခုနစ်–တစ်–တစ်–ငါး–ငါးကို အလွယ်တကူ သတိရလာသည်။ ပြီးတော့ ဘယ်လောက် မှတ်လို့လွယ်တဲ့ နံပါတ်စဉ်ကလေးလဲ။

အဖြူသည် မြန်မြန်ဆန်ဆန် မျက်နှာသစ်လေ၏။ နာရီကို ကြည့်လျှင် ခုနစ်နာရီပင် ခွဲတော့မည်။ ၈ နာရီမထိုးခင် ကိုဦးကို တယ်လီဖုန်း ဆက်မှ ဖြစ်မည်။ သို့မဟုတ် သူ လူနာများကို လှည့်ကြည့်ရသည်နှင့် ၁၁ နာရီကျော် ၁၂ နာရီခန့်မှ ဖမ်းလို့မိမည်။ ကိုဦးကို မနေ့က ဖုန်းမဆက်မိဘူးထင်သည်။ ထိုခဏ၌ အဖြူ့ဦးခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး ထိတ်လန့်သွားသည်။ မနေ့ကအကြောင်း မစဉ်း စားချင်။ မနေ့က ဖေဖေ သေဆုံးသေးသည်မဟုတ်။ အေးမြတိတ်ဆိတ် သော စံကားဖြူပွင့်ကြွင်းများ ပွင့်သောညကမှ ဖေဖေ သေဆုံးခဲ့ပြီဆိုတာ သိလိုက်ရ၏။ ညကမှ ကိုဦးနှင့် တွေ့ရ၏။ အဖြူသည် မုန့်စားလျှင် ကြာမည်စိုးကာ အိပ်ရာဘေးက စားပွဲပေါ် အသင့်လာတင်ထားသော လင်ပန်းမှ နို့ဖန်ခွက်ကိုသာယူ၍ မြန်မြန်သောက်ချလိုက်လေ၏။

ခုနစ်–တစ်–တစ်–ငါး–ငါး။ အဖြူ၏လက်များ တုန်နေလေ၏။ သူ့ရဲ့ရင်တွင်းမှာ တဒိတ်ဒိတ် ခုန်ကာ "ကိုဦး...ကိုဦး"ဟု ညည်းညူ တမ်းတပြန်သည်။ ကိုဦးကို တွေ့ဖို့လိုသည်။ ကိုဦးက အဖြူ့အတွက် ပူပင်တတ်

www.burmeseclassic.com

www.burmeseclassic.com


သည်။ စီစဉ်ပေးတတ်သည်။ သိပ်သဘောကောင်းတဲ့၊ ချစ်ဖို့ကောင်းတဲ့ ကိုဦး။

ဟိုဘက်မှ ခေါ်ခေါ်ချင်း ကောက်ကိုင်လိုက်သံကြားကာ ကျက်မိနေသော ကိုဦးရဲ့ "ဟဲလို"ဟု ထူးသံကြားလိုက်လျှင် အဖြူ့အားတက်ပျော်ရွှင်သွားသည်။ ထို့ကြောင့် မရေမရာပင် တစ်ချက်ရယ်လိုက်ကာ "ကိုဦးလား၊ အဖြူပါ"ဟု ပြောလိုက်လေ၏။

"အဖြူလား...အဖြူလား"ဟု တုန်ယင်ခဲ့သော ကိုဦးရဲ့အသံကို ကြားလေ၏။

"အဖြူပါ၊ ဘာလုပ်နေလဲ"

"အဖြူ၊ ကိုဦးကို သတိရလာပြန်ပြီလား"

"အို...ကိုဦးကလည်း ဘယ်တုန်းက မေ့သွားလို့လဲ။ နေ့တိုင်း ဖုန်းဆက်နေတာပဲ မဟုတ်လား" အဖြူသည် ခေါင်းကြည်လင်သွားမည်လားဟု တစ်ချက် ခါလိုက်၏။ ဟုတ်တယ်၊ နေ့တိုင်း ဆက်နေတာပဲ။

"ကိုဦး ဖုန်းနံပါတ် ဘယ်ကရလဲ"

"ညက ကိုဦးရဲ့မီးအိမ်မှာ ထွင်းထားတာပဲ။ ခုနစ်–တစ်–တစ်–ငါး–ငါး၊ ပြီးတော့ အလွတ်လည်း ရနေတာပဲ။ ကိုဦးကလည်း ဘာဖြစ်နေတာလဲ"

ရယ်မောလိုက်သံကို ကြားရပြီး အနည်းငယ် မခံချင်သလို ဖြစ်သေးသည်။ သူ သိပ်ဆိုးတာပဲ။ ဘာဖြစ်လို့ ရယ်ချင်တာလဲ။

"အဖြူ ဟိုအိပ်မက် မက်ပြန်ပြီပေါ့"

"ဟုတ်တယ်။ ကိုဦး မမှတ်မိဘူးလား။ ညက တစ်ညလုံး စကားတွေ ပြောနေကြပြီး အဖြူ မပြောမိဘူးလား။ မနက်ကျ လာခဲ့မယ်လို့။ ဖေဖေ့ကို တွေ့ခဲ့တယ်။ သိပ်သနားတာပဲ ကိုဦးရယ်။ အဖြူ ငိုချင်တယ်၊ သိပ်ငိုချင်တယ်။ ရင်ထဲမှာ ဘယ်လို ဟာနေမှန်း မသိဘူး။ သိပ်သနားတာပဲ။ ဒါပေမဲ့ သူ သေသွားတာ အဖြူ ဘာမှလည်း မတတ်နိုင်ပါဘူးနော်။ ဒါပေမဲ့ အဖြူတစ်ယောက်တည်း ဖြစ်နေပြီ။ ဒီ အိမ်ကြီးမှာ ဘယ်လို ဆက်နေလို့ ရမလဲ။ ညကျရင် ပြတင်းပေါက်မှန်ကလည်း တရှပ်ရှပ်မြည်လို့။ ကြောက်

www.burmeseclassic.com

www.burmeseclassic.com


တတ်လှတာတော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအသံကြောင့် ပိုပြီး ထိတ်တယ်။ ကိုဦးကိုလည်း သိပ်တွေ့ချင်တာပဲ။ အဖြူ လာခဲ့မယ်နော်"

သက်ပြင်းချသံ ကြားလေ၏။ ပြီးတော့ ကိုဦးက ဝမ်းနည်းတစ်ဝက်၊ ပျော်ရွှင်တစ်ဝက် ရောသောအသံဖြင့် ပြောလေ၏။ "အဖြူ အသင့်ပြင်ထားလေ၊ ကိုဦးဆီလာဖို့ စီစဉ်လိုက်မယ်။ ခုပဲ ကိုဦး အဖြူ့ဖေဖေကို ဖုန်းဆက်မယ်။ တယ်လီဖုန်းမြည်ရင် မကိုင်နဲ့။ ပြောစကား နားထောင်နော်"

အဖြူသည် "ဟုတ်ကဲ့…ဒါလင်"ဟု ပြောလိုက်ပြီး တယ်လီဖုန်းကို ချလိုက်သည်။ ပြီးတော့ နံနက်စာကို ဆက်စား၏။ နို့ချိုင့်ထဲမှ ဖန်ခွက်ထဲ နို့ထပ်ဖြည့်ရ၏။ တယ်လီဖုန်း မြည်လာသော်လည်း သူ မကိုင်တော့။ ဖေဖေ့အခန်းမှ ကိုင်သည်ထင်သည်။ မြည်သံတိတ်သွားသည်။ ဘာမျှထွေထွေထူးထူး မစဉ်းစားတော့ဘဲ မှန်တင်ခုံသို့ လာခဲ့သည်။ ပုလဲနှစ်ရောင်ညဝတ်အင်္ကျီနှင့်၊ ကျစ်ဆံရှည်နှစ်ဖက် ကပိုကရိုနှင့်၊ အဖြူသည် တစ်မျိုးလှပနေသည်ကို မှန်ထဲမှာ မြင်ရသည်။ လှတာ ကောင်းသားပဲ။ ကိုဦးအတွက် လှပချင်သည်။

ထိုခဏ၌ စံကားဖြူပွင့်များ ရှိ၊ မရှိ ထကြည့်ဖို့ သတိရလာလေ၏။ အဖြူရဲ့ စံကားဖြူပင်ဟာ ရာသီမရွေး ပွင့်မြဲပဲမဟုတ်လား။ မိုးတွင်းမှာ အများဆုံးပွင့်တာတော့ အမှန်ပဲ။ လှိုင်ကြိုင်ပြီး အဖြူ့အခန်း တစ်ခန်းလုံး ရီဝေနေအောင် ပွင့်တတ်သည်။ သို့ပေမယ့် စံကားဖြူများ အလှိုင်ကြီး လှိုင်နေဆုံးအချိန်သည် အမြဲပင် အဖြူ ဝမ်းနည်းကြေကွဲရသော အချိန်များသာ ဖြစ်တတ်လေသည်။ အကြောင်းမှာ စံကားဖြူ ကြိုက်တတ်သူကို အစဖော်မရနိုင်သောကြောင့်ပင်။ တစ်ခါတစ်ရံ မခံရပ်နိုင်အောင် ပူလောင်သော စိတ်ဖြင့် လက်လှမ်းမီသမျှ စံကားပွင့်ဖြူများကို ပြတင်းမှ ကိုယ်တစ်ပိုင်းထွက်၍ ခူးကာ စာအုပ်စင်ပေါ်မှ သွယ်ပျောင်းသော လက်ခုပ်ပုံသဏ္ဌာန်ကြွေပန်းစိုက်အိုးကလေး၌ ထည့်လိုက်ပြီး ရှိုက်ကြီးတငင် ငိုခဲ့ရတတ်သည်။ စံကားဖြူပွင့်များ ဘယ်သူ့ကို ပေးရမှာပါလိမ့်။

ထိုအခါမျိုးကို ဖေဖေ တွေ့သွားလျှင် အင်မတန် စိတ်ဆိုးတတ်သည်။ ဖေဖေသည် ရိုက်တော့မည်လိုပင် လက်တောင် ရွယ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


အဖြူသည် ထွက်ပြေးဖို့လည်း စိတ်မကူး။ ရှောင်တိမ်းဖို့လည်း စိတ်မကူး။ သည်အတိုင်း ငုံ့စုံပစ်ခံတော့မည်ဟု ငြိမ်နေတတ်သည်။ ဖေဖေသည် ဒေါသ မလျော့ပါးသော်လည်း မျက်နှာပျက်ကာ လှည့်ထွက်သွားလေ့ရှိ၏။ ထို့နောက် အဖြူ့အခန်းနှင့် ကပ်နေသော ဖေဖေ့အခန်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်သည့်ခြေသံ တဒုန်းဒုန်း ကြားမည်။ နောက် မချုပ်တည်းနိုင်သည့်ပမာ စားပွဲပေါ်မှ စာအုပ်များကို တွန်းချပစ်သံ ကြားတတ်သည်။ ပြီးတော့ စားပွဲကို လက်သီးနှင့် ဆင့်ကဲဆင့်ကဲထုသံ ကြားတတ်သည်။

ဖေဖေ သိပ်ဒေါသကြီးတာပဲ။ စိတ်ဆင်းရဲစရာ…။

ဒါကြောင့် ဖေဖေ သေသွားသည့်အခါမှာ ဝမ်းနည်းရတာပေါ့။ သနားဖို့တော့ ကောင်းလိုက်တာ။ ကြည့်တောင် မကြည့်ရက်ပါဘူး။ ငိုလည်း ငိုချင်လိုက်တာ။ သို့ပေမယ့် ဖေဖေ သေပြီဆိုတော့ သည်အိမ်က ခွဲရတော့မည်။ ကိုဦးဆီ သွားရတော့မည်။ ကိုဦးဆီ သွားရတာတော့ သိပ်သဘောကျတာပဲ။ ဒါကိုပဲ စောင့်နေတာပဲ။

ကိုဦးကို ပေးဖို့ စံကားဖြူပွင့်များ စောစောက သူ ရှာဖွေနေသည်ကို သတိရလာပြန်၏။ အဖြူသည် ပေါ့ပါးသွက်လက်စွာ ပြတင်းပေါက်သို့ ပြေးပြီး တံခါးဖွင့်လိုက်ရာ စံကားဖြူနံ့ သင်းမွှေးသော လေအေးသည် အပြေးကလေး ဝင်လာသည်။ လေအေးကို တဝကြီးရှူလိုက်သည့်အခါ အဖြူ ပျော်ရွှင်နေသည်ဟု သတိရလိုက်၏။ စံကားဖြူတွေ ဘယ်မှာလဲ။ တကယ် ပွင့်တာလား။ အိပ်မက်ထဲမှာတော့ မီးပွင့်ကလေးများ ဖြစ်သွားသည်။ အို… ဆောင်းဦးမှာလည်း ပွင့်တာပဲနော်။ နည်းနည်းပါးပါးပါပဲ။ ရွက်ကြို့ရွက်ကြားကို ချောင်းကြည့်လိုက်သည့်အခါ ကော့နေသော ပွင့်ဖတ် ဖြူဖြူသွယ်သွယ်ကလေးများကို တစ်ပိုင်းတစ်စ မြင်ရသည်။ ကံကောင်းလာပြီ ထင်သည်။ လက်လှမ်းမီရာမှာ နှစ်ပွင့်ပွင့်လျက်ရှိ၏။ အဖြူဖို့တစ်ပွင့်၊ ကိုဦးဖို့ တစ်ပွင့်။ ဟော… ပြတင်းတံခါးရွက်စွန်းနှင့် တိုက်မိနေတာက တစ်ပွင့်။ တံခါးရွက်ထောင့်ချွန်နဲ့ ထိမိတော့ စံကားဖြူပွင့်ကလေး ဒဏ်ရာများ ရသွားလေသလား။ ပြတင်းပေါင်ပေါ် တင်ပါးလွှဲ တက်ထိုင်မှ ခူးလို့မီပေ၏။ သည်တစ်ပွင့်ကတော့ အဖြူနဲ့ ကိုဦးတို့ရဲ့ အချစ်အတွက် တစ်ပွင့်ပေါ့။ ထိုစံကားဖြူ

www.burmeseclassic.com

www.burmeseclassic.com


ပွင့် ကလေးသည် ဘာဒဏ်ရာ ဒဏ်ချက် တစ်ခုမှမရှိဘဲ ဖြူစင်လတ်ဆတ် လှသည်။ ကောင်းမြတ်သော နိမိတ်ပဲ။

အဖြူသည် ညာလက်ဝါးပေါ်မှာ စံကားဖြူပွင့် သုံးပွင့်ကို ယုယု ယယတင်ကာ မှန်တင်ခုံသို့ လာသည်။ ပြီးတော့ အလှတင်ထားသော ငွေဆေးလိပ်ပြာခွက်ကလေးပေါ် တင်လိုက်သည်။ ပြာလဲ့သော ငွေရောင်နှင့် တွေ့တော့ စံကားဖြူပွင့်များသည် နံ့သာဖြူလို အဝါဘက် လှသွားလေ သည်။

အဖြူ့အတွက် တစ်ပွင့်၊ ကိုဦးအတွက် တစ်ပွင့်။ အဖြူနဲ့ ကိုဦးတို့ ချစ်ကြတဲ့ အချစ်အတွက် တစ်ပွင့်။ သိပ်လှတာပဲ။

မှန်တင်ခုံ၌ ထိုင်လိုက်သည့်အခါ ကြည်လင်ချမ်းသာသော သူ့ မျက်နှာကို အဖြူ မြင်ရသည်။ အို...ဘာမှ မပြင်ရသေးပါလား။ ကိုဦးက ပြောတယ်၊ အသင့် ပြင်ထားတဲ့။ ရေချိုးရမယ်၊ အလှပြင်ရမယ်၊ ပြီးတော့ ဇီဇဝါနံ့ ရယ်ဗလွန်ရေမွှေး သင်းသင်းအေးအေး ဆွတ်ရမယ်။ ဒါပေမဲ့ ဘာရောင်ဝတ်ရမလဲကွယ်။

●

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး ကြိုက်တယ်လို့ တစ်ခါ ပြောဖူးသည်နှင့် နှင်းဆီဝါပွင့်များ ပျစ်ခဲ ယှက်သန်းနေရာက အနားသို့ တဖြည်းဖြည်း ကျဲသွားသည့် ထဘီဆင်ကို အဖြူရွေးလိုက်၏။ ကိုဦးနှင့်ပတ်သက်သမျှ အကုန်သတိရလာသည်။ ကိုဦး ပေးသည့် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)ထွက် ရွှေနှင့်လုပ်သော နှင်းဆီပုံ ရင်ထိုး ကလေးကို ထိုးဖို့သတိရသည်။ ဘယ်မှာလဲ၊ ဘယ်မှာသိမ်းမိပါလိမ့်။ သြော်။ အဝတ်ဗီရို အပေါ်ဆုံးထပ်ရဲ့ အတွင်းဘက်ထောင့်မှာ။ ကတ္တီပါ ဘူးနက် ကလေးထဲမှာပဲ။ ကုလားထိုင်ခု၍ အဖြူတက်ယူသည့်အခါ ကတ္တီပါဘူး ကလေးသည် ဖုန်ထုတက်နေသည်ကို တွေ့လေ၏။ ဘာဖြစ်လို့ ဖုန်မသုတ်မိ ပါလိမ့်။ ဖုန်မသုတ်မိတာ ဘယ်နှရက် ကြာပြီလဲ။ လပေါင်းများစွာတော့ ကြာပြီထင်သည်။

အဝတ်ဗီရို၏ အထက်ဆုံးဆင့်သည် စိတ်ဝင်စားဖွယ် ပစ္စည်းများ နှင့် အပြည့်ရှိသည်။ အားလုံးပင် ဖုန်ထုတက်နေသည်။ ဘယ်လောက်ကြာ အောင် မေ့ကျန်ခဲ့သည့် ကဏ္ဍပါလိမ့်။

အဖြူသည် မူးဝေလို့ပင် သွားတော့မလို ဖြစ်ရသည်။ အဖြူ့ရင်မှာ အရမ်းခုန်နေပြီး မောဟိုက်လာသည်။ အသက်ပြင်းပြင်းမြန်မြန် ရှူနေရ သည်။ မျက်စိများ ခဏမှိတ်ပြီး ဗီရိုကို ခေါင်းမှီ၍နေလိုက်မှ သက်သာ သည်။ သို့ပေမယ့် စိတ်ကစောနေရာ ချက်ချင်းပင် တဆတ်ဆတ် တုန်ယင် နေသော လက်များဖြင့် ဗီရိုအထက်ဆုံးထပ်၏ စိတ်ဝင်စားဖွယ်ပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးတစ်ခုကြည့်ရလေ၏။ အားလုံး ကိုဦးဝယ်ပေးသော ပစ္စည်းများ ဖြစ်သည်။

အဖြူ လှန်ကြည့်မိသော ပထမဆုံးစာအုပ် ခုနစ်အုပ်တွဲမှာ ကမ္ဘာ တစ်ဝန်းမှ အကြီးကျယ်ဆုံး ဝတ္ထုတိုများဆိုသည့် အနီရောင်အဖုံးနှင့် စာအုပ် များ ဖြစ်သည်။ ထိုစာအုပ်အားလုံး ကုန်လုနီးနီး ဖတ်ဖူးသည်ကို သတိရ လာပြန်သည်။ ဖတ်ဖူးရုံမက တချို့တလေတောင် ဘာသာပြန် ကြည့်ဖူး သည်။ ဘယ်တော့မှတော့ မပြီးပေ။ ကိုဦးက ရယ်မော၍ "အမယ်… အဖြူက စာရေးဆရာမကြီး လုပ်ချင်တယ်ပေါ့လေ။ အရမ်း ဘာသာမပြန်နဲ့"ဟု နောက် ပြောင်သည်။ အဖြူက ရှက်နေလျှင် "အလကား နောက်တာပါ။ အဖြူ စာ ရေးရင် ဗာဂျီးနီးယားဝုလ်ဖ်လို နေမလား မသိဘူး" ပြီးတော့ ကိုဦး မျက် ရည်လည်လာသည်ကို မှတ်မိသည်။ အဖြူကတော့ ဘာကြောင့်ပါလိမ့်လို့ တွေးနေခဲ့သည်။

နောက်တစ်အုပ်မှာ **ကာယပီတိ**ဆိုသော ဝတ္ထုဖြစ်သည်။ အဖြူ သည် အနည်းငယ် မျက်နှာနီလာသည်။ သူ ရှက်လာသည်။ ကိုဦး သိပ်ဆိုး တာပဲလို့ ပြောချင်သည်။ ကိုဦး အဲဒီစာအုပ်ကို ဖတ်ခိုင်းပြီး၊ ဖတ်ပြီး ပြန်ပြော ကြတော့ ခုလိုပင် မျက်နှာနီလာသည်။ ရှက်လာသည်။ ကိုဦး သိပ်ဆိုးတာပဲလို့ ပြောခဲ့သည်။ ကိုဦးက ထုံးစံအတိုင်း ရယ်မောပြီး "သိမ်းထားနော်၊ သိပ်ရှားတဲ့ စာအုပ်ပဲ အဖြူရဲ့"လို့သာ ပြောလေသည်။

ပြီးတော့ အချစ်ကဗျာစာအုပ် နှစ်အုပ်ပင်။

စာအုပ်တိုင်းမှာ "အဖြူသို့၊ လှဦး"ဟုသာ ရေးထားသည်။

ကိုဦးရဲ့ သိမ်မွေ့သော သဘောတွေပါပဲဟု အဖြူ တွေးတောကာ လက်ကိုင်ပဝါဖြင့် ဖုန်သုတ်လိုက်ပြီး သူ့လက်မှတ်ကို နှုတ်ခမ်းနှင့် ကပ်မိလေ ၏ ။

ထို့နောက် သီချင်းဓာတ်ပြားများ။

နတ်သျှင်နောင်၊ စန္ဒကိန္နရီ၊ မိုးဒေဝါ၊ မယ်ခုမ္ဘော်၊ ချစ်ရေစင်။ စစ်မဖြစ်ခင် အင်္ဂလိပ်ခေတ်က ကိုဦး စုဆောင်းထားသော ဓာတ်ပြားများ ဖြစ်သည်။ အဖြူ ကလေးဘဝက အလွတ်ရခဲ့သော၊ တကြော်ကြော်ဆိုခဲ့

www.burmeseclassic.com

www.burmeseclassic.com


သော သီချင်းများ။ ပြီးတော့ အဖြူ ကိုးတန်းအောင်သည့်နှစ်မှာ ကျော်ကြား လာသည့် ကိုစောငြိမ်းရဲ့ သီချင်းဓာတ်ပြားများ ဖြစ်သည်။ စံပယ်၊ စိမ်။ ပြီးတော့ အဖြူဆိုလို့ မဝနိုင်တဲ့၊ ဝမ်းနည်းကြေကွဲစေတဲ့ ဆည်းဆာ။

လောလောဆယ်တော့ ပျော်ရွှင်ကြည်လင်နေသော အဖြူသည် တမ်းတသံနှင့်သာ ခပ်လဲ့လဲ့ ဆိုမိသည်။

"နာဝါလေ့များဆွေရယ်
ဆွေးသူကို ဖေးကူပါလှည့်...
လမ်းကြုံရင် ခေါ်စေချင်ငဲ့
ပြာရီလဲ့ ဆည်းဆာ ညချမ်းဝယ်
နေညိုညို မောင့်ကို လွမ်းမိတယ်"

ပြီးတော့ ပြင်သစ်စကားသင် ဓာတ်ပြားလေးချပ် တစ်စုံ။

အို...ဖုန်တွေကလည်း ထုတက်နေတာပါပဲလား။ ဖုန်တွေသည် ဓာတ်ပြားစက္ကူ အိတ်ပေါ်တွင်မက စက္ကူအိတ်ပေါက်မှ ဝင်ကာပင် ဓာတ် ပြားတွေကို ပေရေစေတော့သည်။ ဖုန်ထုကို ကြည့်ခြင်းအားဖြင့် မေ့လျော့ နေခဲ့တာ ရက်ပိုင်းမကတော့ပြီပင်။ ဘယ်နှလ ကုန်ခဲ့ပြီလဲ။ ဘာဖြစ်လို့ သည်ဓာတ်ပြားများကို မဖွင့်မိပါလိမ့်။ ဘယ်တုန်းက သည်အပေါ်ဆုံး ထပ်မှာ သိမ်းခဲ့ပါလိမ့်။ အဖြူပဲ သိမ်းမိလေသလား။

သည်လိုပင် ဖုန်တက်နေသော အလှအပ ပစ္စည်းများစွာ စီရရီ သိမ်းထားတာ တွေ့ရသည်။ ဟုတ်တယ်၊ ဟောဒီငွေကတော့ ပန်းအိုးကလေး က အဖြူရဲ့မွေးနေ့မှာ ကိုဦး ပေးတာပဲ။ နှင်းဆီဝါတွေ ဝေနေအောင် စိုက်လို့ ပေါ့။ ကိုဦးက နှင်းဆီဝါမှ ချစ်တယ်တဲ့။ မဆီမဆိုင် "ပန်းနီနီ မပေးနဲ့ကွယ်၊ ပန်ချင်ပါဘူး"ဆိုသည့် သီချင်းကို စိတ်ထဲက ဆိုချင်လာပြန်သည်။ နီရဲနေ သော ဂျပန်ယွန်းခွက်သုံးလုံး တစ်စုံကို မြင်မိလို့လားမသိ။ ကြွေပန်းအိုး အမျိုးစုံလည်း ရှိသည်။ တချို့ကိုတော့လည်း ဘယ်တုန်းက ဘယ်လိုအခါနှင့် ကြုံကြိုက်လို့ ပေးသည်ဆိုတာ မမှတ်မိတော့ဘဲ မမှတ်မိတာကို မကျေမနပ် ဖြစ်မိသည်။ ပြီးတော့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်လာပြန်သည်။ ထိုပစ္စည်းတို့ သည် အရိပ်များစွာ ယှက်သန်းနေတာကို ကြည့်ရသလိုပဲနော်။ တချို့ ပီပြင်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သား၍ တချို့ မှေးမှိန်ဖျော့တော့သော အရိပ်များပါပဲ။ အရိပ်များ ထပ်နေသည်။ တစ်ခုချင်း ဆွဲထုတ်လိုက်လျှင်တော့ လက်ဝါးပြင်မှာ အားလုံးပီပြင်ပြတ်သားလာလိမ့်မယ်ထင်သည်။ သို့ပေမယ့် ဘယ်လို တစ်ခုချင်း ဆွဲထုတ်ရမည်လဲ။ ကိုဦးနဲ့တွေ့မှ မေးရမည်။

အကြံရပြီ။ ဒါတွေအားလုံး ကိုဦးဆီ ယူသွားမည်။ အဝတ်အစား သေတ္တာနှင့်ပါဆိုတော့ သေတ္တာနှစ်လုံး ဖြစ်နေမှာပဲ၊ ဖြစ်ပါစေပေါ့။ ကိုဦး ပေးတဲ့ အဖြူပိုင်တဲ့ ပစ္စည်းတွေ ထားခဲ့ဖို့ စိတ်မချနိုင်ပါဘူး။ ပထမ ဖုန်သုတ်ကြစို့။ အဝတ်စိုနှင့်သုတ်ပြီး အဝတ်ခြောက်နှင့် ချက်ချင်း ပြန်သုတ်ရမည်။ အဖြူသည် သူ့ပစ္စည်းများကို တစ်ခုချင်း တယုတယ ကြမ်းပေါ်ချလေ၏။ ကဗျာစာအုပ် တစ်အုပ်ထဲမှ ကိုဦးရဲ့ ချိုပြုံးသော မျက်နှာနှင့် ဝါနေပြီဖြစ်သော ကိုယ်တစ်ပိုင်းဓာတ်ပုံသည် လွင့်ပါးကျလာသည်။ ထိုဓာတ်ပုံမှာတော့ ဖုန်မရှိပေ။ "အဖြူသို့ အချစ်များစွာနှင့်၊ ဆုတောင်းကောင်းစွာနှင့်"လို့ သေသေသပ်သပ်ရေးထားသည်။ **"လှဦး"** ဆိုသည့် နာမည်လက်မှတ်ကို အဖြူနှုတ်ခမ်းနှင့် ကပ်မိပြန်လေ၏။

●

www.burmeseclassic.com

www.burmeseclassic.com


အဖြူသည် ရေမိုးချိုးပြီး၊ အလှပြင်ပြီး၊ အဝတ်အစားလဲပြီး၊ သေတ္တာ နှစ်လုံးပြင်ပြီးလျှင် စားပွဲမှာ ထိုင်၍စောင့်သည်။ ငွေဆေးလိပ်ပြာခွက် ထဲမှ စံကားဖြူသုံးပွင့်သည် လန်းဆတ်မြဲပင်။ သင်းမြမြရနံ့ကို နှစ်လို စွာပင် ရှူရှိုက်နေမိသည်။ ချစ်ဖွယ်အနံ့ပဲနော်။ စိတ်ကို ကြည်စေသည်။ နှလုံး အေးမြစေသည်။ လှလည်း သိပ်လှတာပဲ။ အသာကလေး တုန်ယင် နေသော လက်ချောင်းများနှင့် ပွင့်ရွက်များကို ခွဲကြည့်လိုက်လျှင် ပွင့်ဖတ် လေးရွက်စီ သုံးခါထပ်နေသည်ကို တွေ့သည်။ အလယ်က ဝတ်ဆံတိုင် စိမ်းလဲ့လဲ့ကို ပွင့်ရွက်နှင့်တူလာသည့် သေးမွှန်သော ရွက်ဆံအထပ်များစွာက ဝန်းရံလို့နေ သည်။ ပွင့်အာလာသော စံကားဖြူသည် ကြာပွင့်နဲ့ပင် တူလေသည်။ သို့ပေ မယ့် လက်လွှတ်လိုက်လျှင် ပွင့်ရွက်များ ပြန်လည် စုရုံးသွားပြီး စံကားဖြူပွင့် ပြန်ဖြစ်သွားလေသည်။ ခိုင်မာ ထူထဲလျက်နဲ့ နုနယ်သော၊ ကျေလွယ် ကျိုး လွယ်သော ပွင့်ရွက်များပါပဲ။

စေ့ထားသော အိပ်ခန်းတံခါးသည် ဖျတ်ခနဲ ပွင့်လာပြီး ဖေဖေ ရပ်နေသည်ကို တွေ့ရလေ၏။

"သမီး အသင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့...ဖေဖေ"ဟု အဖြူသည် ကြိုးစား၍ တည်ကြည်စွာ ပြောလေ၏။ ရင်ထဲမှာတော့ တဒိန်းဒိန်း မြည်လာသည်။ ဖေဖေ့ကို စေ့စေ့ ကြည့်ရမှာလည်း ကြောက်လာသည်။ သို့ပေမယ့် ဖေဖေသည် ခါတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လူသာမန်တို့ အရွယ်သာဖြစ်လေသည်။ ညကလို ငါးဆခန့် ကြီးမားမနေပေ။ ဖေဖေ့ကို စကားနည်းနိုင်သမျှသာ နည်း၍ ပြောချင် သည်။ ဖေဖေ သူ့နေရာ ဘယ်လိုပဲဖြစ်ဖြစ်၊ သူ့နေရာသို့ ပြန်သွားစေ ချင်သည်။ သူ့အိပ်ခန်းကိုပင် ပြန်စေဦးတော့၊ အဖြူ့အခန်းနှင့်ပင် ကပ်နေစေဦးတော့ ပြန်သွားစေချင်သည်။ ဖေဖေ လိုက်များပို့နေဦးမှာလား။

အဖြူသည် မျက်လွှာချ၍ "ဖေဖေ ခဏ ပြန်လာတာလား"ဟု မေးလိုက်လေ၏။

ဘာမှ ပြေသံမကြား၍ မော့ကြည့်လိုက်လျှင် ဖေဖေ၏ အသား စိုင်များ လှုပ်ရှားနေသော မျက်နှာကို မြင်ရလေ၏။ နာကျင်နေသလိုပဲ။ ဝေဒနာ ခံစားနေရသလိုပဲ။ ခါတိုင်းလိုပဲ ထစ်ခနဲရှိလျှင် ဒေါသကြီးတတ် သလိုပဲ။ ဒေါသနှင့်လည်း အပြည့်ဖြစ်သည် ထင်သည်။ အဖြူ့ကိုများ ရိုက်ဦးမှာလား။ ငယ်ငယ်တုန်းကလို ရိုက်ဦးမှာလား။ အော်ဟစ်ကြိမ်းမောင်း မည်လား။

အဖြူသည် စိတ်တင်း၍ ဖွတ်တိုးပြောလိုက်၏။ "အဖြူ့ဘာသာ သွားတတ်ပါတယ်၊ စိုးသိန်း လိုက်ပို့မှာပေါ့။ လိုက်ပို့နေကျပဲ။ ဖေဖေ ပြန် တော့လေ"

ဖေဖေသည် တွေ၍ ကြည့်နေသေး၏။ ဒေါသကို ချုပ်တည်းနေ ဟန်ရှိ၏။ ရင်နာဖွယ်ရာ ဖေဖေ့နှုတ်ခမ်းများ တုန်နေပြီး မျက်လုံးများ နီလာ သည်။ ငိုချင်သလိုပဲ။

"ဖေဖေ ခဏတော့..." တံတွေးမျိုပြီးမှ ဆက်ပြောနိုင်သည်။ "လိုက်ခဲ့ဦးမယ်၊ ချက်ချင်းပြန်လာမှာပါ သမီးရဲ့"

"အဖြူ သိပ်ကြောက်တာပဲ"ဟု လွှတ်ခနဲ ထွက်သွားလေ၏။ ပြီးမှ "တကယ်တော့လည်း ခဏလေးနဲ့ ရောက်သွားမှာပါ။ နာရီဝက် မမောင်းရပါ ဘူးနော်။ စိုးသိန်းလည်း ပါမှာပဲ"

"ဒေါ်ကြီးလည်း ပါမှာပဲ"

"အို...ဟုတ်သားပဲ၊ ဒေါ်ကြီးလည်း ပါမှာပဲ။ ဒါပေမဲ့ ဒေါ်ကြီးကို သည်အိမ် ပြန်စောင့်ခိုင်းရမှာပေါ့။ ကိုဦးဆီရောက်ရင် အဖြူ ဘယ်သူ့မှ

www.burmeseclassic.com

www.burmeseclassic.com


မလိုပါဘူး"

ဖေဖေသည် ချာခနဲ လှည့်ထွက်သွားလေ၏။ ဖေဖေ ပြန်ပိတ်သွားသော အိပ်ခန်းတံခါးသံသည် အဖြူ တုန်သွားအောင် မြည်လေ၏။ ဘုရား...ဘုရား...တော်ပါသေးရဲ့။ အခန်းထဲ ဝင်မလာလို့။ ဒါပေမဲ့ မြန်မြန်သွားမှ ဖြစ်မည်။ ပြီးတော့ အဖြူ တစ်မနက်လုံး ဒေါ်ကြီးကို မေ့နေသည်။ ဒေါ်ကြီးကို ပထမတော့ အဖြူ့ဘက်သားလို့ ထင်ခဲ့သည်။ ခုတော့ ဒေါ်ကြီးသည် ဖေဖေ့ဘက်သားသာ ဖြစ်သည်။ သည်အိမ်ကို ခင်မင်သူ ဖြစ်သည်။ အဖြူ့ကို တားဆီးပိတ်ပင်ခဲ့ဖူးသူ ဖြစ်သည်။ အဖြူရဲ့ရန်သူ ဖြစ်သည်။ ဖေဖေ့လောက် ကြောက်စရာမကောင်းတောင် ယုံလို့မရသူ ဖြစ်သည်။

အဖြူသည် အားငယ်လာပြီး ငယ်ငယ်ကလို ခြေဆင်းထိုင်၍ ငိုနေချင်စိတ် ပေါ်လာလေ၏။ ငယ်ငယ်က သည်အခန်းထဲမှာ တံခါးချက်လေးချက်စလုံးချ၍ ပတ်ချာလည်လည်း လျှောက်ခဲ့ဖူးသည်။ ခေါက်တုံ့ခေါက်ပြန်လည်း လျှောက်ခဲ့ဖူးသည်။ အဲသည်တုန်းက သံတိုင်တပ်ထားသော ပြတင်းပေါက်မှာ ခြေတောင့်အောင်လည်း ရပ်ခဲ့ဖူးသည်။ ခြေဆင်းထိုင်၍လည်း တစ်နေ့လုံး၊ တစ်ညလုံး ငိုနေခဲ့ဖူးသည်။ ခုလည်း ငိုချင်လှသည်။ သို့ပေမယ့် မျက်ရည်မပေါ်လာချေ။ ဘာဖြစ်တာပါလိမ့်။

သိပြီ။ ကိုဦးဆီ ရောက်တော့မှာပဲ။ စိတ်အေးချမ်းတာသာ ရှိတော့သည်။ အားလုံးကို မေ့လိုက်မည်။ အားလုံးကို တစ်ခါတည်း မေ့ပစ်လိုက်မည်။

●

www.burmeseclassic.com

www.burmeseclassic.com


အဖြူ စိတ်ရောဂါကုဆေးရုံသို့ ရောက်လာသည့်အခါ သတိမေ့မြောလျက် ရောက်လာသည်။ ကားပေါ်မှာ၊ ဒေါ်ကြီးလက်ထဲမှာ မိုက်ခနဲ မေ့မြောသွားသည်။ စိုးသိန်းနှင့် အတူထိုင်နေသော ဖေဖေ့ကိုကြည့်ရင်း မူးလာသည်။ ဖေဖေသည် တဖြည်းဖြည်း ကြီးလာတယ်ထင်လေသည်။ သူ့ခေါင်းသည် ကားခေါင်မိုးကို ဖောက်တော့မှာပဲ။ ပြီးတော့ ကားသည် ကန့်ပေါင်လိုလို၊ ဇရပ်လိုလို အဆောက်အုံအဖြစ် ပြောင်းသွားမလား။ ဖေဖေ့ကို အဲသည်လို အဖြစ်နှင့်တော့လည်း မမြင်ချင်၊ မမြင်ရက်။ ကြောက်လည်း ကြောက်သည်။ လွတ်ရာသို့ ထွက်ပြေးချင်သည်။ ကိုဦးဆီ မရောက်သေးဘူးလား။ ကား မြန်မြန်မောင်းစမ်းပါ။ မောင်းစမ်းပါ။

ကားကို အမြန်ပင် မောင်းရသည်။ အဖြူသည် မေ့ပြီး တောင့်နေ၏။ ဒေါ်ကြီးက ခါတိုင်းလိုပင် ငိုစပြုဆဲ။ ဖေဖေသည် ဒေါ်ကြီးကို ကြိမ်းမောင်း၍ စိုးသိန်းကို မာန်မဲကာ ကား ကိုယ်တိုင်ဝင်မောင်းသည်။ ၁၅ မိနစ်နှင့် ဆေးရုံသို့ရောက်၏။

အဖြူ ဆေးရုံသို့ ရောက်ရောက်ချင်း တင်းကျပ်သော အဝတ်များကို လဲလှယ်ပြီး ခါတိုင်း သူနေနေကျ အခန်းဖြစ်သော ဒေါက်တာ လှဦး၏ ရုံးခန်းနှင့်ကပ်လျက် သူနာပြုဆရာမများ နားရာအခန်း၌ နေရာချရ၏။ အဖြူ့ ဘကြီးဝမ်းကွဲဖြစ်သည့် ဆေးရုံအုပ်ကြီးလည်း ချက်ချင်း ရောက်လာသည်။ ပြီးတော့ အဖြူ့ဖေဖေ ဦးကိုလေးနှင့် စကား အငြင်းပွားမြဲပင် အငြင်း

www.burmeseclassic.com

www.burmeseclassic.com


ပွားကြသည်။

"မင်း ကောင်မလေးကို နှိပ်စက်ပြန်ပြီလား"ဟု ဆေးရုံအုပ်ကြီးက မေးလေ၏။

ဦးကိုလေးက ဒေါသကို အနိုင်နိုင် တားဆီးထားသည့်အသံဖြင့် "ကျွန်တော့်သမီးကို ကျွန်တော် ဘယ်လောက် ချစ်တယ်ဆိုတာ အစ်ကို ကြီးလည်း မသိဘူး၊ အဖြူကိုယ်တိုင်လည်း မသိဘူး။ ကျွန်တော်သာ သိတယ်၊ သူ့အမေ သိကောင်းသိလိမ့်မယ်။ သိလို့သာ စိတ်ချလက်ချ ထားခဲ့ပြီး သွားတာပေါ့။ ဒါတွေပြောရင် စိတ်မချမ်းသာစရာတွေ ပြန်ဖော် နေရလိမ့်မယ်။ အစ်ကိုကြီး အဖြူ့ကိုသာ ကျန်းမာအောင် ကုပေးပါ။ ဒါပဲ ကျွန်တော် တောင်းပန်ပါတယ်"

"ငါ ကုသားပဲကွ။ ဒီမှာ ကုလို့ ကောင်းသွားရင် မင်းဆီမှာ ရောဂါ ပြန်ဖြစ်ရင်း၊ ဒီပြန်လာရင်းနဲ့ ဘယ်နှခါရှိပြီလဲ။ အဖြူ မငယ်တော့ဘူးနော်။ သုံးဆယ်နီးပါး ရှိတော့မယ်။ သူ့ကောင်းကျိုး မင်း လိုလားရင် သူ့ဘက်က လည်း စဉ်းစားပေါ့"

"ကျွန်တော်တို့ အဖြူ့ကို သွားကြည့်ကြရင် မကောင်းဘူးလား"

"အကောင်းဆုံးပါပဲ"

သူတို့ အဖြူ့အခန်းသို့ရောက်လျှင် အဖြူ သတိရနေပြီး ဒေါက်တာ လှဦးကိုယ်တိုင် ဂလူးကို့စ်နှင့် ဘီတွဲ ရောစပ်ထိုးပေးနေသည်။ အဖြူ့နှုတ်ခမ်း များ ဖျော့တော့ဆဲ။ ဆံပင်ဆံနွယ်များ ဖွေးပြန်နေသော နဖူးမှာ ကပ်နေလေ ၏။ မောနေသေးသည်။ ခေါင်းကိုက်သေးသည်။ သို့ပေမဲ့ ဒေါက်တာလှဦး ကို မှတ်မိကာ ပြုံးပြသည်။

သို့သော် အဖြူ၏ နှမ်းနယ်သေးဟန်ရှိသော၊ မျက်တောင်စင်း နေသေးသော မျက်လုံးများသည် အခန်းဝက ဦးကိုလေး ဝင်လာသည်ကို မြင်လျှင် ဝိုင်းလည်သွားပြီးမှ တစ်ဖန် စုံမှိတ်ခဲ့ပြန်သည်။

ဒေါက်တာလှဦးက ကုန်ခဲ့ပြီဖြစ်သော ဆေးထိုးတံအပ်ကို ဖျတ် ခနဲ နုတ်လိုက်ပြီး "ဆရာ၊ လူနာ ခဏနားရင် ကောင်းမယ်ထင်တယ်။ ကျွန်တော်လည်း ပြောစရာရှိတယ်။ မနက်ကတည်းက ကျွန်တော် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ အရင်ကတည်းကလည်း စဉ်းစားခဲ့တယ် ဆိုပါတော့။ ကျွန်တော့် စားပွဲမှာ ဦးကိုလေး တစ်ဆိတ် ထိုင်ပါလား”ဟု မတိုးမကျယ် ပြောလိုက်လေ၏။

မျက်စိမှိတ်ထားသေးသော အဖြူ၏ နှုတ်ခမ်းမှ “ကိုဦး”ဟု ညည်းညူသံ ထွက်လာလေ၏။ “ကိုဦး ဘယ်မှမသွားပါနဲ့။ ဒီမှာ နေပါဦး။ အဖြူကြောက်လို့ပါ”

“မသွားပါဘူး အဖြူရဲ့၊ မသွားပါဘူး”ဟု ဒေါက်တာလှဦးက ပြောလေ၏။

ဦးကိုလေးက နာကျင်ပြန်သည့်သဖွယ် မျက်နှာ၏ အသားစိုင်များ လှုပ်ရှားပြီး လှည့်ထွက်ခဲ့လေ၏။ သူ ဘယ်တော့မှ မထိုင်ခဲ့သော ဒေါက်တာလှဦး၏ စားပွဲရှေ့မှ ကုလားထိုင်၌ မောပန်းဟန် ထိုင်လေ၏။ ဆေးရုံအုပ်က စားပွဲပေါ် တင်ပါးလွှဲထိုင်၍ စီးကရက် မီးညှိသောက်လေ၏။ နှစ်ယောက်လုံး တိတ်ဆိတ်နေကာ တိတ်ဆိတ်ခြင်းသည် ချောက်ချားဖွယ်ကောင်းအောင်ပင် ကြီးကျယ်လာ၏။ ကြမ်းသော လူနာများကို တစ်ခဏ လှောင်ပိတ်ရာ အခန်းဆီမှ ကျယ်လောင်ရှည်လျားစွာ ညည်းညူအော်ဟစ် ငိုရှိုက်သံ ကြားရပြန်၏။ မိန်းမအသံလား၊ ယောကျ်ား အသံလား ခွဲခြားလို့တောင် မရ။ လူအသံနှင့်ပင် မတူတော့။ ဆေးရုံအုပ်က မပြီးပြတ်သေးသော စီးကရက်တစ်ပိုင်းတစ်စကို ဆေးလိပ်ပြာခွက်၌ ထိုးဆောင့်၍ ခြေမွှဆဲ။ ဦးကိုလေးသည် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်လေသည်။

ထို့နောက် ဒေါက်တာလှဦး ရောက်လာသည်။

သူသည် သူ့ကုလားထိုင်၌ ဝင်ထိုင်လေ၏။ ပြီးတော့ ဆေးရုံအုပ်ကို ပထမ အစီရင်ခံသည်။ “လူနာ သိပ်စိတ်လှုပ်ရှားနေတယ် ဆရာ။ မျက်နှာကို လက်နဲ့အုပ်ပြီး တစ်ကိုယ်လုံး တုန်နေတာပဲ။ ချော့လို့ကို မရဘူး။ စိတ်ငြိမ်ဆေးပြားလည်း မျိုမချနိုင်ဘူး။ ဒါနဲ့ အိပ်ဆေး ထိုးလိုက်ရတယ်။ တစ်ဝက်တည်းပါ။ တစ်လုံးလုံး မထိုးပါဘူး”

ဒေါက်တာလှဦးသည် ဂျူတီကုတ်ထဲမှ စီးကရက်ဘူး ထုတ်၍ တည်လေ၏။ မည်သူမျှ မယူသောက်ကြ။ ဒေါက်တာလှဦးက “ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သောက်တော့မယ်နော်”ဟု ဖွယ်ရာ ယဉ်ကျေးလှေ့ရှိဟန်ဖြင့် ခပ်လွယ်လွယ်ပင် ပြောလိုက်ကာ စီးကရက်ကို နှုတ်ခမ်း၌တပ်၍ ငွေမီးခြစ်ကလေးကို ခြစ်လေ၏။ သတ္တုသံပါသော “တစ်နေရာရာရှိ မောင့်အချစ်ရယ်” ဟူသော သီချင်းတီးလုံး ထွက်ပေါ်လာပြီး သူတို့သုံးယောက်စလုံး နေမထိ ထိုင်မသာ ဖြစ်ကြလေ၏။ ဒေါက်တာလှဦးသည် အားနာစွာ မီးခြစ်ကို စားပွဲအံဆွဲထဲ ထည့်ပြီး ပိတ်လိုက်ရာ အလျှော့မပေးချင်ဟန် သဲ့သဲ့မျှ ကြားနေရသေး၏။ ရယ်စရာလိုပင် ဖြစ်နေလေ၏။

သူတို့အားလုံး တိတ်ဆိတ်နေကြပြန်လေ၏။ တိတ်ဆိတ်ခြင်းသည် ဆူညံပေါက်ကွဲခြင်းထက်တောင် ကျယ်လောင်သလို ထင်ရ၏။ စိတ်မတင်းနိုင်ဆုံးမှာ ဦးကိုလေးဖြစ်၍ စားပွဲပေါ် လက်ဖဝါးချလိုက်ရာ ဖျတ်ခနဲ မြည်ပြီးမှ “ကဲ...ပြောစရာ ရှိတယ်ဆို”ဟု သံပြတ်နှင့် မေးသည်။

ဆေးရုံအုပ်က ဖျန်ဖြေလိုသံဖြင့် “ကဲ...ဒေါက်တာ လှဦးက ဒီလူနာအတွက် ဘာအကြံပေးချင်ပါသလဲ”ဟု ပြောလေ၏။

ဒေါက်တာလှဦးက ခေါင်းကို မော့လိုက်လေ၏။

“ကျွန်တော်တို့ သုံးယောက်လုံးဟာ လူနာနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတာကို ပထမ သတိရဖို့လိုတယ်။ မခံချင်တာ မကျေနပ်တာ ဘယ်လောက်ပဲ ဖြစ်နေနေ၊ ဘယ်လိုပဲ ခံပြင်းနေသည် ဖြစ်စေ၊ ဒါကတော့ မှန်သောသစ္စာစကား ဆိုတာလို ဖြစ်နေတော့တာပဲ။ ဒီအချက်ကို ဝန်ခံမှလည်း ကျွန်တော် ရှေ့တိုး ပြောလို့ရမယ်”

ဦးကိုလေးက ခေါင်းမာစွာပင် “ကျုပ်က လူနာရဲ့အဖေ၊ သူက ဘကြီး၊ မောင်က လူနာကုတဲ့ ဆရာဝန်ပဲ။ ဘာပတ်သက်ဖို့ လိုသလဲ”

“သူ ပြောပါစေဦးကွ မောင်ကိုလေးရ”

“ဦးကိုလေးကို အားတော့နာပါရဲ့။ ဒါပေမဲ့ သွေးသားတော်လို့ပတ်သက်ရတာထက်တောင် ပိုပြီး အရေးတကြီး ပတ်သက်သေးတယ်။ ဦးကိုလေးက သမီး အဖြူကို စေတနာထားတာထက် ကျွန်တော် စေတနာထားတာက နည်းနည်းကလေးမှ မလျော့နိုင်ပါဘူး။ ဒီလို ဖြစ်သင့် မဖြစ်သင့် ဆိုတာကတော့ ဆုံးဖြတ်နိုင်ကောင်းတဲ့ ကိစ္စမျိုးလည်း မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စေတနာထားတာနဲ့အမျှ (ကြီးကျယ်တယ်လို့တော့ မထင်ပါနဲ့) ကိုယ်ကျိုး အဆုံးစွန် စွန့်ဖို့ရာ ကျွန်တော် ဝန်မလေးဘူးဆိုတာတော့ ပြောချင်တယ်"

"ကျုပ်ကတော့ ဝန်လေးတယ်ပေါ့"

"ဒါကတော့ ဦးကိုလေးရဲ့ ကိစ္စပါ"

"ကျုပ် မောင်ရင် ဆက်ပြောမယ့် စကားကို နားထောင်ဖို့ အကြောင်း မရှိဘူး ထင်တယ်။ အစ်ကိုကြီး ကျွန်တော် ပြန်မယ်"

"မဟုတ်သေးဘူးလေ"ဟု ဆေးရုံအုပ်က ပြောလေ၏။ "သည်းခံကြမှပေါ့။ ခုကိစ္စက မင်းတို့နှစ်ယောက် မသင့်တင့်တဲ့ကိစ္စမဟုတ်ဘူး။ လူနာရောဂါပျောက်ဖို့ ကိစ္စပဲ"

ဦးကိုလေးက ငြူစူ၍ ထိုင်နေလေ၏။ ဒေါက်တာလှဦးက မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လေ၏။

"ဒေါက်တာလှဦး ဆက်ပြောဗျာ"

"ဆရာ သိတဲ့အတိုင်းပဲ ဒီလူနာက လက်ရှိဘဝမှာ မပျော်ပိုက်တာနဲ့ဘဲ လွတ်ရာလွတ်ကြောင်း ရှာရင်း စိတ်ရောဂါသည်ဘဝကို ရောက်လာတာ။ သူ မပျော်နိုင်တဲ့ ဘဝအတွက် တာဝန်ရှိတာက ဦးကိုလေး ဖြစ်တယ်။ ဒီကို ပြန်လာချင်အောင် တမင် သွေးမဆောင်သော်လည်း သွေးဆောင်ရာ ရောက်နေသူက ကျွန်တော် ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အားနာနာနဲ့ပဲ ပြောပါရစေ။ သိလည်း သိပြီးသားပဲလေ။ ကျွန်တော်နဲ့ အဖြူက ဆရာဝန်နဲ့ လူနာဆိုတဲ့ ခင်မင်မှုထက် ပိုပြီးနေတာကြောင့်ပေါ့။ ဒါကတော့ ကျွန်တော်ရော အဖြူရော တားဆီးနိုင်တဲ့ ကိစ္စလည်း မဟုတ်ဘူး ထင်ပါတယ်။ တားဆီးကောင်းတယ်လည်း မထင်ပါဘူး။ သည့်အတွက် ကျွန်တော်ဟာ ဆရာဝန်အဖြစ် မနေသင့်ဘူးဆိုရင်တောင် ကျွန်တော့် ပညာ၊ အလုပ်အကိုင်ကိုစွန့်ပြီး ဘဝအသစ်တစ်ခု ပြန်စဖို့ အသင့်ပါပဲ။ ဒါကတော့ ကျွန်တော့် စေတနာ ဘယ်လောက်ရှိတယ်ဆိုတာ သိစေချင်လို့ ပြောရတာပါ။ ဒါကြောင့်လည်း ရှင်းရှင်းပြောရရင် ဦးကိုလေး ပယောဂကြောင့် ကျွန်တော် ဇန်းမောက်ကို သုံးနှစ် လွင့်သွားတာ၊ ဘာမှအယူမခံဘဲ ရောက်ရာမှာ နေခဲ့

www.burmeseclassic.com

www.burmeseclassic.com


တာပဲ။ ကျွန်တော် အလုပ်ပြုတ်မှာ ကြောက်လို့၊ ဆရာဝန်ဘဝကို စုံမက်လွန်းလို့ မဟုတ်ပါဘူး။ ကျွန်တော်မရှိရင် အဖြူ ရောဂါပျောက်နေတဲ့ ဘဝမှာ မြဲကောင်း မြဲနေနိုင်မလားလို့ပါပဲ"

ဆေးရုံအုပ်က ဝင်၍ "ဒါတွေကတော့ ပြောမနေပါနဲ့တော့ ဒေါက်တာလှဦးရယ်၊ အဲဒီတုန်းက ဆရာလည်း မရှိဘဲကို"

"ကျွန်တော် စိတ်နာလို့ ပြောတာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်သွားပြီး၊ အဖြူ့ရောဂါ ပိုဆိုးလာပြီး၊ အစာမစား မအိပ်ဘဲနေလို့ ပက်လက်လဲပြီး၊ ဂလူးကို့စ်ပုလင်းနဲ့ အသက်ဆက်ပြီး သေလုမြောပါးခံရတဲ့ဘဝ ရောက်ရတာကို ကျွန်တော် မခံချင်တာပါပဲ။ အဲဒီတုန်းက ကျွန်တော် မသိတောင် မသိလိုက်ရပါဘူး။ သိရင်တော့လည်း ကျွန်တော် ပြန်လာမှာပဲ။ လူနာကို ကျန်းမာစေချင်တဲ့ စေတနာတစ်ခုနဲ့ပဲ ပြန်လာမှာပါပဲ။ အဲဒီနောက်မှာတော့ ကျွန်တော် အများကြီး စဉ်းစားခဲ့ပါတယ်။ ဒီလို ရက်စက်တဲ့ အမှုမျိုးကို အဖြူ့တွင် မဟုတ်ဘူး။ ဘယ်လူနာကိုမှ ကျွန်တော့် မျက်စိရှေ့မှာ မဖြစ်စေရဘူးလို့လည်း ဆုံးဖြတ်လိုက်တယ်"

"မောင်ရင့်စကားတွေက တစ်ဆိတ် မရင့်သီးဘူးလား"ဟု ဦးကိုလေးက မေးလေ၏။

"အမှန်တရားဆိုတာ ရင့်သီးတတ်ပါတယ်။ ကျွန်တော်လည်း စိတ်လိုက်မာန်ပါ ပြောမိတာပါ။ ပြောဖို့တော့ မသင့်ဘူး ထင်ပါရဲ့။ ဒါပေမဲ့ ဦးကိုလေးဟာ ကိုယ်ကျိုးနဲ့ မာနကို မစွန့်သမျှ ဦးကိုလေးရဲ့ သမီးဟာ ဘယ်တော့မှ လူကောင်း ပြန်မဖြစ်နိုင်ဘူး ဆိုတာပါပဲ"

ဦးကိုလေးသည် ပြန်တော့မည်ဟု ထိုင်ရာမှ ထလေ၏။ ဆေးရုံအုပ်က ပခုံးကို ဖိနှိမ်၍ ထိုင်ခိုင်းလေ၏။

"ကျွန်တော်ကကော ကိုယ်ကျိုးစွန့်သလား၊ ကျွန်တော်လည်း ပုထုဇဉ် အင်မတန် ပီပါတယ်။ အဖြူနဲ့ နီးနီးစပ်စပ်နေချင်တယ်။ သူ ဆေးရုံကို လာရတော့မယ်ဆိုရင် လူနာအဖြစ်သာ၊ ရောဂါထလို့သာ လာရတာ ဖြစ်ပေမယ့် စိတ်မချမ်းသာဖြစ်လျက်က ကျွန်တော် ကျေနပ်တယ်၊ ပျော်တယ်၊ လိုလားတယ်။ ရောဂါပျောက်နေတဲ့အခါမှာ ဆေးရုံ ပြန်လာပါစေလို့

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းမိမတတ်ပါပဲ”

“ဟား…ဟား” ဟု ဦးကိုလေးက သရော်၍ ရယ်သည်။ “မောင်ရင်က ဒါဖြင့် စကားပြောကောင်းတာပဲ။ သာတာပေါ့”

ဒေါက်တာလှဦးက ဂရုမမူဘဲ ဆက်၍ ဣန္ဒြေမပျက် ပြော၏။

“ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်လို့ ပြောပြီးပြီကော။ တကယ်တော့ ကျွန်တော်ဟာ ဆရာဝန်ပီပီ အဖြူ့ကို ရုပ်ခန္ဓာ ကျန်းမာလာရုံပဲ ကုပေးဖို့သင့်တယ်လို့ ပြောကြလိမ့်မယ်။ ဒါပေမဲ့ အဖြူဟာ စိတ်ရောဂါသည် ဖြစ်လေတော့ စိတ်ကျန်းမာအောင်က အရင်းခံဖြစ်တယ်။ အဖြူ မူးတာ၊ မေ့သွားတာ၊ ခေါင်းကိုက်တာ၊ အစားအသောက်နဲ့ အအိပ်ကို ငြင်းဆန်တာတွေဟာ စိတ်ကြောင့်သာ ဖြစ်တယ်။ သူ စိတ်ချမ်းသာလာရင်၊ စားနိုင်အိပ်နိုင်လာရင် အရိုးပေါ် အရေတင်ဘဝက ချက်ချင်းလွတ်မှာပဲ။ ဒါတွေက နောက်ဆက်တွဲ ကိစ္စတွေပါ။ အရင်းခံက သူ့စိတ်ပျော်အောင် လုပ်ဖို့သာဖြစ်တယ်။ သူပျော်အောင် လုပ်နိုင်တဲ့တစ်နည်းကလည်း အကျဉ်းထောင်ကျနေသလို ဘဝကလွတ်ဖို့၊ ကိုယ်ကျိုးကြည့်တာ နည်းနိုင်သမျှ နည်းတဲ့အချစ်နဲ့ ချစ်ဖို့သာရှိတယ်”

“ဒီတော့ မောင်ရင်က ဘယ်လို ကိုယ်ကျိုးမကြည့်တဲ့အချစ်နဲ့ ချစ်ပြလိုက်ပါလိမ့်”ဟု ဦးကိုလေးက ပြောလေ၏။

“ကျွန်တော်လား၊ စိတ်ရောဂါပျောက်သွားပြီး ဦးဆီ အဖြူ ပြန်လာတဲ့အခါ ကျွန်တော့်ကို မြင်လို့တောင် မမှတ်မိတော့ဘဲ ဦးရဲ့ သမီးအဖြစ်ပြန်သွားတဲ့အခါ ဦး ကျေနပ်ပြီး လျှောင်အိမ်မှာ ပြန်လှောင်ထားသလို လုပ်မယ်ထင်သလား။ ဒီမှာ ဦးကိုလေး၊ အဖြူဟာ လင်းနို့ဖြစ်လိုက်၊ ကြွက်ဖြစ်လိုက် ဖြစ်နေသမျှ ရောဂါပျောက်မယ် မဟုတ်ဘူး။ အဖြူ့ကို ညာထားလို့ ရောဂါပျောက်မယ် မဟုတ်ဘူး။ လင်းနို့ဖြစ်တုန်းမှာ ကြွက်ဖြစ်ခဲ့ဖူးတာကို ပြန်သိအောင်ကို လုပ်ပေးရမယ်။ ကြွက်ဖြစ်နေတုန်းမှာလည်း လင်းနို့ဖြစ်ခဲ့ဖူးတာကို သိအောင် လုပ်ရမယ်။ သူ ဘာကြောင့် ဦးကိုလေးရဲ့ သမီးဘဝက ထွက်ပြေးနေတယ်ဆိုတာကို ဦးကိုလေးလည်း သိရမယ်။ သူ့ကိုလည်း သိစေရမယ်။ သူ ထွက်မပြေးချင်အောင်၊ ဦးကိုလေးဆီမှာ ပျော်အောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထားရမယ်”

“မောင်ရင့်ဆီမှာ ပိုပျော်လို့ ဒီရောဂါဖြစ်တယ် ဆိုပါတော့။ ဒါပေမဲ့ ဒေါက်တာလှဦးရဲ့၊ မောင်ရင်နဲ့ မတွေ့ခင်ကတည်းက အဖြူ့မှာ ရောဂါ ဖြစ်နေပါပြီ”

“ဟုတ်ပါတယ်။ ဒါကိုပဲ ကျွန်တော် ပြောနေတာပါပဲ။ ကျွန်တော်ရဲ့ အဖြစ်က ကျွန်တော့်ဆီမှာ နေရတာ ပျော်စရာကောင်းပါလားလို့ စွဲမြဲပြီး ပြန်ပြန်လာချင်အောင် လုပ်သလို ဖြစ်နေတာပါလို့ ပြောပြီးပြီကော။ အဖြူ ရောဂါစဖြစ်တုန်းက အဖြူဟာ မပျော်တဲ့ဘဝသာ သိသေးတာကို။ ကျွန် တော်နဲ့တွေ့တော့ ပျော်စရာကောင်းတဲ့ ဘဝဟာ ဘယ်လိုလဲဆိုတာ သိလာ ရတယ်။ ရောဂါပျောက်မလိုလိုနဲ့ တကယ်တော့ ပိုဆိုးလာတာသာ ဖြစ် တယ်”

“ဒါပေမဲ့ ကျုပ်သမီးဟာ ရောဂါပျောက်တဲ့အခါမှာ မောင်ရင့်နာမည် တောင် သတိရတော့တာမဟုတ်ပါဘူး။ သိပ်လည်း ကိုယ့်ကိုယ်ကိုယ် အထင် မကြီးလိုက်ပါနဲ့”

“ဦးကိုလေး ယုံချင်မှယုံမယ်။ ဒါပေမဲ့ ကျွန်တော် ပြောချင်တယ်။ အဖြူ့ကို ရောဂါသည်အဖြစ် ကျွန်တော့်ဆေးရုံကို ပြန်ပြန်ပြေးလာတာ ကျွန် တော် သိပ်ဝမ်းသာနေမယ် ထင်သလား။ ကျွန်တော် ဒီလောက် သိမ်ဖျင်းမယ် ထင်သလား။ ကျွန်တော်နဲ့ ရှိနေသမျှအချိန်မှာ အဖြူ့ကို ကျွန်တော်ဟာ ဦးကိုလေးဆိုတဲ့ အဖြူ့အဖေအကြောင်းကို အများဆုံး အစဖော်ပေးခဲ့တယ်။ ဖအေကို နားလည်အောင်၊ ခွင့်လွှတ်အောင်၊ အနည်းဆုံး ဘယ်နည်းနဲ့မဆို ဖအေက ချစ်ခင်စေတနာထားတာတော့ မှန်တယ်ဆိုတာကို သိအောင် ပြောခဲ့ တယ်။ အဖြူက စကားစပ်မခံအောင် နေခဲ့တာသာ ဖြစ်တယ်။ ခုတော့ အဖြူရဲ့ဘဝနှစ်ခုလုံးကို ဖော်ပေးမှ အဖြူဟာ လူကောင်းဖြစ်မယ်လို့ ကျွန်တော် ထင်တယ်။ အမှန်နဲ့တွေ့ပေးမှ ကောင်းနိုင်မယ်။ အခု သူ ကူးလူးနေတဲ့ ဘဝနှစ်ခုလုံးဟာ အရိပ်အယောင်မျှသာ ဖြစ်တယ်။ အစစ်အမှန် မဟုတ်နိုင် ဘူး။ ပြီးတော့ အဖြူ့ သဘောကျ ဘဝသစ်တစ်ခုဖြစ်စေ၊ သည်ဘဝ နှစ်ခုလုံး ထဲက တစ်ခုခုကိုဖြစ်စေ ထင်းထင်းလင်းလင်း သိသိမှတ်မှတ် ရွေးပြီး နေခွင့်

www.burmeseclassic.com

www.burmeseclassic.com



ပေးရမယ်။ ဒီတော့မှ လူကောင်း လုံးလုံးလျားလျား ဖြစ်တော့မှာပဲ”

ဆေးရုံအုပ်က ပြော၏။ “ငါနဲ့ ဒေါက်တာလှဦး နောက်ဆုံး အဖြူ ရောက်လာတဲ့ အခေါက်တုန်းက အဲဒီအတိုင်း တိုင်ပင်ခဲ့ကြတယ်။ ဒါပေမဲ့ နှစ်နှစ်လုံးလုံး အဖြူဟာ မူးပြီး မေ့လဲတာမျိုးကလွဲလို့ လုံးလုံးကြီး ဆေးရုံ တင်ရလောက်အောင် ဖြစ်မလာတော့ သည်အတိုင်းပဲ ကောင်းများသွားနိုင် သလားလို့ တို့ စောင့်ကြည့်နေတာပဲ။ စိတ်ရောဂါဖြစ်တာ ဆယ်နှစ်လောက် ရှိတော့မယ်။ အဖြူလည်း မငယ်တော့ဘူး။ သူ့ဘဝသူ စဖို့ နည်းနည်းတောင် နောက်ကျနေပြီ။ ၂၈ နှစ် ဟုတ်လား။ ၂၈ နှစ်ဆိုတာ အိမ်ထောင်နဲ့၊ သားနဲ့၊ သမီးနဲ့ ဖြစ်နေဖို့ကောင်းပြီ။ အဖြူ့ကို မင်း မသနားဘူးလား ကိုလေးရဲ့။ အဖြူ ကောင်းစားမယ်ဆိုရင် လက်လွှတ်လိုက်ရပါစေတော့ဆိုတဲ့ စေတနာ မျိုး မထားနိုင်ဘူးလား”

“ဘယ်လိုလဲ၊ ကျွန်တော် ဆေးရုံတောင် နေ့စဉ် လာမကြည့်ရတော့ ဘူးလား။ ကျွန်တော် သေရွာက ပြန်ပြန်လာတယ်ဆိုတာလေးတောင် အဖြူ စိတ်မကူးရတော့ဘူးလား”

“ဦးကိုလေး ဘယ်လို ပြောတာလဲ”ဟု ဒေါက်တာလှဦးက ဝင်ပြော လေ၏။ “ဦးကိုလေး မသေဘူးဆိုတာကို အဖြူသိအောင်ကို လုပ်ရမှာပါဗျ။ ဒါပေမဲ့ ဒီမှာ ရှိနေတုန်းအခါတိုင်းမှာပဲ အဖြူဟာ ဦးကိုလေး သေသွားလို့သာ ဆေးရုံရောက်လာရတယ်လို့ ထင်နေတယ်။ ဦးကိုလေး သေမှ သူ လွတ်လပ် ပျော်ရွှင်တော့မယ်ဆိုတာလည်း စွဲနေတယ်။ ဖအေကို သေစေချင်တဲ့ အတွင်း စိတ်နဲ့ သူ့ဘာသာ အပြစ်ရှိတယ်ထင်ပြီး စိတ်မချမ်းသာတာကလည်း ဖြစ် တယ်။ ဒီတော့ အမှန်ကို သူ မြင်လာဖို့ လုပ်ရတာ တော်တော်ခက်တယ်။ ဦးကိုလေးကို မြင်လိုက်ရင် အကြောင်းအမျိုးမျိုးကြောင့် ကြောက်တဲ့စိတ်က သိပ်ကို လွှမ်းမိုးပြီး ဒီမှာရှိနေရင် ဦးကိုလေးကို မေ့ဖို့ သူ ကြိုးစားတော့တာပဲ။ အဖြူ့ကို ဆက်ဆံရ ခက်လာတယ်၊ ကလန်ကဆန် လုပ်လာတယ်။ သူ ဖအေရှိတယ်ဆိုတာကို မေ့လိုက်ချင်တယ်”

“ကျုပ်ဆီ ပြန်ရောက်တဲ့အခါလည်း မောင်ရင့်ကို မေ့တာပဲ”

“ဒါကတော့ လှဦးဆိုတဲ့နာမည်ကို သူ့ရှေ့မှာ တစ်ခါမှ ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com


မခေါ်ကြည့်ဖူးဘဲ၊ အစမှ ဖော်မပေးဖူးဘဲ ဘယ်သိနိုင်မလဲ။ ကျွန်တော့်ကို သူ မမေ့လို့လည်း ပြန်လာတာပဲ။ မနက်က ဦးကိုလေးကို ကျွန်တော် ဘာကြောင့် ဖုန်းဆက်နိုင်သလဲဆိုတာလည်း ပြန်စဉ်းစားဦးမှပေါ့။ ဆေးရုံတင်လောက်အောင်ဖြစ်တိုင်း အမြဲပဲ အဖြူဟာ ကျွန်တော့်ဖုန်းနံပါတ်ကို အလိုလို မှတ်မိလာတတ်တယ် မဟုတ်လား။ သို့မဟုတ် ဦးကိုလေးကများ ဒေါက်တာလှဦးရဲ့ ဖုန်းနံပါတ် ပြောပြမိသလား"

ဆေးရုံအုပ်က ဝင်၍ "ဒေါက်တာလှဦးလည်း သည်းခံမှပေါ့"ဟု ပြောလေရာ "ဟုတ်ပါတယ်၊ ကျွန်တော် မှားသွားတယ်"ဟု ဝန်ခံလေ၏။ ပြီးတော့ ဆက်၍...

"ကျွန်တော် လုပ်ချင်တာကတော့ လောလောဆယ် ဦးကိုလေး မလာပါနဲ့။ ဆေးရုံမှာ သုံးလ၊ ခြောက်လအထိ မနှောင့်ယှက်ဘဲ ထားခဲ့ပါ။ အဖြူ စိတ်ချမ်းသာ လူကျန်းမာအောင် ကျွန်တော် ကုပါရစေ။ ပြီးတော့ တဖြည်းဖြည်းနဲ့ ဆေးရုံဟာ သူ့အိမ်မဟုတ်တဲ့အကြောင်း၊ သူ့အိမ်မှာ သူ့ကို အင်မတန်ချစ်တဲ့ ချစ်ပုံမှားတဲ့ အဖေရှိတဲ့အကြောင်း ကျွန်တော် ပြောမယ်။ ကျွန်တော်ဟာ သူ့ဆရာဝန်သာဖြစ်ကြောင်း၊ သူဟာ စိတ်ရောဂါ လူနာဖြစ်ကြောင်း ကျွန်တော် ပြောမယ်။ ဦးဆီ အဖြူပြန်လာတဲ့အခါလည်း လှဦးဆိုတာကို မြှုပ်ပစ်လို့ မရတော့ဘူး။ မြှုပ်ပစ်ထားရင် သူ ဒီကို ပြန်ပြန်လာမှာပဲ။ ဦးကိုလေးအိမ်ကို ကျွန်တော် လာပါရစေ။ ဟောဒီ ဆရာ့ကိုယ်စား ကျွန်တော် လာပြီး ဆက်ကုပါရစေ။ အဖြူဟာ အမှန်တရားကို မြင်တဲ့အခါကျတော့ ဦးကိုလေးရော၊ ကျွန်တော်ရော ဘယ်လိုမှ မသွေးဆောင်ပါစို့နဲ့။ အဖြူ့ဘာသာ စဉ်းစားပါစေ။ ဒါက တကယ်တော့ အရေးမကြီးပါဘူး။ အဖြူ့ရောဂါပျောက်ရင် ပြီးတာပါပဲ။ သိထားရမှာက အဖြူတကယ် လူကောင်းဖြစ်သွားတဲ့အခါ ဦးကိုလေးရော၊ ကျွန်တော်ရော အဖြူ့ကို ဆုံးရှုံးနိုင်တယ်ဆိုတာပါပဲ"

ဆောင်းဦးရာသီ၏ တိမ်ဖြူထူထပ်၍ နေကွက်ကျားပူဟန်ကို အပြင်မှာ မြင်ရ၏။ အပြင်၌ လူသူနှင့် ကားသံတို့ကို အနည်းငယ် ကြားလာရပြီ။ လေသည် အေးဆဲ၊ ခပ်ပြင်းပြင်း တိုက်ခတ်ဆဲဖြစ်၍ သစ်ရွက်များ

www.burmeseclassic.com

www.burmeseclassic.com



တရှုံရှုံ တိုက်ခတ်ညည်းညူသံ ကြားရလေ၏။ သာယာပါလျက် နှလုံး ပူပန်ဖွယ်ရာကို ဖန်တီးနေသည်။ လူ့ဘဝသည် ပျင်းစရာ ကောင်းလှသည်။

ဆေးရုံတွင်း၌ လှုပ်ရှားသံများလည်း ကြားရ၏။ ဆေးရုံဝယ် နေ့စဉ်မပြတ် ကိစ္စတို့၏ အသံဗလံများ၊ လက်တွန်းလှည်း တဂျိမ်းဂျိမ်း လိမ့်လာသံ၊ အိုးခွက်ပန်းကန်ချင်းချင်း တိုက်မိသံ၊ ကုလားအလုပ်သမား တို့ တစ်ချက်တစ်ချက် လှစ်ခနဲ အော်ဟစ်ပြောဆိုသံ။ လူနာများ ထမင်း ကျွေးချိန်ပင် တန်ပြီ။ သူနာပြု ဆရာမများ ရုံးခန်းကို ဖြတ်သွားကြ၏။

ဒေါက်တာလှဦး၏အခန်း၌ ကြေကွဲဖွယ်အတိ ရှိလေ၏။ အဖြူ့ ဖေဖေသည် အသံထွက်၍ ညည်းညူလိုက်ပြီးနောက် ရှက်ကြောက်ဖို့ သတိမရဘဲ၊ ဂရုမစိုက်ဘဲ ငိုယိုလျက် ရှိလေ၏။ သမီးရောဂါဖြစ်ကတည်း က သူသည် အားလုံး၏ အပြစ်ဆိုခြင်းကို ခံခဲ့ရသည်။ သမီးဖြစ်သူလည်း လူရုပ်မပေါ်ခဲ့။ အသက်တိုမည့်ပုံကို ပြသည်။ သို့ပေမယ့် ဘယ်သူသည် သူ့လောက် သားသမီးကို ချစ်နိုင်ပါမည်လဲ။ သူသည် မျက်ရည်များ မဆည် နိုင်၊ တတွေတွေ စီးကျလျက်ရှိလေ၏။ ဆေးရုံအုပ်နှင့် ဒေါက်တာလှဦးတို့ သည် ပြတင်းပေါက်သို့သွားကာ အပြင်သို့ ငေးမောလျက်နေကြ၏။ ဘယ်သူ မှ တစ်ယောက်မျက်နှာကို တစ်ယောက်မကြည့်ကြ။ ဦးကိုလေး ငို၍အားရမှ တိုက်ပုံအင်္ကျီအိတ်မှ လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာသုတ်လေ၏။ စကား ပြောမည်ပြုပြီးမှ ငိုသံမပါအောင် အတော်ကြာ ထိန်းနေသေး၏။ ထို့နောက်မှ "ကျုပ် သမီးကို ဘယ်သူမှ ကျုပ်လောက် မချစ်နိုင်ပါဘူး"ဟု သူ့ကိုယ်သူ အားပေးသည့်သဖွယ် ထပ်တလဲလဲ ပြောသည်။

"ဒေါက်တာလှဦး ပြောတဲ့အတိုင်းပဲ ငါလည်း သဘောရတယ်။ ဒီနည်းနဲ့ စမ်းသပ်ကုရင် ကောင်းမယ်ထင်တာပဲ။ ပြီးတော့ ဒေါက်တာ လှဦးဆိုတာလည်း အင်မတန် သစ္စာရှိတဲ့လူ၊ စိတ်ကောင်းရှိတဲ့လူပဲ။ မင်း ဘာကြောင့် ရန်လိုနေရတာလဲကွာ။ ပြီးတော့ အဖြူ ကိုယ်၌ကလည်း အင်မတန် ခင်မင်တာ၊ အားကိုးတာ မဟုတ်လား"ဟု ဆေးရုံအုပ်က လှမ်း၍ ပြောလေ၏။

"အစ်ကိုကြီးတို့ ကြိုက်သလို လုပ်ကြပါလေ။ ကျွန်တော် တောင်ပူ

www.burmeseclassic.com

www.burmeseclassic.com


က အိမ်မှာ သွားနေမယ်။ အဖြူ့ကို သိပ်တွေ့ချင်ရင်တော့ လာကြည့်မယ်။ အဖြူ မမြင်စေရပါဘူး၊ မမြင်စေရပါဘူး"

ဦးကိုလေးသည် ဘယ်သူ့မျှ နှုတ်မဆက်ဘဲ ထွက်သွားလေ၏။ သို့သော် ဆေးရုံတံစက်မြိတ်အမိုးအောက်မှ လှည့်လာပြီး အဖြူ့ခေါင်းရင်း ပြတင်းပေါက်မှနေ၍ သမီးကို ရပ်ကြည့်သွားသေးသည်။

●

www.burmeseclassic.com

www.burmeseclassic.com


အဖြူသည် အိပ်မက်မက်နေပြန်သည်။ အိမ်ခန်း ပြတင်းဝမှာ ရပ်နေလျက်က အရွက်သိပ်သည်းသော စံကားဖြူကိုင်းများအကြား ရောက်နေသည်။ စံကားဖြူပွင့်များ ကျိုးတိုးကျဲတဲ ပွင့်နေပြန်သည်။ သင်းအေး မွှေးရီနေသည်။ အဖြူသည် ပျော်ရွှင်ခြင်းတော့ မရှိ။ နား၌ ကြားနေရသော ပြတင်းမှန်သို့ တချောက်ချောက် လာ၍ခြစ်နေသော သစ်ကိုင်းသံသည် ပေပေါ် တူဖြင့် နက်သံသို့ ပြောင်းသွားလေသည်။ ဖေဖေ ငရဲခံနေရပြန်ပြီ။ အဖြူသည် စံကားဖြူကိုင်းတစ်ကိုင်းပေါ် တင်ပါးလွှဲ ထိုင်လိုက်ပြီး အသာကလေး ကိုယ်ကိုညွတ်၍ ငုံ့ကြည့်လိုက်ရာ၊ ဟိုး အဝေးချိုင့်ထဲမှာ ဖေဖေ့ကို မြင်ရသည်။ မက်နေကျ အိပ်မက်ထဲမှာလိုပင် ဝေးသဖြင့် သေးသေးကလေး မြင်ရသည်မှန်သော်လည်း ဖေဖေသည် လူသာမန်ထက် ငါးဆ၊ ခြောက်ဆမျှ ကြီးနေကာ၊ ဇရပ်လိုလို၊ တန်ဆောင်းလိုလို အဆောက်အအုံ၏ ပေါင်များ၊ တန်းများကြားမှာ ခေါင်းဆံ့နိုင်ရုံနေရသည်။ ထိုခဏ၌ အဖြူသည် မိုက်ခနဲ လိမ့်ကျသွားရာ အသံကုန် အော်လိုက်ပြီး လန့်နိုးလာကာ ချွေးများနစ်နေလေ၏။

သို့သော် ကိုဦးသည် အဖြူ့ အိပ်ရာဘေးရှိ ကြိမ်ထိုင်ခုံပုကလေး၌ ထိုင်ကာ အဖြူ၏ ညာလက်ကို ဆုပ်ထားသည်။ အဖြူ နိုးလာမှန်းသိတော့ ခပ်ကျပ်ကျပ် ဖျစ်ညှစ်လိုက်ပြီး "အိပ်မက် မက်နေပြန်ပြီ"ဟု ပြုံး၍ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် "အမယ်လေး...မောလိုက်တာ"ဟု ပြောပြီး သူပါ ပြုံးလာနိုင်သည်။ အဖြူ ကိုဦးဆီ ရောက်ခဲ့လေပြီ။ အိပ်မက်အပြင် ဘာမျှ သူ့ကို ချောက်ချားစေဖွယ် မရှိနိုင်တော့။ ချွေးသုတ်ချင်သဖြင့် လက်ကိုင်ပဝါ ကို ရှာရာမတွေ့။ စောစောက လက်ကိုင်ပဝါဖြင့် ဖုန်သုတ်လိုက်မိသဖြင့် ညစ်သွားတာလည်း ဖျတ်ခနဲ သတိရလာသည်။

"ဘာလဲ အဖြူ"

"အို...အဖြူ့ပစ္စည်းတွေ အကုန်ပါရဲ့လားလို့ပါ။ သေတ္တာအနီ ဆင်တူနှစ်လုံးလေ"

"ပါပါတယ်၊ အဖြူ့ရဲ့ပစ္စည်းတွေ သယ်လာတာ များလှချည်လား။ ဘာလုပ်ဖို့လဲ၊ ခိုးရာလိုက်လာတာ ကျနေတာပဲ ဟဲ...ဟဲ"

"တော်ပါ။ သေတ္တာတစ်လုံးက အဝတ်အစားတွေပါ။ တစ်လုံးက စာအုပ်နဲ့ ပန်းအိုးတွေ၊ ယွန်းခွက်တွေ။ ကိုဦး ပေးထားတဲ့ လက်ဆောင် တွေလေ။ ဗီရိုပေါ်က ပြန်တွေ့လို့ သယ်လာတာ"

"ဟုတ်လား၊ အဖြူ သိမ်းထားသလား"

"သိမ်းထားတယ်။ သိမ်းထားပြီး မေ့နေလို့ ဒီမနက်မှ ဖုန်သုတ် ရတယ်။ ဖုန်တွေကို ထုတက်နေတာပဲ။ ဘာဖြစ်လို့ အဖြူ မေ့နေရပါလိမ့်။ အဖြူ မမေ့တတ်ပါဘူး။ ပြီးတော့ ကိုဦး စိတ်မဆိုးနဲ့ဦးနော်၊ မေ့နေရ ကောင်းလားလို့"

"စိတ်မဆိုးပါဘူး"

"တကယ်တော့ အဖြူကသာ စိတ်ဆိုးစရာတွေ အများကြီးရှိတာ"

ကိုဦးက သူ့ထုံးစံအတိုင်း အလွယ်တကူရယ်မောလိုက်ပြီး "ဘာဖြစ် လို့လဲဗျာ"ဟု မေးသည်။

"အဖြူ့ဆီ ကိုဦး ဘယ်တော့မှ မလာဘူး။ ဖုန်းလည်း စ မဆက် ဘူး။ အဖြူကသာ ဆက်ရတယ်။ လာခေါ်ပါလို့ ပြောပြီး လာရတယ်"

ကိုဦးက အပြုံးအနည်းငယ် လျော့ပါးကာ "ဒါကတော့ ရှင်းပြ ရရင် အရှည်ကြီး အဖြူရဲ့။ တဖြည်းဖြည်းမှ ပြောပြမယ်လေ။ အဖြူ ဒီမှာ အကြာကြီး နေဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com


"အမြဲနေမှာ၊ အိမ်မပြန်တော့ဘူး။ အိမ်မှာ ဘယ်သူမှလည်း မရှိတော့ဘူး။ ဖေဖေ ဆုံးသွားပြီလေ၊ မသိဘူးလား"

ကိုဦးက ဘာမျှမပြောဘဲ နေသည်။

"မနေ့ကပဲ ဆုံးသွားတယ်၊ သနားပါတယ်"ဟု အဖြူသည် ပေပေါ်တူနှင့် နှက်နေပုံကို မြင်ယောင်ပြန်၍ တွေနေလေသည်။ အနည်းငယ် ငိုချင်လာသည်။ ဒါပေမဲ့ အဖြူ တတ်နိုင်တဲ့ကိစ္စလည်း မဟုတ်ပြီလေ။

ကိုဦးက အဖြူ့ကို စေ့စေ့ကြည့်ကာ "ဖြည်းဖြည်းမှ ဒါတွေ ပြောရရင် ကောင်းမယ် အဖြူရဲ့"ဟု ပြောလေရာ "ဘာဖြစ်လို့လဲ။ ဖေဖေ မနေ့ကပဲ ဆုံးသွားတာပဲ။ ပြီးတော့ ဝဋ်မှခံနေရတယ် ကိုဦးရယ်။ အဖြူ တွေ့ခဲ့တယ်"

"အဖြူကလည်း အိပ်မက် မက်နေတာ တကယ်လို ပြောနေပြန်ပြီ၊ နေပါဦး။ ဝဋ်မှခံရတာတို့၊ ငရဲကြီးတာတို့၊ နတ်ပြည်ရောက်တာတို့ဆိုတာ စာအုပ်ထဲ ဖတ်ဖူးတာကလွဲလို့ ဘယ်သူ တကယ်မြင်ဖူးတဲ့ ကိစ္စမို့လဲ။ သေသေချာချာ စဉ်းစားပါဦး။ အဖြူလည်း ပညာတတ်မိန်းကလေးတစ်ယောက်ပဲ။ ဟုတ်ပြီ။ ခေါင်းထဲရှင်းသွားအောင် ခါလိုက်စမ်း။ စဉ်းစားပြီး ပြောစမ်းပါဦး"

အဖြူက ရယ်မောလေ၏။ အိပ်ဆေးပြယ်သွားပြီ ထင်ပါရဲ့။ ကိုဦးက အိပ်ဆေးထိုးပေးမယ်လို့ ပြောသံကြားလိုက်ပြီး အိပ်ပျော်သွားခဲ့သည်။ အဖြူ အိပ်ပျော်ရင်း ယောင်ပြောနေတာ မဟုတ်တော့။ ကိုဦး ရှေ့မှာ ရှိသည်။ အဖြူ့ညာလက်ကို ဆုပ်ကိုင်ထားတာလည်း နွေးလှသည်။ အားရှိလှသည်။ အဖြူသည် အတော်ကြာပင် ရယ်မောနေလေ၏။ ရင်ထဲမှာ ပေါ့လာပြီး မိုက်ထဲကတောင် ဆာလာသည်။

"ဟုတ်ပါတယ်။ အဖြူ့အိပ်မက်ထဲမှာ တွေ့လာတာ။ အဖြူ အဲဒီလို သိပ်ဖြစ်တတ်တာပဲ။ တစ်ခါလည်း အိပ်မက်ထဲမှာ ဖေဖေက ကြိုးနဲ့တုပ်ပြီး တိုင်မှာချည်ပြီး ဒဏ်ပေးထားလို့တဲ့၊ ငိုလိုက်တာ။ နိုးလာတော့လည်း ငိုတုန်းပဲ။ ဖေဖေရော၊ ဒေါ်ကြီးရော ထလာပြီး ချော့လို့လည်း မရဘူး။ တစ်ညလုံး ထိုင်ငိုတာပဲ။ ဒါပေမဲ့ ဖေဖေက အဖြူ့ကို အဲဒီလို ခဏခဏ ဒဏ်ပေးတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ဖြည်းဖြည်းတော့ ပြောရအောင်။ အများကြီးကို ပြောရမှာ။ ကိုဦးက အကုန်မေးမှာ"

"ဒါပေမဲ့ ဖေဖေ ဆုံးသွားတာတော့ အမှန်ပဲ"

"ဘယ်တုန်းကလဲ"

"မနေ့က"

"မနေ့ကလား၊ ဘာရောဂါနဲ့လဲ။ အသုဘ ဘယ်တော့ချမှာလဲ"

အဖြူသည် ဘာမျှ မဖြေတတ်ဘဲ ရှိသည်။ ရှက်လည်း ရှက်လာသည်။ ဟုတ်တယ်။ အလောင်းလည်း ပြင်မပေးဘူး။ ဆေးရုံကြီးမှာများ သွားသေသလား။ ရေခဲတိုက်ထဲမှာလား။ တောင်ငူမှာ ဆုံးတာလား။ ဆုံးတော့ ဆုံးရှာပြီ။

"ကဲ...အဖြူရယ် ဒါတွေ ခဏ ထားလိုက်ပါဦး။ တဖြည်းဖြည်းတော့ ပြောမယ်လေ။ ခု အဖြူနေမကောင်းလို့ ကိုဦး ခေါ်လိုက်တာ။ ဆေးရုံလာတက်တာ၊ ဒါတော့ သိတယ်မဟုတ်လား"

"အဖြူ မူးတတ်တာ တစ်ခုပါပဲ။ ကိုဦးဆီ လာတာကတော့ အဖြူ့မှာ တခြားမှ သွားစရာ မရှိဘဲ။ အိမ်မှာလည်း မနေချင်ဘူး။ ကိုဦး ဆေးရုံမှာနေတော့ အဖြူလည်း ဆေးရုံကို လာရတာပေါ့"

"အမယ်...အတွေးအခေါ်ကတော့ မညံ့ဘူး"ဟု ကိုဦးက ရယ်မောပြန်သည်။

"ဘာလဲ၊ ကိုဦးက အဖြူ့ကို လက်မခံချင်ဘူးလား" ဟု တမင်စလိုက်လျှင် "အဖြူ နေချင်သလောက် နေပါ"ဟုသာ ပြန်ပြောလေ၏။

အဖြူသည် သတိရလာပြန်သည်။

"ကိုဦး၊ အဖြူ့ကို ကော်ဖီတိုက်ဦးလေ"

"ကောင်းပါပြီဗျာ"ဟု ကိုဦးက ဘေးမှ စားပွဲအငယ်ကလေးပေါ်မှာ နက်(စ်)ကော်ဖီ ဖျော်စပြုလေ၏။

"ကျွန်...ကျွန်တော် ကိုဦးဆီရောက်မှ ကော်ဖီသောက်ရတာ။ အိမ်မှာဆို နို့ပဲ သောက်နေရတာပဲ။ အန်တောင် အန်ချင်တယ်။ တစ်ခါတစ်ခါတော့ နို့တွေကို စံကားဖြူပင်ခြေရင်း လောင်းချပစ်လိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အာဟာရတွေရပြီး သိပ်ပွင့်တာ ထင်ပါရဲ့။ ဟား...ဟား။ ကော်ဖီသောက်ရင် အိပ်မပျော်မှာ စိုးလို့တဲ့။ တစ်ချိန်လုံး ပြောနေတာပဲ ကိုဦးရယ်" (ဘယ်သူက ပြောတယ်လို့တော့ အဖြူ မပြောချင်တော့ချေ)။ ကော်ဖီ မသောက်ရလည်း အိပ်တော့ မပျော်ပါဘူး။ ပြတင်းပေါက်ကို တိတ်တိတ်ကလေး အသံမမြည်အောင်ဖွင့်ပြီး အပြင်ဘက်ကို ကြည့်နေတာပဲ။ တစ်ညလုံး ကြည့်နေတာပဲ။ ခြံထဲ သိပ်ဆင်းချင်တာပဲ။ ညဆိုရင် စံပယ်တွေ၊ ညမွှေးပန်းတွေ ပွင့်ကြတယ်။ တရုတ်စံကားတွေ၊ အကျော်တွေ ပွင့်ပြီး မွှေးလှိုင်နေတာပဲ။ ဒါပေမဲ့ မဆင်းရဘူး။ တံခါးသော့က ဖေဖေ့ဆီမှာ"

ကိုဦးက ကော်ဖီပန်းကန် လှမ်းပေးရင်း "ဖြည်းဖြည်းပြောပါ အဖြူရဲ့။ အချိန်တွေ အများကြီး ရှိပါသေးတယ်။ ခါတိုင်းလိုပေါ့။ ညည ဆေးရုံဝင်းထဲ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့"

"နည်းနည်းအေးမှ သောက်မယ်"ဟု ပြောကာ အဖြူသည် စားပွဲပေါ် လှမ်း၍ ကော်ဖီပန်းကန် တင်ခိုင်းလိုက်၏။ ပြီးတော့ လန်းဆန်းလာပြီး ရုတ်ခနဲ ထထိုင်သည်။ သူ မူးမသွားပေ။ ကြည်ကြည်လင်လင်ပင်။ ကိုဦးက ခုမှ သတိရသလို ရှပ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါ ထုတ်၍ နဖူးမှ ခြောက်စပြုနေပြီပင်ဖြစ်သော ချွေးများကို သုတ်ပေးလေ၏။ အဖြူသည် မျက်တောင်ကော့များကို လှန်၍ ကိုဦးရဲ့မျက်နှာကို ကြည့်နေမိ၏။ ယုယတတ်တဲ့ ကိုဦးပဲ။ ချစ်ဖို့ကောင်းတဲ့ ကိုဦးပဲ။ ကိုဦးက လုံးထွေးသွားသော အဖြူ၏ ဆံယဉ်များကို လက်ချောင်းများဖြင့် ခွဲ၍ အသာအယာ သပ်ရပ်ပေးပြန်သည်။

"ဘာကြည့်တာလဲ"ဟု သူက ပြောသေး၏။

"ကိုဦး အလုပ်ပင်ပန်းလို့လား။ အသားတွေ ညိုသွားတယ်။ အသက်ကြီးသွားသလိုပဲ"

"မငယ်တော့ဘူးလေ အဖြူရဲ့၊ သုံးဆယ့်ငါးနှစ် ရှိပြီ။ ဆံပင်ဖြူတောင် ပေါက်နေပြီ"

"မဟုတ်တာ။ အဖြူ့ထက် ခုနစ်နှစ်ထဲ ကြီးတာပဲ။ ခုမှ နှစ်ဆယ့်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်နှစ် ရှိရမှာပေါ့"

"အဖြူ့အသက်က ဘယ်လောက်မို့လဲ"

"မေ့ပြီလား၊ ဆယ့်ကိုးနှစ်လေ"

"အဖြူကလည်းကွာ၊ အဲဒါက လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်က အဖြူ ကိုဦးကို ပထမဆုံး တွေ့ဖူးတဲ့ အချိန်ကပဲ။ ဒီဆေးရုံကို ပထမဆုံး ရောက်လာတာလေ"

အဖြူသည် မူးချင်လာသည်။ ဟုတ်လား၊ ကိုဦးပြောတာ ဟုတ်သလား။ ကိုဦး မညာတတ်ပါဘူး။ စတော့ စတတ်တယ်။ ခုတော့ စနေတာနဲ့လည်း မတူပါဘူး။ ကိုဦးနဲ့ တွေ့ခဲ့တာ ဆယ်နှစ်လောက်တောင် ရှိပြီတဲ့လား။ ဒီအတောအတွင်း ဘာဖြစ်ခဲ့သလဲ။ အဖြူ ထင်တာက ကိုဦးနဲ့ တွေ့ကြတာ အလွန်ဆုံး နှစ်ဝက်လောက်ပဲ ရှိဦးမည်ထင်သည်။ အရိပ်များ မှိန်မှိန်တချို့၊ ပြတ်ပြတ်သားသားတချို့ ပေါ်လာပြန်သည်။ ဘယ်အရိပ်ကို ဆွဲထုတ်ယူရမှာလဲ။

"ဆောရီး...အဖြူ၊ ဒါတွေ မပြောကြနဲ့ဦးစို့။ ကော်ဖီသောက်လိုက်တော့နော်။ ပြီးတော့ ခု ဘာလုပ်ကြမလဲ။ ညနေ ရုပ်ရှင်ကြည့်မလား။ အကအခုန် သီချင်းဆိုတာတွေပါတဲ့ အမေရိကန် ရုပ်ရှင်တစ်ကားတော့ရှိတယ်။ အဖြူ ကြိုက်တတ်တယ်မဟုတ်လား။ သုံးနာရီခွဲပွဲ သွားရအောင်။ ကိုဦးလည်း အဲဒီတော့မှ အားမှာ"

"မနက်ဖြန်ကော"ဟု အဖြူက ပူပင်လိုက်ရာ...

"မနက်ဖြန်တွေမှ အများကြီးပဲ။ ပြီးတော့ ညနေတိုင်း အပြင်ထွက်လည်ပြီး ညတိုင်း လမ်းလျှောက်မယ့် မနက်ဖြန်တွေ အဖြူရဲ့။ လလည်း သိပ်သာလာပြီ။ ပျော်စရာကောင်းတဲ့ မနက်ဖြန်တွေ။ အဖြူ ကိုယ်အလေးချိန်တက်လာရင် မနက်စောစောထပြီး ရေတွေ ဘာတွေတောင် ကူးဦးမှာ။ အဖြူမကူးတတ်ဘူးလား။ ကိုဦး သင်ပေးမှာပေါ့။ အဖြူ့ကို သင်ပေးစရာတွေ အများကြီး ရှိသေးတယ်။ အဖြူက ကလေးလိုပဲ။ လူကြီးဖြစ်အောင် လုပ်ရမယ်။ ဟောဒီကျစ်ဆံမြီး နှစ်ဖက်လည်း ဖြတ်ရမယ် အဖြူရဲ့။ ဆံထုံးတွေဘာတွေ ကျကျနန ထုံးရမယ်။ မင်းသမီးလေးလို ခေါင်းပေါ်မှာ ပုံ့ပုံ့ကလေး

www.burmeseclassic.com

www.burmeseclassic.com


ထုံးရမယ်။ ဆံမြိတ်မချရဘူး။ ဆံယဉ်ကလေးတွေနဲ့ပဲ အဖြူက လှနေပြီ။ ပြီးတော့ ကောင်းကောင်း စားရမယ်၊ အားဆေးထိုးရမယ်၊ ဝဝအိပ်ရမယ်”

ကိုဦးသည် အဖြူ့ရဲ့ ပိန်သဖြင့် ပို၍ရှည်သွယ်နေသော လက်ချောင်းကလေးများကို နူတ်ခမ်းဖြင့်၊ ပါးပြင်ဖြင့် ကပ်လိုက်ပြီး “အဖြူ နားနေဦးနော်။ ကိုဦး ဆေးရုံထဲ တစ်ပတ်လှည့်လိုက်ဦးမယ်။ ဒီနေ့ အလုပ် ဘာမှ မလုပ်ရသေးဘူး။ ဆရာမ မငွေခင် လွှတ်လိုက်မယ်။ အဖြူ့အတွက် သတ်သတ်ငှားနေကျ ဆရာမလေ။ မှတ်မိလား”

အဖြူသည် ယောင်ယမ်း ခေါင်းညိတ်လိုက်သော်လည်း မငွေခင်ဆိုတာကို မျက်နှာပုံသဏ္ဌာန် ထင်မြင်လို့ မရ။ မငွေခင်၊ မငွေခင်။ ဝဝလား၊ ဖြူဖြူလား၊ စကားများများလား၊ အေးအေးလား။

“နေပါဦး ကိုဦးရဲ့”ဟု သူ ထွက်သွားမှာ ကြောက်သလို ဖြစ်လာပြန်သည်။ “အဖြူ ဘာလုပ်နေရမှာလဲ။ ပြီးတော့ ကိုဦးကို ခေါ်ချင်ရင် ခုနစ်-တစ်-တစ်-ငါး-ငါးက ခေါ်ရမှာလား”

ကိုဦးက ခြောက်ကပ်ကပ် ရယ်သည်။ “ဘယ်ဟုတ်မလဲ၊ ခု အဖြူက ခုနစ်-တစ်-တစ်-ငါး-ငါးကို ရောက်နေပြီပဲ။ ကိုဦး ဒီဆေးရုံထဲမှာ ရှိမှာပဲ။ ခဏလေးနဲ့ ပြန်လာမှာ။ မငွေခင်လည်း ချက်ချင်း ရောက်လာမှာ။ ဟောဟိုနားတင်ရယ်။ အဖြူ စာဖတ်ချင် ဖတ်နေပေါ့။ ရုံးခန်းထဲက စားပွဲပေါ်မှာ သတင်းစာတွေ၊ မဂ္ဂဇင်းတွေလည်း ရှိတယ်။ အဖြူ့အခန်းကို အဖြူ ပြင်ချင်လည်း ပြင်ပေါ့။ လှုပ်လှုပ်ရှားရှား နေချင်သလောက်နေပါ၊ ရပါတယ်။ ခြံဝင်းထဲ ဆင်းချင်လည်း ဆင်းပေါ့။ အဖြူ့ကြည့်ရတာ အညောင်းမိနေသလိုပဲ။ မငွေခင်ကို ပြောထားမယ်။ သူ့ကို အဖော်ခေါ်ပေါ့။ တော်ကြာ မူးနေမှာစိုးလို့”

“ဟုတ်ကဲ့...ဒါလင်” ဟု အဖြူ လွှတ်ခနဲ ပြောမိပြီး မျက်လွှာချနေလိုက်သည်။

ကိုဦးက သည်တော့မှ ထွက်မသွားနိုင်သေးသလို မရေမရာ ရပ်နေပြီး “မြောက်ဘက် ပန်းခင်းမှာ ပန်းတွေပွင့်နေလိုက်တာ စုံလို့ပဲ။ အဖြူ သွားကြည့်ချင် ကြည့်ပါလား”ဟု အကြံပေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...နောက်မှပဲ သွားတော့မယ်"

အဖြူသည် ကိုဦး လက်မြှောက်ပြသွားသည်ကို ငေးမောကျန်ရစ်ပြီး မငွေခင် ဝင်လာမှ လှုပ်ရှားဖို့ သတိရသည်။ ချက်ချင်းပင် အလောတကြီး ထမိသည်။ မငွေခင်ကို သူ ကောင်းကောင်း မှတ်မိလေသည်။ ဝဝဖြူဖြူ၊ စကားများများပဲ။ ဟုတ်သားပဲ။ ပြီးတော့ သိပ် သဘောကောင်းတယ်။ အဖြူ့ကို ချစ်တယ်။ အလိုလိုက်တယ်။ မငွေခင်ရဲ့ဆံပင်များ ဖွေးဖွေးဖြူနေတာကို အံ့ဩဖွယ် တွေ့ရသည်။ ဖြုန်းခနဲ အိုသွားတယ်နော်။

"အန်တီခင်၊ အဖြူ အခန်းပြင်ချင်တယ်။ ဟိုသေတ္တာထဲက ပစ္စည်းတွေ ထုတ်ရအောင်။ ပန်းအိုးထဲ ပန်းတွေ စိုက်ရအောင်၊ ပန်းခင်းဘက် သွားရအောင်။ ကိုဦး စားပွဲပေါ်မှာတော့ သူ ကြိုက်တဲ့ နှင်းဆီအဝါတွေပေါ့။ အပျိုစင်ကျောက်ခက်ဆိုတဲ့ အရွက်နုနုလှလှကလေးတွေ ရံပြီး နှင်းဆီဝါ သုံးပွင့်တည်း စိုက်မှာ။ ငွေ ကတော့ကလေးထဲမှာ စိုက်ရအောင်။ တစ်ပွင့်က ကိုဦးဖို့၊ တစ်ပွင့်က အဖြူ့ဖို့၊ တစ်ပွင့်ကတော့..."

အဖြူသည် ဆက်မပြောဘဲ ပြုံးပြီး ငေးနေလိုက်လေ၏။

●

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး လူနာတစ်ပတ် လှည့်ကြည့်ရာက ပြန်ရောက်လျှင် အဖြူ့ထံ ခဏသာ ဝင်နိုင်သည်။ အလုပ်စားပွဲသို့ ပြန်ရသည်။ သို့သော် ကိုဦး ရုံးခန်းနှင့် အဖြူ့ အခန်းမှာ ကပ်နေသည်ဖြစ်၍ ကိုဦး ပြောဆိုလှုပ်ရှားသမျှကို နားထောင်နေ လို့ရသည်။ ကိုဦး သိပ်အလုပ်များးတာပဲ။ စကားပြောလည်း အင်မတန် သာယာတာပဲ။ ကြိမ်းမောင်း ငေါက်ငမ်းသံ မကြားရ။ တော်တော် ယဉ်ကျေး တယ်။ အလွယ်တကူ ရယ်မောတယ်။ စိတ်ချမ်းသာစရာ ကောင်းတယ်။ သူ့ကို နီးစပ်သူမှန်သမျှက ချစ်ကြတယ် ထင်ပါရဲ့။

ပြီးတော့ အဖြူရဲ့ ကိုဦးလည်း ဖြစ်သေးတယ်။

အဖြူရဲ့ ကိုဦးဟာ နှင်းဆီအဝါတွေနဲ့ ပန်းအိုးကို သတိပြုမိမှာ ပါနော်။ ကြိုက်ရဲ့လားလို့ သွားမေးချင်လိုက်တာ။

မငွေခင်က "အန်တီခင် သွားမေးပေးရမလား"ဟု ရယ်ဟဟနှင့် ဆိုလေရာ အဖြူက ရှက်တက်တက်နှင့် "မမေးပါနဲ့၊ သူ အလုပ်များ နေတယ် မဟုတ်လား"ဟု ဖြေရ၏။

"အဖြူက သိတတ်သားပဲ။ ကလေးမှ မဟုတ်ဘဲနော်"

"အဖြူလား၊ ၁၉ နှစ်တောင် မကတော့ဘူးတဲ့ အန်တီခင်ရဲ့။ အများ ကြီး ကျော်လာပြီထင်တယ်။ ပြန်တွက်ရဦးမယ်။ ခုတော့ စိတ်ရှုပ်မခံနဲ့ဦး လို့လည်း ကိုဦးက ပြောတယ်"

"ဒေါက်တာက ပြောတယ်"ဟု မငွေခင်က သင်ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့...ဒေါက်တာက ပြောတယ်"

အဖြူသည် မငွေခင်နှင့် စကားပြောလို့ သိပ်ကောင်းနေလေ၏။ သူတို့သည် တစ်ခါတစ်ရံ လုယက်လို့ပင် ပြောရ၏။ အဖြူက တစ်သက်လုံး စကားမပြောဘဲ အောင့်နေခဲ့ရသလို ထင်နေပြီး၊ မငွေခင်က နဂိုကတည်းက စကားများသူမို့ ဖြစ်လိမ့်မည်။

အဖြူသည် ဟောင်းနွမ်းအိုမင်းလုပြီဖြစ်သော ဆေးရုံမှ မှန်တင်ခုံကို ဇာအခင်းကလေးများနှင့် ဖုံးကာ ပန်းစိုက်အိုးတင်ကာ၊ အလှပြင်ပစ္စည်းများဆင်ကာ အမျိုးမျိုး ပြင်သည်။ ဘယ်လောက်မှောင်တဲ့ ထောင့်ဖြစ်ဖြစ် ပန်းစိုက်အိုးတင်လိုက်ရင် လင်းသွား လှသွားတာပဲ။ ပန်းဆိုတာတွေဟာ လှသလောက်၊ မွှေးသလောက် ကြာကြာခံရင် ဘယ်လောက်ကောင်းမလဲ။

လက်ပတ်နာရီကိုလည်း ခဏခဏ ကြည့်ရသေး၏။ သုံးနာရီခွဲပွဲကိုဦးက ရုပ်ရှင်ပြမယ်တဲ့။ ရုပ်ရှင် မကြည့်ရတာ ဘယ်လောက် ကြာပြီလဲ။ ဖေဖေက ရုပ်ရှင်မကြိုက်တော့ လိုက်မပြ။ သူများနဲ့လည်း မထည့်။ ဒေါ်ကြီးနဲ့လည်း မသွားရ။ ဟိုတုန်းက တစ်နှစ်လုံးနေမှ တစ်ခါ၊ နှစ်ခါအပြင် ပို၍ မကြည့်ရချေ။ ပြီးတော့ ဖေဖေက ပြောဖူးသေးသည်။ "တို့လိုများ ရုပ်ရှင်မကြည့်တဲ့ လူချည်းဆိုရင် ရုပ်ရှင်ဆိုတာ ပိတ်ကိုပစ်ရမှာ"

ဒါပေမဲ့ အဖြူက ကြိုက်သည်။

ကိုဦးနှင့် ရုပ်ရှင်ကြည့်ရတာ ပျော်စရာ တစ်မျိုးကောင်းသည်။ အာလူးကြော် ဝယ်ပေးတတ်သည်။ မြေပဲလှော် အခွံနွှာပေးတတ်သည်။ မူးသလားလို့ မေးတတ်၊ စိုးရိမ်တတ်သည်။ ကြောက်လန့်စရာ ရက်စက်ကြမ်းကြုတ်တဲ့အခန်းများမှာ လက်ကိုဆုပ်ကိုင် အားပေးတတ်သည်။ ဝမ်းနည်းစရာအခန်းမှာ အဖြူပါ လိုက်ရောလို့ငိုလျှင် လက်ကိုင်ပဝါ မသိမသာ လှမ်းပေးတတ်သည်။ ဆရာဝန်မို့ ထင်ပါရဲ့နော်။ သူတစ်ပါးကို သိပ်ပြုစုချင်တဲ့ စိတ်ရှိတာပဲ။

ပြီးတော့ အဖြူက ယုယကြင်နာတာကို အင်မတန် မွတ်သိပ်ခဲ့သူ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီခင်၊ အဖြူ ရေချိုးရတော့မယ်ထင်တယ်"ဟု အကြံတောင်းလျှင် "ကောင်းသားပဲ၊ နှစ်နာရီတောင် ထိုးပြီ။ အလှပြင်မှာက တစ်နာရီဆိုတော့..."ဟူသော အဖြေကို ရလေ၏။

"အန်တီခင်ကြီးကလည်း သိပ်ဆိုးတာပဲ"

သို့သော် အန်တီခင်သည် အဖြူ၏ ပထမဆုံးသော ဆံထုံး ပုံ့ပုံ့ကလေးကို ထုံးပေး၏။ နှင်းဆီဝါအဖူး မခို့တရို့ကလေးကို ကျောက်ခက်ပန်းရွက်နှင့် တွဲလို့ ပန်ပေး၏။ ဆံမြိတ်ချဉီးမလားလို့ မေးသေး၏။ အဖြူက ဟင့်အင်း ဖြေရသည်။ "ကိုဦးက မသင့်ဘူးတဲ့။ ဒေါက်တာက မသင့်ဘူးတဲ့" အင်္ကျီဝါဝါလွင်လွင်နှင့် ထဘီအချိတ်ဖြူကို ဆင်ပြန်တော့ အန်တီခင်က မင်္ဂလာဆောင်လို့ ရပြီတဲ့လေ။

ရုပ်ရှင်သွားကြတော့မည်လို့ ကိုဦး လာခေါ်သည့်အခါ သူ့ရဲ့ စူးရှသော မျက်လုံးများကို အဖြူ ရှက်ကြောက်နေမိသည်။ ကျေနပ်တာလည်း မှန်သည်။ ပြီးတော့ ကားပေါ်မှာ ယှဉ်တွဲထိုင်၍ စကားများစွာပြောရင်း အဖြူသည် အလိုလို မသိလိုက် မသိဘာသာ မှတ်မိလာသော၊ အရင်က တူတူကြည့်ခဲ့ဖူးသော ရုပ်ရှင်များအကြောင်းကို ပြောမိလေ၏။ ဟုတ်တယ်။ ကိုဦးနဲ့ အပြင်ထွက်လည်တိုင်း ရုပ်ရှင်ကြည့်တာပဲ။ ရေတွက် မှတ်သားထားရင် အများကြီးနေမှာ။ ကိုဦးက အဖြူ မှတ်မိလာသည်ကိုလည်း အားတက်ဟန်ပြလေသည်။

ရုပ်ရှင်ပြီးသော် အပြင်မှာ ညစာစားကြ၏။ အဖြူကြိုက်တတ်တဲ့ ဟင်းသီးဟင်းရွက်ကြော်ကို သူက မှာပေးပြန်တော့၊ အဖြူက တစ်ပြန် သူကြိုက်တတ်တဲ့ ပုစွန်ကြော်ကို မှာစေပြန်ရသည်။ "အဖြူ သတိကောင်းသားပဲ" ဟုပင် ကိုဦးက အံ့သြနေသေး၏။ အဖြူ သတိကောင်းသလား မသိ။ စိတ်ထဲ၌ အဝေးမှ မှုန်ဝါးသော အရိပ်များစွာတို့ နီးကပ်ပြတ်သားလာပြီး အသေးစိတ်တောင် ပြောပြနိုင်လောက်အောင် ပီပြင်လာတာတော့ အမှန်ပင်။

လပေါင်းများစွာအတွင်း အဖြူသည် ပထမဆုံးအကြိမ် အကြောအခြင်များ လျော့ပြေသည်။ ကြောက်ရွံ့စိတ်ငယ်ခြင်းလည်း ပျောက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ပေါ့ပါး ကြည်လင်လာသည်။ ကံကောင်းစောင်မလာပြီ ထင်သည်။ ထမင်းစားလို့လည်း မြိန်ရှက်လှသည်။ ညကျလျှင် အိပ်ပျော်ဦးမည်ပင်။

ညကျ တကယ် အိပ်ပျော်သည်။ ခြံဝင်းထဲ လသာသော်လည်း ကိုဦးနှင့် လမ်းလျှောက်ချင်သေးသော်လည်း အိပ်ချင်မှုးတူးဖြစ်ကာ ဟန်မဆောင်နိုင်ဖြစ်လေရာ ကိုဦးက သူ့ကို အိပ်ရာဝင်စေသည်။ မငွေခင်က ဘေးမှ ပက်လက်ကုလားထိုင်နှင့် စောင့်သည်။ ကိုဦး အခန်းထဲက လူနာစမ်းသော အိပ်ရာပေါ်မှာ သွားအိပ်ဖို့ မနည်းပြောရသည်။ ကိုဦး ဘယ်မှာအိပ်ပါလိမ့်။ ခါတိုင်းတော့ ဘယ်မှာ အိပ်သလဲ။ ဒါကို တစ်ခါမှ မတွေးခဲ့ဖူးဘူး။ သူ့မှာ အိမ်ရှိဦးမှာပေါ့။ အဝေးကြီးပဲလား၊ နီးသလား။ အဖြူသည် “ကျေးဇူးပဲ ဒါလင်”ဟု ပြောလိုက်မိသည် ထင်သည်။ မြန်မြန် အိပ်ပျော်သွားတာတော့ သိလိုက်သည်။ ထိုည ဘာအိပ်မက်မျှ မမက်ချေ။

●

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် အဖြူ အိပ်ရာမှထသော် ၈ နာရီခွဲလေပြီ။ ၁၂ နာရီတီတီ၊ နာရီတစ်ပတ်ကို အိပ်ပစ်လိုက်ပါလား။ အိပ်ရာက နိုးရတာ ဘယ်လောက် ကောင်းသလဲ။ မျက်စိဖွင့်လိုက်တာနှင့် နုနယ်နွေးထွေးသော နေခြည်သည် ခေါင်းရင်းပြတင်းပေါက်မှ၊ သစ်ရွက်သစ်ကိုင်း ကြိုးကြားမှ၊ ခန်းဆီးကြားမှ တိုးဝှေ့ဝင်လာပြီး ၁၅ ပေ ပတ်လည်သာရှိသော်လည်း ပန်းစိုက်အိုးပေါင်းများစွာနှင့် လှပကြိုင်လှိုင်နေသော အဖြူ့အခန်းသစ်၊ ဘဝသစ်ကလေးကို ရွှေလိုဝင်းဝါစေသည်။ အခန်းနှင့် မလိုက်အောင် ပန်းစိုက်အိုး များနေသည်ကို သိပါသည်။ သို့ပေမယ့် သည်လိုပဲ လုပ်ချင် သေးသည်။ စိတ်အလိုလိုက်ချင် သေးသည်။ မငွေခင်လည်း ဦးထုပ်ဖြူ ကော်တောင့်တောင့်နှင့်၊ အင်္ကျီဖြူ ခေါက်ရိုးမကျိုးနှင့်၊ ထဘီပြာ ကြည်လင်စွာနှင့် ဘာတွေမှန်းတော့မသိ၊ အလုပ်များနေသည်။ တစ်ဆက်တည်းရုံးခန်းမှ ကိုဦးရဲ့လှုပ်ရှားသံ ကြားနေရသည်။

ငယ်ငယ်ကလို အိပ်ရာမှ ခုန်ပြီး ထလိုက်ချင်၏။ ဟို တကယ့် ငယ်ငယ်တုန်းလို၊ မေမေ ရှိသေးတုန်းကလို၊ မေမေ ထွက်မသွားခင်ကလို၊ မေမေ မသေသေးဘဲနဲ့ သေပြီလို့ ဖေဖေ လိမ်မပြောသေးခင်ကလို။ ဒါပေမဲ့ အဖြူသည် ၁၉ နှစ်အရွယ် ကလေးမဟုတ်တော့ပြီတဲ့။ ဆံထုံး ထုံးရမည့်

www.burmeseclassic.com

www.burmeseclassic.com



အရွယ် ဖြစ်ပြီတဲ့။ ဆံမြိတ်တောင် မချစေချင်ဘူးတဲ့။

အဖြူ ရေမိုးချိုး၊ အဝတ်အစားလဲပြီးသည့်အခါ ကိုဦးလည်း စားပွဲမှ အလုပ်ပြီးဟန်နှင့် လာခဲ့သည်။ "ဒီနေ့ ရုံးပိတ်ရက်ပဲ အဖြူရဲ့၊ မေ့တောင်နေတယ်။ လူနာတွေလည်း တစ်ပတ် လှည့်ကြည့်ပြီးပြီ။ ညနေ တစ်ခေါက်တော့ ကြည့်ရဦးမယ်။ ဒီနေ့ တစ်နေ့လုံးတော့ အပြင်ထွက်နိုင်တာပေါ့၊ ဘယ်သွားချင်လဲ"ဟု မေးသည်။

"ရုပ်ရှင်ရုံ"ဟု အဖြူက အပြုံးနှင့်ပြောလျှင် ကိုဦးက ရယ်မောသည်။ "ကြိုက်လှချည့်လား ရုပ်ရှင်၊ နေပါဦး၊ မနက်ဖြန် သန်ဘက်ပဲ ကားသစ်တွေ လဲဦးမှာ။ ဒီနေ့တော့ တောင်ဘက်ရွာထဲ သွားလည်မယ် စိတ်ကူးတယ်။ အဲဒီရွာကလေးက အငြိမ်းစား အရာရှိတွေနေတယ်။ သိပ်သာယာအေးချမ်းတာပဲ အဖြူရဲ့။ ကိုဦးရဲ့ ဘကြီးလင်မယားရှိတယ်။ သွားလည်ရအောင်။ အဖြူ့ကို ခေါ်ခဲ့မယ်လို့လည်း ဖုန်းဆက်ထားတယ်။ မနက်စာ အဲဒီမှာ စားမယ်၊ ဘယ့်နှယ့်လဲ"

သူများအိမ် သွားလည်မယ်တဲ့။ အဖြူသည် အံ့ဩလျက်နေသည်။ အဖြူ တစ်ခါမှ အိမ်မလည်ဖူးဘူး ထင်သည်။ စာအုပ်ထဲတော့ ဖတ်ဖူးတာပေါ့။ စကားတွေ ရှာကြံပြောရမယ် ထင်သည်။ ဖြစ်ပါ့မလား။ အဖြူ ကြောက်လိုက်တာ။

"ဘာ ကြောက်စရာရှိလဲ"ဟု ကိုဦးက ပြော၏။ "ဘကြီးရော၊ ကြီးကြီးရော အားကြီး သဘောကောင်းတာပဲ။ ကိုဦး မိဘလို နေတာပဲ။ သားသမီးလည်း တစ်ယောက်မှ မရှိတော့ တစ်အိမ်လုံးတိတ်ပြီး ကြာတော့လည်း ပျင်းတာပေါ့။ ဧည့်သည်လာရင် သူတို့ သိပ်ပျော်တာ။ ဧည့်သည်ပဲ မျှော်နေတာပဲ။ ကိုဦးကိုလည်း လာနေပါ၊ ဆေးရုံအလုပ်ကို သူတို့အိမ်ကနေ တက်ပါလို့ ခဏခဏ ပြောတယ်။ အဖြူ့ကိုမြင်ရင် ချစ်ကြမှာ၊ အဖြူ့နာမည်လည်း သူတို့ ကြားဖူးနေတာ ကြာပြီ"

အဖြူက "ရှက်လည်း ရှက်တယ်"ဟု ပြောရင်း အဖြူသည် ရင်ခုန်လာသည်။ မျက်နှာ နီလာသည်။ ဘယ်မှန်းမသိ ထွက်ပြေးချင်လာသည်။

"အဖြူကလည်းကွာ ဘာမဟုတ်တာ လုပ်နေလို့ ရှက်ရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



အဖြူ ငယ်ငယ်လေး မဟုတ်တော့ဘူး။ တစ်ခါတည်း လိုက်ခဲ့ပါ။ နောက် မသွားချင်ရင် မသွားနဲ့။ ပြီးတော့ အဖြူ မလိုက်လည်း ကိုဦး သွားရမှာ။ လာမယ်လို့ ပြောပြီးသား။ အဖြူ တစ်နေ့လုံး မငွေခင်ကြီးနဲ့ပဲ နေခဲ့မယ် လား"

ကိုဦးရဲ့ မျက်လုံးများ လက်နေသည်။ အဖြူ့ကို သူ လွှမ်းမိုး နေကျပဲ။ သူ့ပြောစကားကို နားထောင်နေကျပဲ။ ရှက်ကြောက်လျက်ပဲ လိုက်ရမည်ပင်။

"ကိုဦးက သိပ်ဆိုးပါလား"ဟုသာ အဖြူပြောကာ သုန်မှုန်ချင်လျက် မသုန်မှုန်ရက်တော့ဘဲ "ဘယ်တော့ သွားမှာလဲ"ဟု ထပ်မေးရ၏။

"ခုမှ ၉ နာရီကျော်ကျော် ရှိသေးတယ်။ လမ်းလျှောက်သွား ရင်တော့ ရတယ်။ ဆောင်းဦးပေါက်ကြီး မိုးအုံ့နေတော့ တော်တော် အေး နေတယ်။ အဖြူ အအေးမိမှာစိုးရတယ်။ ကားနဲ့ပဲ ၁၀ နာရီလောက်မှ သွားကြ တာပေါ့။ ဒီအတောအတွင်း အဖြူ့ကို ဆေးနည်းနည်းကုရမယ်"

"အဖြူ သိပ်မမူးတော့ပါဘူး"

ကိုဦးက ခဏတိတ်ဆိတ်နေပြီး "ကဲ...အဖြူ အိပ်ရာပေါ်လှဲ"ဟု သာ ပြောလေ၏။ ပြီးတော့ အိပ်ရာဘေးက ကြိမ်ကုလားထိုင်ပုကလေး၌ ထိုင်သည်။ မငွေခင်ကို ရုံးခန်း၌ သွားစောင့်စေသည်။

"စောစောက အဖြူ အိပ်ပျော်နေတုန်း အဖြူ့ဘကြီး လာကြည့် သွားတယ်"ဟု သူ စကားစလေ၏။ အဖြူက ခေါင်းညိတ်ရုံသာ တတ်ဆဲ။ "အဖြူ့ ဘကြီးကတော့ အဖြူ့ကို ကိုဦးလက်ထဲ လုံးလုံးလွှဲထားတာပဲ။ အဖြူ ပျော်ရွှင်ကျန်းမာလာအောင်ဟာ ကိုဦးရဲ့ တာဝန်ပဲတဲ့"

"အဖြူ အခု သိပ်ပျော်ပါတယ်"ဟု အဖြူ ဝန်ခံမိပြီး ဘယ်တုန်းက ဘာကြောင့် မပျော်ပါလိမ့်ဟု စဉ်းစားချင်စိတ် ဖျတ်ခနဲ ပေါ်လာသည်။ သို့သော် အဖြူ တကယ်ကြောက်ပါသည်။ သတ္တိ မမွေးနိုင်ပါ။ တကယ်တော့ လည်း မသိချင်လှ။ သိလျှင် ခု ပျော်နေတဲ့၊ ကျွတ်လွတ်နေတဲ့ စိတ်ကလေး များ ပျောက်သွားမလား၊ လက်လွတ်သွားမလား။ လောလောဆယ် အချိန် ကလေး၊ ကိုဦးနဲ့ တွေ့ဆုံစကားပြောနေတဲ့ အချိန်ကလေးကိုပဲ စုံမက်လှ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အတင်း ဆုပ်ကိုင်ထားချင်သည်။

အဖြူ့နှုတ်ခမ်းများ တုန်လာသည်ထင်သည်။ မျက်နှာပျက်သွားသည်ထင်သည်။ တစ်ကိုယ်လုံး တောင့်တင်းလာသည် ထင်သည်။ ကိုဦးက အကဲခတ်နေပြီး အဖြူ့လက်နှစ်ဖက်ကို ဆွဲယူလိုက်ရာ အဖြူ တစောင်းလှည့်ကာ ကိုဦးကို မျက်နှာချင်းဆိုင်မိသော်လည်း မျက်လုံးများကို လွှဲနေလိုက်မိ၏။ ကိုဦးက ဘကြီးအကြောင်း ပြောတယ်။ ဘကြီးက ဖေဖေ့အစ်ကိုပဲ။ အဖြူ့ဘက်သား ဟုတ်ပါ့မလား။ ကိုဦးကကော ဘကြီးနဲ့ တစ်ဖွဲ့တည်းလား။ ဘကြီးခိုင်းတာ ကိုဦးလုပ်ရရင် ကိုဦးကော...ကိုဦးကော။ လောကမှာ ယုံစရာ လူတစ်ယောက်တော့ ရှိဖို့ကောင်းသည်။ ရှိကော ရှိရဲ့လား။ အဖြူ မှားသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဝေဖန်ပြစ်တင်လို စိတ်မရှိဘဲ သည်းခံမည့်သူ ရှိတယ်ဆိုတာကော ဟုတ်ပါ့မလား။ အဖြူသည် ကိုဦးကို ဖျတ်ခနဲ မျက်လုံးလှန်ကြည့်မိ၏။ ကိုဦးကရော အဖြူရဲ့ အကြွင်းမဲ့ ဘက်တော်သား ဟုတ်နိုင်ပါ့မလား။ အဖြူသည် တဆတ်ဆတ် တုန်လာပြီး မျက်စိများ စုံမှိတ်ထားလိုက်ရ၏။

ကိုဦးက အဖြူ့လက်များကို ပို၍ ကျပ်တည်းအောင် ဆုပ်လိုက်ပြီး "ဟော...အဖြူ ကိုဦးကိုတောင် မယုံချင်ပြန်ဘူး"ဟု မေးသလို ပြောသည်။ အဖြူက မျက်လုံးပြန်ဖွင့်ကာ ခပ်စိန်းစိန်းပင် ကြည့်နေမိပြီး ဝမ်းနည်းလာသည်။ မျက်လုံးထဲ အုလာသည်။ သူက ပြော၏။ "ကိုဦးအတွက်က ကိစ္စမရှိပါဘူး။ ဒါပေမဲ့ အဖြူ ကိုဦးကိုတောင် မယုံတော့ဘူးဆိုရင် အဖြူ ပျော်နေတယ်ဆိုတာ ပျောက်သွားမှာပေါ့။ အဖြူ့မှာ ကိုဦးကို မယုံနိုင်စရာ ဘာအကြောင်းတစ်ခု မြင်လို့လဲ။ ကိုဦးဘက်က ဘာတစ်ခုမှ ပြောင်းလဲမသွားပါဘူး။ အဖြူ ကိုဦးကို ယုံစမ်းပါ။ ယုံမှ ဖြစ်မှာ"

ဟုတ်တော့ ဟုတ်တယ်ဟုသာ အဖြူ စဉ်းစားပြီး ခေါင်းထဲ၌ ဟာလာဟင်းလင်း ဖြစ်နေလေ၏။

"ဟောဒီ ဆေးရုံထဲမှာ ပြောရမယ့် စကားတော့ မဟုတ်ဘူး" ဟု ကိုဦးက ခပ်လေးလေး ပြောလေ၏။ "ဒါပေမဲ့ အဖြူ ကောင်းကျိုးလို့ သဘောထားပြီး ပြောရတော့မှာပဲ။ အဖြူ့ကို ကိုဦး ချစ်တယ်၊ စေတနာထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဖြူတစ်ယောက်သာ ကိုဦးအတွက် အရေးအကြီးဆုံးကိစ္စဖြစ်တယ်။ အဲဒါကော ယုံရဲ့လား။ ယုံရင် ကိုဦးဟာ အဖြူကောင်းဖို့သာ လုပ်တော့မှာပေါ့။ ဘယ်သူ့ကို ဂရုစိုက်တော့မှာလဲ။ မဟုတ်ဘူးလား"

ဟုတ်သည်။

"ခုန ဘာဖြစ်လို့ စိန်းစိန်းကြီး ကြည့်တာလဲ။ ဆိုစမ်းပါဦး" ဟု ကိုဦးက အလွယ်တကူ ရယ်မောလာကာ မေးသည်။

ထိုခဏ၌ ဘယ်ကမှန်းမသိ၊ တယောများစွာ ပြိုင်တူတီးမှုတ် သည့် ဂီတသံပေါ်လာသည်။ ဥရောပတေးသွားဖြစ်၍ သာယာကြည်နူးဖွယ် အချစ်တေးသံ ဖြစ်သည်။ မကြာခဏ ကြားဖူးသော တေးသံလည်း ဖြစ်သည်။ နာမည်ကြီး သီချင်းပါ။ မေ့နေလို့။ ဆေးရုံအနီးအနားက အိမ်တစ်အိမ်က ဓာတ်ပြားဖွင့်တာ ဖြစ်မှာပဲ။ အဲဒီဓာတ်ပြားဖွင့်နေတဲ့သူဟာ ပျော်နေတယ် ထင်ပါရဲ့။ တစ်ယောက်ယောက်ကို ချစ်နေတယ် ထင်ပါရဲ့။ တစ်ယောက်ယောက်ရဲ့ အချစ်ကို ခံနေရတယ် ထင်ပါရဲ့။ အဖြူသည် မျက်ရည်များလည်လာကာ "ဘာဖြစ်လို့ ဘကြီးအကြောင်း ပြောတာလဲ။ ဘကြီးနဲ့ ကိုဦးက တစ်ဖွဲ့တည်းလား"ဟု မေးလိုက်လေ၏။ ဟုတ်သည်၊ မေးရမည်။ ကိုဦးနှင့်တော့ ပြောစရာ ရှိသည်ကို ပြောရမည်။ မြုံထားမယ်ဆိုရင် ကိုဦးအပေါ် မတရား။ ပြီးတော့ အဖြူ့အတွက်လည်း ဆိုးကျိုးသာဖြစ်စေသည့် အမှားဖြစ်လိမ့်မည်။

အဖြူသည် ဖျတ်ခနဲ ရယ်လိုက်၏။ ကိုဦးက အဖြူ့ ဘယ်လက်ဖဝါးကို သူ့ပါးပြင်၌ကပ်ပြီး မျက်ခုံးများပင့်၍ မေးလိုက်ရာ "သြော်... အဖြူခုတလော ကျကျနန စဉ်းစားတတ်လာပြီ။ မငယ်တော့ဘူးဆိုတာ ဟုတ်မယ်။ အိမ်မှာတုန်းက စာအုပ်တွေလည်း တော်တော် ဖတ်ဖြစ်တယ်။ ဖေဖေဝယ်ပေးတဲ့ ရှေးဆန်တဲ့ စာအုပ်ကြီးတွေပါပဲ။ ဆုံးမစာတွေ၊ ဆောင်းပါးတွေ၊ ဘုရားဖူးသွားတဲ့ ကဗျာစာအုပ်တွေပေါ့။ ဒါပေမဲ့ အမြတ်ထွက်ပါတယ်"ဟု ပေါ့ပေါ့ပါးပါး ပြောနေမိလေ၏။

ကိုဦးက စောစောက စကားကို ပြန်ကောက်လေ၏။ "ဘကြီးအကြောင်း ပြောရမှာပေါ့ အဖြူရဲ့။ သူက အဖြူ ကျန်းမာဖို့၊ ပျော်ရွှင် ဖို့ကို

www.burmeseclassic.com

www.burmeseclassic.com



တကယ် လိုလားတာပဲ။ ကိုဦးကိုလည်း သိပ်ခင်တာပဲ။ ပြီးတော့ အဖြူ့ကို ဘယ်လောက် အလိုလိုက်သလဲ။ တကယ်တော့ ဒီအခန်းမှာ အဖြူ နေခွင့် ရှိတာ မဟုတ်ဘူး။ လူနာဆောင်မှာ နေရမှာ။ ကိုဦးနဲ့ နီးနီးနေရအောင်၊ ကိုဦး ဂရုစိုက်နိုင်အောင် ဒီမှာ ထားရတာ။ ခေါင်းမူးရုံပါလို့ မပြောနဲ့ဦး။ အဖြူဟာ အနည်းဆုံး စိတ်မချမ်းသာတဲ့ရောဂါ ဆိုပါတော့ကွာ။ အဲဒါ ဖြစ်နေတာတော့ အမှန်ပဲ မဟုတ်လား"ဟု အကဲစမ်း၍ ပြောသည်။

"ဟုတ်မှာပါပဲ"ဟု အဖြူ လက်လျှော့လိုက်သည်။ "ဖေဖေလည်း သေတာ မဟုတ်ဘူးဆို။ သူ့ကို တွေ့တော့မတွေ့ရဘူးနော့။ အဖြူလည်း ဆေးရုံမှာ လာနေရတာ နေမကောင်းလို့ပေါ့လေ"

"ကိုဦးကတော့ တစ်မျိုး ပျော်တာပဲ"ဟု သူက စိတ်ပါလက်ပါ ပြောကာ ရယ်မောလိုက်ပြန်သည်။

"အဖြူလည်း ပျော်တာပဲ"

"ကဲ...ဒါဖြင့် ကိစ္စပြီးနေတဲ့ဟာ။ ခုန မျက်ရည်တွေ၊ ဘာတွေ ကျနေရသေးတယ်။ ပြီးတော့ ရှေ့လျှောက် အဖြူကြောက်တာ၊ ဝမ်းနည်းတာ ဘာဆို ဘာမှမရှိရဘူး။ အဖြူ့ သဘောအတိုင်း အကုန်ဖြစ်ရမယ်။ အဖြူ အန္တရာယ်ဖြစ်ရမယ့် ကိစ္စကလွဲလို့ လုပ်ချင်တာ အကုန်လုပ်၊ အလိုလိုက်မယ်။ ရုပ်ရှင် နေ့တိုင်း ကြည့်မလား၊ အိမ်လျှောက်လည် မလား၊ ဈေးထွက်ဝယ်မလား၊ ညစဉ့်ခံပွဲတွေပါ ခေါ်သွားရဦးမယ်။ ပြီးတော့ အဖြူ အသိမိတ်ဆွေတွေ အများကြီး ဖြစ်လာမှာ။ ကိုဦးကိုတောင် အဖော်လုပ်ချင် တော့မှာ မဟုတ်ဘူး၊ သိလား"

သည်လို နေထိုင်လို့ ရတယ်ဆိုတာ ဝတ္ထုထဲတော့ ဖတ်ဖူးတာပဲ။ အပြင်မှာ တကယ် ဖြစ်နိုင်၊ မဖြစ်နိုင် မသိပါဘူး။

"ကိုဦး နှမကလေးဆိုရင် တော်တော်ကဲတာ။ ကပွဲတွေ၊ ဘာတွေ တောင် သွားတာ။ သူ့ကိုယ်သူ ထိန်းရမှာပဲ။ ဒါမှ ဘဝမှာ နေတတ်မှာဆိုပြီး မတားပါဘူး။ ပြီးတော့ အနည်းဆုံး တစ်ခါမှားလည်း အမှားပြင်တတ်တဲ့ သတ္တိရှိမှာပဲလို့ မျှော်ကိုးပြီး အလိုလိုက်ထားတာပဲ။ တစ်ခါလောက် သူနဲ့ တွေ့ပေးဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုဦးလည်း မိဘနဲ့၊ ညီအစ်ကိုမောင်နှမနဲ့ပဲဆိုတာ အဖြူ သတိရလာပြန်ပြီး မကြိုက်သလိုလို ဖြစ်မိသည်။ ကိုဦးမှာ အဖြူလိုပင်၊ အဖြူနီးပါးပင် ရင်းနှီးသော၊ အရေးကြီးသော လူများစွာ ရှိကောင်းရှိနိုင်သည်။ သူ့နှမကလေးဆိုရင် အဖြူနဲ့ မတွေ့ခင် နှစ်များစွာက နီးစပ်လာသူများပေါ့။ မနာလိုလိုက်တာ။ ဒါပေမဲ့ ကိုဦး တစ်ခါက ပြောဖူးသလိုပင် တကယ့်ဖြစ်ရပ်တွေဟာ အိပ်မက်မှမဟုတ်ဘဲ။ ဆက်သွယ်နေသော အကြောင်းခြင်းရာများစွာရှိသည်။ အိပ်မက်ထဲမှာလို ဖောင်တိန်ပင်ကလေး လော်ရီကားနင်းသွားတော့ အပြားလိုက် ပုံမပျက်ကောက်ပြီး အသာကလေး ခေါက်ချိုးခေါက်ပြီး အိတ်ထဲထည့်လို့ ရသလို၊ အပြင်မှာ လုပ်ချင်သလို လုပ်လို့မရ။ ဖြစ်စေချင်သလို မဖြစ်။

"ကိုဦးမှာ မိဘ ရှိသေးသလား"ဟု အဖြူသည် ပထမဆုံးအကြိမ်မေးမိလေ၏။

"ဟော...အဖြူက အများကြီး တိုးတက်လာပါကလား"ဟု ကိုဦးက ကျေနပ်လေ၏။ "မရှိတော့ဘူး အဖြူရဲ့။ ကိုဦးတို့အရွယ်မှာ မိစုံဖစုံရှိတဲ့လူ ရှားသားပဲ။ နဂိုကတည်းက ကိုဦးမှာ အဖေမရှိဘူး။ ငယ်ငယ်ကတည်းက ဆုံးသွားလို့ အမေနဲ့ နေလာရတာ။ အမေ သေသွားတာလည်း ၁၀ နှစ်လောက်ရှိပြီ။ ခု သွားလည်မယ့် ဘကြီးလင်မယားက ကိုဦးကိုပညာသင်ပေးလာတာပေါ့"

"ဘကြီး လင်မယားက ကိုဦးကို တော်တော်ချစ်လား"

"ချစ်တယ် ဆိုရမှာပေါ့ အဖြူရယ်။ ပညာသင်ပေးတယ်၊ အလိုလိုက်တယ်၊ အတူလာနေစေချင်တယ်။ ဒါပေမဲ့ ကောလိပ်ရောက်ကတည်းက ကျောင်းဆောင်မှာ နေလာပြီး အမေကလည်းဆုံးတော့ အိမ်မပြန်ချင်တာနဲ့ဟာ တစ်ယောက်တည်း နေနေကျသွားတယ်။ ဘာမှ တယ် မတွယ်တာတော့သလိုပဲ။ အလုပ်ကလည်း နေ့မအား၊ ညမအား အလုပ်မျိုးဆိုတော့ တစ်မျိုးကောင်းတယ် ဆိုရမှာပေါ့။ လူမအားတော့ စိတ်မလေဘူး။ ပြီးတော့ နှမကလေးကိုလည်း ဘကြီးလင်မယားက တာဝန်ယူထားတော့ သိပ်လှည့်မကြည့်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဖြူ့ကမူ အကုန် ကြားတော့သည် မဟုတ်ချေ။ ဘာမှ တယ်မတွယ်တာတော့ဘူး ဆိုတာကိုပဲ ထပ်တလဲလဲ ကြားနေသည်။ အားငယ်သလို ဖြစ်လာပြန်သည်။ သို့ပေမယ့် မြဲမြဲထားတော့ဘူး။ ကိုဦးနဲ့ဆို ဖွင့်မေးရမည်၊ ပြောရမည်။

မျက်လွှာကိုချ၍ ခပ်ရှက်ရှက်နှင့်ပင် "အဖြူ့ကိုကော တွယ်တာရဲ့လား"

"သိပ်တွယ်တာပေါ့၊ ပြောနေရဦးမှာလား"

"ဘကြီးလင်မယားက သဘောကောင်းတယ်နော်။ သူတို့ အဖြူ့ကို ကြိုက်ပါ့မလား။ အဖြူ့က လူနဲ့သူနဲ့ သိပ်မတွေ့ဖူးတော့ ရိုင်းများနေမလား"

ကိုဦးက ဘာမှ မပြောတော့ဘဲ အဖြူ့ လက်များကိုသာ ပို၍ တင်းကျပ်စွာ ဆုပ်နယ်နေပြီးမှ "နာသွားသလား"ဟု ပူပန်သေး၏။

ဘကြီးအိမ်သို့ သူတို့သွားသော် ၁၀ နာရီထိုးပြီဖြစ်ပြီး တစ်မနက်လုံး အုံ့နေသော နောက်ကျမိုးသည် တဖွဲဖွဲ စွေသွန်းလာပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းပျ အေးမြလှလေ၏။ လူသွားလူလာလည်း စဲကာ တိတ်ဆိတ်နေရာ၊ လောကမှာ အဖြူနှင့် ကိုဦးတို့သာ ရှိတယ် ထင်မိသည်။ အဲဒီလိုဆို ဘယ်လောက်ကောင်းမလဲ။ ခိုက်ခိုက်တုန်နေလည်း အေးချမ်းသာယာလှတယ်လို့ အဖြူထင်ပြီး ဖြုန်းခနဲ အိမ်က အိပ်ခန်းမှာ ပြတင်းမှန်ကို စံကားဖြူကိုင်း လာခြစ်သော ညများကို သတိရမိလေ၏။ သို့သော် အတီးတည်းနိုင်သောစိတ် ပျောက်ခဲ့ပြီ။ ပြန်၍ ဖမ်းဖို့ အနည်းဆုံး လောလောဆယ်မှာတော့ မရပြီ။

"အဲလိုဆို ဘယ်လောက်ကောင်းမလဲနော် ကိုဦး၊ ခုလို နှစ်ယောက်တည်းဆိုရင်"

ကိုဦးက ဘာပြောရမည်လဲဟု စဉ်းစားနေဟန် ရှိလေ၏။ ပြီးမှ ကားကို အသာကလေး အရှိန်လျှော့ပြီး ရပ်လိုက်လေ၏။ ပြီးတော့ ခပ်တိုးတိုး...

"ဟိုမှာကြည့်စမ်း အဖြူ၊ ဓာတ်ကြိုးတန်းပေါ်မှာ စီတန်းပြီး နားနေလိုက်ကြတာ။ ကြက်တူရွေးကလေးတွေ"ဟု ညွှန်ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ဓာတ်ကြိုးတန်းပေါ်မှာ သေးငယ်သော အမျိုးဖြစ်ဟန်တူသော ကြက်တူရွေး အများပင် စီပြီး နားနေကြလေ၏။ အမြီးလှုပ်လိုက်၊ ငဲ့စောင်းလိုက်၊ အတောင်ကြွလိုက်နှင့် ဟန်လုပ်နေကြသလို တစ်မျိုး ချစ်စရာဖြစ်နေလေ၏။ အဖြူတို့ခြံ အင်မတန် အေးဆေးတိတ်ဆိတ်တာတောင် ကြက်တူရွေးများ မလာဖူးချေ။ ချိုးငယ်ကလေးများ ကျလာပြီး မြက်ခင်းပြင်ပေါ် လမ်းလျှောက်နေကြသည်ကို ပြတင်းပေါက်မှ ချောင်းကြည့်ခဲ့ရဖူး၏။ ခြံနောက် တောအုပ်ထဲ တောကြက်များ ပျံသန်းသည်ကို အိမ်ပေါ်မှ မြင်ခဲ့ရဖူး၏။ ဘုတ်အီသံကို ညနေတိုင်း ကြားခဲ့ရဖူး၏။ ကြက်တူရွေးများတော့ မလာချေ။

အဖြူသည် ပျော်ရွှင်လာပြီး "လမ်းလျှောက်လာရရင် ကောင်းမှာနော်။ အေးချမ်းလိုက်တာ ကိုဦးရယ်"ဟု တောင့်တမိသည်။

"နောက်တစ်ခါ နေသာတဲ့နေ့မှာ စောစောထလာကြသေးတာ ပေါ့"

"ခု ကားမောင်းသွားရင် ကြက်တူရွေးကလေးတွေ ပျံကုန်မှာ ထင်ပါရဲ့နော်"

"ဒါကြောင့် အသာကလေး ရပ်လိုက်ရတာပေါ့ အဖြူရဲ့"

သူတို့နှစ်ယောက်သည် ကားပေါ်မှာ ငြိမ်ငြိမ်ကလေးထိုင်ကာ ကြက်တူရွေးများကို ကြည့်နေကြပြီး စကားမပြောကြတော့။ အဖြူ့စိတ် ထဲမှာ ကိုဦးနှင့်မှ ခံစားရသော စိတ်အေးမြချမ်းသာခြင်းကို သိသိမှတ်မှတ် သတိရနေလေ၏။ ကြက်တူရွေးများကို အဖြူ ရေတွက်ဖို့ မကြိုးစား။ သူတို့ရဲ့ စိမ်းမြခြင်းများသော်လည်း ဝါဖန့်ဖန့် ပြာလဲ့လဲ့နှင့် ပန်းရီ သွေးမှ ဖြုန်းခနဲ အနီရဲရဲသို့ ကူးသွားဟန် အရောင်ခြယ်လှယ်ပုံကို နှစ်လိုနေလေ၏။ သူတို့ရဲ့ အမွေးအတောင် ကလေးများကို သပ်လိုက်ရင် စိန်ကတ္တီပါလို နူးမယ်၊ ချောမယ် ထင်ပါရဲ့။ သူတို့ရဲ့ ကိုယ်ခန္ဓာကလေးများကတော့ အလွန် ပူနွေးလေ့ရှိတယ်။ ရင်အုပ်အောက်မှာ တဒုတ်ဒုတ်မြည်တဲ့ နှလုံးခုန်ဟန်ကိုလည်း စမ်းမိရတတ်တယ်။ အဖြူလည်း ချက်ချင်းပင် ရင်တွင်းလှိုက်လှဲကာ မျက်ရည်လည်လာပြီး ကိုဦးရဲ့ ပခုံးပေါ် ခေါင်းမှီလိုက်လေရာ မျက်ရည်များ သူ့ရဲ့လက်မောင်းပေါ် ကျကုန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး တစ်ခုခု ပြောလိုက်မှာကို အဖြူ စိုးရိမ်နေ၏။ ဘာတစ်ခွန်းမှ မပြောစေလို။ သည်အတိုင်း အေးမြလှသော၊ စွေဖွဲသော မိုးနုနုအောက်မှ ကြက်တူရွေးများကို ကြည့်ကာ မျက်ရည်များနှင့်ပဲ ခဏနေချင်သည်။ ကိုဦးက ဘာမျှ မပြောချေ။ သိပ်ကျေးဇူးတင်စရာ ကောင်းတာပဲ။ သိတတ်တာပဲ။ ပြောမနေရဘူး။ ကိုဦးက အဖြူရဲ့ ခေါင်းကို လက်ဝါးနှင့် အသာသပ်ကာ တိတ်ဆိတ်စွာ နေလေသည်။

အဖြူ ဘယ်လောက်ကြာကြာ ငိုမိသည် မသိ။ သတိရ၍ မျက်ရည်များကို သုတ်လိုက်ပြီးသော် ကြက်တူရွေးများ ပျံကုန်ကြပြီး တစ်ကောင်၊ နှစ်ကောင်သာ အတင့်ရဲပြီး ကျန်ခဲ့သည်ကို တွေ့လေ၏။

"အဖြူ နေချင်သေးလား"ဟု ကိုဦးက ညင်ညင်သာသာ မေးလေ၏။

"သွားစို့လေ၊ ၁၀ နာရီတောင် ခွဲပြီးပြီ။ ဘကြီးတို့ မျှော်နေမှာလား။ သူတို့က သဘောကောင်းတယ်လား"

ဘကြီးတို့ထံ ရောက်သည့်အခါ မိုးသည် ပို၍ မသည်းလာသော်လည်း၊ ပြိုနိမ့်ကျဆင်းလာသော မိုးသားများဖြင့် တစ်မိုးလုံး ညို့နေကာ ဆောင်းဦးလေ ပြင်းထန်လာသည်။ သူတို့ အေးစိမ့်ပြီး တုန်နေကြသည်။ အဖြူ့မှာ သိုးမွေးဆွယ်တာ ပါသေးသည်။ ကိုဦးမှာ တိုက်ပုံအင်္ကျီသာ ပါသည်။ ကိုဦးက သူ့တိုက်ပုံကိုချွတ်၍ အဖြူ့ခေါင်းကို အုပ်ခြုံပေးသေးသည်။ သူ မချမ်းတတ်ပါဘူးတဲ့။ ဒါပေမဲ့ ချမ်းမှာပေါ့။ သည်လောက် အေးနေတာ။

သူတို့ အိမ်ထဲဝင်မိလျှင် ကြီးကြီးက ထီးရှာဆဲဖြစ်၍ ရုတ်တရက် မတွေ့ရ။ ဘကြီးက ထီးမစောင့်ဘဲ မိုးရေအထိခံ၍ ကားပေါ်မှ ဆင်းရမည်လားလို့ ဆီး၍ပြော၏။ ပြီးတော့ ဥရောပဆန်ဆန် မီးလင်းဖိုရှိသော ဧည့်ခန်းခေါ်ကာ ထင်းတုံးကြီးများ ရဲနေသည့် မီးလင်းဖိုနှင့် အနီးဆုံး ထိုင်ခုံများမှာ ထိုင်စေလေ၏။

ကြီးကြီးက ထီးမရှာတော့ဘဲ မီးဖိုနား ထောင်ကာ နွေးထွေး သော ဝိုင်နီပုလင်းကို ဝိုင်ဖန်ခွက်များထဲ ငှဲ့စပြုလေ၏။ "နွေးသွားအောင် မြန်မြန်

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြဦး။ စကားမပြောနဲ့ဦး”ဟု စိမံလေ၏။ ကိုဦးက လက်ဝါး များကိုပွတ်ကာ မီးရောင်မှာ ကင်သည်။ အဖြူကမူ မရောက်ဖူးသော တိုင်း ပြည်ကို ရောက်လာရသလိုသာ ခံစားရသည်။ ရှက်ကြောက်ဖို့ သတိမရ တော့ချေ။

ကြီးကြီးက အင်္ဂလိပ်–မြန်မာ ကပြားပဲဟု အဖြူ ဆုံးဖြတ်လိုက်၏။

ကြီးကြီးက ပြော၏။ “ဒါလင်...လန်ဒန် ဆောင်းဦးပေါက်နဲ့ မတူ ဘူးလား။ သစ်ရွက်တွေ မကြွေတာ တစ်ခုပဲ” ဟု သူ့ယောကျာ်းကို မေး ၏ ။

ဘကြီးက “ဟုတ်တယ်၊ ညနေ သုံးနာရီ မထိုးခင် မှောင်ပြီ။ မိုးက လည်း ခုလို တစိမ့်စိမ့် ရွာလို့။ မီးတွေ အစောကြီး တလက်လက် ထွန်းထား တဲ့လမ်းမှာ ဦးထုပ် နားရွက်ဖုံးအောင် ဆွဲချပြီး သုတ်သုတ် သုတ်သုတ်နဲ့ ညနေ ရုံးက အိမ်ပြန်ရတာ သွားသတိရတယ်”ဟု ပြော သည်။

“ကဲ...သမီး၊ ဝိုင်ကလေး သောက်လိုက်ပါဦး။ နွေးသွားအောင်။ မောင်ဦးကော ထပ်ငှဲ့ဦးကွာ”ဟု ကြီးကြီးက ပြော၏။

“မင့်သားက ဝိုင် ကြိုက်ကြိုက်နဲ့။ တစ်ပုလင်း ထပ်ပြီး မီးဖိုနား ကပ်ပါဦး”ဟု ဘကြီးက ပြော၏။

“သမီးက ပိန်လိုက်တာ၊ တစ်ခါတည်း ဝဖီးလာအောင် ဘယ်လို ကျွေးရပါ့မလဲ”ဟု ကြီးကြီးက ပြော၏။

“ဝရင် ဘယ်လှမလဲ ဒါလင်ရဲ့”

“အမယ်...ဒါလင်က ကျုပ်ကို မလှဘူးလို့ ပြောချင်တာပေါ့လေ”

သူတို့အားလုံး ရယ်ကြရ၏။

အဖြူသည် အံ့ဩလျက် ရှိလေ၏။ လောကကြီးမှာ နှလုံး ပူနွေး သော လူအများ ရှိပါကလားဟု အံ့ဩနေ၏။ အနည်းဆုံး လူကြီးများမှာ ခုလို ရောဝင်ရင်းနှီးတတ်တာလည်း ရှိသည်ဆိုတာကို အံ့ဩနေ၏။ အိမ်မှာ အမြဲပင် မသာယာသော ဖေဖေ့မျက်နှာထားကို သတိရ၏။ လည်ပင်းမှာ စိပ်ပုတီးစွပ်၍ ပါးစပ်မှ တရားစာ တဖွဖွရွတ်နေတတ်သော၊ ပေါင်တွင်းကြော လိမ်ဆွဲတတ်သော၊ ဘုရားရှိခိုး များစွာရသလောက် နှုတ်ပြော ရက်စက်

www.burmeseclassic.com

www.burmeseclassic.com


တတ်သော ဒေါ်ကြီးကို သတိရ၏။ ဒေါ်ကြီးကို ပထမဆုံး သတိရခြင်းဖြစ်သည်။ ဒေါ်ကြီးကော ဘယ်မှာလဲ။ သူလည်း သေသွားတာ ဟုတ်မယ်မထင်ပါဘူး။

သူတို့သည် လောက၌ ဘာအပူအပင်မှ မရှိသည့် ကလေးငယ်များသဖွယ် ပြုံးရယ်နေကြသည်။ သည်လိုမိဘနှင့် ကြီးပြင်းရလို့ ကိုဦးလိုလူမျိုး ဖြစ်လာတာ။ အဖြူ့အိမ်လို နေရာကတော့ အဖြူ့လို လူမျိုးသာ မွေးဖွားကြီးပြင်းလာလိမ့်မည်။ ကံကြမ္မာဆိုတာ ဒါကိုခေါ်တာ ထင်ပါရဲ့။

ကြီးကြီးက လန်ဒန်မြို့အကြောင်း များစွာ ပြော၏။ ပြောရင်း လန်ဒန်ကို လွမ်းနေ၏။ ပြီးတော့ ဥရောပတိုက်အကြောင်း၊ အိန္ဒိယအကြောင်း ပြော၏။ ဘကြီးက ဂျပန်အကြောင်း၊ စင်ကာပူ၊ ပီနံအကြောင်း ပြော၏။ ဗဟုသုတများ၍ ယဉ်ကျေးဖွယ်ရာသော၊ စိတ်နှလုံးကောင်းသော သူများလို့ အဖြူ ယူဆလိုက်ပြီး စိတ်နှလုံး ပေါ့ပါးလာသည်။

"ဒါပေမဲ့ကွယ် အသက်ကြီးလာပြီး သေဖို့ပြင်ဆင်ရပြီဆိုတဲ့ အခါကျတော့ သဒ္ဒါတရားကောင်းတဲ့ မြန်မာတွေအကြားမှာပဲ ဒီအိမ်ကလေးကို ဆောက်ရတော့တယ်"ဟု ကြီးကြီးက ပြောလေ၏။

"မီးလင်းဖိုကို ညှော့ခန်းမှာ အလှထည့်ဆောက်ရတာ တစ်ခုပဲ" ဟု ဘကြီးက ထောက်လေရာ...

"အမယ်...ခု ဘယ်လောက် အသုံးကျလဲ။ ပြီးတော့ ဆောင်းတွင်းတိုင်း ကျွန်မ မီးဖိုပေးရတယ်ရှင့်။ ဒါလင် တစ်ရေးနိုး ထထစာဖတ်တာ ဒီမီးလင်းဖိုကြောင့် နွေးနွေးဖတ်နိုင်တာ မဟုတ်ဘူးလား"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့ဗျာ"

သူတို့သည် စာအုပ်အကြောင်း၊ ရုပ်ရှင်အကြောင်း၊ ယဉ်ကျေးမှုအဖွဲ့များ၏ ကပွဲများအကြောင်း ပြောကြ၏။ ခတ်ပြားများအကြောင်း ပြောကြပြန်၏။ ကိုဦးက ခတ်ပြားဖွင့်လိုသည်ကိုမူ ဘကြီးက တားမြစ်လေ၏။ အကြောင်းမှာ အိမ်ခေါင်းရင်းရှိ ငုစပ်ပင်၌ ငှက်ကလေးများ ပေါက်နေသည်။

အဖြူက ရယ်မောမိ၏။ "အို...ဘကြီးကလည်း ငှက်ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးတတ်သလား”ဟု ခပ်နောက်နောက် ပြောတတ်လာ၏။

“မဟုတ်ဘူး သမီးရဲ့၊ ငှက်ကလေးတွေကတော့ လူကလေးတွေလိုပေါ့။ ပါးစပ်ပေါက်ကျယ်ကလေးတွေ ဖြစ်ပြီး အစာပဲ တောင်းနေတာပေါ့။ ငှက်ဖိုနဲ့ ငှက်မက ကလေးငယ်ရှိတဲ့ မိဘဆိုတော့ အပူပင် အစိုးရိမ်လွန်နေတာ။ အရင်တုန်းက ဘကြီး လေချွန်ခေါ်ရင် အစာလာစားရင်း ဟောဒီ ဧည့်ခန်းထဲအထိ ဝင်လိုက်လာတတ်တယ်။ ခုတလော သားပေါက်ကတည်းက ခေါ်လို့မရဘူး။ ဘကြီးတို့ စကားတောင် ကျယ်ကျယ်မပြောဝံ့ဘူး။ အစာခွက်ထဲ လာမစားမှာစိုးလို့”

ကြီးကြီးက ဝင်ပြောပြန်၏။ “ညကလည်း လေပြင်းလွန်းလို့ သူတို့ အသိုက်ကလေးက ပြုတ်ကျမှာ စိုးလိုက်ရတာ။ ကောင်းကောင်းတောင် အိပ်မပျော်ဘူး”

ဘကြီးက “နေဦး၊ ခေါ်ကြည့်ဦးမယ်။ မနေ့ကတော့ အိမ်ထဲ လိုက်လာသေးတယ်။ ငှက်ဖို…ငှက်ဖို၊ ငှက်မကတော့ တစ်ခါတည်း ရိုင်းသွားပြီ”

ဘကြီးသည် စမုန်စပါးလို့ ထင်ရသည့် စပါးစေ့များကို ဗီရိုပေါ် ယွန်းခွက်ထဲမှ နှိုက်ယူကာ ခေါင်းရင်းဘက်သို့ ထသွားလေ၏။ အလွန် ညင်သာစွာ သွားလေ၏။ ပြီးတော့ အသာအယာ မတိုးမကျယ် လေချွန်၍ခေါ်သည်။ စပါးစေ့များ ပက်ရင်း ကျဲလိုက်သည်။ အတောင်ခတ်သံကြားရပြီး ငှက်ဖို၊ ငှက်မ ဆင်းလာသည်။ ဘာငှက်ကလေးတွေပါလိမ့်။ စာကလေးလည်း မဟုတ်ဘူး။ “တစ်”လို့ခေါ်တဲ့ အဖြူတို့ ခြစ်ညည်းရိုးပင်တွေကြား နားတတ်တဲ့၊ ထင်းရှူးပင်ပေါ်မှာ စုဝေးအော်မြည်တတ်တဲ့ ငှက်ကလေးတွေနဲ့တော့ အတော်တူသည်။ ငှက်ဖို၊ ငှက်မသည် ဘကြီးကို မော့်ကြည့်လိုက်၊ အစာကောက်ယူ စားလိုက်လုပ်ပြီး တစ်ကောင်က ဖျတ်ခနဲ ပျံသွားသည်။ ကျန်တစ်ကောင်က ဘကြီး နောက်ဆုတ်လာရာသို့ လိုက်လာသည်။ ဧည့်ခန်းဝသို့ရောက်မှ ဧည့်သည်များကို မြင်ကာ ပျံပြေးလေသည်။

ဘကြီးက ဝင့်ဝင့်ကြွားကြွား ပြန်လာပြီး “အဲဒါ အဖိုလေ၊ ခေါ်လို့

www.burmeseclassic.com

www.burmeseclassic.com



အတော်ရလာပြီ။ ငှက်မကတော့ တော်တော်နဲ့ ရဦးမှာ မဟုတ် ပါဘူး”

ကြီးကြီးက ဖျတ်ခနဲ သတိရလာဟန်ဖြင့် “ဒါလင်၊ ကျွန်မတော့ ခြေရင်းအိမ်က လူတွေနဲ့ ရန်သူဖြစ်သွားပြီ”ဟု သတင်းပေးလေ၏။

“ဘာဖြစ်လို့”

“မနေ့ကပဲ သူတို့ခြံထဲက ငှက်သိုက်တွေ လိုက်ပြီး ဝါးလုံးနဲ့ ထိုးချနေတယ်”

“သူတို့ခြံထဲ သူတို့ လုပ်တာပဲကွယ်။ တို့ တတ်နိုင်တာမှ မဟုတ်ပဲ”

“ပြီးတော့ ကုက္ကိုပင်ကြီးလည်း အရွက်ကြွေတာ ရှုပ်တယ်ဆိုပြီး ခုတ်ပစ်မလို့တဲ့”

“သူ့အပင်ပဲကွာ”

“ဒါပေမဲ့ အဲဒီအပင်ကြီးကြောင့် ကျွန်မတို့ခြံပါ ဘယ်လောက် အေးသလဲ၊ သာယာသလဲ။ ဆက်ရက်သိုက်တွေလည်း ပြည့်လို့။ သစ်ပင် တစ်ပင် ဒီလောက်ကြီးအောင်လည်း မနည်း မွေးရတာ”

ဘကြီးက ပူပင်လာပြီး “ဒါလင် ဘာတွေ သွားပြောမိသေးလဲ”

“ဘာမှ မပြောပေါင် ရှင်”ဟု ကြီးကြီးက မျက်လွှာချရင်း ဖြေလေ၏။ “ကုက္ကိုပင်ကြီးကို မခုတ်ပါနဲ့၊ တို့ကို ငွေငါးဆယ်ကျပ်နဲ့ ရောင်းပြီး ဒီအတိုင်းထားပါလို့ ပြောလိုက်တယ်”

“သူတို့က စိတ်ဆိုးမှာပေါ့”

“အေးလေ၊ ဒါနဲ့ ငွေငါးဆယ်ကျပ်အပြင် ကိတ်မုန့်နှစ်လုံး ဖုတ်ပြီး သွားပို့လိုက်ရတယ်။ ခုတော့ မခုတ်တော့ပါဘူးတဲ့”

“သစ်ရွက်မှိုက်လှည်းဖို့ လူငှား လွှတ်ပေးပါမယ်ကော မပြော လိုက်ဘူးလား”

“ဩော်...ဟုတ်တယ်၊ ပြောလိုက်မိတယ်”ဟု ကြီးကြီးက အပြစ် ကင်းသော မျက်နှာကလေးဖြင့် ပြောလေ၏။

ကိုဦးက အားရပါးရ ရယ်လေ၏။

အဖြူက ခပ်ငေးငေး ပြုံးနေပြီး ခပ်လေးလေးပင် “အဖြူ့ကို မွေးစားကြပါလား”ဟု တကယ် ပြောလိုက်မိသေး၏။ သင့်တော်၏၊ မတော်

www.burmeseclassic.com

www.burmeseclassic.com


၏ မစဉ်းစားချင်ပေ။

ဘကြီးက "တကယ်လား"ဟု မျှော်လင့်ခြင်းနှင့် မေး၏။

ကြီးကြီးက "အလွယ် မပြောနဲ့နော်။ တော်ကြာ တကယ် မနေနိုင်တော့ ကြီးကြီးတို့ မျှော်လင့်ပြီးမှ ဝမ်းနည်းနေရဦးမယ်"ဟု ပြော၏။

ကိုဦးက ဝင်၍ "ကျွန်တော့်ကိုလည်း တိုင်ပင်ဦးမှပေါ့လေ"

သို့နှင့် သူတို့ ထမင်းမြိန်မြိန်ရှက်ရှက် စားကြ၏။ ကြီးကြီးက ဟင်းများစွာ အဖြူ့ ပန်းကန်ထဲ ထည့်ပေး၏။ "စားမှ ကျန်းမာမှာ သမီးရဲ့၊ လူလည်း မော်တော်ကားလိုပေါ့၊ ဓာတ်ဆီရှိမှ သွားတာ"ဟု ပြော၏။

နေ့လယ်စောင်းသော် အေးအေးမြမြရှိသော်လည်း မိုးတိတ်သွားပြီ။ သူတို့လေးယောက် ရွာထဲလျှောက်လည်ကြ၏။ ကြာနီကန်မှ ကြာပန်းများချိုးခိုင်း၍ အများကြီး ရလာသည်ကို အဖြူ ဝမ်းသာနေသည်။ ပြန်ခါနီးမှ ဆောင်တော်ကူးပန်းများ ခူးပေးလိုက်မည်ဟု ကြီးကြီးက ကတိပေး၏။ ဆန္ဒွင်းမကင်း ဖုတ်ထားတာလည်း ထုပ်ပေးလိုက်ရဦးမည်ဟု သတိရပြန်သည်။ ရွာစွန်မှ ခုံဖိနပ် မှာထားသည်ကိုလည်း ဝင်ယူကြရသေး၏။ ကြီးကြီးက ခုံဖိနပ်အချော ဆေးအနီသုတ်ကာ ကတ္တီပါ သဲကြိုးပြားနှင့် မှာထားလေရာ လှလှပပ၊ အပြင်တောင် ဝတ်လို့ရသည်။ "ရွှေကြယ်ကလေးတွေနဲ့တောင် ပန်းထိုးဦးမလို့"ဟု ကြီးကြီးက ပြောသည်ကို ဘကြီးက "လုပ်ရော့မယ်" ဟုသာ ပြောလေ၏။ ပြီးတော့ အဖြူ့ကို လက်ဆောင်ပေးလိုက်သည်။

ညနေစောင်း၍ မှောင်ခါနီးမှ ဆေးရုံပြန်ကြရ၏။ အပြန်မှာ ကိုဦးသည် ကြီးကြီးတို့ အသက် ၆၀ ကျော်ကြပြီ။ အရွယ် အင်မတန်တင်၍ ကျန်းမာကြသည်ဆိုတာ ပြောပြ၏။ ငယ်ငယ်က ဘကြီးက မိန်းမရှုပ်ချင်သည်နှင့် သူ့ရဲ့ ကျော်ကြားသော ကိုင်ဇာနှုတ်ခမ်းမွေးကြီးကို ကြီးကြီးက ကတ်ကြေးနှင့် ညှပ်ပစ်သည့်အကြောင်း ပြောပြ၏။ လန်ဒန်မှာ ကြီးကြီးရဲ့ အိမ်ရာများ ရှိသေးသည့်အကြောင်း ပြောပြ၏။

ယနေ့ ဘဝအသစ်တစ်မျိုး မွေးဖွားခဲ့ပြီဟု ထင်နေသည်။ တစ်လောကလုံးကို ချစ်ခင်နှစ်သက်လို့လာသည်။ ပြီးတော့ တစ်ယောက်ယောက်ကို ကျေးဇူးတင်ချင်သည်။ ရှိခိုးပူဇော်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုည လသာ မသာတောင် မသိလိုက်။ မိုးအုံ့အေးမြနေမှာပဲ ထင်သည်။ ကိစ္စမရှိပါ။ ကိုဦး ပြောထားသည်မှာ နောက် အကြာကြီး၊ တစ်သက်လုံးလား။ သည်လို ကျွတ်လွတ် ပျော်ရွှင်စွာ နေရဦးမည်။ အဖြူသည် ညနေစာ အနည်းငယ်စား။ ဆန္ဒွင်းမကင်း များများစား၊ ကိုဦးရဲ့ ကော်ဖီကျကျကိုသောက်၊ အန်တီခင် ပြောစကားကို အင်း... ခဏလိုက်ပြီး အိပ်ရာဝင်၏။ ထိုညက အိပ်မက် မမက်ပြန်ချေ။

●

www.burmeseclassic.com

www.burmeseclassic.com


ဘကြီးနှင့် ကြီးကြီးတို့အိမ်မှ ပြန်လာပြီး တစ်လခွဲမျှ အဖြူသည် ဘယ်မှ မသွားလိုဘဲ ရှိသည်။ အဆီအအိမ့် ဝစွာစားပြီး အိပ်နားချင်သည့်သဘော ထင်ပါရဲ့။ အိမ်မှာ ဖတ်ခွင့်မရသော အချစ်ဝတ္ထုနှင့် ရုပ်ရှင်မဂ္ဂဇင်းများပဲ ဖတ်ပြီးနေသည်။ ကိုဦး သယ်လာသည့် သေးငယ်သော ရေဒီယိုဂရမ်ကိုပဲ ဖွင့်နေသည်။ အန်တီခင် စကားပြောသည်ကို နားထောင်နေသည်။ အန်တီခင် သည် စိတ်ရလာလျှင် ညစ်တီးညစ်ပတ်တွေ ပြောတတ်သည်။ အဖြူ မျက်နှာ နီလာအောင် ပြောတတ်သည်။ တချို့ နားမလည်ဘဲ ရှိသည်။ အန်တီခင် ငယ်ငယ်က ဆရာဝန်ပေါက်စတွေနှင့် ဘယ်လို နေကြ၊ ထိုင်ကြကြောင်းတွေ ကြားရသည်။ အားလုံး အထူးအဆန်းတွေချည်း ဖြစ်သည်။ ကိုဦး ရိပ်မိသွား သည့်အခါ အန်တီခင်ကို ကြိမ်းမောင်း တတ်၏။ အန်တီခင်က စိတ်ကောက် ချင်ယောင် ဆောင်သည်။ အဖြူက အိပ်ချင်ယောင်ဆောင်သည်။

"အဖြူက နှစ်ဆယ့်ရှစ်နှစ်သမီး မဟုတ်ဘူး။ ရှစ်နှစ် သမီးပဲ" ဟု တစ်ခါတစ်ခါ အန်တီခင်က ပြော၏။

အဖြူသည် ခေါင်းခါလျက်နေသည်။ လောကရေးရာ မသိတာ များသော်လည်း အဖြူ သိမြင်လွယ်ပါသည်ဟု ခံငြင်းချင်၏။ စာအုပ်များစွာ ဖတ်ဖူးသည်ကိုလည်း အားကိုး၏။ တစ်ခုပဲ ရှိသည်။ အဖြူသည် သူ့ ဘာသာ အလိုရှိသလောက် သတ္တိမကောင်း။ စိတ်နုနယ် ထိခိုက်လွယ်၍ လောကဋ္ဌ အဆင်သင့်သလို မနေတတ်။ နှလုံးပူနွေးလွန်း၍ အချစ်မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ယုံစားလွန်းသည်။ ဒါပဲ။

လသာသော လဆန်းရက်များဖြစ်၍ အဖြူနှင့် ကိုဦးတို့ ညတိုင်း လမ်းလျှောက်ကြ၏။ အဖြူက ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရသမျှ ပြောပြ တတ်သည်။ ကိုဦး ဘယ်လို ထင်မည်လဲလို့ ပူစရာလည်းမရှိ။ ကိုဦးက အားပင်ပေးသေးသည်။ ဒါဟာ အဖြူရဲ့ ရောဂါပျောက်အောင် ကုနည်း ဖြစ်သည်လို့ ဆိုလေသည်။

"အဖြူဟာ မေမေ မရှိတော့ကတည်းက အချုပ်အနှောင် ခံရသလို ကျပ်ကျပ်တည်းတည်း နေလာရတယ်"ဟု ကိုဦးကို ပြောပြနေမိ၏။ ကိုဦး ဘေးမှာရှိလျှင် အဖြူသည် သူ ထားရစ်ခဲ့သည့် အိမ်အကြောင်း၊ ဘယ်တော့မှ သတိမရချင်သည့် ကလေးဘဝအကြောင်းများကို ပြန်လည် တွေးတောဝံ့ လာပြီ။

"မေမေရှိတုန်းက အလိုသိပ်လိုက်ထားတာ။ မေမေ မရှိတော့ အဖြူကလည်း ဆယ့်နှစ်နှစ်လောက် ရှိလာပြီ။ ခြံထဲတောင် တစ်ယောက် တည်း မဆင်းရတော့ဘူး။ ဒေါ်ကြီးက အမြဲ ဘေးမှာ ကပ်လိုက်နေတာပဲ။ မိန်းကလေးဆိုတာ ဘယ်လိုနေရတယ်၊ ထိုင်ရတယ်ဆိုတာ အမြဲ ပြောနေ တော့တာပဲ။ အဖြူ ရယ်ရင်လည်း မရယ်ရဘူးတဲ့။ သီချင်းဆိုရင်လည်း အသံမကျယ်ရဘူးတဲ့။ ပြေးလွှားကစားရင်လည်း မကြိုက်ဘူး။ အရုပ်နဲ့ အိုးပုတ်တွေတော့ ဗီရိုထဲ အလှပြပြီး သော့ခတ်ထားရတယ်။ ပြီးတော့ ဘုရား စာအုပ်တွေ ဖတ်ရတယ်။ ဘုရားရှိခိုးတွေ ကျက်ရတယ်။ အဖြူ ရုပ်ရှင် ကြော်ငြာတွေ စုထားတာ အကုန်မီးရှို့ပစ်တယ်။ ကူးထားတဲ့ သီချင်းစာအုပ် တွေကိုယူသွားပြီး ဘယ်လို ဖျောက်ဖျက်ပစ်တယ် မသိဘူး။ ဒါနဲ့ အဖြူ ပုံပြင်တစ်ပုဒ် ရေးတယ် သိလား"အဖြူသည် ရှက်ကြောက်ခြင်း မရှိတော့ဘဲ ပေါ့ပေါ့ပါးပါး ရယ်လိုက်မိသည်။ ကိုဦးက "အဖြူ့ပုံပြင် နားထောင်ရအောင်" ဟု ခပ်အေးအေး ထောက်လိုက်ရာ...

"ဟိုရှေးရှေးတုန်းက"ဟု အဖြူက ဟန်ပါပါ အသံနေ အသံထား နှင့် ပြောမိပြီး ငါ သိပ်တိုးတက်နေပါလားဟု သတိရကာ ရယ်ချင်လာ ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေးရှေးတုန်းက ဘီလူးကြီးနဲ့ စုန်းမကြီး မောင်နှမ နှစ်ယောက် ရှိတယ်။ ဘီလူးကြီးက နတ်သမီးလေးတစ်ပါးကို ဖမ်းလာပြီး သစ်ပင်ထိပ်ဖျားက ရဲတိုက်ထဲ ထည့်ထားတော့ စုန်းမကြီးက အမြဲစောင့်ရတယ်။ အဲဒါမျိုးပေါ့ ကိုဦးရဲ့"

"ဆုံးအောင် ပြောလေ"

"မဆုံးဘူး ကိုဦးရဲ့၊ ဘယ်လို ဆုံးရမှန်းမှ မသိတာ။ ဒါနဲ့ ဘီလူးကြီးပုံဆိုပြီး ဖေဖေ့ခါတ်ပုံမှာ အစွယ်တွေတပ်ပြီး အဲဒီကော်ပီ စာအုပ်ထဲ ကော်နဲ့ကပ်ထားတာပေါ့။ ဒေါ်ကြီးပုံကိုတော့ စုန်းမကြီးပုံပေါ့လေ။ ဆံပင်ဖားလျားကြီး ထပ်ဆွဲပြီးတော့"

"ဒါပဲလား"

"အဲဒီစာအုပ်ကို ဝှက်ထားတာ၊ ဒေါ်ကြီးက ရည်းစားစာ ရေးတယ်လို့ထင်ပြီး တွေ့တွေ့ချင်း ဖေဖေ့ သွားပြတာပေါ့။ အဲဒီတုန်းက အဖြူ့ကို သူတို့မောင်နှမ ရိုက်လိုက်ကြတာ။ ပြီးတော့ ဂိုဏ်းမသင့်ရအောင်တဲ့။ သူတို့နှစ်ယောက်လုံးကို ထိုင်ကန်တော့ရတယ်။ ပြီးတော့ ရည်းစားထားမှာ ကြောက်လို့ဆိုပြီး ဒေါ်ကြီးလည်း သူ့အိပ်ရာ အဖြူ့အခန်းထဲ ရွှေ့လာပြီး စောင့်အိပ်တော့တာပဲ"

"ရှေးဆန်တာပေါ့ အဖြူရယ်"

"ရက်လည်း ရက်စက်တာပေါ့"

ကိုဦးက ဘာမျှမပြောဘဲ နေသည်။

"ဒါပေမဲ့ အဲဒီတုန်းက အဖြူ ကျောင်းသွားနေရတော့ နည်းနည်း လွတ်လပ်သေးတယ်။ သူငယ်ချင်းတွေနဲ့ တွေ့ရသေးတယ်။ ကျောင်းမှာလည်း ဒေါ်ကြီးက လိုက်စောင့်ပြီး စာသင်ခန်းဝမှာ တစ်နေ့လုံး ထိုင်နေတာပဲ။ လက်ထဲလည်း မုန့်ဖိုး ပေးမထားဘူး။ အိမ်မှာလုပ်တဲ့ မုန့်တို့၊ ဝယ်ထားတဲ့ မုန့်တို့ပဲ စားရတယ်။ သူငယ်ချင်းအိမ်လည်း လိုက်မလည်ရဘူး။ အိမ်ကိုလည်း သူငယ်ချင်း မခေါ်ရဘူး။ ကျောင်းကပွဲလည်း မကြည့်ရဘူး။ ပါလည်း မပါရဘူး။ အဖြူငယ်ငယ်က ဇာတ်စင်ပေါ်တက်ပြီး သိပ်သီချင်းဆိုချင်တာပဲ။ အဲဒါ ဘာပြောတယ် အောက်မေ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် ရှေ့ဆက်၍ မပြောနိုင်ချေ။ သူ့ရင်ထဲမှာ နာကျင်တာတွေဟာ ရိုးသွားပါပြီ၊ ကုန်သွားပါပြီ၊ ချေဖျက်ခဲ့ပါပြီလို့ ထင်သော်လည်း ထင်သလို မဟုတ်သည်ကို တွေ့ရ၏။ စိတ်ကို မချုပ်တည်းဘူး ဆိုလျှင် ခုတောင် ငိုချင်သေး၏။

"ဘာပြောသလဲ အဖြူ"ဟု ကိုဦးက မေးလေ၏။

"ခု မပြောချင်သေးပါဘူး။ အဲဒါက အရှည်ကြီး ပြောရမယ်။ နောက်တစ်ခါမှ ပြောမယ်။ ပြောတော့ သိပ်ပြောချင်တာပဲ။ ပြီးတော့ အဲဒါက အဖြူ့မေမေကိစ္စ အများကြီးပါတယ်"

ကိုဦးက အဖြူ့လက်မောင်းကို အားပေးသလို ဆုပ်ကိုင်လိုက်သည်။ သည်တော့မှ ပိုငိုချင်လာသည်။ ငိုချင်လည်း ငိုလိုက်ရုံပေါ့ဟု ကိုယ့်ကိုယ်ကိုယ် တိုက်တွန်းပါမှ ငိုလို့မရ။ ၁၀ တန်းအောင်ပြီး အင်္ဂလိပ်စာနှင့် သင်္ချာဂုဏ်ထူးရပါလျက် တက္ကသိုလ် မပို့ဘူးလို့ သိရသဖြင့် ငိုရတာတွေကြောင့် ဝသွားပြီထင်သည်။

"အဖြူ ဆယ်တန်းအောင်တော့ အင်္ဂလိပ်စာရော၊ သင်္ချာရော ဂုဏ်ထူးရတယ်။ အဖြူက စာသိပ်ကျက်တာကို။ အပေါင်းအဖော် မရှိ၊ အိမ်ပြင်လည်း မထွက်ရ၊ ပွဲလမ်းလည်း မကြည့်ရတော့ အားတိုင်း စာဖတ်နေ၊ ကျက်နေလို့ ထင်ပါရဲ့။ ပြီးတော့ အဖြူ စိတ်ကူးတာက ဘီအေအောင်အောင် မြန်မြန်လုပ်မယ်။ ပြီးတော့ ကျောင်းဆရာမလုပ်မယ်။ အင်းလျားမှာ နေမယ်ပေါ့။ မေမေက ဖေဖေနဲ့ မရခင် ကျောင်းဆရာမ လုပ်ပြီး အင်းလျားမှာ နေတာတဲ့။ ပြီးတော့ အဖြူက ကျောင်းဆောင်မှာ သိပ်သွားနေချင်တာ"

"အဖြူ့ကို ကောလိပ် မပို့ဘူးပေါ့"

"မပို့ဘူး၊ မေမေ့ခြေရာ နင်းမှာစိုးလို့တဲ့"

အဖြူသည် ဖြုန်းခနဲ ကိုဦးကို ဖက်၍ငိုသည်။ အတော်ကြာပင် ရှိုက်ငင်၍ ငိုသည်။ ကိုဦးက တိတ်ပါလို့မပြော။ အဖြူရဲ့ မျက်နှာကိုသာ လက်ကိုင်ပဝါနှင့် သုတ်ပေးလျက်နေသည်။

ထို့နောက် သူတို့သည် စကားမပြောဘဲ လမ်းဆက်ပြီး လျှောက်ကြသည်။ အေးမြသော လရောင်အောက်မှာ လက်တွဲလို့ လျှောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အဖြူသည် စိတ်ထဲ၌ ကြိုးခွေများ တစ်ရစ်ပြီးတစ်ရစ် လျော့ပြေ ကျသွားသလို ခံစားရ၏။ ဘယ်တော့ ကုန်ပါမည်လဲ။ ကုန်တော့ ကုန်မည်ထင်သည်။

အဖြူ သတိရလာမိ၏။ "ကိုဦးနဲ့ ဒီလို လမ်းလျှောက်တာ ခဏ ခဏပဲနော်"ဟု မေးမိ၏။

"ခဏခဏပဲပေါ့"

"အရင်ကလည်း အဖြူ ဒီဆေးရုံကို ရောက်ရောက်လာတယ် မဟုတ်လား"

"အားလုံး ခြောက်ခါတိတိပဲ အဖြူရဲ့၊ ခု တစ်ခါပါနဲ့ဆိုရင်"

"အဲဒီတုန်းကလည်း ခုလို စကားတွေပြောပြီး အဖြူ ငိုတာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ သိပ်ပွင့်ပွင့်လင်းလင်းတော့ မပြောဘူး"

"ဘာတွေ ပြောလဲ၊ အဖြူ မေ့ကုန်ပြီ"

"အများအားဖြင့်တော့ အဖြူ့ဖေဖေ သေသွားတဲ့အကြောင်းပဲ ပြောတာပဲ"

အဖြူက ကိုဦး၏ လက်မောင်းများကို ကိုင်လှုပ်ကာ "ပြောစမ်းပါဦး၊ အဖြူ သိချင်လိုက်တာ။ ပထမဆုံး အဖြူရောက်လာတဲ့အခါက စပြော"

"အဖြူ ဘယ်လောက် မှတ်မိလဲ"

"အင်း...အဖြူ ပထမဆုံး အဲဒီအိပ်မက်ကို မက်တယ်။ အဲဒီတုန်းက ဖျားလည်း ဖျားနေတယ် ထင်ပါရဲ့။ အဖြူက ကြီးကြီး အိပ်ပျော်နေတုန်း ပြတင်းပေါက်ဖွင့်ပြီး စံကားဖြူရွက်တွေကြားက လတွေ၊ ကြယ်တွေ ကြည့်ကြည့်နေတာ ညည အိပ်မပျော်ဘူး။ ထမင်းလည်း မစားဘဲ ကော်ဖီကို တစ်နေ့ ဆယ်ခွက်လောက်ပဲ သောက်နေတာ။ အဲဒီညက အိပ်မက်မက်ပြီး လန့်အော်တာပဲ။ ဒါပဲ မှတ်မိတယ်"

"အဖြူ ရောက်လာတော့ သိပ်သနားဖို့ ကောင်းတာပဲ။ ပိန်ပြီး လည်ပင်းညှပ်ရိုးတွေ ပေါ်နေလိုက်တာ အတိုင်းသားပဲ။ ပြီးတော့ ကျွန်မ နာမည် ခင်ဖြူဖြူလေး မဟုတ်တော့ဘူး။ ဖေဖေ သေသွားလို့ မေမေ့ နာမည် ပြောင်းတပ်ရတယ်။ ခင်ဖြူဖြူလဲ့လို့ ကိုဦးကို လာပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ထင်တယ်။ အဖြူ ဝိုးတိုးဝါးတား ပြန်မြင်တယ်"

"ပြီးတော့ အဲဒီတုန်းက အဖြူဟာ အင်မတန် ချမ်းပြီး ခိုက်ခိုက် တုန်နေပါတယ်။ ကတ္တီပါနှစ်ထပ်စောင်ကျားကြီးကို ခြုံလို့ပေါ့။ ပြီးတော့... ပြီးတော့...စောင်အောက်မှာ ဘာမှ ဝတ်မထားဘူး ထင်တယ်"

"ကိုဦး အဲဒီတုန်းက အဖြူ ဘာရောင်ဝတ်ထားသလဲ"ဟု မေး စမ်းလိုက်ရာ ကိုဦးက ရုတ်တရက် မဖြေချေ။

"ကိုဦးကတော့ မေ့သွားပြီလား"

"မမေ့ပါဘူး"

"ဘာရောင်ဝတ်ထားသလဲ၊ အဖြူနဲ့ပတ်သက်ရင် သိပ်မှတ်မိတယ် ဆို"

ကိုဦးက နည်းနည်း ရယ်လိုက်၏။ ပြီးတော့ လမ်းလျှောက်သည် ကို ရပ်၍ အဖြူ့ပခုံးကို ပွေ့လိုက်ကာ "အဖြူက ကတ္တီပါစောင်ကျားကြီး ဝတ်ထားတယ်လေ။ သိပ်ဆန်းတဲ့ အဆင်ပေါ့"

"ညဝတ်အင်္ကျီရှည်ရှည်ကြီး ပန်းရောင်ဇာတွေနဲ့လေ။ မပါဘူး မဟုတ်လား"

"မပါဘူး"

"ဘာဖြစ်လို့ပါလိမ့်"

"ကျပ်တယ်ဆိုပြီး အိမ်မှာ အတင်းချွတ်ပစ်ခဲ့လို့တဲ့။ ကတ္တီပါ စောင်နဲ့ပတ်ပြီး ခေါ်လာရတာ။ အဖြူ ဆေးရုံရောက်လာတော့ သတိလည်း မရဘူး"

"ရက်စရာကြီး"ဟုသာ အဖြူ ပြောလိုက်၏။ သို့သော် တစ် ကိုယ်လုံး တုန်လာသည်။ သို့သော် သေတွင်းက လွတ်လာပြီး ပြန်လှည့် ကြည့်မိသဖြင့် ချောက်ချားသလောက်သာ ရှိလေ၏။ ကိုဦးက စိုးရိမ်စွာ အကဲခတ်နေသည်ကို ရိပ်မိပါ၏။ ခေါင်းငုံ့နေမိသည်ကို သူက မေးဖျားမှ ကိုင်၍ မော့စေလေရာ မျက်လွှာများချပြီး နေလိုက်မိသည်။

"တော်တော် ဖြစ်လိုက်တာနော်"ဟု အဖြူသည် သက်ပြင်းကလေး ချမိလေ၏။ "ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒေါ်ကြီးကို ပြန်မေးကြည့်လည်း အဖြူ

www.burmeseclassic.com

www.burmeseclassic.com


ဘယ်ဆေးရုံမှ မတက်ဖူးပါဘူးလို့ အမြဲ ပြန်ပြောတယ်"

ကိုဦးက "အဖြူ့စိတ်ထဲ ခု ဘယ်လိုနေလဲ"ဟု မေးလေ၏။

"ဘယ်လိုမှ မနေပါဘူး၊ အဖြူ သိပ်ကျန်းမာနေတာပဲဟာ။ အခု ဒီရောက်ကတည်းက ပေါင်နှစ်ဆယ်တောင် တိုးလာတယ်။ ခု တစ်ရာ့ နှစ်ပေါင်တောင် ရှိတယ်။ သိသားနဲ့"

"အဖြူ သိပ်လန့်ဖျပ်မသွားဘူး မဟုတ်လား"

"မလန့်ပါဘူး။ ပီပီသသသာ မဟုတ်တာ။ စိတ်ထဲမှာတော့ အဲဒီ ပုံကားချပ်တွေ ပြန်ပြန်ပေါ်လာတာပဲ။ အဖြူ စောင်ခြုံပြီး တစ်နေရာမှာ လူစိမ်းတွေကြားမှာ ခိုက်ခိုက်တုန်နေတာ ပြန်မြင်နေတတ်တယ်။ ဖေဖေ ကတော့ ပြောတယ်။ အိပ်မက် တွေ့ကရာ မက်နေကျပဲ မဟုတ်လားတဲ့"

"အမှန်ကို ရင်မဆိုင်စေချင်ဘူးပေါ့"

"ခုလို ဆောင်းတွင်းကြီးပဲနော် ကိုဦး"

"ဟုတ်တယ်၊ ပြီးတော့ အဖြူက ကိုဦးကို ချက်ချင်း ခင်တာပဲ။ ကိုဦး ပြောတာမှ နားထောင်လို့ ခုနေတဲ့ အခန်းမှာပဲ ထားရတာ။ ပြီးတော့ ဆေးရုံအုပ်ရဲ့ တူမဆိုတော့ မျက်နှာရှိတာပေါ့ကွာ"

"နောက် ဘာတွေ ပြောသေးလဲ"

"ဩော်...အဖြူ့ ဖေဖေ သေပြီ၊ ဘီလူးကြီးဖြစ်နေတဲ့အကြောင်း ပဲပေါ့။ ပြီးတော့ ခု နေရတဲ့အခန်းကို တစ်လတစ်ရာနဲ့ ငှားပါလို့ ပြောသေး တယ်"

ဒါကိုတော့ အဖြူ မမှတ်မိပေ။ ဟုတ်သလား မသိ။ ဟုတ်သည်။ အဖြူမှာ သုံးခွင့်မရဘဲ စုထားသည့် ဖေဖေပေးသော မုန့်ဖိုးများစွာ ရှိသည်။ လက်ဝတ်လက်စားများလည်း ရှိသည်။ မေမေ အမွေရသည့် လယ်ခများ လည်း နှစ်စဉ်ရသည်။

"နောက် အခေါက်တွေကကော"

"အဲဒီနှစ် မကုန်ခင်ကို နောက်နှစ်ခေါက် ပြန်လာရတယ်။ ပထမ အခေါက်က ကောင်းကောင်း မသက်သာသေးခင် အဖျားပျောက်ရုံကလေး မှာ အတင်း ပြန်ခေါ်သွားတာ အဖြူ့ရဲ့။ ဆရာကတောင် စိတ်ဆိုးသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ အိမ်မှာ သူနာပြုအစောင့် နေ့ရောညရော ထားမယ်။ ဆရာ့ကိုလည်း နေ့တိုင်း လာပါဆိုပြီး အတင်းပြန်ခေါ်သွားတော့ ဘယ်ကောင်းမှာလဲ။ ပြန်ပြန်လာရတာပေါ့"

"အဖြူ့ ဦးနှောက်ထဲ တစ်ခုခု ဖြစ်တာကော ရှိသလား"

"အဖြူက သိပ်စဉ်းစားတတ်နေပါလား။ ကြည်လင်နေတာပဲ"ဟု ကိုဦးက ချီးမွမ်းလိုက်ပြီး "ဘာမှမဖြစ်ဘူး အဖြူရဲ့၊ ဘာမှ မချွတ်ယွင်းဘူး။ စိတ်ထိခိုက်တာ များပြီး တာရှည်နေပြီး လွတ်ခွင့်မရလို့ ဖြစ်ရတာ။ အဲဒါကြောင့် လျှပ်စစ်ဓာတ်နဲ့တောင် မကုဘူး။ စမ်းသပ်ကြည့်တာ အကုန်ကောင်းတယ်။ ဒီမှာ အေးချမ်းသာယာနေပြီး စားနိုင်၊ အိပ်နိုင်နဲ့ ဝဖြိုးလာတော့ ပြန်ကောင်းသွားတာပဲ"

"ဟုတ်ရဲ့လား ကိုဦးရဲ့"

"တစ်ခုတော့ ရှိတယ်။ အဲဒါ ကိုဦးရော ဆရာရော မကြိုက်ဘူး။ အဖြူ့ကို ပြန်ခေါ်သွားတဲ့အခါ ကိုဦးကလည်း ထွက်နှုတ်မဆက်ဝံ့တော့ဘူး။ အဖြူ့ ဖေဖေက ကိုဦးကို အဖြူ သိပ်တွယ်တာနေတာ သိတော့ ကိုဦးကို နည်းနည်းမှ မလိုလားနိုင်ဘူး။ ဒါနဲ့ အဖြူ အိမ်ပြန်သွားတဲ့ အခါ ရှောင်နေရတယ်။ ဟိုတံစက်မြိတ်အောက်ကပဲ မသိမသာ ထွက်ကြည့်ရတယ်။ ပြီးတော့ အဖြူက လှည့်လည်းမကြည့်တော့ဘူး။ ကိုဦးကို မေးလည်း မမေးဘူး။ အဖေ့နောက် ပါသွားပြီး လုံးလုံးမေ့သွားတာပဲ"

အဖြူသည် ဝမ်းနည်းသွားမိ၏။ ဘယ်လို ကုသိုလ်ပါလိမ့်။ ကိုဦးကို ဘာလို့မေ့ရပါလိမ့်။ အဖြူသည် စကားမပြောနိုင်အောင် ငေးမော နေမိ၏။ ဆန်းပြည့်လာသော လရောင်၌ ပတ်ဝန်းကျင် အေးမြတိတ်ဆိတ်လှသည်ကို ခံစားလာရ၏။ ကိုဦးလက်မှာ၊ ပခုံးပေါ်မှာ နွေးနေတာကိုလည်း သတိပြုမိလာ၏။ ဒါဟာ ကံကြမ္မာပဲ မဟုတ်ဘူးလား။

"ကိုဦးက ဘာလို့ ကြည့်နေလိုက်သလဲ"

"မသိပါဘူး အဖြူရယ်၊ ကိုဦးလည်း ဘာမှ မလုပ်တတ်ဘူး။ တကယ်တော့ ဆရာဝန်ဆီ လာဆေးကုတဲ့ လူနာဟာပဲ။ ရောဂါပျောက်တော့ ပြန်သွားတာပဲ။ ကိုဦးမှာ ဘာအခွင့်အရေး ရှိနိုင်မှာလဲ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com


စတုတ္ထအကြိမ်မြောက်ကျတော့ အဖြူ လှည့်ကြည့်သွားတယ်။ ကိုဦးက မနေနိုင်တော့ ရုံးခန်းဝက ထွက်ရပ်နေတာ။ ဒါပေမဲ့ အဖြူ မမှတ်မိဘူး”

အဖြူသည် “ပြန်စို့”ဟုသာ ငိုသံပါနှင့် တစ်လုံးတည်း ပြောလိုက်၏။ အဖြူ ပြန်ပြီး ဘာမှမလုပ်ဘဲ မီးမှိတ်ပြီး အိပ်ရာထဲမှာ ငိုလိုက်မည်။ ကိုဦးက ရိပ်စားမိသည့်သဖွယ် အဖြူရဲ့ ဆံနွယ်များ ကွေ့လိမ်ယှက်သန်းသော နားထင်စကို အသာနမ်းလိုက်လေ၏။

သို့သော် အခန်းသို့ ပြန်ရောက်သော် အဖြူသည် မငိုချင်တော့ပေ။ ပြီးခဲ့တာတွေသည် ဘာမှ ပူပင်စရာကိစ္စမဟုတ်။ လောလောဆယ်မှာ ကိုဦးရဲ့ အစောင့်အရှောက် ခံနေရတာသာ အရေးကြီးသည်။ ပြီးတော့ သူ တကယ် ကျန်းမာတော့မည်ဆိုတာ သိသည်။ ကိုဦးရဲ့ ကျေးဇူးပေါ့။ ပြီးတော့ အဖြူကလည်း မည့်ဖျင်းပါဘူး။ အဖြူကလည်း မျှော်လင့်ချက်မရှိတဲ့ လူနာ မဟုတ်ပါဘူး။ တကယ်တော့လည်း ဘာရောဂါမှ မရှိပါဘူး။ အမှန်ကို ရင်ဆိုင်ဖို့ မကြောက်တဲ့စိတ် ဒီလောက်တော့ သတ္တိရှိတဲ့ အဖြူဟာ ရှေ့လျှောက် ကောင်းစားရမှာပေါ့။

ထို့ကြောင့် မငွေခင်နှင့် ချင်းသုပ် ဝင်စားသေး၏။ ကဗျာစာအုပ် ရှာဖတ်သေး၏။ သို့သော် ကဗျာတစ်ပုဒ်ပင် ကုန်အောင် မဖတ်ရဘဲ အိပ်ပျော်သွားသည်။ အိပ်မက်တော့ မက်၏။ အမျိုးအမည် မသိရသော၊ ပန်းပွင့်ဝါဝါများပါသော အိပ်မက်ဖြစ်သည်။ ကိုဦးနှင့် လမ်းလျှောက်ရင်း ပန်းပွင့်ဝါဝါများ အပြည့်ပွင့်နေသော ကွင်းပြင်သို့ရောက်ကြသည့် အိပ်မက် ဖြစ်သည်။ ပြီးတော့ အိပ်မက်ထဲမှာ ကိုဦးက “အဖြူ ညက အိပ်မက် မက်သေးလား”ဟု မေးသည်ကို “မမက်ပါဘူး”ဟု ပြန်ဖြေနေလေသည်။

မနက်မလင်းခင် ၄ နာရီလောက် ထင်သည်။ တစ်ရေး နိုးသေး၏။ ယောင်ပြီး စံကားဖြူကိုင်း ပြတင်းမှန်ကို လာခြစ်သံ ကြားရမည် လားဟု နားထောင်လိုက်သေး၏။ သို့သော် ချက်ချင်း သတိရသည်။ ရောက်နေတာ ဆေးရုံက ကိုဦးရဲ့ရုံးခန်းနှင့် ကပ်လျက်အခန်းမှာဖြစ်သည်။ ပုရစ်ကလေး တစ်ကောင် ဝေးဝေးမှ အော်မြည်သံ ကြားရ၏။ မရပ်မနား အော်သည်ကို နားထောင်ပြီး စိတ်ညစ်လာမိ၏။ ပြီးတော့ အိပ်ပျော်သွားပြီး အိပ်မက်မက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ အိပ်မက်ထဲမှာ ကိုဦး မျက်နှာကို အနီးကပ်၍ တွေ့ရ၏။ သူ့မျက်လုံးမှာ မျက်ရည်စ နှစ်စကို တွေ့ရ၏။ ထိုမျက်ရည်စ နှစ်စသည် အုံ့ဩစဖွယ် ကြယ်လို ရောင်ခြည်တန်းများနှင့် လက်နေသည်။ အဖြူက ဘာမှ မလုပ်တတ်ဘဲ ဝမ်းနည်းနေသည်။

ပြန်နိုးလာပြန်သည့်အခါ ခုနစ်နာရီပင် ခွဲလေပြီ။ အဖြူသည် အိပ်ရာမှ ခုန်ထပြီး ရေချိုး၊ အဝတ်အစား လဲ၏။ မုန့်နှင့် ကော်ဖီ သောက်ရင်း ပထမဆုံးအကြိမ် "ကိုဦး ဘယ်မှာအိပ်ပါလိမ့်။ သူ့အိမ် သတ်သတ်ရှိသလား" ဟု တွေးမိ၏။ ကိုဦးကို ရုံးခန်းနှင့်သာ ဆက်စပ်ပြီး တွေးခဲ့သည်။ ကိုဦး စားပွဲမှာ ထိုင်နေတာ၊ ဆေးရုံလူနာများဘက် ထွက်သွားတာလောက်သာ သိခဲ့သည်။ သူ ဆေးရုံဝင်းထဲပဲ အိမ်ခန်း ရသလား။ တစ်ယောက်တည်း နေသလား။ ဘယ်လိုစားသလဲ။ ပြီးတော့ သူ့မှာ မိန်းမတော့ မရှိပါဘူးနော်။ အဖြူသည် ရယ်လိုက်မိသော်လည်း ဘဝင်မကျလှ။ "အန်တီခင်၊ အန်တီခင်" ဟု အရေးတကြီးခေါ်၍ မေးမိ၏။ မငွေခင်က ရယ်မောသည်။

"ဆရာ ကိုလှဦးက လူပျိုပါ အဖြူရဲ့။ ခုမှ မေးရသလား။ သူ့ကို ကြိုက်တဲ့ မိန်းမတွေတော့ မနည်းဘူးပေါ့။ အထူးသဖြင့် ဟောဒီ ဆေးရုံထဲက မိန်းမလူနာမှန်သမျှ သူ့ကို အားကြီး ကြိုက်ကြတာပဲ"

"သူ ဆေးရုံဝင်းထဲမှာ နေသလား"

"နေတယ်။ သူလည်း အိမ်ခန်းရတာပေါ့။ အကျယ်ကြီးပဲ။ တစ်ယောက်တည်းဆိုတော့ အခန်းတွေ ပိုနေတယ်"

"စားတော့ကော"

"ဆရာကြီးအိမ်က ထမင်းချိုင့် ပို့ပေးတယ်။ ဆရာကြီး ခယ်မ ဝမ်းကွဲကလည်း ခပ်ချိတ်ချိတ်ပဲ အဖြူရဲ့။ ပိုက်ဆံပေးလို့တောင် မရဘူး။ ဒါနဲ့ ဆရာကိုလှဦးက အပြင်ထွက်ပြီး ဝယ်စားတော့မှ ပေးလို့ရတယ်"

"ဟုတ်လား၊ ဘကြီးမှာ ခယ်မအရင်းတော့ မရှိဘူး။ မြင်ရင်တော့ သိမလား မသိဘူး"

"ခပ်လှလှပဲ၊ ဟင်းချက် သိပ်ကောင်းတယ်။ နုနုအေးတဲ့၊ နာမည် က..."

www.burmeseclassic.com

www.burmeseclassic.com



"သြော်...မနုနုလား၊ သိပါတယ်။ ငယ်ငယ်တုန်းက သိပ်ချော တာပဲ"

"ရန်ဖြစ်နေရမယ်နော်"

"မဖြစ်ပါဘူး" အဖြူ ရယ်မောလိုက်၏။ "ကိုဦးရဲ့ စေတနာ အလျောက်ပါ။ အဖြူက မပိတ်ပင် မတားဆီးပါဘူး"

ထိုခဏ၌ ကိုဦးနှင့် ဘကြီးတို့ ဝင်လာကြသည်။ ဘကြီးကို ကိုဦး ပြောသည်နှင့် အနည်းငယ် ယုံကြည်လာခဲ့ပြီး ပြုံး၍ နှုတ်ဆက် နိုင်သည်။

"အဖြူ တော်တော် နေကောင်းနေပြီလို့ ဒေါက်တာလှဦးက ပြော တယ်"ဟု ဘကြီးက စကားစလေ၏။

"ကောင်းပါတယ်၊ နဂိုကလည်း အဖြူက ဘာမှ သိပ်ဖြစ်တာတော့ မဟုတ်ပါဘူး ထင်ပါရဲ့"ဟု အဖြူက ဖြေသည်။

ဘကြီးက ခဏ ဘာမှ မပြောဘဲနေပြီး "အဖြူကတော့ ဘယ်သိ မလဲ၊ ဖြစ်တုန်းကတော့ တော်တော်ကလေး ဖြစ်တယ် ခေါ်ရမှာပေါ့။ ဒီလို ဖွင့်ပြောလို့ အဖြူ မကြောက်ဘူး မဟုတ်လား။ ဒေါက်တာလှဦးအနေနဲ့ ဒီကိစ္စတွေ ဆွေးနွေးပြီးပြီ မဟုတ်လား"

"အဖြူ မကြောက်တော့ပါဘူး။ ကိုဦးရော၊ ဘကြီးရော အားကိုး ရှိနေရင် ဘာကိုမှ ရင်ဆိုင်ရမှာ မကြောက်တော့ပါဘူး"

"အဖြူ ရင်ဆိုင်ရမှာကတော့ အမှန်တရားကိုပါပဲ။ အဖြူတွင် မကဘူး။ ဘယ်သူမဆို အမှန်တရားကို ကြိုက်သည်ဖြစ်စေ၊ မကြိုက် သည်ဖြစ်စေ ရင်ဆိုင်ဖို့အတွက်တော့ ကြုံလာကြစမြဲပဲ"

"အဖြူကတော့ ညံ့လို့ ထွက်ပြေးနေတယ်"

"ဒီလိုလည်း မဟုတ်ဘူး၊ အဖြူက အခွင့်အရေး မရဘူး။ အဲဒီ အခွင့်အရေးကို ဘကြီးနဲ့ ဒေါက်တာကိုလှဦးက ပေးဖို့ ကြိုးစားနေတယ်"

အဖြူသည် တွေဝေနေမိ၏။ အမှန်တရားသည် ကြောက်စရာ ကောင်းလှတော့သည် မဟုတ်သော်လည်း၊ ရင်ဆိုင်ရမှာ မကြောက်လှ တော့သော်လည်း ဘယ်လို ရင်ဆိုင်ရမည်ကို မသိ။ အိပ်မက်နှင့် အိပ်မက် မဟုတ်သည်ကို အဖြူ ခွဲခြားတတ်ပြီ။ ဖြစ်စေချင်တာနှင့် ဖြစ်နေတာတို့

www.burmeseclassic.com

www.burmeseclassic.com



မတူနိုင်သည်ကို အဖြူ သိမြင်ပြီ၊ သို့သော် သည်နေရာတွင် ရပ်နေ၍ မရသေးပြီတဲ့။ တကယ်တော့ ဖေဖေ သေသွားတာ မဟုတ်ဘူးဆိုတာနှင့် ရပ်ထားလို့မရ။ လူကောင်းလို့ ကိုယ့်ကိုယ်ကိုယ် ထင်ချင်လျှင် ဆေးရုံအခန်းမှာ တစ်သက်လုံး နေ၍မရ။ ကိုဦးနှင့် ကြီးကြီးတို့အိမ် လည်တာ၊ ည လသာသာမှာ လမ်းလျှောက်တာ၊ အန်တီခင်နှင့်ထိုင်ပြီး စကားများစွာ ပြောတာတွေသည်လည်း အမှန်တရား မဟုတ်သေးပြီ။ အဖြူ ဘာလုပ်ရမလဲ။

"အဖြူ ဘာလုပ်ရမှာလဲ ဘကြီးရယ်"ဟု အနည်းငယ် တုန်ယင်သော အသံနှင့်မေးပြီး ခေါင်းထဲ မိုက်ခနဲ၊ ပြာခနဲ ဖြစ်ချင်လာပြန်သည်။ ဒါ ကြောက်လာတဲ့ လက္ခဏာပဲ။ ထွက်ပြေးချင်၊ မေ့ပစ်ချင်တဲ့ လက္ခဏာပဲ။ ကိုဦးက အကြိမ်ကြိမ် ပြောခဲ့ပြီ။ သတိထားမှ...သတိထားမှ။ အဖြူသည် ရေအေးအေးတစ်ခွက် တောင်း၍ တစ်ကျိုက်ချင်း သောက်လေ၏။ ရင်ထဲမှာ အေးမြကာ၊ မိုက်ခနဲဖြစ်တာတွေ တော်တော်သက်သာလာသည်။

ဘကြီးနှင့် ကိုဦးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသေး၏။ အဖြူသည် သူတို့နှစ်ယောက်ကိုတော့ လုံးဝ ယုံကြည်တော့သည်၊ ဖြစ်လာရာ ဖြစ်စေတော့ဟု ဆုံးဖြတ်ခဲ့ပြီ။ ပြီးတော့ တကယ်လည်း ယုံကြည်ချင်သည်။ ယုံကြည်မှ ဖြစ်မည်။

"အဖြူ ခံနိုင်ရည် ရှိပါ့မလား"ဟု ဘကြီးက ထပ်မေးပြန်၏။ အဖြူက ခေါင်းသာညိတ်ပြလိုက်ပြီး နှုတ်ခမ်းများ ဖြူသွားသည်ထင်သည်။ နှုတ်ခမ်း၊ လက်ဖျား၊ ခြေဖျားများ အေးလာသည်။ သို့ပေမယ့် ကိုဦးက အလိုက်သိတဲ့၊ အားကိုးရတဲ့ ကိုဦးက ထလာပြီး သူထိုင်နေကျ ကြိမ်ကုလားထိုင်ပုကလေးမှာ ထိုင်သည်။ ပြီးတော့ အဖြူ့လက်နှစ်ဖက်ကိုဆုပ်၍ တစောင်း လှည့်လာစေသည်။

"အဖြူ ဘာကြောက်စရာ ရှိသလဲ။ အဖြူဟာ ကလေးလေး မဟုတ်ဘူး။ အရွယ်ရောက်တဲ့ မိန်းမတစ်ယောက် ဖြစ်တယ်။ အဖြူ သဘောကျ လုပ်ကိုင်စားသောက်နေလို့ရတယ်။ အဖြူ့မှာ မပူမပင် ထိုင်စားနေနိုင်လောက်တဲ့ အမွေလည်း ရှိတယ်။ အဖြူ့အရွယ် မိန်းမတွေဟာ အိမ်ထောင်ရက်သားကျပြီး ကလေးသုံးလေးယောက် အမေတောင် ဖြစ်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဦးစီး ဖြစ်နေပြီ။ အဖြူ ပညာတတ်တယ်။ စာတွေ ဖတ်တယ်။ စဉ်းစားဉာဏ် ရှိတယ်။ ဘယ်သူ့မှ အားမကိုးဘဲ တစ်ယောက်တည်းတောင် နေနိုင်တဲ့ အခြေအနေရှိတယ်။ အဖြူ ဘာကိုကြောက်နေသလဲ"

"အဖြူ ငယ်ငယ်ကလေးတည်းက ကြောက်တာတော့ အမှန်ပဲ။ အားငယ်တယ် ဆိုပါတော့။ အဖြူ့ကို ချစ်မယ့်သူ မရှိဘူး။ အဖြူကလည်း ချစ်ရမယ့်သူ မရှိဘူး။ အဲဒါ မခံနိုင်ဘူး။ ပြီးတော့ အဖြူ့ကို ဖေဖေနဲ့ ဒေါ်ကြီး က အမြဲ စွပ်စွဲတယ်" အဖြူသည် ရှိုက်ကြီးတငင် ငိုချလိုက်မိ၏။ အော်ဟစ် ခုန်ပေါက်လိုက်ချင်၏။ သို့ပေမယ့် ခံနိုင်ရည်ရှိရမည်။ စိတ်လှုပ်ရှားလှသည် ကို ငြိမ်အောင် ကိုဦးရဲ့ ဂျူတီကုတ်မှ "လုဦး"ဟု ကြက်ခြေခတ်ကလေး များဖြင့် ပန်းထိုးထားသည်ကို စိုက်ကြည့်၏။ ကြက်ခြေခတ် ဘယ်နှပွင့်ပါ လိမ့်။ ဒါ ကြီးကြီးရဲ့လက်ရာ ဖြစ်မှာပဲ။ ငါးပွင့်၊ ခြောက်ပွင့်၊ ခုနစ်ပွင့်မှာ ဖောင်တိန်ပင်ချိတ်က ကွယ်နေပြီး ရေတွက်လို့ မရ။ ထစ်နေသည်။

ဘကြီးက "ဘာတွေ စွပ်စွဲလို့လဲ အဖြူရဲ့"ဟု အံ့သြသလို မေးလေ ၏။

အဖြူက ငိုရှိုက်ရင်းက ပြောချင်လာကာ မချုပ်တည်းတော့ဘဲ "အဖြူ ပြောပြရမှ ရင်အေးမှာ။ ရင်ထဲမှာ အမြဲ ပူနေတာပဲ။ အဖြူဟာ မေမေနဲ့ တူတယ်တဲ့။ မေမေဟာ အကျင့်မကောင်းဘူးတဲ့။ လင်နဲ့ ကလေးကိုပစ်ပြီး နောက်လင် ယူသွားတယ်တဲ့။ ဒေါ်ကြီးကတော့ ရိုင်းရိုင်း စိုင်းစိုင်းတွေ ပြော တယ်။ အဖြူ ပြန်မပြောပါရစေနဲ့"ဟု ပြောကာ ငိုချင်သလောက် ငိုချပစ် လိုက်ပြန်၏။

ဘကြီးက "တယ်မိုက်တဲ့ လူတွေပဲ"ဟု ညည်းလေ၏။ "ဘကြီး တစ်ခါမှ အဲဒီလို မထင်မိဘူး။ အေးလေ မောင်ကိုလေးက ဒါတွေတော့ ဘယ်ပြန်ပြောမလဲ။ သူ ဘယ်လောက် သမီးကိုချစ်ပြီး အိမ်ထဲ လှောင် ထားတယ်လောက်သာ ပြောတော့မပေါ့"

"အဖြူ အိမ်ပြင်ထွက်ချင်တာ ပျက်စီးချင်လို့တဲ့"

"ဟုတ်မှ မဟုတ်ဘဲ"ဟု ကိုဦးက ညင်သာစွာ ပြောလေ၏။

"မေမေ့ဘက်က ဆွေမျိုးတွေဆို တစ်ယောက်မှ အိမ်မလာရဘူး။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဆီက စာလာရင် ပေးမဖတ်ဘူး။ ပြီးတော့ မေမေ သေပြီလို့ ပြောတယ်။ အဲဒီလို ပြောတာတော့ ကြာပါပြီ။ မေမေ တကယ်ပဲ သေပြီလား ဟင်၊ ဘကြီးသိမှာပေါ့။ ပြီးတော့ သူတို့ ပြောသလိုပဲ မေမေဟာ အကျင့်မကောင်းဘူးလား”

ဘကြီးရဲ့မျက်နှာသည် သနားကြင်နာခြင်းဖြင့် ပိုမို နူးညံ့လာသည်ကို အဖြူ မျက်ရည်များကြားမှ မြင်ရ၏။ ဘကြီးဟာလည်း ယုံထိုက်တဲ့သူလို့ သိရပြန်၏။ ပိုမိုအားရှိလာတာလည်း ဝန်ခံရမည်။ ဘကြီးသည် အဖြူ့ခုတင်ပေါ် ဝင်ထိုင်လိုက်လေ၏။ ပြီးတော့ အဖြူ့ပခုံးကို ဆုပ်ကိုင်ပြီး အဖြူ ငိုချင်တိုင်း ငိုနေသည်ကို စောင့်နေသေး၏။ ကိုဦးရဲ့ ဆုပ်ထားသော လက်ထဲမှ အဖြူ့လက်များကို အသာနုတ်ယူပြီး အဖြူသည် လက်ကိုင်ပဝါ ရှာလေ၏။ ဆေးရုံကိုလာသောနေ့က ဖုန်ဖြင့် ညစ်ပေသွားသည်ကို သတိရဆဲ။ ကိုဦးက သူ့လက်ကိုင်ပဝါဖြူဖြင့် မျက်ရည်များကို သုတ်စေလေ၏။

ဘကြီးက အဖြူရှိုက်သံ ဝေးသွားသည်အထိ စောင့်နေပြီး “ဘကြီး မလိမ်ဘဲ ပြောမယ်။ အဖြူ့မေမေဟာ အဖြူ့လိုပဲ လှတယ်။ ဉာဏ်ကောင်းတယ်။ စိတ်ကြီးတယ်။ လင်နဲ့ ကလေးကိုပစ်ပြီး နောက်လင် ယူသွားတာလည်း မှန်တယ်။ ဒါပေမဲ့ အကျင့်မကောင်းတဲ့ မိန်းမမဟုတ်ဘူး။ အဖြူ့လိုပဲ သူ မောင်ကိုလေးနဲ့ နေရတာ မပျော်လို့ ထွက်သွားတာပဲ။ ပထမ ရှမ်းပြည်နယ်က သူ့ဆွေမျိုးတွေဆီ ပြန်သွားတယ်။ ပြီးတော့ ဟောင်ကောင်ရောက်၊ ဘန်ကောက်ရောက်နဲ့။ ခုတော့ ဩစတြေးလျမှာ နောက်အိမ်ထောင်ပြုပြီး ကလေးတွေ၊ ဘာတွေနဲ့ ပျော်လို့ပဲ။ မောင်ကိုလေးကတော့ ခွင့်မလွှတ်နိုင်ဘူး။ မောင်ကိုလေး အင်မတန် စိတ်ဒုက္ခရောက်ရတာ၊ ခံစားရတာလည်း အမှန်ပဲ။ စိတ်ဒဏ်ရာ အကြီးအကျယ်ရလိုက်တယ်။ အဲဒီအတွက် အနီးစပ်ဆုံးဖြစ်တဲ့ အဖြူ့ကို သူ နှိပ်စက်သလို လုပ်မိတာပေါ့ကွယ်။ အဖြူ နားမလည်နိုင်ဘူးလား။ အဖြူ့ ဖေဖေကို မသနားနိုင်ဘူးလား။ ဘကြီးပြောတဲ့ အဖြူရင်ဆိုင်ရမယ့် အမှန်တရားဆိုတာ ဒါပဲ။ အဖြူဟာ ဖေဖေ့ကို နားလည်ရမယ်။ သနားရမယ်။ ခွင့်လွှတ်ရမယ်။ ဖြစ်နိုင်ရင် အဖြူကပဲ ဖေဖေ့ကို ဆုံးမရလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် ကိုဦးရဲ့ ဘကြီးနှင့် ကြီးကြီးတို့ကို သတိရမိလေ၏။ ချစ်ဖို့ကောင်းတဲ့သူများ။ အဖြူ့ကို မွေးစားပါလားလို့ တကယ်ပြောခဲ့ခြင်း ဖြစ်သည်။ သည်လိုပဲ ခဏခဏ သဘောကောင်းပုံရတဲ့၊ နူးညံ့သိမ်မွေ့တဲ့ လူကြီးများကိုမြင်ရင် အဖေတော်ချင်စိတ် အမြဲရှိခဲ့ဖူးသည်။ မသေခင် အဖေ့ကို ဆုံးရှုံးခဲ့တဲ့ အဖြူ၊ လူမြင်တကာဆီမှာ အဖေရှာချင်တဲ့ အဖြူ။

"ဒါပေမဲ့ သူ နာတာနဲ့ သူများကို နာအောင် မလုပ်သင့်ပါဘူး။ နည်းနည်းမှ မတရားပါဘူး"ဟု အဖြူ ငြင်းခုံဆဲ။ ကိုဦးသည် အဖြူ့ လက်များကို ပြန်ကိုင်ဆုပ်နယ်ကာ "သူ့မှာ ချစ်မယ့်သူ မရှိဘူး။ အဖြူ့မှာ ချစ်မယ့်သူ ရှိတယ်။ ဒါကြောင့် သူက ဆင်းရဲတယ်။ အဖြူက ချမ်းသာ တယ်။ ပြီးတော့ သူ့နည်းနဲ့သူ အဖြူ့ကို ချစ်ရှာတယ်။ ခု ဘယ်လောက် အထိ အလျှော့ပေးသလဲ။ သမီး အဖြူ့ကို လွမ်းနေပါလျက် ရန်ကုန်မှာ တောင် မနေနိုင်ဘူး။ တောင်ငူက ဆွေမျိုးတွေဆီ သွားနေရတယ်။ သား သမီးရမှ မိဘရဲ့အချစ်ကို နားလည်နိုင်တယ်ဆိုတဲ့ စကားလည်း ရှိတယ် မဟုတ်လား"

"တစ်ကိုယ်ကောင်း ဆန်လွန်းပါတယ်"ဟု အဖြူ ဆက်လက် ငြင်းခုံပြီး ရင်ထဲ ဒိတ်ခနဲ ဖြစ်သည်။ အဖြူကော တစ်ကိုယ်ကောင်း မဆန် ဘူးလား။ သိပ်ဆန်တာပေါ့။ တစ်ကိုယ်ကောင်း သိပ်မဆန်သူက ကိုဦးတော့ ဖြစ်နိုင်သည်။

ဘကြီးက တိုးတိတ်သာယာစွာ...

"ပြီးတော့ အဖြူလည်း စဉ်းစားကြည့်လေ။ အဖြူ့ ဖေဖေကို အဖြူ သေစေချင်နေတာက သိပ်ထင်ရှားနေတာပဲ။ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းသလဲ။ မောင်ကိုလေးဟာ အင်မတန် ဒေါသကြီးတဲ့သူ။ အဖြူ့ မေမေကိုတောင် အင်မတန် ချစ်တဲ့ကြားက ထရိုက်ချင် ရိုက်တဲ့သူ။ အဖြူ့ ကိုကျတော့ သည်းခံပြီး ဘယ်လောက် နေရှာသလဲ"

"ရိုက်လို့ ဝပါပြီ ဘကြီးရဲ့။ အဖြူ့ကို ငယ်ငယ်က ခဏခဏ ရိုက်တာပဲ။ ကြိုးနဲ့ တိုင်မှာချည်တာကလည်း ခဏခဏ"

"အဖြူ ငယ်ငယ်တုန်းကတော့ လက်ပေါ်က မချဘူး။ ချီလွန်း

www.burmeseclassic.com

www.burmeseclassic.com



လို့တောင် ကလေးချည့်မှာစိုးလို့ ဝိုင်းပြောယူရတယ်"

"ဟုတ်ပါတယ်၊ အဖြူ လက်ကျိုးတုန်းက ဆောင်းတွင်းကြီး လက်ကကိုက်လို့ မအိပ်နိုင်တော့ ဖေဖေ တစ်ညလုံး ချီထားရတာတွေ မှတ်မိပါတယ်။ အဲဒီတုန်းက အဖြူ့ကို မုန့်ဖိုး ငါးဆယ်ပေးတယ် ဘကြီးရဲ့။ ဒေါ်ကြီးဆီ အပ်ထားတာ အဖြူ့လက် ကောင်းသွားတော့ ပြန်ယူသွားတယ်။ အဖြူ မတည့်တာတွေ ဝယ်စားမှာစိုးလို့တဲ့"

အဖြူသည် ငေးနေသည်။ ပေးပြီး ပြန်ယူတတ်သည့် လူစားပဲ။ သူ့အချစ်ကိုလည်း သမီးကိုပေးပြီး သူ့ဘာသာ မသိဘဲ ပြန်ယူသွား ခဲ့ပြီး အချစ်နှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု ထေပစ်လို့၊ လျော့ပစ်လို့ ရတာမျိုးမှ မဟုတ်ဘဲ။ ပြီးတော့ ထားပါတော့၊ ထားပါတော့။ ဒါတွေထက် အဖြူ့တစ်သက်မှာ အားကိုးတကြီးနဲ့ တွယ်တာခဲ့သည့် ကိုဦးနဲ့ ခွဲပစ်ဖို့ကြံတာ မရက်စက်လွန်းဘူးလား။

အဖြူ့အပေါ်မှာ ကြင်နာယုယတဲ့ ဆေးကုသပေးသူ ဆရာဝန် လည်းဖြစ်တဲ့ ကိုဦးကို ကျန်းမာလာတဲ့အခါမှာ သတိရခွင့်မပေးတာ မလွန် လွန်းဘူးလား။

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီတစ်ခါတော့ အဖြူ အမှန်တရားထဲက ထွက်မပြေးရအောင် ရက်ရက်စက်စက်ပဲ ကုရတော့မယ်လို့ ဘကြီး ထင်တယ်။ ပြီးတော့ အဖြူဟာ ဘကြီးထင်တာထက် ခံနိုင်ရည်ရှိပြီး ကျန်းမာလွယ်တော့ အဖြူ ဘာမှ လိမ့်လိမ့်လဲလဲ မဖြစ်နိုင်ဘူးလို့ ယုံပါတယ်"

အဖြူသည် မေ့လျော့ပြီး ကိုဦးရဲ့ လက်များကို ပါးပြင်သို့ ဆွဲယူပြီး ကပ်မိလေ၏။

ဘကြီးက အမှတ်မထင်ပင် ဆက်ပြော၏။

"နောက်ထပ် ရင်ဆိုင်ရဦးမယ့် အဖြူ့အတွက် အမှန်တရားကတော့ ဒေါက်တာလှဦးပဲ။ အဲဒီကိစ္စကတော့ သူကိုယ်တိုင် စီစဉ်ပါလိမ့်မယ်"

အဖြူသည် နားလည်သလိုလို ရှိသော်လည်း တကယ်တော့ နောက် တစ်လမျှ အကြာမှာမှ တကယ် နားလည်ခဲ့ခြင်း ဖြစ်သည်။

တစ်လမ်းလုံး စကားမပြောဘဲ လိုက်လာသော အဖြူသည် ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com



နားကျမှ ဆတ်ခနဲ ခေါင်းထောင်လာသည်။ "ဟော...ရောက်တော့မယ်"ဟု ညည်းလိုက်မိသေးသည်။ ပြီးတော့ "မိုးလင်းတော့မှာလား"ဟု မေးမိပြန်သည်။

ကိုဦးက "နှစ်နာရီ ထိုးတော့မယ် အဖြူရဲ့။ သိပ်ညဥ့်နက်သွားတယ်။ အဖြူ အိပ်ပျက်တော့မယ်"

"အိပ်တောင် မအိပ်ချင်ဘူး"

"တစ်လမ်းလုံး အိပ်လာပြီး"

"ဟုတ်တယ်၊ အိပ်မက်တော့ မက်နေတယ်"

"ပျော်စရာ အိပ်မက်လား"

"မပြောတတ်ဘူးလေ၊ အိပ်မက်ထဲမှာ ကြယ်တွေ သိန်းသန်း ကုဋေ ထွက်နေပြီး စုဝေးတွဲငြိပြီး အဖြူ့ဆီကို ကျလာတယ်။ အဖြူက ဘယ်အိမ်မှာ မှန်းလည်း မသိဘူး။ ဝရန်တာပေါ်မှာ ထွက်ကြည့်နေတာ။ လက်မြှောက်ပြီး လှမ်းကိုင်လိုက်တော့ ဖမ်းလို့မိတယ် ကိုဦးရဲ့။ ဒါပေမဲ့ အဖြူက ဘာလုပ်ဖို့လဲ ဆိုပြီး ပြန်လွှတ်တင်လိုက်တာ မိုးပေါ်ပျံတက်သွားတယ်"

"နှမြောစရာကြီး"

"မနှမြောပါဘူး။ ပြီးတော့ ကိုဦးက ကိုင်နေကျ မီးအိမ်ကလေး မြှောက်ပြနေတာ အဖြူ တွေ့ရတာပဲ"

ဆေးရုံဝင်းထဲ ဝင်မိလျှင်တော့ အဖြူသည် မျက်လုံးများ တကယ် ပြူးကျယ်ကျယ် ရှိသည်။ "ကိုဦး...ကိုဦး အဖြူ့အခန်းကို မပို့ပါနဲ့ဦး။ ကိုဦးရဲ့ အိမ်ပေါ် တက်ရအောင်ပါ"ဟု ပြောလိုက်သည်။ ပြီးတော့ ရင်ထဲ တဒိတ်ဒိတ် ခုန်လာသည်။ မောလာသည်။

"ဘာလုပ်မလို့လဲ အဖြူရဲ့၊ ညဥ့်နက်ပြီ"

"နက်ပေစေပေါ့၊ အဖြူ မအိပ်ချင်လို့။ ကိုဦးနဲ့ မိုးလင်းအထိ ထိုင်စကားပြောရအောင်။ အဖြူ ကိုဦးကို မြင်တာတောင် မမှတ်မိဘူးဆိုတာ မခံချင်လို့ပါ။ အကြောင်းတစ်ခုခုတော့ ရှိရမယ်။ အဖြူ ကိုဦးကို တစ်နေရာရာမှာ စိတ်နာထားသလား မသိဘူး။ တမင်မေ့ပစ်ထားတာလို့ ထင်တယ်"

သူတို့သည် ကိုဦးရဲ့ ဧည့်ခန်းမှာ ထိုင်မိကြသည်။ ထုံးစံအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုဦးက ကော်ဖီကျကျ ဖျော်တိုက်သည်။ အဖြူက ပြတင်းတစ်ပေါက်ကို ဖွင့်သော်လည်း လိုက်ကာအပြည့် ဆွဲချလိုက်သည်။ "ဒါမှ စိတ်လုံတယ်" ဟု ပြောလိုက်မိသေး၏။

"အဖြူ ဘာဖြစ်လို့ ကိုဦးကို မမှတ်မိရတာလဲ။ ဘယ်အခေါက်တုန်း ကလဲ။ အဲဒီတုန်းက ဘာဖြစ်သလဲ"ဟု အဖြူ ဆက်တိုက်မေးလိုက်ပြီး ရင်ထဲ တဒိတ်ဒိတ် ခုန်လာပြန်သည်။

ကိုဦး မျက်ရည်လည်လာသည်ကို အဖြူ အံ့သြစွာတွေ့ရ၏။ စိတ်ပျော့ပျောင်းတဲ့ ကိုဦးပဲ။ ဒါကြောင့်ပဲ ပိုလို့ချစ်ချင်သေးသည်ဟု တွေးလိုက်မိသေး၏။ ကိုဦးက စကား ရုတ်တရက် မပြောနိုင်ဘဲနေပြီးမှ "သိပ်မပြောချင်ဘူး အဖြူရယ်၊ စိတ်ထိခိုက်တယ်"ဟု စလေ၏။

"အဖြူ ငါးကြိမ်မြောက် ပြန်ရောက်လာတဲ့အခါကပေါ့။ အဲဒီနှစ်မှာ ဆရာက လန်ဒန်ကို လေ့လာရေးအဖွဲ့နဲ့ လိုက်သွားရတယ်။ အဖြူ့ဖေဖေက ကိုဦးရှိလို့ ဆေးရုံကို အဖြူ ပြန်ပြေးလာတာပဲဆိုပြီး ကိုဦးကို နယ်ပြောင်းရအောင် အကြီးအကျယ် လုပ်တာပေါ့။ ကိုဦးနဲ့လည်း စကားခွန်းကြီး၊ ခွန်းငယ် များလိုက်တယ်။ ကိုဦး ဗန်းမော်ကို ပြောင်းရတယ်။

"နောက်မှ သိရတာပေါ့လေ။ အဖြူ့ရောဂါ ပိုဆိုးပြီး အစာလည်း မစား၊ ရေတောင် မသောက်ဘဲနေလို့ သေမလောက်တောင် ဖြစ်တယ်တဲ့။ ဂလူးကို့စ်ပုလင်းတွေနဲ့ပဲ အသက်ရှင်နေရတယ်တဲ့။ ကိုဦးနာမည်ကို အရမ်းခေါ်ပြီးနေတာပဲတဲ့။

"အဲဒီနောက်မှာ တဖြည်းဖြည်း ကျန်းမာလာတော့ ဆေးရုံအခန်းထဲက ကိုဦး ပေးထားတဲ့ စာအုပ်တွေ၊ ပန်းအိုးတွေ၊ ယွန်းခွက်၊ ငွေခွက်တွေ အကုန်သိမ်းဆည်းပြီး အဖြူ အိမ်ပြန်သွားတာပဲ။ အကြာကြီးလည်း နေကောင်းနေတယ်။ တော်တော်နဲ့ ပြန်မလာရဘူး။

"တစ်ခါ ခေါင်းကိုက်တာ မျက်စိတွေပါ ယောင်လို့ ဆေးရုံမှာ ခတ်မှန်လာရိုက်တော့ ကိုဦးနဲ့ မျက်နှာချင်းဆိုင် သွားတိုးမိတာပဲ။ အဲဒီတုန်းက အဖြူ မမှတ်မိဘူး"

အဖြူ့ ခေါင်းထဲမှာ ထုံလာသည်။ အရိပ်များစွာ ဖြတ်သန်းသွား

www.burmeseclassic.com

www.burmeseclassic.com


သည်။ ပြီးတော့ ဝိပြင်လာသော အရိပ်တချို့သည် မီးထွန်းပွဲ၏ အရိပ်မီးပုံး ပမာ ထပ်တလဲလဲ လည်ကာလည်ကာ မြင်ရပြီး မျက်စိရှေ့မှာ ပြတ်သား လာသည်။

"အဲဒီတုန်းက ကိုဦးလက်ထဲမှာ 'တိမ်ကောကုန်သော သစ်ရွက်များ'ဆိုတဲ့ ဝတ္ထုစာအုပ် ကိုင်ထားတယ် မဟုတ်လား"

ကိုဦးသည် သူ့ထိုင်ခုံမှ ထလာပြီး အဖြူ့ဒူးများပေါ် လက်တင်၍ ကော်ဇောပေါ် ထိုင်ချသည်။ အဖြူ့ ခြေဖမိုးပေါ်မှာ သူ့ခြေထောက်များ ကွေးကောက်၍ တင်နေသည်။ "အဖြူ မှတ်မိပလား"ဟု တစ်လုံးတည်းသာ ခြောက်ကပ်ကပ် ပြောလိုက်ရာ အဖြူသည် ကိုဦးရဲ့ နီညိုညိုနှင့် နူးညံ့သော ဆံပင်များကို လက်ချောင်းများနှင့် ဖွကစားနေမိသည်။

"အဖြူ ကိုဦးမှန်း သိတာပေါ့နော်"

"သိပ်ရေရေရာရာတော့လည်း မဟုတ်ဘူး ကိုဦးရဲ့"ဟု လေးလေး ဖြေမိ၏။ ဘယ်လို ပြောရမလဲ။ အရင်ဘဝက သိကျွမ်းခဲ့ဖူးသလိုလို့ ပြောရ မလား။ ဒါပေမဲ့ ဘာကြောင့်လဲ မသိ။ စိတ်နာနေတာတော့ အမှန်ပင်။ စကားတောင် မပြောချင်။

"ဒါပေမဲ့ အဖြူ့စိတ်ထဲမှာ အဖြူ့ကို ဘယ်တုန်းကမှန်းမသိ၊ နာ အောင် တစ်ခုခု လုပ်ထားသလိုပဲ။ စိတ်နာနေတယ်ထင်တယ်။ ကိုဦး အဖြူ နေမကောင်းတုန်း နယ်ရောက်သွားလို့ ထင်တယ်။ မခေါ်ချင်ဘူး၊ ဒါကြောင့် မခေါ်တာပဲ။ အိမ်ပြန်ရောက်တော့လည်း တကယ် မေ့သွားတယ်ထင်တယ်"

"အဖြူ ကိုဦးကို နားမလည်တာပေါ့"

"အဖြူက ရောဂါသည်ပါ ကိုဦးရဲ့"

"ဆောရီး အဖြူ"လို့ဆိုပြီး ကိုဦးသည် ဒူးထောက်လိုက်ပြီး အဖြူ့ကို ပွေ့ဖက်ကာ နမ်းတော့မည်လုပ်ပြီးမှ မနမ်း။

အဖြူသည် ကိုဦးကို ကောင်းကောင်း နားလည်တာပေါ့။ အဖြူ့ကို ကိုဦး မသွေးဆောင်လိုဘူးဆိုတာ။

ကိုဦးရဲ့ အနမ်းမှလွတ်လာပြီး အဖြူသည် တစ်ကိုယ်လုံး တုန်နေ သည်ကို ထိန်းနေရ၏။ အသံထွက်အောင် မနည်း ကြိုးစားရ၏။ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြာမှ စကားပြောလို့ရသည်။ ဘာမှမဖြစ်သလို ဟန်ဆောင်သော်လည်း မခံချင်သံပါပါဖြင့် "အဲဒါ ရောဂါသည် အဖြူလို့ ထင်မနေနဲ့ဦး။ ကောင်းနေတဲ့ အဖြူ၊ ဘယ်တော့မှ မေ့တော့မှာ မဟုတ်တဲ့ အဖြူ၊ ကိုဦးကို ချစ်တဲ့အဖြူ" ဟု ပြောလိုက်၏။

ကိုဦးက အဖြူ့နား ဝင်ထိုင်ပြီး...

"ဒါဖြင့် အဖြူ အိမ်ပြန်ဝံ့ပြီပေါ့"

"ပြန်ဝံ့ပါတယ်၊ ပြန်တော့ မပြန်ချင်ဘူး"

"အိမ်ပြန်ကြည့်မှ သေချာမှာ အဖြူရဲ့။ အဲဒါလည်း အဖြူ ရင်ဆိုင်ရမယ့် အမှန်တရားပဲ"

အဖြူသည် ခေါင်းကို ဆတ်ခနဲ ခါလိုက်ပြီး "ရပါတယ်" ဟု ပေါ့ပေါ့ကလေး ပြောလိုက်မိသည်။

"အဖြူ့ဖေဖေနဲ့ ပြန်တွေ့ရမယ်၊ သူနဲ့ ပြန်နေရမယ်"

"နောက်တော့ကော"

"နောက်တော့ကော၊ ကိုဦး လာလည်မယ်။ ပြီးတော့ အဖြူ့ကို ခေါ်ပြီး အခုလို ထွက်လည်ကြမယ်၊ ရုပ်ရှင်ကြည့်မယ်၊ ကပွဲသွားမယ်၊ ကြီးကြီးတို့ဆီ သွားမယ်"

"ပျော်စရာကြီးပဲ"

ထိုခဏ၌ သံချောင်း သုံးချက်ခေါက်သည်။ သုံးနာရီထိုးလေပြီ။ အပြင်မှာ သိပ်မမှောင်လှပေ။ ပျစ်ခဲနေသော ကြယ်များသည် အေးစက်သောလေနှင့်အတူ ညဉ့်ကို သာယာအေးမြစေသည်။ ဘယ်က လေလွင့်လာမှန်း မသိ။ ယစ်မူးရီဝေစေသော မိဖုရားပန်းနံ့သည် ညှို့ဆေးသဖွယ် အခန်းထဲမှာ လှိုင်လာသည်။

အဖြူသည် နှုတ်ခမ်းကို ကိုက်လိုက်ပြီး "ကိုဦး အိပ်စို့"ဟု ခေါ်လိုက်၏။

"အိပ်လေ အဖြူ၊ ကိုဦး အိပ်ရာပေါ်အိပ်၊ ကိုဦးက ဒီဆိုဖာရှည်ပေါ်မှာ အိပ်မယ်"

ကိုဦးက အဖြူရဲ့ လျှော့ပြေလာသော ဆံပင်များကို သိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com



၍ မထုံးပေးတတ်သည်မို့ ကြိုးပမာ ကျစ်လိမ်ပေး၏။ အဖြူ့ရဲ့ အနည်းငယ် ပွယောင်းလာသော ခေါင်းကဆံပင်များကို ယုယုယယ သပ်ပေးသေး၏။ ပြီးတော့ အသံတိမ်တိမ်နှင့်...

"ဒါပေမဲ့ ကိုဦးက အဖြူရဲ့ သတို့သား မဟုတ်သေးဘူး အဖြူရဲ့၊ အဖြူ့ ဆရာဝန်သာ ရှိသေးတာ။ ဒီအခွင့်အရေးကို စုံမက်လိုက်တာ အဖြူရယ်။ ဒါပေမဲ့ မယူပါရစေနဲ့နော်၊ စိတ်မဆိုးနဲ့ ဟုတ်လား။ ကိုဦးကို နားလည်ပါ"

အဖြူသည် ခဏ တွေနေသော်လည်း စင်စစ် ကြောက်ရွံ့ ဝမ်းနည်းတာ ပျောက်သွား၏။ ခဏနားပြီး စဉ်းစား၏။ အဖြူဟာ ကလေးလို ငိုတုန်းပဲရှိသေးတယ်။ ငိုလို့ မပြီးသေးဘူး။ ဘာငိုစရာရှိလဲ၊ ကြောက်စရာရှိလဲ။ အမြဲတမ်း ကိုဦး ရှိနေမှာပဲ။ သူ့ကို အားကိုးနိုင်မှာပဲ။ နောက်ဆုံး ဘာပဲဖြစ်ဖြစ် ဟောဒီဆေးရုံကို ပြေးလာနိုင်တာပဲ။ အို...ဒါပေမဲ့ ရင်ဆိုင်ရမယ်တဲ့။ ထွက်ပြေးမနေရဘူးတဲ့။ ကိုဦးက လက်မခံချင်လို့တော့ ဟုတ်မယ် မထင်ပါဘူးနော်။ သူ အဖြူ့ကို အင်မတန် ချစ်တာပဲ။

ထိုခဏ၌ ဖြုန်းခနဲ အိပ်မက်တစ်ခုကို သတိရပြန်၏။ အိပ်မက်ထဲမှာ ကိုဦးကို တွေ့၏။ ကိုဦးပဲလို့ သိ၏။ သို့သော် ကိုဦးမျက်နှာလည်း မဟုတ်။ ကိုဦး ကိုယ်ခန္ဓာလည်း မဟုတ်။ ထောင်ထောင်မောင်းမောင်းနိုင်လွန်းပြီး နှာခေါင်းကြီးလွန်းသော၊ မျက်နှာလုံးလွန်းသော၊ တစ်ခါမှ မမြင်ဖူးသော လူတစ်ယောက်ဖြစ်နေသည်။ အိပ်မက်ထဲမှာ မရေမရာနှင့် မကျေမနပ် အနည်းငယ် ဖြစ်သည်။ နှုတ်ကတော့ ထုတ်မပြောမိချေ။

"အဖြူ ဘာစဉ်းစားနေလဲ၊ ကိုဦးရဲ့ စေတနာကို နားလည်ရဲ့လား" ဟု ကိုဦးက မေးကာ မေးဖျားကိုကိုင်ကာ မော့စေလေ၏။

အဖြူက ခုမှ သတိရလာသော ထိုအိပ်မက်ကို ပြောပြသည့်အခါ ကိုဦးက မျက်နှာမကောင်းဘဲ "သနားဖို့ သိပ်ကောင်းတာပဲ"ဟု ညည်းညူသည်။ ပြီးတော့ သူတို့ တိတ်ဆိတ် ငေးမောနေကြသည်။ ကိုဦး ဝမ်းနည်းသွားသလား။ အဖြူဟာ ဆိုးဝါးသလား။ အမှန်ကို မမြင်ဘူးလား။ ကိုယ့်ဘက်ကသာ တွေးတတ်သလား။ ကိုယ့်အလိုကိုသာ သိသလား။ စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ဖွယ် ကောင်းသလား။ အဖြူ ထိတ်လန့်သွား၏။ ကိုဦး ခွင့်လွှတ်စေချင်သည်။ သနားစေချင်သည်။ ချစ်မြဲ ချစ်စေချင်သည်။

ကိုဦးက ဆရာဝန်လေသံနှင့် "ဘယ်ရောဂါမဆို လူနာကလည်း ဆင်ခြင်မှ၊ ကောင်းကောင်း အကုခံမှ ပျောက်တယ်ဆိုတာ အဖြူ သိရမှာပေါ့။ ကိုဦးကို အဖြူ မယုံရင်၊ အကောင်းမထင်နိုင်ရင် ကိုဦး တတ်နိုင်တဲ့ကိစ္စမဟုတ်ဘူး။ ဘယ်သူမှ မတတ်နိုင်ဘူး အဖြူရဲ့။ အဖြူ့ဘာသာပဲ စဉ်းစားရမယ်"

အဖြူသည် ဟုတ်သားပဲဟု တွေး၏။ သူဟာ အဖြူ့ကို လုံလုံလောက်လောက် ချစ်ရဲ့လားဟု တွေးပြန်၏။ သူ့အဖို့ အဖြူ့ရဲ့ ဆရာဝန်အဖြစ်က အဖြူ့ရဲ့ ချစ်သူအဖြစ်ထက်များ အရေးကြီးနေတာလားဟု တွေးပြန်၏။ ငါဟာ သူ့ကို ဝိုင်းပြီး ချစ်ကြိုက်နေကြတဲ့ များစွာသော မိန်းမ စိတ္တဇ လူနာတွေထဲက တစ်ယောက်လားဟု မခံချင်စိတ်ဖြစ်လာ၏။ ဒါကြောင့် သူ သနားတာလား၊ ဘာသနားတာလဲဟု ခပ်မာမာ ပြန်၍ မေးလိုက်မိ၏။

ကိုဦးက ဖြည်းညင်းစွာ စကားလုံး ရွေးချယ်၍ ပြောသည်။ "အဖြူဟာ ကိုဦးကိုတောင် အကြွင်းမဲ့ မယုံနိုင်တဲ့ စိတ်ထားအတွက်ပါ။ ဒါပေမဲ့ မကြာခင် ပျောက်သွားမယ်လို့ ထင်ပါတယ်။ ခုနပြောတဲ့ အိပ်မက်ကို ခဏခဏ မက်တတ်သလား"

"တစ်ခါတည်း မက်တယ်၊ ပြီးတော့ မေ့သွားတယ်။ ခုနမှ ကိုဦးကို စိတ်ဆိုးချင်လို့ သတိပြန်ရလာတာ"

"ဘယ်တုန်းက မက်တာလဲ၊ ကြာပြီလား"

"သိပ်မကြာသေးဘူး၊ တစ်နှစ်ကျော်လောက်ပဲ ထင်တယ်"

"အဖြူ သိပ်ပြီး မကျန်းမမာဖြစ်တုန်းက ကိုဦး မရှိတာနဲ့ စိတ်နာတာပါပဲ။ ခုတော့ ရေလည်ပြီ မဟုတ်လား"

အဖြူသည် ကိုဦးရဲ့ ပခုံးများကို ကိုင်လှုပ်ပြီး "တစ်ခွန်းတည်း ပြောစမ်းပါ။ အဖြူ့ကို ဘာပဲဖြစ်ဖြစ် ချစ်တယ်လား။ အဖြူ့ကို အချစ်ဆုံးလား။ အဖြူ့အတွက် ဘာမဆိုလုပ်မယ်လား"ဟု တပူတပင် မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဦးက အလွယ်တကူ ရယ်မောလိုက်ကာ "ဒါပေါ့ အဖြူရဲ့" ဟုသာ ပြန်ပြောတော့လေ၏။

ထိုခဏ၌ အဖြူသည် အားရှိလာသည်။ စောစောက ငိုယိုတာ၊ ဝမ်းနည်းတာ၊ ကြေကွဲတာ၊ ကြောက်လန့်တာ။ ဟုတ်တယ်၊ ကြောက်လန့်တာတွေဟာ အလကား ရယ်စရာလို့ ထင်လာ၏။ ကလေးကျနေတာပဲဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင်လာ၏။ စိတ်တွင်း၌ ခွေထားသောကြိုးများ တစ်ပတ်ပြီးတစ်ပတ် လျော့ပြေသွားသလို ခံစားရပြန်၏။ ပြတင်းတွေ အကုန်လုံး ဖွင့်လိုက်ချင်စိတ် ပေါက်လာ၏။ လေအေးအေး သင်းသင်းပျံ့ပျံ့တွေ ဝင်လာအောင် ဖွင့်လိုက်ချင်၏။ သစ်ရွက်နံ့၊ မြက်နံ့ပင်လျှင် မွေးရှူချင်စိတ်ရှိလာ၏။ အဖြူသည် ကိုဦးလက်ကိုဆွဲကာ ပြတင်းပေါက်သို့ ခေါ်လာ၏။ စောစောက သူ စိတ်လုံချင်သဖြင့် အပြည့်ဆွဲဖြန့်ထားသော ခန်းဆီးလိုက်ကာစကို တစ်ချက်တည်း ဆွဲ၍ ပြတင်းပေါင်၌ တွန့်ကာ သိမ်းဆည်းထားလိုက်၏။ အေးမြသောလေသည် ဟောခနဲ ဝင်လာပြီး အဖြူ့ ဆံပင်များကို ကစားသွားသည်။

အပြင်၌ ကုန်ဆုံးလုညသည် မှောင်မိုက်မြဲရှိသော်လည်း ပျစ်ခဲနေသော ကြယ်များ ပို၍ ပြိုးပြက်ဝင်းလက်စေရုံသာ ဖြစ်သည်။ လကို ရှာမတွေ့။ လခြမ်းလား၊ လဝန်းလား၊ မခြမ်းမဝန်းဘဲ ပုံမပီသသော လခြမ်းပဲ့လားလို့တောင် မစဉ်းစားတတ်။ လ ထွက်ဦးမှာလား၊ ဝင်သွားပြီလား။ အဖြူသည် ကြယ်များကို ငေးမောရင်း အံ့ဩစိတ်အတိ ပြည့်လာသည်။ ဟောဒီ စကြဝဠာကြီးမှာ အဖြူနဲ့ ကိုဦးဟာ ဘယ်လောက်သေးငယ်လုပါလိမ့်၊ သမုဒ္ဒရာမှ ရေတစ်ပေါက်လောက်တောင်မှ မကြီးကျယ်ပါလိမ့်။ သို့ပေမယ့် တို့အတွက်တော့ ဘယ်လောက် အရေးကြီးလိုက်ပါလိမ့်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်တယ်ဆိုတာနဲ့တောင် မပြီးနိုင်သေးအောင် ပြဿနာ ပွားများရပါလိမ့်။

"အဖြူဟာ ဒဏ်ရာရထားသလိုပါပဲ"ဟု အဖြူ ဝန်ခံလိုက်၏။

"အမာရွတ်ဟာ အသားကောင်းထက် ထုံထိုင်းပါလျက်နဲ့ ထိခိုက်မိရင် အသားကောင်းထက် နာသလိုပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို အဖြူသိရင် ပြီးတာပါပဲ။ ပြီးတော့ ကိုဦးလည်း သိတာပဲ။ ဘာပူစရာရှိလို့လဲ"ဟု ကိုဦးက ဖျောင်းဖျသလို ပြောသည်။

"ဟုတ်ပါတယ်၊ အဖြူကလည်း မပူချင်ပါဘူး။ ပြီးတော့ ခုတလော အဖြူ တော်တော် စဉ်းစားတယ်။ ကိုဦး ပြောသလို လူ့ဘ၀မှာ ကြိုက်သလို နေခွင့်ရှိတယ်ဆိုတာ သိလာတော့ ဘာကိုကြိုက်သလဲ၊ ဘယ်လို နေချင်သလဲလို့ စဉ်းစားလာတယ်။ ငယ်ငယ်က စိတ်ကူးကတော့ မဖြစ်နိုင်တော့ဘူး။ မေမေလို ဘီအေအောင်၊ ကျောင်းဆရာမလုပ်ပြီး အင်းလျားဆောင်မှာ နေဖို့ကတော့ အခု ထလုပ်ရင်တော့ ရတာပေါ့လေ။ ဒါပေမဲ့ အဖြူ လိုချင်တုန်းရတဲ့၊ စုံမက်နိုင်သေးတဲ့ဟာ မဟုတ်တော့ဘူး။ ပြီးတော့..."

"ပြောပါဦး၊ ပြီးတော့...ဘာဖြစ်သလဲ"

အဖြူသည် မျက်လွှာချချင်စိတ် မရှိတော့ဘဲ ကိုဦးကို မျက်လုံးချင်းဆိုင်၍ ဝံ့ဝံ့စားစားပင်ကြည့်ကာ "အဖြူက ကိုဦးနဲ့ တွေ့ဆုံကြုံကြိုက်နေရပြီ မဟုတ်လား"ဟု ပြောလိုက်သည်။

ကိုဦးက ဟက်ဟက်ပက်ပက် ရယ်လိုက်၏။ "ကွာ...စာသံပေသံကလည်း ပါလိုက်တာ"ဟု ပြောသေး၏။ "အဲဒါ ပိုမကောင်းဘူးလား၊ မတွေ့ဆုံ မကြုံကြိုက်ချင်ဘူးလား"ဟု မေး၏။

"သိပ်ကြုံကြိုက်ချင်တာပေါ့"

"ကောင်းပြီ၊ အဖြူ တကယ် သေချာတဲ့အခါ ထပ်ပြောရဦးမယ်။ အဖြူ့အိမ်လည်း ပြန်နိုင်၊ အဖြူ့ ဖေဖေနဲ့လည်း တွေ့နိုင်ပြီး ကိုဦးကိုလည်း မေ့မသွားပြန်ဘူးဆိုတဲ့အခါမှာ အလွယ်ကလေးပဲ။ ကိုယ်တို့ လက်ထပ်နိုင်တဲ့ အခြေအနေ ရှိနေတာပဲ"

"ကြီးကြီးနဲ့ ဘကြီးတို့လိုပေါ့"

"ကြီးကြီးနဲ့ ဘကြီးတို့လိုပေါ့၊ ဘယ်လောက် အေးချမ်းလဲ။ အဲဒီ ရွာကလေးမှာ အိမ်ရှာကြတာပေါ့။ အဘိုးကြီး၊ အဘွားကြီးတွေဖြစ်တော့ သူတို့လို အိမ်နဲ့ရာနဲ့ ဖြစ်ရမှာပေါ့။ ကြီးကြီးလို မီးလင်းဖို ထည့်ဆောက်ချင် ဆောက်တာပေါ့။ ပြီးတော့ ဒီထက်ကြီးတဲ့အိမ် လိုချင်လိုနေမှာ အဖြူရဲ့။ သားတွေ၊ သမီးတွေ ဖြစ်လာဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် ခုတစ်ခါတော့ ကိုဦးကို ဝံ့ဝံ့စားစား မကြည့်ရဲတော့ဘဲ အပြာရောင် ဖျော့နုလာသော ကောင်းကင်ကိုကြည့်ကာ "မိုးလင်းတော့မယ် နော်"ဟုသာ ညည်းလိုက်လေ၏။

အဖြူသည် ဆေးရုံခန်းသို့ ပြန်ဖို့ သတိရသော်လည်း မပြန် ချင်သေး။ ပြီးတော့ ဘာတစ်ခုကိုမျှ မစဉ်းစားတော့ဘဲ ဟောသည် ကိုဦးရဲ့ အစိုးရပေးသော အိမ်ခန်းမှာပဲ တစ်ခါတည်း နေလိုက်ရရင် ကောင်းမှာပဲဟု တွေး၏။ အမှန်တရားမှ ထွက်ပြေးနေတာတို့၊ နောက်ပြန်လှည့်ပြီး တည့် တည့် ရင်ဆိုင်ရမှာတို့ကို စွန့်ပစ်လိုက်ရမလားဟု စဉ်းစား၏။ ခုရရှိခဲ့သော စိတ်အေးချမ်းသာခြင်းကို ဘာသံသယဖြစ်စရာလိုသလဲ။ ဘယ်ဟာကကော ဒါလောက် အရေးကြီးဦးမှာလဲ။ ဘာကြောင့် အချိန်ရွှေ့နေမှာလဲ။ ပြီးတော့ လည်း ဒါဟာ ကိုဦးနဲ့ အဖြူတို့ နှစ်ယောက်နဲ့သာ သက်ဆိုင်သော၊ ဘယ်သူ နဲ့မှ မပတ်သက်သောကိစ္စ ဖြစ်သည်။

ကိုဦးကမူ "အဖြူ တစ်ညလုံး မအိပ်ရသေးဘူး။ ကိုဦး မှားသွား တယ်။ ခု တစ်ရေးအိပ်လိုက်ပါဦးလား။ ကိုဦး ဆေးရုံဘက် သွားနေလိုက် မယ်လေ။ ဒါမှမဟုတ် စောင့်နေရမလား။ ယုံရဲ့လား။ ကိုဦးက နောက် တစ်ခါ သိပ်သစ္စာရှိနိုင်တော့မှာ မဟုတ်ဘူးနော်" သူ့မျက်လုံးများ လက်နေ ပြန်ပြီ။ အဖြူသည် ရယ်မောလိုက်ကာ "တော်ပါ၊ သိပ်ဆိုးတာပဲ"ဟု ပြောလိုက်၏။ "အဖြူ မအိပ်ချင်ပါဘူး။ ကိုဦးနဲ့ တစ်ညလုံး ခုလို တစ်ခါမှ မနေရသေးဘူး။ ဘယ်လောက် ပျော်စရာကောင်းလဲ။ အချိန် ကုန်လို့တောင် ကုန်မှန်းမသိဘူး။ ဒါထက် အေလင်း အိမ်ပြန်ရောက် ရောပေါ့နော်။ အဖြူ တော့ သူ့လို မနေချင်ပါဘူး။ လူများများနဲ့ မတွေ့ချင်ပါဘူး။ အေးအေးပဲ နေချင်ပါတယ်"

"လူအမျိုးမျိုးပေါ့ အဖြူရယ်၊ ကိုဦးက သူ့ကို မချုပ်ချယ်ချင်ဘူး လေ။ သူလည်း အရွယ်ရောက်ပြီပဲ"

"သူ တစ်ခုခု မဟုတ်တာဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"တတ်နိုင်သမျှ စောင့်ရှောက်ရုံပဲ အဖြူရယ်။ ရောဂါလိုပဲ ကာကွယ် တာရယ်၊ ကုသတာရယ်၊ သက်သာစေရုံရယ်၊ အသေ ညင်သာစေရုံရယ်

www.burmeseclassic.com

www.burmeseclassic.com



ကြုံသလို လုပ်ရတာပဲ။ လူတစ်ယောက်ကိုတစ်ယောက် ပိုင်မှမပိုင်တာ”

“အေးလေ”ဟုသာ အဖြူ ပြောမိပြီး “ကိုဦးက တစ်နေ့လုံး အလုပ်လုပ်ရဦးမှာနော်။ ပင်ပန်းနေမှာပေါ့။ ခုထိ မအိပ်ရသေးတော့” ဟု ပူပင်လာသည်။

“လူနာက ဆရာဝန်ကို ပူနေပြန်ပြီ”

“လူနာလို့ မခေါ်ပါနဲ့”

“ကောင်းပါပြီဗျာ”ဟု ကိုဦးက ကျေနပ်နေသည်။

အဖြူ သတိရလာပြန်၏။ “ကိုဦး ကော်ဖီသောက်မလား၊ အဖြူ ဖျော်လိုက်မယ်”

“ဖျော်တတ်လို့လား”

“နေဦး၊ တစ်နေ့မှ ထမင်း ဟင်း ကောင်းကောင်းချက်ကျွေး ပြဦးမယ်”ဟု အဖြူက ကြိမ်းဝါးလိုက်ကာ ကော်ဖီဖျော်ဖို့ ပြင်လေ၏။

သို့သော် သိပ်ဆိုးပြန်တဲ့ ကိုဦးသည် အဖြူကို ပြတင်းပေါက်က မခွာစေဘဲ မျက်လွှာကျလာသော၊ ပူရှိန်းလာသော အဖြူ့မျက်နှာ၌ တုန်ယင်သော၊ ပွင့်ဟသော နှုတ်ခမ်းများကို ရှာဖွေပြန်လေ၏။

●

www.burmeseclassic.com

www.burmeseclassic.com



အဖြူနှင့် ကိုဦးတို့ ဆေးရုံသို့ ၇ နာရီခွဲမှာ ကူးလာခဲ့ကြ၏။ ပြုံးစနဲ့နဲ့ဖြင့် ဆီးကြိုသော မငွေခင်ကို ရှက်လည်းရှက်၊ မကျေလည်း မကျေနပ်နိုင်ဘဲ ကြည့်မိ၏။ အန်တီခင် ဘယ်လိုများ ထင်သလဲ မသိ။ ကိုဦးပင် မလုံမလဲ မျက်နှာ ဖြစ်နေသည်။ လူနာများရှိရာသို့ မြန်မြန်ပင် ထွက်သွားသည်။

"ကိတ်မုန့် ဘယ်တော့ စားရမှာလဲ"ဟု အန်တီခင်က မေးသည်။ "စားရမှာပေါ့။ ရေခဲမုန့်ရော၊ ဆန်မန်းပေါက်ပေါက်ရော၊ ရွှေမှူးစေ့ မတ်စေ့ ရော"ဟု အဖြူက ခပ်တည်တည် ခပ်တင်းတင်း ဖြေလိုက်ပြီးမှ ရယ်မောလိုက်သည်။

"မြန်မြန် စားချင်လှပြီ"

"တော်ပါ၊ အန်တီခင်ကလည်း အဖြူ တစ်ရေးမှ မအိပ်ရသေးဘူး။ နေရောင်ထွက်လာတော့ မျက်စိကျိန်းလိုက်တာ။ ပါးစပ်ကလည်း ခါးနေတာပဲ။ ခုပဲ နို့တွေသောက်လာတော့ သံပရာရည်သောက်လို့ ကောင်းပါ့မလား။ နေ့လယ် မအိပ်တတ်တော့ နုန်းပြီး ငိုက်ရုံ ငိုက်နေမှာနော်"

မငွေခင်သည် အားရပါးရ ရယ်သည်။ ရယ်လို့မဆုံးနိုင်အောင်ပင် ရယ်သည်။ အဖြူ့မှာ ခံရခက်သလိုလိုရှိပြီး ဘာလုပ်ရမှန်း မသိတော့ချေ။ "အန်တီခင်ကလည်း ဘာဖြစ်တာလဲ"ဟု မေးလိုက်သံမှာ အန်တီခင့် ရယ်သံ ကို မလွှမ်းမိုးနိုင်ချေ။

"အဖြူက သိပ်ရိုးတာပဲ"ဟု အန်တီခင်က ပြော၏။ "အဖြူ ပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားတွေက ကြောက်စရာကြီး”

“ဘာဖြစ်လို့လဲ”

“စဉ်းစားကြည့်လေ”

“မစဉ်းစားတတ်ပါဘူး၊ ဘာဖြစ်လို့လဲ”

“တော်ပါပြီ”ဟု အန်တီခင်က ပြောပြီး ပန်းခင်းဘက်သို့ ပန်းအခူး ထွက်သွားသည်။

ငယ်ငယ်ကသာဆိုရင် နည်းနည်းမှ ကျေနပ်မှာ မဟုတ်ဘူး။ ဒါမှ မဟုတ် မမာနေတုန်းက ဆိုရင်လို့ ပြောရမလား။ ခုတော့ ဂရုမစိုက် နေတတ်ပြီ။ ကိုယ်တစ်ယောက်တည်းနှင့် ပြည့်စုံလုံလောက်စွာနေတတ်သည့် အချိန် ရှိလာပြီ။ ဟုတ်ကော ဟုတ်ရဲ့လား။ အနည်းဆုံး ကိုဦးကို အားကိုးတဲ့ စိတ်ကင်းပြီး တစ်ခဏ နေနိုင်ပါ့မလား။ သည်ကမ္ဘာပေါ်ရှိ အများသော လူတွေသည်၊ တစ်ယောက်တည်းစီ မွေးဖွားလာသော လူတွေသည် အများအားဖြင့် ကိုယ်တစ်ယောက်တည်းနှင့် ပြည့်စုံလုံလောက်တဲ့ အချိန်က ပိုများသလား။ တွယ်တာအားကိုးခြင်းနှင့် နေကြသလား။ ကိုဦးကော ဘယ်လို နေသလဲ။

အဖြူသည် အဝတ်အစားမလဲဘဲ အိပ်ရာထဲ လှဲမိ၏။ ခေါင်းအုံးနှင့် ဆံထုံးလည်း လွတ်နေသည်မို့ နေလို့ရသော်လည်း တဖြည်းဖြည်းချင်း စမ်းကာ ဆံညှပ်များကို ထုတ်ယူနေမိ၏။ ညက ကိုဦးရဲ့ အိမ်ခန်းမှာ မဖြေလျော့ခဲ့သော ဆံထုံးပင်။ အဖြူ့ဆံပင်များကို နက်မှောင်သော်လည်း နူးသည်၊ ပိုးမျှင်လို သွယ်ပျောင်းသည်လို့ ကိုဦးက ပြောဖူး၏။ တစ်ခဏအတွင်း အဖြူသည် အိပ်ပျော်သွားကာ စောစောက စိတ်ကူးမှ အိပ်မက်အဖြစ် ပြောင်းသွား၏။ ကိုဦးက အဖြူ့ရဲ့ဆံပင်များကို ဆုပ်ကိုင်၍ မျက်နှာဖြင့်အပ်ရင်း “အဖြူက ရေသူမကလေးပဲ၊ အရိုင်းမကလေးပဲ၊ အရိုးခံမလေးပဲ”ဟု ပြောနေ၏။ သည်လို အပြောခံရသည်ကို အဖြူ မကြိုက်ချေ။ သို့သော် ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်သောအခါ အကြေးခွံနှင့် ငါးအမြီးကို မြင်လိုက်၏။ ထိတ်လန့်ခြင်းလည်း မရှိ။ အဖြူသည် ကိုယ်ကို လွန့်လိုက်ပြီး အကြေးခွံနှင့် အကြေးရှိသော အရေခွံကို ခါချွတ်ပစ်လိုက်၏။ မကျွတ်ဘဲ အနားရှည်သော

www.burmeseclassic.com

www.burmeseclassic.com



ထဘီဖြစ်သွား၏။ ပြီးတော့ အဖြူသည် ထိုင်မသိမ်းအင်္ကျီနှင့်၊ ဘီးဆံထုံးနှင့် သတို့သမီး ဖြစ်နေသည်။ ခြေထောက်များကိုမူ လှုပ်လို့မရချေ။ ထဘီတုပ် နေသည် ထင်ပါရဲ့။

ဖျတ်ခနဲ လန့်နိုးလာသော် အဖြူ့ ခြေထောက်များသည် ခုတင် အောက်သို့ တွဲလဲကျနေပြီး ထုံကျဉ်နေသည်။ ခုတင်ပေါ် ဆွဲတင်လို့တောင် မရ။ ထထိုင်ပြီး လက်နှင့် မပြီးဆွဲတင်ရ၏။ အခံရခက်အောင် ကျဉ်လှ ၏။ နိုပ်နယ်နေရ၏။

ပြီးတော့ နေ့လယ် အိပ်မပျော်စဖူး ပျော်သည်ကို သတိရမိ၏။ ဟိုးတုန်းက ညပေါင်းများစွာ ဆက်တိုက် အိပ်မပျော်သည်များကို သတိ ရ၏။ ကြောက်ဖို့ကောင်းသော၊ အားငယ်ရသော၊ ရှူးချင်သော၊ ဆောက် တည်ရာမရသော ညများ။

"တစ်ညလယ်၌

ဆောက်တည်မရ၊ စိတ်နွမ်းလျလှ"ဟု ရှေ့ဆက်၍ မမှတ်မိတော့ သော ကဗျာတစ်ပုဒ်ကို စိတ်ထဲမှ ရွတ်မိပြန်၏။ သို့သော် အိပ်ချင်မူးတူးသာ ဖြစ်တာ တစ်ခုရှိပြီး အဖြူ့စိတ်သည် ပေါ့ပါးနေသည်။ ခု ပြန်အိပ်လိုက်လျှင် အိပ်ပျော်ဦးမှာ အမှန်ပဲ။ အပြင်မှ လေဖြေ့၍ သစ်ရွက်များ၊ စကားများနေ ကြသံ ကြားရသည်။ အဖြူနဲ့ ကိုဦးအကြောင်း အတင်းပြောကြသလား မသိ။ တကယ်တော့ သူတို့ရဲ့ကိစ္စမဟုတ်ပါဘူး။ အဖြူနဲ့ ကိုဦးသာ သက် ဆိုင်တဲ့ကိစ္စပါ။

ထို့နောက် အဖြူသည် အိပ်ရာထဲ ပြန်လှဲမိသည်ကိုပင် မသိလိုက်ဘဲ လွယ်ကူစွာပင် အိပ်ပျော်သွားပြန်ပြီး အိပ်မက်များစွာ မရေမရာတွေ မက်၏။ ရယ်စရာတွေ၊ မဖြစ်နိုင်တာတွေ ပါနေသည်။ အိပ်မက်မှန်းလည်း သိနေ သည်။ အိပ်မက်တို့သည် ပင့်ကူမျှင်လိုပင် အဖြူ့မျက်နှာနှင့် ပခုံးများကို လာ၍ ရစ်သိုင်းစွဲငြိကြ၏။ ထိတွေ့တာကို ခံစားရသော်လည်း မြင်တော့ မြင်ရသည်မဟုတ်။ အမျှင်တွေလို့ပဲ ထင်မိ၏။ လက်များဖြင့် ဖယ်ရှားပြီး လက်မှာ ငြိနေသည်ကို မမြင်ဘဲကြည့်ကာ ရယ်ချင်နေပြန်သည်။

အိပ်မက်ထဲမှာ ကိုဦးက ပြော၏။ "မက်ပဲ မက်နိုင်လွန်းတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ အဖြူကလည်း အိပ်မက်မမက်တဲ့ညများ မရှိတော့ဘူးလား"

"ဟင့်အင်း…တစ်ခါမှ အိပ်မက်မမက်ဘဲ မနေဖူးဘူး။ ပြီးတော့ အိပ်မက်တွေကလည်း အဖြူအမည်း မဟုတ်ဘူး။ ရောင်စုံရုပ်ရှင်ကားလိုပဲ။ အရောင်တွေ စုံနေတာပဲ။ မမြင်ဖူးတဲ့လူတွေ၊ မရောက်ဖူးတဲ့ နေရာတွေ၊ မကြားဖူးတဲ့ သီချင်းသံတွေ ပါတတ်တယ်။ တစ်ခါမှ မဖတ်ဖူးတဲ့ ဝတ္ထု တောင် အစအဆုံး ဖတ်လိုက်သေးတယ်။ ပျော်စရာ အိပ်မက်ကို ကြိုးစားမက် တတ်တယ်"

အဖြူ လန့်နိုးလာပြန်လျှင် ကိုဦးသည် ခုတင်ဘေးမှာ ခါတိုင်း လိုပင် ကြိမ်ကုလားထိုင်ပုကလေး၌ထိုင်ကာ အဖြူ့လက်များကို ကိုင်လျက် ရှိသည်။ အဖြူသည် မေ့ပြီး ဗလုံးဗထွေး မပီမသ ဆက်ပြောမိ၏။ "အဖြူက အိပ်မက်မက်ရတာလည်း ကြိုက်လို့ထင်ပါရဲ့နော်။ အိပ်မက်တွေကို မှတ် လည်း သိပ်မှတ်မိတာပဲ။ အဲဒါ ရောဂါတော့ မဟုတ်နိုင်ဘူး၊ ရောဂါလား"

ကိုဦးက ရယ်မောကာ "ဘာတွေ ယောင်နေတာလဲ"

အဖြူက ခုမှ ကြည်လင်လာပြီး "ခါတိုင်းလိုပါပဲ"ဟု ပြောမိ၏။

"ဘယ်လို ခါတိုင်းလိုလဲ"

"အိပ်မက်ထဲမှာ ကိုဦးနဲ့ စကားပြောနေတာပေါ့"

အဖြူသည် ရှက်သွားပြီး ဆံပင်များ ပြေနေသည်ကို သတိ တရရ ဖြစ်နေပြန်သည်။ ညက အတူနေခဲ့ကြသည်ကို သတိရပြန်သည်။ ပြီးတော့ စိတ်ကို တင်းလိုက်ပြီး "အဖြူ ညက သိပ်ဆိုးတာပဲလား"ဟု မေးလိုက်မိ၏။

"မဆိုးပါဘူး။ အပမှီလာတာ တစ်ခုပဲ။ ကိုဦးက ဘုရားစာ တော်တော် ရွတ်ယူရတယ်"

"တော်ပါ၊ ပြောရက်လိုက်တာ"

"မတော်နိုင်ပါဘူးဗျာ၊ ကိုဦး သိပ်ပျော်တာပဲ။ အဖြူကော မပျော် ဘူးလား"

"အိပ်တော့ ပျော်တာပဲ၊ နေ့လယ်ကြောင်တောင်"ဟု အဖြူက နောက်ပြောင် ရယ်မောလိုက်၏။ "ကိုဦးကော ဘယ်အိပ်ရဦးမလဲနော်။ အိပ်မငိုက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com


"ငိုက်တယ်။ ဒီနေ့ အလုပ်ကလည်း များလိုက်တာ အဖြူရယ်။ လူနာတစ်ယောက် သူ့လက်သူ ပြန်ကိုက်လို့ တော်တော်ဒဏ်ရာများသား။ အရင်တစ်ခါလည်း သူပဲ ခေါင်းနဲ့နံရံနဲ့ တိုက်လို့ ကွဲသွားသေးတယ်။ သူက နာတာကို ကြိုက်တယ်တဲ့။ သူများနဲ့အတူ ထားတဲ့အခါဆိုရင် ခေါင်းထိုးပေးပြီး ရိုက်ချည်းခိုင်းတာပဲ။ သူ့တစ်ကိုယ်လုံးလည်း အနာရွတ်တွေချည်းပဲ"

ကိုဦးက စကားရပ်လိုက်ပြီး အဖြူ့ကို အကဲခတ်နေသည်။

အဖြူက အေးဆေးစွာပင် "သနားပါတယ်နော်"

"လူနာက အစကတော့ ပတ္တလားဆရာတဲ့။ သူ့ရာဇဝင်ကိုလည်း တိတိကျကျ မရဘူး။ သူ့မိန်းမ သေသွားပြီး သားပျို၊ သမီးပျိုကလေးတွေ ပျက်စီးလေလွင့်သွားတယ် ပြောတာပဲ။ နဂိုကလည်း ကစော်မူးပြီး နံရံနဲ့ ခေါင်းနဲ့ တိုက်တတ်တယ် ပြောတာပဲ။ ခု တစ်ခါတလေ စိတ်ရရင် ပါးစပ်က တီးကွက်တွေ ဆိုလို့ဝပြီဆိုရင် သားတွေ၊ သမီးတွေရဲ့နာမည် ခေါ်နေတတ်တယ်"

အဖြူသည် သူ့ဘာသာ မသိဘဲ မျက်ရည်လည်လာသည်။ ပူပန်ခြင်း မရှိသော၊ စိမ့်စမ်းလို စီးဆင်းသော မျက်ရည်များပင်။ ပြီးတော့ ပထမဆုံးအကြိမ်ပင် ကိုယ့်ကိုယ်ကိုယ်သာ သနားနေမိပါကလားဟု သတိရလာ၏။ ကိုယ့်ကိုယ်ထက် သနားစရာ အဖြစ်များစွာ ရှိပါကလားဟု တွေးမြင်လာ၏။ သို့ပေမယ့် ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်လိုက်၏။ စိတ်အေးချမ်းသွားပြီး ကိုယ့်ကိုယ်ထက် သူတစ်ပါးကို စိတ်ဝင်စားချင်လာ၏။ စိတ်ထဲမှာလည်း နေလို့ထိုင်လို့ ကောင်း၏။ ပြီးရောပေါ့။

"အဖြူ နာ့စ်လုပ်ရရင် ကောင်းမှာပဲနော်။ ဒါပေမဲ့ ဝါသနာပါတာတော့လည်း မဟုတ်ဘူး။ ကိုဦးရဲ့ လူနာတွေကို တတ်နိုင်သမျှတော့ ကူညီချင်တယ်။ ကိုဦးနဲ့ အဖော်လည်း ဖြစ်ချင်တယ်"

"လုပ်ချင်ရင် အများကြီးရှိတာပေါ့ အဖြူရဲ့။ ဆေးရုံပျော်ပွဲရွှင်ပွဲ လုပ်တဲ့အခါ မုန့်ရောင်းတာတို့၊ ပန်းရောင်းတာတို့၊ ပစ္စည်းပစ္စယ ရောင်းတာတို့၊ ရန်ပုံငွေရှာတာ အဖြူ လုပ်နိုင်တာပေါ့။ အနောက်နိုင်ငံမှာတော့ ကတော်တွေ လုပ်လေ့ရှိတာပေါ့။ အဖြူလည်း ဆရာဝန်ကတော်ဖြစ်တော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ"

"မဟုတ်ဘူးလား၊ ခု အဖြူ တစ်နေ့တစ်နေ့ ပျင်းနေတယ်ဆို။ သိုးမွေးထိုးတာ၊ အကျီချုပ်တာ၊ စက္ကူပန်းလုပ်တာတွေ သင်ပါလား"

အဖြူသည် စိတ်တက်ကြွလာပြီး "ဟုတ်ပါရဲ့၊ အဖြူ ဘာမှ မတတ်ဘူး။ ကြည့်စမ်း၊ ထမင်းဟင်းတောင် ဒေါ်ကြီးသင်ပေးလို့ ချက်တတ်တယ်။ ပြီးတော့ အိမ်ပြင်တတ်တယ်၊ ပန်းအိုးလှလှ ထိုးတတ်တယ်၊ ဒါပဲ။ ဘယ်မှာ သင်ရမှာလဲ"

"မငွေခင်လည်း တတ်တယ်။ ကြီးကြီးလည်း တတ်တယ်။ မမှတ်မိဘူးလား။ အဖြူ့ဖို့ ခုံဖိနပ်ချောချောကလေးမှာ သဲကြိုးမှာ ရွှေကြယ် မထိုးပေးရလို့ ကြီးကြီး တဖျစ်တောက်တောက် ပြောနေတာလေ။ တစ်နှစ်တစ်နှစ် ပျော်ပွဲရွှင်ပွဲလုပ်တိုင်း ကြီးကြီးဆီက ပစ္စည်းတွေ အများကြီး ရတာပဲ။ ကလေးဝတ် ဝတ်စုံကလေးတွေ၊ လက်ကိုင်ပဝါတွေ။ ကြီးကြီးက နှစ်ချောင်းထိုးတို့၊ တစ်ချောင်းထိုးတို့ သိပ်တတ်တယ်။ နှစ်ယောက်အိပ် ခြုံစောင်တောင် သိုးမွေးနဲ့ထိုးတာ"

အဖြူသည် ကြီးကြီးတို့ဆီ စိတ်ရှိသလောက် မရောက်သည်ကို နောင်တရ၏။ ဒါပေမဲ့ ကိုဦး စီစဉ်ချက်အရ အဖြူသည် လွတ်လပ်ပျော်ရွှင်စွာ နေရာအနှံ့ သွားလာနေခဲ့တာသာ ဖြစ်သည်။ ပျော်ရွှင်သော ဘဝသစ်ကို နေထိုင်ကြည့်နေတာသာ ဖြစ်သည်။ ငယ်ရွယ်စဉ်က လွတ်လပ်ခဲ့သော၊ ဘဝ၏ လစ်ဟာခဲ့သော အကွက်များကို ဖြည့်တင်းနေရတာသာ ဖြစ်သည်။ အဖြူ့ရောဂါကို ပထမ အရေးထား၍ ကုသနေခဲ့ခြင်းသာ ဖြစ်သည်။

"ကိုဦးကို သိပ်ကျေးဇူးတင်တာပဲ"ဟု ပြောလိုက်ကာ အဖြူသည် မျက်စိစုံမှိတ်လိုက်၏။ ပြီးတော့ ညက ကိုဦးရဲ့ နူတ်ခမ်းအနမ်းအောက်မှာ တုန်းကလို တုန်လှုပ်ခြင်းအပြည့်ဖြင့် ခေါင်းကို အသာယမ်းခါမိ၏။

"အဖြူ"

"အဖြူ ဘာမှမဖြစ်ပါဘူး၊ စိတ်ချမ်းသာတာကို သတိရတာပါ။ အတွင်းကို ပြန်ကြည့်တာပါ"

လေးလံသော ကြိုးခွေများသည် အလွန်လျင်မြန်စွာ ဆန့်တန်း

www.burmeseclassic.com

www.burmeseclassic.com



လျှော့ပြေကုန်ပြီး ပင်လယ်ထဲသို့ ကျမြုပ်ပျောက်ကွယ်သွားကြသည်လို့ ထင်၏။ ကြိုးခွေရစ်သော ငုတ်သည်ပင် ကြိုးခွေနောက်ပါသွားပြီး ရင်ထဲမှာ ကြည်စင်အေးချမ်းခြင်းသာ ကျန်လေ၏။ ပင်လယ်ရေပြင်၌ ဂယက်ဝိုင်းများပင် တဖြည်းဖြည်း ငြိမ်သက်သွားလေပြီ။

"ဘာမြင်ရလဲ"ဟု ကိုဦးက မေး၏။

အဖြူသည် မျက်စိများကို ဖွင့်လိုက်ကာ ပြုံး၍ "ကိုဦးက သိပ်ကောင်းတဲ့ မိတ်ဆွေပဲ၊ အဖြူ့ကို ဘုရားမတာပဲ။ ဒီည ဘုရားသွားရအောင်၊ နှင်းဆီတွေ သွားလှူရအောင်။ အဖြူရောင်ချည်း ဝယ်ချင်တယ်"

●

www.burmeseclassic.com

www.burmeseclassic.com



ထိုည ဘုရားသို့ ပန်းလှူသွားကြသည်ကိုတော့ အဖြူ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ဘူး ထင်သည်။ ဆောင်းကုန်လုမှာ တိုး၍ အေးလာသော ညလည်း ဖြစ်သည်။ မှေးမှိန်သော လမျှင်ခြမ်းကို ကြယ်များက ပြိုင်နိုင်သော ညလည်းဖြစ်သည်။ ညနေခင်းက တောင်ဘက်ရှာ နှင်းဆီခြံမှ အန်တီခင်သွားဝယ်လာသော နှင်းဆီဖြူများကို အဖြူသည် ကျောက်ပန်းခက်များနှင့် လှအောင်ပြင်ခဲ့သည်။ လကြေးစက္ကူနှင့်ပတ်၍ ဆေးရုံမှ ရေခဲသေတ္တာထဲ ထည့်ထားသဖြင့် ဖူးငုံရာမှ ပွင့်အာမလာနိုင်သေးသော အိပ်ပျော်နေသည့် နှင်းဆီဖြူများပင်။ သွားကြခါနီးမှ အဖြူက စိတ်ကူးရပြန်၏။

"ကိုဦးပေးထားတဲ့ ယွန်းပန်းအိုးထဲစိုက်ပြီး လှူလိုက်ချင်တယ်။ ကိုဦး ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်၊ အဖြူ့ သဘောပေါ့"

"အဖြူ့ ပန်းတွေနဲ့ ကိုဦးရဲ့ ပန်းအိုးနဲ့ပေါ့"

"အဖြူက ကဗျာဆရာမပဲ"

"အနက်ပေါ်မှာ မှန်စီရွှေချ ယွန်းပန်းအိုးလေးလေ။ သိပ်လှတဲ့ ဟာလေးလေ၊ အလှဆုံးပဲ။ အဖြူ အကြိုက်ဆုံးပဲ"

"ရပါတယ် အဖြူရဲ့။ အဖြူ့ကို ပေးလိုက်ပြီးကတည်းက အဖြူ့ ပစ္စည်းပဲ။ အဖြူ့ သဘောပါ"

ပြီးတော့ ထိုပန်းအိုးကလေးကို တစ်ခါမျှ သုံးရသေးသည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်း သိမ်းထားခဲ့သည်။ တစ်ခါတုန်းကတော့ ဖုန်ထုတက်ခဲ့ဖူးသည်ပေါ့၊ မတတ်နိုင်ပါ။ ယခုတော့ ပြောင်လက်၍ ကျစ်လျစ်နက်ကျောသော၊ လက်ရာသပ်ရပ်သော၊ ဘုရားတောင် လှူထိုက်သော ကိုဦးရဲ့ လက်ဆောင်ပေါ့။

သူတို့ ဘုရားသို့လာကြသော လမ်းတစ်လျှောက်လုံး အဖြူသည် စကားမပြောဘဲ ငြိမ်ပြီးလိုက်လာသည်။ ကိုဦးကတော့ နည်းနည်းမောနေပြီလား မသိ။ သူ့ခမျာ ကောင်းစွာ အိပ်ရသေးတာလည်း မဟုတ်။ အဖြူရေမိုးချိုး၊ အလှပြင်နေတုန်း သူ့ရုံးခန်းထဲရှိ လူနာစမ်းသည့် မလှုပ်သာသောခုတင်ကျဉ်းကျဉ်းမာမာပေါ်မှာတော့ တစ်ရေးမှိတ်ခဲ့သည်။ အဖြူ အလှပြင်ပြီးသွားကြဖို့ အသင့်ရှိသော် ကိုဦး အိပ်ပျော်ဆဲပင်။ ဂျူတီကုတ် ဝတ်လျက်သားပင် အိပ်ပျော်နေသည်။ ဖုန်ပေသော ရှူးဖိနပ်ဦးများ ပွန်းနေသည်ကို မြင်၏။ ဖြေလျော့နေသော လည်စည်း ကြေကျိုးနေသည်ကို မြင်၏။ လက်ကိုင်ပဝါလည်း ညစ်သွားပြီ။ ရှပ်ကော်လာနှင့် လက်ဖျားများလည်း ညစ်သွားပြီ။ ပြီးတော့ ပိန်သွားလိုက်တာ မျက်တွင်းတွေ ကျလို့ကွယ်။ ကိုဦးကို အဖြူက တစ်လှည့် ပြုစုယုယရဦးမှာပါကလားဟု တွေးမြင်မိ၏။ အလုပ်ပင်ပန်းတဲ့ ကိုဦး။ ထမင်းချိုင့် မှာစားနေတဲ့ ကိုဦး။ အိမ်ရာမတည်တံ့တဲ့ ကိုဦးကို အဖြူက ကြည့်ရှုရဦးမည်။

မနှိုးရက်ဘဲ ဘေးမှ စောင့်နေသည်နှင့် မိုးချုပ်သွား၏။ ဆေးရုံဘက်မှ လူနာများကို ထမင်းကျွေးချိန်မှာ ဆူညံမြဲ အသံဗလံများ ကြားလာရပြန်သည်။ ထမင်းအိုး၊ ဟင်းချိုင့်များတင်သော လက်တွန်းလှည်း တကျိန်းကျိန်း လိမ့်လာသံ၊ ကုလားအလုပ်သမားများ စကားအော်ပြောသံ။ နားငြီးလာသည်။ ငြီးငွေ့လာသည်။ ဆေးရုံဟာ အဖြူ့အိမ် မဟုတ်ဘူးဟု ဖျတ်ခနဲတွေးမိလာသည်။ အဖြူ့အိမ်ကို သတ်သတ်ဆောက်တည်ရဦးမည်။ ကိုဦးနှင့်အတူ ဆောက်တည်ရမည်။

စားပွဲပေါ်မှ နာရီနှိုးစက် မြည်လိုက်လျှင် သူ နိုးလာပြီး ထထိုင်သည်။ အဖြူက နှိုးစက်ပေးပိတ်လို့ မမီတော့ချေ။ "အိပ်ရေး ဝပါပြီ အဖြူရဲ့" ဟု ပြောသေး၏။ ရုံးခန်းထဲက မျက်နှာသစ်ခွက်၌ မျက်နှာသစ်၍ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



မဖြီးသင်ဘဲ ထွက်လာ၏။ ဂျူတီကုတ်ချွတ်ဖို့ မေ့နေသည်ကို သတိပေးရ၏။ လည်စည်းကို ဖြုတ်ပစ်ခဲ့ပြီး "အဖြူက တော်တော်လှသားပဲ"ဟု လှမ်းပြော သေးသည်။

"တော်ပါပြီ၊ ဒါတွေ မလိုတော့ပါဘူး"

ပြီးတော့ အဖြူ ပွေ့ယူလာသော ပန်းများကို ငုံ့ပြီးနမ်းမည် ပြုသည်နှင့် ရှောင်လိုက်ရ၏။ ဘုရားလှူဖို့ကို မနမ်းကောင်းတာ မသိ ဘူးလား။ ဆိုးတဲ့ ကိုဦးပဲလို့ ပြောတော့ ဘာမျှပြန်မပြောဘဲ ပြုံးနေသည်။ အဖြူသည် ပန်းများကို ခဏချပြီး သူ့ဆံပင် ပွယောင်းနေသော ခေါင်းကို ရင်ခွင်ထဲထည့်၍ ပွေ့ထားချင်စိတ် ပေါက်လာသည်။ သို့ပေမယ့် သူတို့ ကားဆီလာခဲ့ကြ၏။

သူတို့ ဘုရားသို့လာကြသော လမ်းတစ်လျှောက်လုံး အဖြူသည် စကားမပြောဘဲ ငြိမ်ပြီးလိုက်လာသည်။ ကိုဦးကတော့ နည်းနည်းပန်းနေ သလား မသိ။

ဘုရားပေါ်ရောက်၍ ယွန်းပန်းအိုးမှာ နှင်းဆီပန်းဖြူများဝေအောင် ပြင်သည်အထိ စကားမပြောမိကြသေး။ အဖြူသည် ပတ်လည်အလေး ညီ၍ လှနေသော ပန်းအိုးကို ရှေ့မှာချ၍ လက်အုပ်ချီကာ ဘုရားရှိခိုး၏။ မေ့နေသော ဘုရားရှိခိုးများ ပြန်လာ၏။ စိတ်ချမ်းသာရပါလို၏ဟု ဆုတောင်း၏။ ကိုဦးနှင့် မကွေကွင်းရပါလို၏ဟု ဆုတောင်း၏။ မိဘကို မြတ်နိုးနိုင်ရပါလို၏ဟု ဆုတောင်း၏။ ထို့နောက် စိမ့်စမ်းလိုပင် စီးဆင်း ကျလာသော မျက်ရည်များကိုမသုတ်ဘဲ ပန်းအိုးကို ကိုဦးသို့ ပေးလိုက် ၏။ ကိုဦးက စေတီတော်၏ အောက်ဆုံးထစ်၌ တင်ခဲ့သည်။

ထိုညကိုတော့ အဖြူ ဘယ်တော့မှ မေ့နိုင်မယ် မဟုတ်ဘူး ထင်သည်။ သူတို့ ဘယ်နှပတ် ပတ်မိသည်မသိ။ ညောင်းတော့ နီးရာ တန်ဆောင်းဇရပ်၌ ထိုင်ကြ၏။ တစ်ချိန်လုံး အဖြူကချည်း စကားပြော နေ၏။ ဩဇာကြီးမားချင်၍ အရိုအသေကြိုက်သော ဖေဖေ့ကို ငယ်ငယ် ကတည်းက ချစ်ရကောင်းသည်လို့ မအောက်မေ့ခဲ့တာတွေ ပြော၏။ တစ်နေ့အတွက် လုပ်ကိုင်စရာကို နာရီဇယား ချပေးသော ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းတိုင်း အပြစ်ပေးလေ့ရှိသော ဖေဖေ။ ကိုယ့်ဘာသာ စဉ်းစားခွင့် မပေးသော၊ ပြန်လှန်ငြင်းခုံခွင့်မပေးသော၊ စိတ်တိုင်းမကျလျှင် ဒေါသဖြစ်တတ်သော၊ တစ်ပါးသူ အပြစ်ကို မြင်တတ်သော ဖေဖေ။ ကြမ်းတမ်းလိုလျှင် ကြမ်းတမ်းတတ်သော ဖေဖေ။ မေမေ့ကို ရိုက်တာ အဖြူ မြင်ဖူးတာပေါ့။ ထမင်းစားပွဲမှာ မေမေ့ကို ရိုက်သည်။ မျက်နှာကို လှမ်းချလိုက်တော့ မေမေ့ဆံထုံး ပြေကျသွားသည်။ မေမေသည် ပါးပြင်ပေါ်ကျလာသော ဆံပင်ကိုမဖယ်ဘဲ နေသည်။ အဖြူက မေမေ့မျက်နှာကို မြင်ချင်သည်မို့ ဆံပင်ကို ဖယ်လိုက်ပါစေဟု ဆုတောင်း၏။ သို့သော် မေမေသည် ဆံပင်အရိပ်မှာ ကွယ်၍ငိုနေ၏။ မျက်ရည်များ ထမင်းပန်းကန်ထဲ ကျနေ၏။ ဒေါ်ကြီး ကုန်းတိုက်လို့ ရန်ဖြစ်တာ ဖြစ်မှာပဲဟု အဖြူ တွေးခဲ့မိ၏။ ဘာကြောင့် သည်လို တွေးမိသည်ကိုတော့ မပြောပြတတ်။ ဒေါ်ကြီးက "မင်းတယ်ဒေါသကြီးတာကို"ဟု ပြော၏။ ပြီးတော့ "ဟဲ့ကောင်မလေး အိမ်ပေါ်တက်၊ အိပ်ရာထဲဝင်၊ ပြန်ထွက်လာတာ မမြင်ရစေနဲ့၊ အသေရိုက်မယ်" ဟု ကြိမ်းသည်နှင့် အဖြူသည် အိမ်ပေါ်တက်ခဲ့ရသည်။ ထမင်းလည်း မဝသေး။ ငှက်ပျောသီးတောင် ထွက်မယူဝံ့ဘဲ ကလေးတန်မဲ့ တစ်ညလုံး အိပ်မပျော်။ အူတကြုတ်ကြုတ် မြည်နေသည်။

မေမေ မရှိတော့သည့်နောက်မှာ ဖေဖေ ပိုလို့ ဒေါသကြီးလာသည်ထင်သည်။ အဖြူက မေမေကို တမ်းတစိတ်နှင့် အိပ်ရာထဲ လှဲဆဲ။ ဖေဖေသည် တစ်ညလုံး ခေါက်တုံ့ခေါက်ပြန် လျှောက်လျှက်နေသည်။ ဖေဖေက ထွားကျိုင်းသောကြောင့် တစ်အိမ်လုံး သိမ့်သိမ့်ခါသည် ထင်သည်။ ခြေလှမ်းမှန်မှန်နှင့် တဒုန်းဒုန်းမြည်အောင် စကြ်လျှောက်နေသော ခြေသံကို ရှူးချင်အောင် ကြားရသည်။ ပြီးတော့ တစ်ညလုံး မီးအလင်းလည်း ထွန်းထားသည်။ သူ အိပ်မပျော်တိုင်း ရေဒီယို ထဖွင့်ပြီး နိုင်ငံခြားအသံများကို ဖမ်းတတ်ပြန်သည်။ သာယာသော တေးသံကို ခဏမျှ ကြားလိုက်ရပြီး ချက်ချင်း မျှော်လင့်ချက် ပျက်ပြားရ၏။ လိုင်းတစ်ခုမှ တစ်ခုသို့ပြောင်းကာ နားပူသော၊ စကားလုံး မကွဲသော၊ အဖြူ နားမလည်သော ဘာသာစကားသံများကို မြည်စေပြန်၏။ ပြီးတော့ ဘယ်လိုင်းမှာမှ ကြာရှည် နားထောင်

www.burmeseclassic.com

www.burmeseclassic.com



မနေဘဲ တစ်ချိန်လုံး ခလုတ်လှည့် နေတတ်သည်။ လူတစ်ဖက်သားကို အင်မတန် စိတ်ညစ်အောင် ဖန်တတ်သည်။

ဖေဖေ ဘယ်လို ခံစားရသည်ဆိုတာတော့ အဖြူက ကလေးမို့ မသိနားမလည်၊ မစာနာတတ်နိုင်တာ ဝန်ခံပါ၏။

အချစ်ဆိုသည်မှာ ဆုတ်နေတတ်၏။ ဆန်းနေတတ်၏။ လ လိုပါပဲဟု အဖြူ ပြောချင်သည်။ ကြားဖူးသော စကားပုံကို ထပ်ပြော ခြင်းလည်း ဖြစ်ပါသည်။ ငရဲကြီးသည်ဖြစ်စေ၊ မလျော်ကန်သည်ဖြစ်စေ၊ မှားယွင်းသည်ဖြစ်စေ ရိုးသားစွာ ပြောဆိုရမည်ဆိုလျှင် အဖြူ ဖေဖေ့ကို ချစ်ခြင်းသည် တစ်နေ့တခြားသာ ဆုတ်ခဲ့လေ၏။

လူတစ်ယောက်ကို ဘာကြောင့် ချစ်သလဲ၊ ဘာကို ချစ်သလဲ၊ ပြောရခက်လှသော်လည်း ကြိုးစားလို့တော့ ပြောချင်သေး၏။ ကိုယ် လေးစားတတ်သော၊ မြတ်နိုးတတ်သော အမူအရာကလေးတွေ များများ တွေ့ရင် ပိုလို့ချစ်၏။ မနှစ်သက်နိုင်သော၊ အထင်သေးမိသော၊ အမူ အရာတွေ တွေ့ပြန်တော့ စိတ်ပျက်သည်။ အချစ်လျော့သည်။ ကိုယ့်ကို စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ၊ နာကြည်းစေလျှင် အချစ်လျော့သည်။ ကိုယ့်ကို အားငယ်စေလျှင်၊ မယုံကြည်လျှင်၊ မကောင်းထင်လျှင် အချစ်လျော့သည်။ အချစ်၌ အတ္တများစွာ ပါလေသည်။

ဖေဖေ့ကို ဘယ်လို အမူအရာများကြောင့် အချစ်လျော့ပါသလဲ။ ဖေဖေ ဒေါသကြီး၍ အရုပ်ဆိုးသွားသော မျက်နှာ၊ ကျယ်လောင်လာသော အသံ၊ မချုပ်တည်းနိုင်သော စိတ်လှုပ်ရှားမှုတို့ကို မနှစ်လိုစိတ်ဖြစ်၍ အချစ်လျော့၏။ ဖိနှိပ်ချုပ်ချယ်၍ စိတ်နှင့်ကိုယ်ကို နာကြည်းစေအောင် စကားလုံးဖြင့်၊ ကြိမ်လုံးဖြင့် နှိပ်စက်လျှင် အချစ်လျော့၏။ ဖေဖေရိုက်တိုင်း အဖြူကပဲ နာကျင်တတ်လွန်းလေသလား မသိ။ မမေ့နိုင်အောင် ဖြစ်မိ၏။ နင့်အမေလိုပဲလို့ သိမ်းရုံးလိုက်လျှင် ဘယ်လိုကသိုလ်ပါလိမ့်ဟု ဝမ်းနည်း ၏။ မေမေနှင့် တွေ့၍ မေးလိုက်ချင်၏။ မေမေ့မှာလည်း ပြောစရာ ရှိလိမ့်မည်။ ဘာကြောင့် သည်လို ဖြစ်ရသလဲ။ ဘယ်သူ့ကိုမှ နစ်နာအောင် အဖြူ မလုပ်ခဲ့ဖူးပါကလားဟု တွေး၏။ ရေးက ဝဋ်ကြွေးဆိုတာ ဒါပဲလားဟု

www.burmeseclassic.com

www.burmeseclassic.com



မေး၏။

ထိုညကို ဘယ့်နှယ်လုပ် မေ့နိုင်မည်လဲ။ ဒီလိုပင် ဂုဏ်သရေဆိုတာကို မေ့ဖျောက်ပစ်၍ ခွဲစိတ်သူရှေ့မှောက် ရောက်ရသော ကျောက်ဖြူပြားပေါ်က အလောင်းကောင်လို၊ ကိုယ့်ဘဝကို ရင်းနှီးပွန်းတီးစွာ လုံးတီးဖော်ပြရတာ ဘယ်လောက် ရင်၌ ထိခိုက်ပါသလဲ။ ကိုဦးကိုမှ မပြောပြရင်လည်း ဘယ်သူ့ကို ပြောရမည်လဲ။ မပြောရရင်လည်း ဘယ်တော့မှ ကျေပျောက်ပျက်ပြယ်မည့် ဒဏ်ရာများမဟုတ်။ သူ့ကိုပင် သနားအားနာလိုက်သေး၏။ နောင်တယောင်ယောင် ဖြစ်ပေါ်သေး၏။ သူ စိတ်ပျက်မည်လားဟု ပူပန်သေး၏။ ပြီးတော့ သူ့အချစ်၌ ယုံကြည်ကိုးစားသောစိတ်ကို တွယ်ခိုနေလိုက်ခြင်းဖြင့် သက်သာရာကို ရှာရ၏။ အဖြူဟာသနားစရာ ဖြစ်နေပြီပဲ ထင်ပါရဲ့။

သည်ဘဝမှာ ရှေ့လျှောက် ကောင်းပါဦးမည်လားဟု ကြောက်လန့်စိတ်လည်း ဖြစ်ပေါ်လာပြန်၏။

အဖြူသည် အသံတုန်သည်ကို မရှက်တော့ဘဲ၊ မျက်ရည်များစွာ မကျပါဘဲ ရှိုက်ငင်နေမိ၏။ "အဖြူ ငိုနေသလား၊ အဖြူ ငိုနေသလား" ဟု ကိုဦးက မေးသည်ကို "ရပါတယ်"ဟုသာ မရေမရာ ဖြေမိပြန်သည်။ ပြီးတော့ ငိုနေရမယ့်ကိစ္စ၊ ငိုနေရမယ့် အချိန်လည်း မဟုတ်တော့ဘူးဟု ထင်မြင်ပြန်သည်။ အိပ်ဆေးသောက်လို့ပဲဖြစ်စေ ညတိုင်း ကောင်းစွာ အိပ်ပျော်သည်ဆိုလျှင်၊ အိပ်မက်ဆိုးဝါး မမက်ဘဲ နေမည်ဆိုလျှင်၊ ပြတင်းမှ သစ်ကိုင်းပွတ်သံမကြားဘဲ နေသည်ဆိုလျှင်။ ပြီးတော့ ဟုတ်သည်။ ဖေဖေတို့မောင်နှမနှင့် ကင်းလွတ်နိုင်မည်ဆိုလျှင် လူ့ပြည်မှာ နေလို့ရပြီပဲ။

"အို...ပြောစရာတွေ အများကြီးပါပဲ။ ဘယ်တော့မှလည်း မကုန်တော့ပါဘူး။ ထပ်တလဲလဲ စဉ်းစားပြီးနေတော့လည်း ရိုးနေပါပြီ။ မပြောချင်တော့တဲ့အဆင့် ရောက်သွားပြီ။ တတ်နိုင်သမျှလည်း မေ့ပစ်လိုက်ပါပြီ။ ဒါပေမဲ့ ပြောဦးမယ်။ တစ်ခါတုန်းက ဖေဖေက အဖြူ့ကို ကျောင်းလိုက်ပို့တယ်၊ သူက ကျောင်းရဲ့ ပေါ်တီကိုအထိ မဝင်ချင်ဘူး၊ ကားရှုပ်တော့ဝင်ရထွက်ရခက်တယ်၊ အဖြူကလည်း ပေါ်တီကိုအောက် ရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပို့စေချင်တယ်။ ဖေဖေက သူ့သမီးကို ဂရုစိုက်တယ်ဆိုတာ သူငယ်ချင်းတွေ မြင်စေချင်တယ်။ ဒါအတွက်နဲ့ ခဏခဏလည်း စကားများရတယ်၊ အဆူခံရတယ်။ အဖြူကလည်း ကျောင်းဝင်းထဲ ဝင်ပါလို့ မနက်တိုင်း ပြောတာပဲ။ တစ်နေ့တော့ ဖေဖေက မဝင်ဘူး၊ ကျောင်းဝင်းရှေ့မှာ ရပ်ပေးတယ်။ အဖြူက မိုက်လို့ ထင်ပါရဲ့နော် ကိုဦး၊ လမ်းမကြီးကို ဆင်းလျှောက်ပြီး ဖြတ်ရတော့ ကားတွေ အရမ်းရှုပ်နေတဲ့ အထဲမှာ မျက်စိမှိတ်ပြီးကိုဖြတ်တာ ကားလည်း မတိုက်မိဘူး။ ကားဟွန်းတီးသံတွေတော့ ကြားတယ်။ အဖြူ့ကို ဆဲကြတာ ထင်ပါရဲ့။

"အိမ်ကျတော့ ဖေဖေက ရိုက်တယ်။ တမင် သေအောင်လုပ်တာ သိတယ်တဲ့။ သေသွားရင် သူ ဘယ်လောက် ဒုက္ခရောက်မလဲတဲ့။ အဖြူက တော့ အဖြူ့ကြောင့် သူ ခံစားရမယ်ဆိုတာ မယုံတော့ပါဘူး။ နောက်တော့ သူလည်း ဒီလို ထပ်လုပ်ပြန်တာပဲ။ အဖြူလည်း ဒီအတိုင်း ထပ်လုပ်ပြန်တာပဲ"

ဒါမျိုးတွေ အဖြူများစွာ ပြောမိ၏။ ကိုဦးဟာ အဖြူ့ရဲ့ ဆရာဝန်လည်း ဖြစ်တာပဲဟု အားကိုးခြင်းလည်း ရှိ၏။ အချုပ်အတည်း အသိမ်းအဆည်းမရှိ ပြော၏။ တစ်ခါက ဖတ်ဖူးသော ဝတ္ထုထဲမှာ စိတ်ရောဂါကု ဆရာဝန်က မိန်းမလူနာတွေကို သူတို့လင်တွေကို အော်၍ ဆဲရေးစေဖို့ အသံလုံသောအခန်း ဖောက်ပေးတာကို သတိရသေး၏။ အဖြူ လင်ရရင် လည်း ဒီလိုပဲ ဖြစ်ဦးမှာလား ကိုဦးဟု မေးလိုက်၏။ ကိုဦးနဲ့ ရရင်တော့ မဖြစ်ပါဘူး ထင်ပါရဲ့။ ဖြစ်ရင်တော့ ဘဝရှုံးပြီ၊ သွားပြီဟုဆိုကာ အရူးပမာ ငိုယိုမိပြန်၏။

သူတို့သည် တန်ဆောင်းတစ်ဆောင်မှတစ်ဆောင် ရွှေ့ထိုင်ရင်း စကားပြောကြပြန်၏။ အဖြူ မောသွားတော့ ကိုဦးက ညင်သာစွာ ပြောသည်မှာ "အဖြူ သတိရထားရမှာကတော့ လင်သည်ထံမှာ အဖေ မရှာရဘူး။ မတွေ့နိုင်ဘူး။ ကိုဦး ဘယ်လောက် အဖြူ့အပေါ် ကောင်းချင်သည်ဖြစ်စေ၊ စေတနာထားသည်ဖြစ်စေ၊ ကြိုးစားသည်ဖြစ်စေ ကိုဦးဟာ အဖြူရဲ့ အဖေ စားတော့ ဖြစ်လိမ့်မယ်မဟုတ်ဘူး။ ကိုဦးက မတတ်နိုင်တဲ့ကိစ္စကို၊ သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့ ကိစ္စကို အဖြူရဲ့။ ကိုဦးကို နားလည်ရဲ့လား"

အဖြူသည် မျက်နှာကို လက်နှင့်အုပ်ကာ ခေါင်းညိတ်လျက်သာ နေသည်။ အားလည်း ငယ်မိပြန်သည်။ မှောင်နေသည်မို့ ကိုဦးက မေးပြန်၏။ "နားလည်ရဲ့လား ဟင်၊ ယုံကော ယုံရဲ့လား"

"ယုံပါတယ်၊ ယုံမှ ဖြစ်မှာပဲ"

ကိုဦးက သက်ပြင်းချပြီး "ကိုဦးလေ အဖြူရဲ့ အဖေသာ ဖြစ်လိုက်ချင်တာပဲ"

အဖြူသည် သည်လိုဆိုတော့လည်း ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဖြစ်ပြန်ကာ "လူကြီး ဖြစ်စမ်းပါ၊ လူကြီးဖြစ်စမ်းပါ၊ ရှက်စရာ ကောင်းလိုက်တာ"ဟု သတိပေးမိ၏။ "အို…ဒီလိုပဲ တဖြည်းဖြည်းတော့ ကောင်းရမှာပေါ့နော်။ အဖြူ ခု တကယ် နေကောင်းနေတာ အမှန်ပဲ။ ဖေဖေ့အကြောင်းကို မငိုမယိုဘဲ ပြောနိုင်တဲ့ဘဝ၊ ပြီးတော့ ဖေဖေ့ကို နားလည်ခွင့်လွှတ်လာမယ့်ဘဝ၊ နောက်ဆုံး ဖေဖေ့အချစ်ကို မစုံမက်သော်လည်း လက်ခံတဲ့ဘဝကို ရောက်ရမှာပဲ။ ဒီတစ်ညကတော့ နောက်ဆုံးလို့ပဲ သဘောထားပါတော့။

သူတို့သည် လက်တွဲ၍ ဘုရားကို ပတ်ကြပြန်၏။ အဖြူသည် ရင်တွင်း၌ ပေါ့ပါးလာသည်နှင့်အမျှ ကြည်နူးစိတ်၊ သဒ္ဓါစိတ်များ ဝေလျှံလာကာ ဝန်းရံလာသော၊ တောင်းခံလာသော လက်များ၌ အကြွေများ၊ ကျပ်တန်များကို ပေးစွန့်လျက်နေလေ၏။ ဘုရားကြည်ညိုရန် လာကြသော လူအပေါင်းကိုလည်း ပန်းဝယ်၍ ကမ်းလိုစိတ် ပေါ်လာ၏။ သို့သော် နောင်ဘဝ၌ သူတစ်ပါးတို့နှင့် ရင်းနှီးဆုံစည်းမှာကို စိုးရွံ့မိသည်။ ကိုဦးနဲ့သာ ကြုံကြိုက်ချင်သည်။ သူတစ်ပါးတို့နှင့် မဓိမကမ်းမှာသာ နေချင်သည်။

"ကိုဦးကော ဘုရားလည်း မရှိခိုးပါလား"ဟု မေးလိုက်လျှင်…

"ရှိခိုးတာပေါ့"ဟု အလွယ်တကူ ဖြေသဖြင့် ဝမ်းသာရသည်။

အဖြူသည် နီးရာမုခ်ဦး၌ နှင်းဆီရောင်စုံများ ဝယ်ပြန်၏။ ပြီးမှ စံကားဖြူများ သွားတွေ့ကာ ထပ်ဝယ်ရပြန်၏။ ဖယောင်းတိုင်နှင့် ရွှေထီး၊ တံခွန်၊ ကုက္ကားကလေးများ ဝယ်လိုက်သေး၏။ တစ်ခါမှ ပန်းနှင့် ဖယောင်းတိုင်အပြင် လှူဖူးသည်မဟုတ်။ ယခုတော့ သူ သဒ္ဓါပွားလှသည်။ အနံ့ပြင်းပြ

www.burmeseclassic.com

www.burmeseclassic.com



လှသော အမွေးတိုင်များကိုပါ ချီတုံချတုံနှင့် ဝယ်လိုက်ပြန်သည်။ ပြီးတော့ အားလုံး အညီအမျှ ဝေခွဲပြီး ကိုဦးကို တစ်ဝက်ပေးလိုက်သည်။

ပြီးတော့ လွှတ်ခနဲ ပြော၏။ "စံကားဖြူတွေ မြင်တော့ အိမ်ကို သတိရလိုက်တာ"

"ဒီအချိန် သိပ်တော့ မပွင့်လှဘူး ထင်တယ်နော်"ဟု ကိုဦးက အမှတ်တမဲ့ ဖြေသည်။

"အဖြူ့ အခန်းထဲမှာဆို တစ်ညလုံး မွှေးနေတာပဲ။ အဲဒီအနံ့ကို သိပ်ကြိုက်တာပဲ။ ကိုဦး စံကားဖြူနံ့ရေမွှေး ဝယ်ပေးဖူးတယ်နော်"

"အဖြူက သတိကောင်းချင်တဲ့အခါ သိပ်ကောင်းတာပဲ"

"အဖြူတော့ ဒီညကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး"

"ဟုတ်တယ်၊ ကိုဦးလည်း အိပ်တောင် ပျော်ပါ့မလား မသိဘူး"

ထိုည သူတို့ ခွဲခါနီး နမ်းကြသည့်အခါ ကိုဦးသည် အလွန်ကြင်နာ ညင်သာပြီး အဖြူ့ကို ဝမ်းသာဝမ်းနည်း ဖြစ်စေသည်။

●

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုညမှာ ဖေဖေ့ကို အိပ်မက်မက်သည်။ အိပ်မက်ထဲ၌ ဖေဖေသည် မျက်နှာ ညှိုးလှ၏။ သည်လို သိမ်ငယ်သော အမူအရာကို တစ်ခါမျှ မတွေ့စဖူးချေ။ ဒါ ဖေဖေ သေခါနီးလို့ ဖြစ်မှာပဲဟု တွေးမိသေး၏။ ပြီးတော့ အိပ်မက်ထဲမှာပင် ကိုယ့်ကိုယ်ကိုယ် ဆုံးမ၏။ ဖေဖေ့ကို သေစေချင်နေပြန်ပြီလား။ ဖေဖေ မသေလည်း လွတ်လပ်ခွင့် ရနိုင်တာပဲ။ စိတ်သဘောကြီးမှပေါ့။ သတ္တိရှိမှပေါ့။ ထိုခဏ၌ ဖေဖေသည် အဖြူ့ကို ခွင့်လွှတ်သောမျက်နှာဖြင့် စိန်လက်ကောက်တစ်ရန်ပေးသည်။ "ဒါ အဖြူ့မေမေလက်ကောင်လေ၊ အဖြူ သိမ်းထားလိုက်တော့" အဖြူသည် ယူရမှာ အားနာနေကာ ငြင်းရမှာကိုလည်း အားနာပြန်၏။ "ဖေဖေပဲ သိမ်းထားပါ။ အဖြူဝတ်စရာ နေရာမှမရှိတာ" ဖေဖေသည် စိန်လက်ကောက်ထားစရာနေရာ ရှာနေဟန်ရှိရာ အဖြူသည် ဂျပန် ပြည်ဖြစ် ကနုကမာခွံမြှုပ်၍ ခြယ်လှယ်ထားသော ယွန်းသေတ္တာကလေးကို ဖွင့်ပေးလိုက်၏။ ကိုဦးပေးသော လက်ဆောင်သေတ္တာကလေးပင်။ ဖေဖေ့ ကိုတော့ အားနာပြီး ပြောမပြတော့ချေ။

အဖြူသည် အိပ်ရေးပျက်နေသည်မို့ထင့်။ ပြီးတော့ အိပ်မက်ကြောက်စရာ မက်သည်လည်း မဟုတ်သဖြင့် နိုးလာတိုင်း ပြန်၍ အိပ်ပျော်သွား၏။ အိပ်မက်ထဲမှာ ကိုဦး ပါလာလျှင်တော့ အားရှိ ပျော်ရွှင်လာပြန်၏။ ပြီးတော့ ကြံကြံဖန်ဖန် အန်တီခင်နှင့် ဒေါ်ကြီးတို့ ရန်ဖြစ်သည်ကို မြင်ရင်း ရယ်မောမိရာ အသံထွက်သွားပြီး နိုးလာပြန်သည်။ ထိုအခါမှ နေရောင်ခြည်

www.burmeseclassic.com

www.burmeseclassic.com



သည် အဖြူရဲ့ ဆေးရုံအိပ်ခန်းကျဉ်းကလေးမှာ ရွှေလို ဝင်းနေပြန်သည်။ ရောက်စကလို ပန်းအိုးများစွာ၊ ပန်းများစွာ မစိုက်တော့ဘဲ လှရုံ၊ အဆင်ပြေရုံ မှန်တင်ခုံပေါ်နှင့် ဆေးစာအုပ် ဗီရိုပေါ်သာ ပန်းအိုးများ စိုက်လေရာ အလေး အပေါ့ညီမျှ၍ ပန်းချီဆွဲယူဖို့ ကောင်းသော အိပ်ခန်းကလေးဖြစ်နေသည်ဟု ထင်လေ၏။ ငယ်ငယ်က ပန်းရောင်ဇာ အပြည့်ဆင်သော မိန်းမသားဆန် သည့် ကလေးအိပ်ခန်းပုံများ ဆွဲတတ်သည်ကို သတိရမိသည်။

"သြော်...ဒီနေ့ ဘကြီး လာကြည့်မယ့်နေ့ပဲ။ သူ့မိန်းမ ဒေါ်ဒေါ် သွင်တောင် ပါလာမယ်တဲ့။ မနေ့က ပြန်ရောက်တယ်ဆိုလား၊ အန်တီခင် ပြောနေတာပဲ။ သူတို့များတော့ အညာက ဆွေမျိုးဆီပဲ ပြန်နေတာပဲနော်။ သားသမီးလည်း မရှိလို့ ထင်ပါရဲ့။ သားသမီးမရှိလည်း အဖြူသာဆိုရင် ကိုဦးအနား ကပ်နေမှာပဲ။ ဒေါ်ဒေါ်သွင်လိုလည်း ဘုရား၊ တရား မကြည်ညို လို့ ထင်ပါရဲ့။ ဒေါ်ဒေါ်သွင်ကတော့ သီလရှင်တစ်ပိုင်းပဲ"ဟု တွေးမိ၏။

ဘကြီး လာသည့်အခါ ဒေါ်ဒေါ်သွင် ပါမလာဘဲ ကိုဦး ပါလာ သည်။ လန်းဆန်းကြည်လင်သော ကိုဦးမျက်နှာမှာ အဖြူ ချစ်မြဲသော ကြည် သာပြုံးရယ်လွယ်ခြင်းကို အရင် ရှာလိုက်သေး၏။ "အိပ်ရေး ဝပြီလား"ဟု မေးလိုက်သေး၏။

"ဘကြီး၊ ဒေါ်ဒေါ်သွင် ပြန်လာပြီဆို"ဟု မေးလျှင်...

"အေးကွ၊ သူလည်း ပြန်လာရော ဘကြီးလည်း မန္တလေးသွားဖို့ ကိစ္စ ပေါ်လာရော။ ဆေးကျောင်းမှာ စာတစ်ပတ် သွားသင်ရမယ်"

ဘယ်အချိန်က ရောက်နေမှန်းမသိသော အန်တီခင်က ဝင်၍ "ဆရာကြီး အရင်ဘဝက ဘာလုပ်ခဲ့မှန်းမှ မသိဘဲ"ဟု မရဲတရဲ ပြောသည်။

"ငယ်ငယ်ကတော့ ငှက်ပစ်ဝါသနာ တယ်ပါတာပဲ"ဟု ဘကြီးက ပြော၏။

"ကျွန်တော် သွားရမယ်ဆိုလည်း သွားပါ့မယ်"ဟု ကိုဦးက ဝင် ပြောသည်။ အဖြူသည် ထိတ်ခနဲဖြစ်ကာ သူတို့မျက်နှာများကို တစ်လှည့်စီ မော့ကြည့်နေဆဲ။ ဘကြီးက "ခါတိုင်းတော့ ဒေါက်တာလှဦး သွားနေကျပဲ၊ ခုတော့ အဖြူရှိနေတာ ဘယ်သွားလို့ ဖြစ်မလဲ။ ဆရာ သွားပါ့မယ်။ မသွင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ချော့မော့ခေါ်ကြည့်ရမှာပဲ ဟဲ...ဟဲ”ဟု ဖြေသည်။

ဟုတ်သားပဲ။ အဖြူ့အတွက် ကိုဦး အလုပ်များစွာ ပျက်နေသည်။ အနည်းဆုံး အလုပ်များစွာ ပိုနေသည်။ ပင်ပန်းနေသည်။ အဖြူ့အတွက် ဘကြီးနှင့် ဒေါ်ဒေါ်သွင်ပါ အခက်ကြုံနေသည် ထင်ပါရဲ့။ အန်တီခင်ကော ပေါ့။

ပြီးတော့ ဒါတွေထက် အရေးကြီးတာက တစ်ခါက ဘကြီး ပြော ခဲ့သလို အဖြူဟာ ဖေဖေ့ကိုသာမက ကိုဦးကိုပါ ရင်ဆိုင်ရမည်တဲ့။ ခုမှ နားလည်သည်။ ကိုဦးကိုလည်း အမျိုးမျိုး ရင်ဆိုင်ရပေဦးမည်။

အဖြူသည် လျှင်မြန်စွာ ဆုံးဖြတ်လိုက်ကာ “ကိုဦး သွားပါ၊ လုပ်နေကျ အလုပ်ကိုလုပ်ပါ။ ပြီးတော့ အဖြူက လူမမာမှ မဟုတ်တာ။ ဖျားနာနေတာလည်း မဟုတ်။ ပြီးတော့ အဖြူ့ကို စိတ်မဆိုးနဲ့နော်။ အဖြူ တော့ ဒီဆေးရုံခန်းထဲ နေရတာ ပျင်းလာပြီ သိလား။ တစ်ပတ်လောက် ကြီးကြီးတို့နဲ့ သွားနေချင်တယ်။ တောင်ဘက်ရွာကလေးက ဘယ်လောက် သာယာလဲ။ အဲဒီမှာ အိမ်တောင် ငှားနေချင်တယ်။ ကိုဦးတောင် တစ်ခါ ပြောဖူးသေးတယ်”ဟု နောက်ဆုံးထွက်မိသော စကားအတွက် ရှက်ရပြန် လေ၏။

“မန္တလေးက ဒီအချိန်ဆို သိပ်အေးမှာဗျ”ဟု ကိုဦးက အင်တင် တင် ပြောပြန်၏။

“ကိုဦး မန္တလေး မသွားလည်း အဖြူကတော့ ကြီးကြီးတို့ဆီ တစ်ပတ်လောက် သွားနေချင်တာ။ ကိတ်မုန့်ဖုတ်နည်းတို့၊ သိုးမွေးထိုး နည်းတို့၊ စက်ချုပ်နည်းတို့လည်း သင်ရဦးမှာဆို”

ကိုဦးက ဘာမှမပြောဘဲ နေသည်။ ဘကြီးကမူ သည်အတိုင်း ကြည့်နေပြီး ဝေခွဲမရဖြစ်ဟန် ရှိလေသည်။ အန်တီခင်က “ဖြစ်ပါ့မလား” ဟု ဝင်ပြော၏။ အဖြူက ထပ်၍...

“အဖြူဟာ ကိုဦးအပေါ် အလုံးစုံပုံပြီး အားကိုးနေတာဟာလည်း သဘာဝမကျဘူး ထင်တယ်။ အဖြူ့ကိုယ်ကိုယ် အားကိုးခွင့် ပေးဦးမှပေါ့”

ဘကြီးက ဟက်ဟက်ပက်ပက် ရယ်လိုက်၏။ အဖြူ့ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



သပ်လိုက်၏။ နဖူးပေါ်မှ ဆံပင်များကို မွှေ့ယမ်းနေပြီး "အဖြူကတော့ သားတစ်လကြီး ဖြစ်နေပြီ။ မင်းတို့နှစ်ယောက် တိုင်ပင်ကြဦးလေ။ ဘကြီး အတွက်က တကယ် အရေးမကြီးပါဘူး။ ဘာမှ မခဲယဉ်းပါဘူး။ ခုနပြောတာ တွေက နောက်နေတာပါ"ဟု ပြောသည်။ ပြီးတော့ အန်တီခင်ကိုခေါ်၍ အသာကလေး ထွက်သွားသည်။

"ကိုဦး သွားရမယ်ဆိုရင် ဘယ်တော့သွားမှာလဲ"

"ခု တနင်္လာနေ့ အရောက်ပေါ့။ တနင်္ဂနွေ ထွက်ရမှာပေါ့။ လက်ချာက တကယ်တော့ ငါးရက်ပဲ ဆက်တိုက်ပေးရမှာ။ စနေနေ့ ပြန်လာနိုင်တာပဲ။ ဒါပေမဲ့ အဖြူရယ်... တနင်္ဂနွေ အားတဲ့နေ့ကို ခရီးထွက်နေရမှာ နှမြောလိုက်တာ။ ကိုဦးတော့ နည်းနည်းမှ မသွားချင်ဘူး"

အဖြူသည် သက်ပြင်း မသိမသာ ချလိုက်ပြီး...

"ကိုယ်ကြိုက်တာချည်းပဲလည်း ဘယ်ဖြစ်မလဲလေ" ဟု ညည်း ညည်းကလေး ပြောမိ၏။

BURMESE CLASSIC .com

"အဖြူကပဲ တရားချရပြီ"

"အဖြူက ကလေးလို စိတ်အလိုချည်းပဲ လိုက်နေလို့လည်း ဘယ်ရ မလဲနော်"

"ဟုတ်ပါတယ်၊ ကိုဦးဟာ အဖြူ့ ဆရာဝန်လည်း ဖြစ်သေးတာပဲ။ ဒါဟာ အရေးအကြီးဆုံးပါပဲ"

"ကဲ...ဒါဖြင့် ဒီစနေ တကယ်လည်ပတ်ရအောင်"ဟု အဖြူက စိတ်မာန်ပါပါဖြင့် ပြောပြီး နှစ်ယောက်သား ရယ်မောကြ၏။

"ခါတိုင်းတော့ တကယ် မလည်တဲ့အတိုင်း"

"ကပွဲသွားရအောင်"ဟု အဖြူက စလိုက်၏။

"သွားတာပေါ့။ ကိုဦး မပါဘဲ အေလင်းနဲ့ သွားကြပါလား။ လိုက်ပို့ လိုက်ကြိုမယ်လေ"

"တကယ်ပြောတာလား၊ စိတ်ဆိုးတာလား"

"အဖြူ့ စေတနာအလျောက်ပါ၊ အဖြူ ပျော်တာလည်း ကြည့် ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဖြူက ရယ်မောလိုက်ပြန်ပြီး "အဖြူ ဘယ်တော့မှ ကပွဲ မသွား ချင်ဘူး။ ကြီးမှ ရောက်ဖူးလို့လား မသိဘူး။ မအပ်စပ်တော့ဘူး ကိုဦးရဲ့။ ပြီးတော့ သူများ သူစိမ်းတွေ အဖြူ့ကို လက်လာထိတာတောင် မကြိုက် ပါဘူး။ မိန်းကလေး သူငယ်ချင်းတွေနဲ့တောင် အဖြူက ဖက်လဲတကင်း နေတတ်တာမဟုတ်ဘူး။ အဖြူ့ကို သိပ်စိမ်းတယ်၊ အနေဝေးတယ်လို့ ခဏခဏ အပြောခံရတယ်။ တကယ်တော့ အဖြူက ချစ်ရင် တကယ် ချစ် တတ်တာပါ။ ချစ်ရင် အလျှော့လည်း သိပ်ပေးချင်တာပဲ။ အေးလေ...အဖြူ ကျန်းမာနေဖို့တော့ လိုတာပဲ။ ဟိုနေ့က ကိုဦးပေးတဲ့ စိတ်ပညာစာအုပ်ထဲက ပြောသလိုပေါ့။ တစ်ကိုယ်ကောင်းစိတ်ဟာ ငယ်ငယ်က ရလာတဲ့ မကျေနပ်မှု ကြောင့် ဖြစ်တဲ့ရောဂါ တစ်မျိုးပဲပေါ့။ အဖြူက ကိုဦးကို သိပ်စီးပိုးတာပဲနော်"

"မဟုတ်တာ၊ ရင်းနှီးတာပါ အဖြူရဲ့။ ချစ်လို့ ပိုင်ချင်တာပါ။ ဟုတ် ကော ဟုတ်ရဲ့လား၊ ဟုတ်ရင် မလျှော့လိုက်ပါနဲ့"

သိပ်သဘောကောင်းတဲ့ ကိုဦးပဲ။ အဖြူသည် မန္တလေး မသွား ပါနဲ့တော့ဟု ပြောချင်လာသည်။ ခဏ ခွဲရမှာတောင် ကြောက်လာသည်။ တကယ်တော့ ကိုဦး အလုပ်နဲ့မို့ တစ်နေကုန် ဆေးရုံမှာ သွားလာလှည့် ပတ်နေရပြီး နေ့လယ်ပိုင်းမှာ ကြိုးကြားတွေ့ရတာကို အဖြူ ဘယ်လောက် အားမရ ဖြစ်ရသလဲ။ တစ်ညနေလုံး အိပ်ချိန်အထိ အတူတွေ့ဆုံကြရ သည်ကိုသာ စောင့်မျှော်ခဲ့ရ၏။ ကိုဦး ပြန်လာချိန်မှာ အချိန်မဖြုန်းတီး ချင်သောကြောင့် မဆာဘဲနှင့် ၄ နာရီမထိုးခင် ညစာ စားနှင့်ရသည်။ ခုတလော ကျန်းမာပြီး ခဏခဏ ဆာနေတတ်တာမို့ တစ်ဖက်က ပေါင်မုန့်၊ ငှက်ပျောသီးများ သိုမှီးလို့ ထားရသည်။ ဒါကို ကိုဦး သိရင် ကလေးလိုပဲ လို့များ ထင်ဦးမှာလား။

"ကိုဦး စာရေးမှာလား"ဟု မေးလိုက်၏။

"ရေးမှာပေါ့ အဖြူရဲ့"

"နေ့တိုင်း"

"နေ့တိုင်းပေါ့"

"အဖြူ့လည်း လိပ်စာပေးသွားပါဦး။ ပြီးတော့ ဖုန်းလည်း ဆက်

www.burmeseclassic.com

www.burmeseclassic.com



မှာလား”

“ဆက်မှာပေါ့၊ နေ့တိုင်း။ ကျေနပ်ပလား”

“ဒီညနေ ကြီးကြီးတို့ဆီ သွားရအောင်”ဟု အဖြူက အကြံပေးလိုက်သည်။

●

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး မန္တလေးသွားမည့် တနင်္ဂနွေ ညနေခင်းမှာ အဖြူ ကြီးကြီးတို့ဆီ လက်ဆွဲအိတ်နှင့် ထွက်လာသည်။ ကိုဦးက လိုက်ပို့သေး၏။ ကျကျနန အပ်နှံသေး၏။ သူ့ကို မီးရထားဘူတာရုံ မပို့နိုင်သည်ကို ဝမ်းနည်းရ၏။ ဆေးရုံကား ဒရိုင်ဘာကို အသုံးပြုဖို့ အဆင်မပြေ ဖြစ်သွား၏။ အဖြူသည် ကားမောင်းသင်ဦးမှပဲဟု တွေး၏။ "အဖြူ ကားမောင်းရင် သိပ်ရယ်စရာ ကောင်းမှာပဲ"ဟု ပြောမိ၏။ အဖြူသည် လမ်းမမှတ်မိတတ်၊ အရပ်လေး မျက်နှာကို သတိမထားတတ်။ ကားမောင်းလျှင် အမြဲ လမ်းမှားနေမှာပဲ။ ရောက်လိုရာ မရောက်တာက ကိစ္စမရှိ။ အိမ်မပြန်တတ်ရင် ခက်မှာ။ ဒါပေမဲ့ ကားကလေးမောင်းပြီး အိမ်လည်လိုက်၊ ဈေးသွားလိုက်။ ဟုတ်တယ်၊ ကိုဦး ပြောဖူးတဲ့ ဟောဒီဆေးရုံ ဝေယျာဝစ္စတွေအတွက် အလုပ်များနေရရင် ကောင်းမှာနော်။

"နေဦး၊ ကိုဦး ပြန်လာမှ ကားမောင်းသင်ပေးရမယ်"ဟု သူက ကတိပေးသွား၏။

"သင်လို့ တတ်ပါ့မလား မသိ"ဟု အဖြူက ပူပင်လိုက်လျှင်...

"ဘာဖြစ်လို့ မတတ်ရမှာလဲ၊ အဖြူကလဲ"

"ပြီးတော့ လူတိုက်မိမှာ သိပ်ကြောက်တာပဲ"

"မတိုက်နဲ့ပေါ့ အဖြူရယ်"ဟု ကိုဦးက မျက်စိတစ်ဖက် မှိတ်ရင်း ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး သွားသည့်ညမှာ အဖြူသည် ကြီးကြီးတို့၊ ဘကြီးတို့နှင့် ညဉ့်နက်သန်းခေါင်အထိ စကားထိုင်ပြောနေခဲ့၏။ ထုံးစံအတိုင်း ကြီးကြီးက လန်ဒန်ကို လွမ်းဆွတ်သောပုံပြင်များ ပြောလေ၏။ ဘကြီးက ဂျပန်၊ ပီနံ၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံများအကြောင်း ပြော၏။ ရန်ကုန်မြို့တောင် နံ့အောင် ခုမှ ရောက်ဖူးသော အဖြူက ငေးမော နားထောင်နေရ၏။ ပန်းများအကြောင်း ရောက်လာရင်တော့ ခုတလော ဖတ်ဖြစ်သော သစ်ခွပန်း၊ နှင်းဆီပန်းတို့ စိုက်ပျိုးနည်း၊ မျိုးခွဲနည်းတို့ကို အဖြူ ပြောဆိုနိုင်၏။ ကြီးကြီးက လန်ဒန်မြို့လယ်မှာ ပြတင်းပေါက် ဖြာဝေအောင် ပန်းအိုးနှင့် စိုက်ခဲ့ပုံတွေ ပြောပြလေ၏။

အတူနေခဲ့ဖူးသမျှ ပီပီသသ မှတ်မိနေသော မေမေ့ကို သတိရ၏။ မေမေ မရှိသည့်နောက် ဖေဖေ့ကိုသာ တွယ်တာအားကိုးရပြီး မေမေသည် အဖြူ့ဘဝမှ တဖြည်းဖြည်း မှေးမှိန်ကွယ်ပျောက်သွားရ၏။ မေမေ့ကို သတိရခွင့်လည်း ဘယ်သူမှ မပေးကြ။ မေမေ့ကို သေပြီလို့တောင် ဒေါ်ကြီးက ပြော၏။ ရှမ်းပြည်နယ်က မေမေ့ဆွေမျိုးတွေ ရှိသည်ဆိုတာနှင့်လည်း အဆက်ပြတ်ခဲ့ရ၏။ မေမေဟာ ရှမ်းမလား၊ ကပြားလား၊ မြန်မာလားဆိုတာတောင် သိခွင့်မရတော့ချေ။

သို့သော် မေမေဟာ ကြီးကြီးနဲ့ တူလိမ့်မယ်ထင်၏။ ဒေါ်ကြီးနဲ့တော့ တူလိမ့်မယ်မဟုတ်။ ကြီးကြီးနဲ့တူသော မေမေမျိုးသာရရင် ဘယ်လောက် ပျော်လိုက်မလဲ။ မေမေတစ်ယောက်နဲ့ပဲ လုံလောက်နိုင်မှာ အမှန်ပဲ။

ကြီးကြီးနှင့် အစောကြီးထကာ စံပယ်ပွင့်များ ခူးကြ၏။ ကြီးကြီးရဲ့ စံပယ်ရုံသည် မကြုံဖူးအောင် ပွင့်လေ၏။ မနက်မှောင်မှောင်မှာ "အဖြူရေ"ဟု မနိုးသေးလျှင်လည်း နိုးရာမကျအောင် ခပ်အုပ်အုပ်လာခေါ်သော ကြီးကြီးအသံကို ကြားမြဲပင်။ အဖြူက အိပ်ချင်သဖြင့် ပြန်မထူးလျှင် ကြီးကြီးသည် ခြံထဲတစ်ယောက်တည်း ဆင်းသွားတတ်၏။ အဖြူက တစ်ရေးနှပ်ပြီး ဆည်းဆာဖြူ ပြန်လာမှ ထတတ်သည်။ ကြီးကြီး အသာကလေး ချထားခဲ့သော၊ မွှေးရုံရှိတော့သော နို့ကိုသောက်ပြီး အပြေးကလေး

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာလျှင် ကြီးကြီးက ရွေးဆန်၍ သံပန်းခက်နွယ်များ ခြယ်လှယ်သော မီးအိမ်ကို မြှောက်ပြတတ်သည်။ မနက်တိုင်း အဖြူသည် ရင်ထဲမှာ ထိတ်ခနဲဖြစ်ကာ အိပ်မက်ထဲမှ ကိုဦး မီးအိမ်မြှောက်ပြဟန်ကို သတိရလေ၏။ ကြီးကြီးရဲ့ မီးအိမ်ကလေးကို မိုးပေါ်မြှောက်တင်လိုက်လျှင် အိပ်မက်ထဲမှာလိုပဲ မိုးတိမ်ကြားမှာ သာနေမယ် ထင်ပါရဲ့ဟု စိတ်ကူးယဉ်တတ်၏။ သို့သော် ကြီးကြီးသည် မီးအိမ်တယမ်းယမ်းနှင့် စံပယ်ဖြူများကို ခူးသည်။ တင်းတောင်းနှင့် ပြည့်အောင်ရသည်။ မိုးလင်းခါနီးမှ နှစ်ယောက်သား ခူးလို့ပြီးသည်။ ကြီးကြီးသည် မိုးလင်းသော်လည်း မီးအိမ်မငြိမ်းမိဘဲ သရက်ပင်ကိုင်းမှာ ချိတ်လိုက်လျှင်တော့ သစ်ကိုင်း ကြားမှာ လလိုသာနေတတ်သည်။ ခဏပင် နေရောင်ယှက်ဖြာလျှင် လဝန်းအရောင် မှိန်သလို မီးအိမ်လည်း မှိန်သွားကာ အဖြူသည် ပန်းခူး ပြီး၍ အပ်ချည်ကြိုးနှင့် သီကြဖို့ သတိရမြဲပင်။

သို့သော် တင်းတောင်းနှင့်ရသော စံပယ်တို့ကို ကုန်အောင် မခူးနိုင်သလို ကုန်အောင် မသီနိုင်ကြ။ လိုချင်သမျှ သီယူကြပြီး ဈေးသို့ ပို့ပစ်ရသည်။

"ရတဲ့ပိုက်ဆံကို အနူရုံ လှူတာပဲ"ဟု ကြီးကြီးက ပြောပြ၏။

ထို့နောက် အဖြူနှင့် ကြီးကြီးတို့ ရွာထိပ်က ဘူးသီးကြော်ဆိုင်သို့ လမ်းလျှောက်သွားကာ ဘူးသီးကြော်စားမြဲပင်။

တစ်ခါတစ်ရံကျတော့ ကြီးကြီးက ဘူးသီးကြော်ကို အထုပ်နှင့် ဝယ်လာတတ်၏။ အိမ်ကျမှ ငရုတ်ချဉ်ရည်ကောင်းကောင်း ဖျော်မည်လို့ ကြိမ်းဝါးတတ်၏။ ကြက်သွန်ဖြူနိုင်းချင်း၊ ငရုတ်သီးလေးစိတ်ကွဲနှင့် ရှလကာရည်ဖျော်ကာ မစို့တပို့စိုက်သော်လည်း လိုလျှင်ရသည့် မီးဖို ဥယျာဉ်မှ နံနံပင်၊ ကြက်သွန်မြိတ်နှင့် ဆလတ်ရွက်များခူးကာ ထမင်းပွဲမှာ ပြင်တတ်၏။ လက်ဖက်ရည်ကြမ်း တည်သေး၏။ ပြီးတော့ နိုးသော်လည်း မထချင်တတ်သည့် ဘကြီးကို ခေါ်တတ်သည်။ "လာရှင့် ဟိုလူကြီး၊ ဘူးသီးကြော်တွေ ပျော့ကုန်တော့မယ်" ပျော့ကုန်လျှင် ပင်ပန်းသည်မထင်ဘဲ ဒယ်အိုးတည်၍ ကျွတ်အောင် ပြန်ကြော်တတ်သေးသည်။ ပြီးတော့ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောကြော်များ၊ ပူတင်းများ၊ ကိတ်မုန့်များပါ ချပြန်ကာ ကော်ဖီဖျော်တတ်ပြန်သည်။

"ကြီးကြီးကို အမေ ခေါ်ချင်လိုက်တာ"ဟု အဖြူ ပြောတတ်၏။

"ခေါ်ချင်လည်း ခေါ်ပေါ့ သမီးရဲ့"

သို့သော် အဖြူသည် နှုတ်မထွက်ဝံ့ဘဲ စိတ်ကသာ ခေါ်နေတတ်လေ၏။

ဘကြီးက စားသောက်ပြီးလျှင် ဈေးသွားဝယ်ပေးတတ်၏။ သုံးလေးရက် တစ်ခါဝယ်၍ ရေခဲသေတ္တာထဲ လှျံနေအောင် သိုလှောင်ထားတတ်ကြ၏။ ဘကြီး ဈေးဝယ်သည့်နေ့မှာ ကြီးကြီးသည် စာရင်းရှည်ကြီး ထိုင်၍ရေးပြီး ပါးစပ်ကလည်း မှာတတ်ပြန်သည်။ ဘကြီးက စာရင်းစာရွက်ပျောက်ကာ ဝယ်ချင်ရာလည်း ဝယ်လာတတ်ပြန်၏။ ကြီးကြီးနှင့် ဟင်းချက်ရသည်မှာ ပျော်စရာကောင်း၏။ ကြီးကြီးက အဖြူ့လိုပင် အသားမကြိုက်၊ ဟင်းသီးဟင်းရွက်နှင့် ရောလေ့ရှိ၏။ အသုပ်နှင့် ငါးပိကြော်နှင့် ဟင်းခါးနှင့် မြိန်အောင် စီမံတတ်၏။ ကြီးကြီး ပြင်ဆင်ကျွေးမွေးသည်ကို ဝအောင် စားပြီးလျှင်မူ ဘကြီးသည် "အင်း...ရတနာ သုံးပါး ဂုဏ်ကျေးဇူးကြောင့် စားရပါပေတယ်၊ သောက်ရပါပေတယ်"ဟု ပြောကာ ချီးမွမ်းခံချင်သော ကြီးကြီးကို စတတ်လေသည်။

စားသောက်ပြီး၍ ကြီးကြီးတို့ တစ်ရေး အိပ်ကြလျှင် အဖြူသည် ကြီးကြီး ဖတ်လေ့ရှိသော စုံထောက်ဝတ္ထုများနှင့် ဘကြီး၏ ဘာသာရေး စာအုပ်များကို ဖတ်တတ်၏။ တစ်ခါတစ်ရံတော့လည်း ငေးမောနေတတ်၏။ ကိုဦးကို သတိရ၍ စာထရေးတတ်၏။ ကိုဦးရဲ့ မပြတ်ရောက်လာသော စာများကို ထပ်တလဲလဲ ဖတ်နေတတ်၏။

"အဖြူ နေကောင်းရဲ့လား"ဟု ကိုဦးက စတင်တတ်၏။

"ဒီမှာ တော်တော်အေးတယ်၊ ခိုက်ခိုက်ကို တုန်နေတာပဲ။ ချမ်းလို့ပဲလား၊ အဖြူ့ သတိရလို့ပဲလား မသိဘူး။ ညဦးပိုင်း အိပ်မပျော်တာနဲ့ လမ်းတကာလျှောက်ပြီး ပွဲချည်းကြည့်နေမိတယ်။ အဖြူ အငြိမ့်ကောင်းကောင်း ကြည့်ဖူးရဲ့လား၊ ပြန်ရောက်လာမှ လိုက်ပြဦးမယ်" စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ထိုင်စကားပြောနေကြသလို ရေးတတ်သည်။

"အဖြူ ကိတ်မုန့်ဖုတ်တတ်ပြီလား"လို့လည်း မေးတတ်သည်။

"သိုးမွေးထိုးနည်းလည်း သင်ဦးလေ။ ခုလို ချမ်းတုန်း အဖြူ ထိုးပေးမယ့် ဆွယ်တာလက်ရှည်ကို စိတ်ကူးနဲ့ ဝတ်ကြည့်တာ တစ်ဖက်တို၊ တစ်ဖက်ရှည် ဖြစ်နေတယ် သိလား။ ကိုယ်ထည်ကတော့ အရမ်း ကျပ်ပဲ"

အဖြူသည် အသံထွက်အောင်ရယ်ကာ သူ့စာကို နမ်းလိုက်မိတတ်သည်။ တော်တော်ဆိုးတဲ့ ကိုဦးပဲ။ အထင်သေးလိုက်တာ။ အဖြူက လက်ဖြစ်ပါတယ်။ ကြွားတယ်ထင်ထင်။

"အဖြူဖို့ ကြိုးကြီးချိတ် အဖြူရောင်တစ်ထည်၊ အနီနဲ့ အနက်ချိတ်တစ်ထည် မှာထားတယ်။ မနက်ဖြန်မှ ရမယ်တဲ့။ သနပ်ခါးမှုန့်ကော သုံးတတ်လား။ ဒီမှာ ဆရာ့မိန်းမဖို့ဆိုပြီး ကျောင်းသူတစ်ယောက်က လက်ဆောင် လာပို့ထားလို့ အသာကလေးငြိမ်ပြီး ယူထားလိုက်တယ်။ ကောင်မလေးက ချောက ချောနဲ့။ ဆရာ လူပျိုပါလို့ မပြောလိုက်ရတာ နာလိုက်တာ"

ကိုဦးက တစ်ည ဖုန်းဆက်သေး၏။

"အဖြူ့အသံ ကြားချင်လို့ပါ၊ ဘာမှ ကိစ္စမရှိပါဘူး"ဟု သူက ပြော၏။ "ကောင်းကောင်း ကြားရဲ့လား၊ ကိုဦးကတော့ ကြားရတယ်၊ ကြည်လင်နေတာပဲ"

"ခု...ခုနစ်–တစ်–တစ်–ငါး–ငါးက ပြောနေတာလား"ဟု အဖြူက နောက်လိုက်လျှင်တော့ ကိုဦးသည် ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး "ဘာပြောတယ် အဖြူ၊ ဘာပြောတယ်"ဟု မေးသည်။

"နောက်တာပါ၊ ခုထိ စိတ်မချသေးဘူးလား။ စောင်ကျားကြီးတော့ ခြုံထားရတယ်၊ ချမ်းလို့"

"တော်ပါသေးရဲ့၊ ပန်းရောင်ဇာအင်္ကျီရှည်နဲ့ပေါ့၊ ဟုတ်လား"

"ဘယ်ဟုတ်မလဲ၊ ချမ်းလွန်းလို့ ကြီးကြီးဆီက သိုးမွေး ညဝတ်အင်္ကျီနဲ့ ဘောင်းဘီရှည် ငှားထားရတယ်။ ပွနေတော့ ဆပ်ကပ်ထဲက လူပြက်လိုပဲ သိပ်လှနေတာဆရာ"

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် တစ်နေ့တစ်နေ့ ကြီးကြီးနှင့် တတွဲတွဲ အလုပ်များနေတတ်ရုံမက ဘကြီး ခြံထောင့်စွန်းမှာ ညှော့သည် လွတ်လွတ်လပ်လပ် နေဖို့ တည်းခိုအိမ်ကလေး ဆောက်သည်မှာလည်း ပါရ၏။ ဘကြီးက သူတစ်ယောက်တည်းနှင့် အပြီးဆောက်နေသည်မှာ သုံးလေးလရှိပြီတဲ့။ အရင် တွေ့ဖူးစက အဖြူသည် ငှက်လှောင်အိမ်ဆောက်သည်လို့ ထင်ခဲ့ပြီး မမေးဖြစ်ခဲ့ချေ။ ဘကြီးနှင့်ကူပြီး လွှတိုက်၊ ရွှေပေါ်ထိုးပင် လုပ်လိုက်သေး၏။ လက်ပေါက်သော်လည်း ချွေးထွက်၍ စိတ်ပေ့ါပါး ချမ်းသာသည်။

ဘကြီးက ရယ်စရာ ပြောတတ်၏။ ဖအေနှင့် ရောရောဝင်ဝင် မနေဖူးသော အဖြူ့အဖို့ အဆန်းလိုဖြစ်နေသည်။ အဖြူ ကူညီသည်ကို ဝမ်းသာသော်လည်း ပင်ပန်းမှာ စိုးတတ်သည်။ အဖြူ့ကို အရုပ်ကား ချိတ်သော အလုပ်၊ ခန်းဆီးတပ်သော အလုပ်နှင့် ရွှေပေါ်စာ တံမြက်စည်း လှည်းသော အလုပ်သာ လုပ်ခိုင်းသည်။ ပြီးတော့ ယောင်ပြီး ဖေဖေလို့ ခေါ်မိတတ်၏။

"ဘကြီးတို့လေ ငယ်ငယ်က သိပ် သားသမီး လိုချင်တာပဲ"ဟု ခပ်အေးအေး ပြောတတ်၏။ "သားသမီးကို မရခင်ကတည်းက သမီး ရည်းစား ဘဝကတည်းက ဘယ်လို ချစ်မယ်၊ ဘယ်လို မွေးမယ်ဆိုပြီး အစီအစဉ် ဆွဲလိုက်ကြတာ မောနေတာပဲ။ တစ်ခါတစ်ခါ ရန်ဖြစ်ရသေးတယ်။ ကြီးကြီးက ကလေးအများကြီး လိုချင်တယ်။ ဘကြီးကတော့ နှစ်ယောက်၊ သုံးယောက် တော်ပြီပေ့ါကွယ်။ နောက် မရနိုင်မှန်းသိတဲ့ တစ်နေ့ကျတော့ ဝမ်းနည်းလိုက်ကြတာ။ ကြီးကြီးဆိုတာ ငိုလို့မပြီးဘူး။ ဘကြီးက ပြောရတယ်။ သားသမီးဆိုတာ ကိုယ်ကမွေးမှ မဟုတ်ပါဘူး။ မေတ္တာထားနိုင်ရင် တစ်လောကလုံး ကိုယ့်သားသမီးပဲလို့"

အဖြူသည် ဖေဖေ့ကို ဖျတ်ခနဲ သတိရလိုက်၏။ ဖေဖေကော အဖြူ့ကို မမွေးခင် သားသမီး လိုချင်နေခဲ့သလား။ ကြိုပြီး ချစ်နေခဲ့သလား။ ဆေးရုံက ဘကြီးကတော့ ပြောဖူးတယ်။ ငယ်ငယ်က အဖြူ့ကို လက်ပေါ် ကတောင် မချဘူးတဲ့။ ချည့်နေမှာတောင် စိုးကြသတဲ့။

"ကြီးကြီးဆိုတာ ကလေးရူး ရူးနေတာပဲ"ဟု ဘကြီးက ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၏။ "ဟိုလူ့ကလေး ကောက်ချီ၊ သည်လူ့ကလေး ကောက်ချီနဲ့ သိပ်သနားဖို့ ကောင်းတာပဲ။ ဒါနဲ့ ကလေးတစ်ယောက် မွေးစားရတယ်။ အဲဒီတုန်းက လန်ဒန်မှာ နေကြတာကိုး။ နီဂရိုးနဲ့ အဖြူ ကပြားလေးတစ်ယောက် မွေးစားတယ်။ မွေးစားတဲ့ ကိစ္စကလည်း လွယ်တာမဟုတ်ဘူး။ တော်တော်ခဲခဲယဉ်းယဉ်းပဲ။ ပြောရရင် အရှည်ကြီးပဲ၊ မပြောတော့ဘူး။ အဲဒီကလေးကလည်း တော်တော် လိမ္မာသိတတ်တဲ့ကလေး၊ ၁၉ နှစ်သားအထိ ဘကြီးတို့နဲ့ နေသွားတယ်"

"ခု သူ ဘယ်ရောက်သွားပြီလဲ"ဟု အဖြူက ပူပူပင်ပင် မေးမိ၏။

"ဒုတိယစစ်ကြီးအတွင်းမှာ စစ်ထဲပါသွားပြီး စစ်မြေပြင်မှာ ပျောက်သွားတယ်။ သူ့နာမည် သံပြားကလေးတောင် မရလိုက်တော့ပါဘူးကွာ"

ဘကြီးသည် ခဏမျှ တိတ်ဆိတ်စွာ ငိုနေသေး၏။ ပြီးတော့ "ကြီးကြီးကို စကား သွားမစနဲ့နော်။ သူ တတ်နိုင်သမျှ မေ့ပျောက်ထားတာလေ။ အစဖော်ပေးသလို ဖြစ်သွားမယ်။ အနှစ်အစိတ် ကျော်ပြီ။ ဒါပေမဲ့ သူ့သားဓာတ်ပုံကို အိမ်မှာ မချိတ်ဝံ့သေးဘူးကွယ်။ အယ်လ်ဘမ်ထဲမှာပဲ ထားရတယ်။ မြင်တိုင်း ငိုမဆုံးလို့"

"အယ်လ်ဘမ်ထဲမှာ အဖြူရှာတော့ကြည့်မယ်နော်"

"ကြည့်လေ၊ ဟို ဂျပန်ဝါးခက်အရုပ်တွေနဲ့ အယ်လ်ဘမ် အဟောင်းကြီးထဲမှာ ရှိတယ်။ အဖြူ့အခန်းထဲ ယူသွားပြီးတော့ ရှာကြည့်ပေါ့။ အဲဒီအထဲမှာ ဂျော်ဂျီဓာတ်ပုံတွေချည်း များတာပဲ"

အဖြူသည် ဘကြီးထံမှ အမှတ်မထင် ထွက်ခွာလာကာ ခြံထဲမှာ ခြေဦးတည့်ရာ လျှောက်နေမိ၏။ သည်လောက် ပျော်ရွှင်ဖို့ကောင်းတဲ့ အိမ်မှာလည်း ဝမ်းနည်းကြေကွဲခြင်းဟာ တစ်မျိုးသဏ္ဌာန်ဆောင်ပြီးတော့ဖြင့် ရှိနေတာပဲနော် ဟု တွေးမိ၏။ လူတိုင်း လူတိုင်းရဲ့ နှလုံးထဲမှာ ပူပန်ခြင်းကို ထည့်ပေးထားပြီး တရားရစေတာ ထင်ပါရဲ့ဟု တွေးမိ၏။ အဖြူဟာ မာနကြီးသူ၊ ခက်ထန်သူ၊ သည်းမခံသူမို့ ရောဂါနှိပ်စက်ခြင်းနှင့် တရားချခြင်းပေလားဟု တွေးမိ၏။ အို…အရှင်ဘုရား၊ အဖြူ့ကို ခွင့်လွှတ်တော်မူပါ။ ခွင့်လွှတ်ခြင်းကိုလည်း သင်ပြတော်မူပါဟု တောင်းပန်မိ၏။ ဖေဖေရယ်…

www.burmeseclassic.com

www.burmeseclassic.com



သမီး လိမ္မာစေအောင် ဖေဖေလည်း လိမ္မာပါ။ သမီး နားလည်စေအောင် ဖေဖေလည်း နားလည်ပါ။ ထို့နောက် အဖြူသည် စံပယ်ရုံ၌ထိုင်ကာ မျက်ရည်မကျဘဲ သည်းထန်စွာ ရှိုက်မိ၏။ လူ့ဘဝ၌ ဒုက္ခဖြင့် အချိန်ကုန်ခဲ့ပါ ကလားဟု တွေးမိ၏။ စံပယ်နံ့ သင်းပျံ့ပြီး မနက်က ချိတ်ထားသော၊ အိမ်ထဲ မသွင်းရသေးသော မီးအိမ်ကိုမြင်လျှင် ကိုဦးကို သတိရပြန်၏။ အားလုံးလို မေ့ပစ်လိုက်ပြီး ကိုဦးနဲ့ နှစ်ယောက်တည်း အသစ်စလို့ မရတာ အမှန်ပဲ။ ကိုဦးပြောတဲ့ အမှန်တရားကို ရင်ဆိုင်ဖို့ဆိုတာ ဒါပဲ။ ဖေဖေနဲ့ တွေ့ဆုံရမည်။ စကားများစွာ ပြောရမည်။ ခု ဖေဖေ ဘယ်မှာလဲ။

ပြီးတော့ မေမေနှင့် တွေ့ဖို့ကောင်းသည်။ အဖြူ့ဓာတ်လမ်းသည် ဖေဖေနှင့်သာမက မေမေနှင့်ပါ စတင်ခဲ့သည် ထင်သည်။

ထိုည အိပ်ရာဝင်မှာ အဖြူသည် ကြီးကြီး ဝင်မလာနိုင်အောင် တံခါး ကန့်လန့်ချပြီး အယ်လ်ဘမ်ကို လှန်လျက်ရှိသည်။ လန်ဒန်မြို့၌ ရိုက်ခဲ့သော ပုံများစွာ တွေ့ရသည်။ ကြီးကြီးကို ဂါဝန်ဝတ်လျက် တွေ့ရ၏။ ဂျော်ဂျီ့ပုံကို နှစ်နှစ်သား အရွယ်ခန့်ကစ၍ တွေ့ရ၏။ အဲဒီအရွယ်က စမွေးစားသည် ထင်ပါရဲ့။ ဂျော်ဂျီမှာ အသားဖြူသော်လည်း မျက်နှာနှင့် ဆံပင်က နီဂရိုးသဏ္ဌာန် ဖြစ်လေ၏။ ပြုံးရွှင်ရယ်မောနေ၍ ချစ်စရာ ကောင်း သောသူဖြစ်သည်။ တင်းနစ်ရိုက်ပွဲမှာ ဆုယူသော ဓာတ်ပုံများစွာ တွေ့ရ၏။ ကောလိပ်ရောက်သောနှစ်မှာ စစ်ဖြစ်ဟန် တူသည်။ ကြည်းတပ်သား အဝတ်အစားနှင့် ဓာတ်ပုံများစွာ တွေ့ရပြန်သည်။ စစ်မြေပြင်မှာ ဂျစ်ကားပေါ် ထိုင်လျက်တစ်ပုံ တွေ့ရ၏။ ပြီးတော့ ဂျော်ဂျီ့အကြောင်း ပြီးဆုံးသွား လေသည်။

သူ့ရဲ့နံပါတ်နာမည် သံပြားတောင် မကျန်ရစ်ဘူးတဲ့။

အို…ဂျော်ဂျီ။ သူဟာ အဖြူရဲ့ အစ်ကိုဆိုရင် ဘယ်လောက် ကောင်း မလဲ။ ငယ်ငယ်က ဖေဖေ ရိုက်တဲ့အခါ အဖြူ ငိုပြီး တိုင်ဖို့ အစ်ကိုဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။ ထို့နောက် ဆေးရုံမှ ဘကြီး ပြောဖူးသည်ကို သတိရလာပြန်၏။ မေမေက ဩစတြေးလျမှာတဲ့။ နောက်အိမ်ထောင်ကျပြီး ကလေးတွေ ဘာတွေနဲ့တဲ့။ အဲဒါတွေဟာ အဖြူရဲ့ မမြင်ဖူးသေးတဲ့ မောင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့၊ ညီမတွေ့ပေါ့နော်။

ငိုစရာ မရှိတော့ဘူး၊ ငိုလို့ ပြီးဆုံးပြီ ထင်ခဲ့သော်လည်း အဖြူသည် ငိုနိုင်သေးသည်ကို သိရကာ အယ်လ်ဘမ်စာအုပ်ကို ရင်မှာဖက်ပြီး ခေါင်းအုံးပေါ် မျက်နှာအပ်ကာ ကုန်းဝပ်လျက် ငိုလိုက်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com



*ကိုဦး...ဒါလင်*

ဒီစာကိုရေးတော့ မိုးလင်းလုပြီ။ ညက တစ်ညလုံး ကောင်းကောင်း အိပ်မပျော်ဘူး။ ညဦးပိုင်း ကတော့ နက်ဖြန် ကိုဦး ပြန်လာမှာပဲဆိုပြီး ပစ္စည်း ကလေးတွေ သိမ်းဆည်းနေတာပေါ့။ ပျော်လည်း ပျော်နေတာပေါ့။ ကြီးကြီးပေးတဲ့ သိုးမွေးချည်ခင်တွေ၊ ထိုးတဲ့အပ်တွေ၊ သိုးမွေးထိုးတဲ့ ပုံစံတွေ အများကြီး ရတာကို။ အဖြူကလည်း တစ်နာရီထိုးတိုင်း သီချင်း ဆိုပြီး ဘဲလေးကချေသည် အရုပ်ကလေး ပတ်ချာလည် ကတတ်တဲ့ စားပွဲတင်နာရီ ကန်တော့လိုက်တယ်။ ဘကြီးက အလှအပ ပစ္စည်းကလေးတွေ သိပ်ချစ် တတ်တာ။ ကြီးကြီးဝတ်ဖို့ ပိန်းတန်းဖိနပ်လည်း ကိုဦးနဲ့ ပါလာမယ်လို့ ပြောထားတယ်။

အေးလေ...နောက်တော့ တစ်ညလုံး ကောင်းကောင်း အိပ်မပျော် တော့ဘူး။ ကိုဦးကို ဖုန်းဆက် ချင်စိတ် ပေါ်လိုက်တာ။ ရင်ထဲမှာ ပူနေတာပဲ။ ဘာ ကြောင့်မှန်းလည်း ရေရေရာရာ မပြောတတ်တော့ပါဘူး။ ကိုဦးဆီက စာ နှစ်ရက်ဆက် မရလို့လား မသိဘူး။ ကိုဦးကတော့ အိပ်ပျော်နေမှာနော်။ အဖြူ ငယ်ငယ်တုန်းက အပ်မှာအပ်ချည်ထိုးပြီး ပန်းတိုင်ရောက်အောင် ပြေးရတဲ့ ပြိုင်ပွဲတစ်ခုကို သွားသတိရတယ်။ အဖြူက ငယ်ငယ်လေးပေါ့။ အပ်နဲ့အပ်ချည် ထိုင်ထိုးနေလိုက်တာ ဘယ်လိုလုပ်လို့မှ မရဘူး။ သူများတွေ အကုန် ပန်းတိုင်ရောက်ကုန်တော့လည်း အပ်ပေါက်ထိုးလို့ မဝင်သေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



လှောင်သံလိုလိုလည်း ကြားလိုက်တယ်။ အဖြူ ဘာလုပ်ရမလဲလို့ စဉ်းစားတယ်။ ဘာမှ မလုပ်တတ်ဘူး။ နောက်တော့ အဖြူ့ အတန်းပိုင်ဆရာမက လာပြီး "အဖြူရေ… လာတော့"လို့ ဘေးဖဲ့ထွက်ဖို့ ထင်ပါရဲ့ ခေါ်တယ်။ အဖြူကတော့ အပ်ချည်ပေါက်လည်း ထိုးပြီးသွားပြီး တစ်ခါတည်း ပန်းတိုင်ကို ပြေးတာပေါ့။ လူတွေက ဝိုင်းရယ်လိုက်ကြတာ။ ပန်းတိုင်ရောက်တော့ ဆီးဖမ်းမယ့်လူတောင် မရှိတော့ဘူး။ ညက တစ်ညလုံး အဲဒီလိုပဲ နောက်ကျပြီး ဘာလုပ်ရမှန်း မသိတဲ့၊ လူရယ်ခံရတဲ့အဖြစ်မျိုး ခံစားရတယ်။

ကိုဦးကိုလည်း အားနာလှပါပြီ။ ဘယ်တော့များမှ ကိုဦးရဲ့ လူနာအဖြစ် ရပ်စဲတော့မယ် မသိပါဘူး။

ပစ္စည်းတွေ ထုပ်ပြီးတဲ့အခါ ခဏနားတုန်း စဉ်းစားမိပြန်တယ်။ ကောင်းပြီ၊ ခုရောက်နေတာက ကြီးကြီးတို့ရဲ့အိမ်ပဲ။ အဖြူ ဘယ်ကိုသွားမလဲ။ ဆေးရုံ က လူနာခန်းကိုလား။ အဲဒါ အဖြူရဲ့အိမ်လား။ တစ်သက်လုံး နေထိုက်သလား။ နေလို့ရသလား။

စိတ်တော့ မဆိုးနဲ့နော်။ အဖြူလေ အားလုံးကို ပစ်ထားခဲ့ပြီး တစ်ယောက်တည်း ထွက်သွားချင်စိတ်ပေါက်တယ်။ ဘယ်အသိတစ်ယောက်မှ မရှိတဲ့ နေရာ၊ ဘယ်သူမှ လိုက်မလာနိုင်တဲ့နေရာ။ အဲဒီမှာ နာမည်ပါ ပြောင်းပြီး နေလိုက်ချင်တယ်။ အဲဒီတော့မှ တကယ် အသစ်စလို့ ရမယ်ထင်တယ်။

ဒါပေမဲ့ ထုံးစံအတိုင်း သူတစ်ပါးထက် ပိုပြီး အချစ်ငတ်တဲ့ အဖြူဟာ ခဏငိုက်မိတုန်းတောင် ကိုဦးရဲ့ မီးအိမ်ကလေးကို အိပ်မက်မက်လိုက်သေးတယ်။ အိပ်မက်ထဲမှာ တစ်ခုတိုးတက်လာတာကတော့ အဖြူက ဝမ်းနည်းနေတယ်။ ကိုဦးကို ပြောနေတယ်။ မိုးတိမ်တွေကြား ရောက်နေတဲ့ မီးအိမ်ကလေးကို ကြည့်ပြီး လသာတယ် ဘယ်လိုပြောပြော လသာတာမှ မဟုတ်ဘဲ။ ကိုဦးရဲ့ ရေနံဆီမီးအိမ်ကလေးပဲ။ မီးစာကျွမ်းသွားမှာပဲ။ ရေနံဆီကုန်သွားမှာပဲ။ ဘယ်တော့ ငြိမ်းမလဲဘဲလို့ ပြောနေတယ်။ ပုထုဇဉ်တွေပဲလို့ ပြောနေတယ်။

ဘာပဲဖြစ်ဖြစ်၊ အဖြူ့အပြစ်ပဲ ဖြစ်မှာပါ။ မိဘနဲ့ စိတ်ဝမ်းကွဲ

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အဖြူဟာ ကျိန်စာသင့်တော့တာ ဖြစ်မှာပေါ့။ အဖြူဟာ အချစ်ဆိုတာကို တမ်းတသလောက် အချစ်မှာ မယုံချင်တော့အောင် သံသယတွေများနေပြီ ထင်ပါရဲ့။

အဖြူ့မှာ အပြစ်တွေ ရှိနေသလိုပဲ။ အား သိပ်ငယ်တာပဲ။ ရှေ့လျှောက် တစ်ဘဝလုံး ကောင်းတော့မှာလည်း မဟုတ်ပါဘူးလို့ မျှော်လင့်ချက် ကင်းနေတတ်တယ်။ အဲဒီလိုဆိုရင် အသက်ရှင်နေရတာတောင် အဓိပ္ပာယ် မရှိသလို ငြီးငွေ့တယ်။ အထီးကျန် ဖြစ်တယ်။

အဖြူဟာ နောက်ကျသွားပြီ ထင်ပါရဲ့။ လူကြီး ဘယ်တော့မှ ဖြစ်နိုင်တော့မယ် မဟုတ်ဘူး ထင်ပါရဲ့။ အဖြူ့ဘဝရဲ့ တစ်စိတ်တစ်ဒေသကတော့ ပိုလီယိုဖြစ်ဖူးတဲ့ သေသွားတဲ့ ကြွက်သားစိုင်လို သိမ်ငယ်သေးနုပ်ပြီး ကျန်ရစ်တော့မှာ ထင်ပါရဲ့။

အဖြူဟာ သာမန် မိန်းကလေးတို့လို ချစ်စရာ မဟုတ်ဘူး။ စိတ်ညစ်စရာ ပြဿနာများတဲ့ လူနာပဲလို့ တွေးမိရင် ရူးတောင် ရူးချင်တယ်။ တစ်ခါတစ်ခါများ ကိုဦးဟာ ဆရာဝန်မို့ အဖြူ့ကို မရရတဲ့နည်းနဲ့ မုသာဝါဒပါရောစွက်ပြီး ဆေးထိုးချင်တဲ့ လူနာကို မိုးရေမဟုတ်တောင် စီဗစ်ထိုးပြီး ကုနေတာနဲ့တူပါရဲ့။ တကယ်ချစ်တာ မဟုတ်နိုင်ပါဘူး။ ချစ်စရာမှ မဟုတ်ဘဲလို့ အမျိုးမျိုး တွေးမိတယ်။

တော်ပြီလေ။ ဒီစာကို ပို့ဖြစ်မှာလည်း မဟုတ်ဘူး။ ဒီနေ့ပဲ ပြန်လာမှာ မဟုတ်လား။ ကိုဦးဖတ်ဖို့ ပြဖြစ်မယ်လည်း မဟုတ်ပါဘူး။ အကြောင်းမထူးပါဘူး။ တော်တော်ကြာရင် ဆုတ်ပစ်လိုက်မှာပဲ။

**အချစ် – အဖြူ**

●

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး ပြန်လာမည့်နေ့မှာ ဘကြီးရဲ့ မွေးနေ့လည်းဖြစ်ရာ အဖြူတို့ သုံးယောက်သည် ရွာထိပ်က ဘုန်းကြီးကျောင်းသို့ သွားကြ၏။ ကြီးကြီးက ခရစ်ယာန်ဖြစ်သော်လည်း ဘုန်းကြီးကျောင်း လိုက်နေကျမို့ ဘုန်းကြီးနှင့် စကားအချီအချကျကျနန ပြောတတ်လေ၏။ ဘကြီးရဲ့ အိုဟောင်း အရုပ်ဆိုးသော်လည်း စက်ညင်သာကောင်းမွန်သော ချက်ဗလက်ကားနှင့် သွားကြ၏။ အဖြူက ဘုန်းကြီးလှူရန် ငှက်ပျောသီး၊ အုန်းသီး၊ ကွမ်း၊ လက်ဖက်နှင့် မေမြို့ပန်းများ ပြင်ဆင်ခဲ့ပြီး ကြီးကြီးက ဆွမ်းချိုင့်များ ပြင်ခဲ့သည်။ ယွန်းတစ်ချိုင့်နှင့် သတ္တုတစ်ချိုင့် ဖြစ်သည်။ ကြီးကြီးရဲ့ ကျော်ကြားသော ဝက်သားနီချက်၊ ငါးဖယ်ခြစ် အုန်းနို့ချက်၊ ပုစွန်တုပ် မီးဖုတ် သုပ်တာတွေ ပါသည်။ မဲဇလီဟင်းချို ပါသည်။ ဘကြီးက သင်္ကန်းသုံးစုံကို တပွေ့ပွေ့နှင့် ရှိသည်။

လမ်း၌ အဖြူ တွေးမိ၏။ ကြီးကြီးတို့က သားသမီးလိုနေတယ်။ အဖြူက မိဘလိုနေတယ်။ သူတို့က အနည်းနဲ့အများ ပျော်ရွှင်တတ်တယ်။ အဖြူက မပျော်ရွှင်ဘူး။ ဘာကြောင့်လဲ။ ချမ်းသာသုခဆိုသည်မှာ သူများထံက တောင်းလို့မရ။ ကိုယ့်အသည်းနှလုံးတွင်းမှာသာ ရှိသတဲ့။ ဘာဆိုလိုတာလဲ။

ကျောင်းထိုင် ဆရာတော်ကတော့ ပြော၏။ တွယ်တာခြင်း ပြတ်မှ ဆင်းရဲခြင်း ပြတ်မည်။

အဖြူက တွယ်တာခြင်း ပြတ်လိုသူ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုဦးနဲ့ နှစ်ယောက် ခုလို နေကြရရင် ပြဿနာတွေ အားလုံး ဖြေရှင်းသွားမှာ ထင်ပါရဲ့။

အဖြူတို့သည် ဘုန်းကြီးကျောင်းဝိုင်းထဲ လှည့်ကြည့်ကြသည်။ သဲဖြူခင်း၍ ညီညာပြန့်ပြူးသော၊ သိပ်သည်းသော မြေကြီး၌ ဖိနပ်မပါဘဲ လမ်းလျှောက်ရသည်မှာ အရသာရှိ၏။ ညက သွန်းဖျန်းစိမ့်ဝင်နေသော နှင်းကြောင့် အေးလည်း အေးစက်လှ၏။ တစ်နှစ်လုံး မပြတ်အောင် လတိုင်း မှည့်သည်ဆိုသော သရက်တောကိုလည်း လှည့်ကြည့်ကြ၏။ အုံ့ဆိုင်း၍ မြေသို့ ညွတ်နေသော၊ အသီးပြည့်သော သရက်ပင်တို့ကို ကြည့်ခါမှ ဟိမဝန္တာ ချီးမွမ်းခန်းကို သတိရမိ၏။ သျှိသျှားပင်တန်းသို့ ရောက်လျှင်တော့ ကြီးကြီးသည် "ဘုန်းတော်ကြီးဆီက တောင်းပြီး ဆားစိမ်၊ ဆီစိမ်ဦးမယ်"ဟု ကြိမ်းဝါးလျက် ရှိလေ၏။ သံပရိုသီးများ၊ သဘော်သီးများ ပျစ်ခဲအောင် သီးသည်ကို မြင်လျှင်တော့ "တော်ပြီ၊ အိမ်နောက်က မြေကွက်လပ်ကို ရအောင်ဝယ်ပြီး ဥယျာဉ်စိုက်တော့မယ်"ဟု ဆိုလေသည်။

ဘကြီးက "ဟုတ်တယ်။ တို့ ဥယျာဉ်ကျကျနန စိုက်ရအောင်၊ သိပ်စိတ်ချမ်းသာတဲ့ အလုပ်ပဲ။ ဘာလို့ မလုပ်ကြပါလိမ့်။ တကယ်တော့ ကွယ် ပိုက်ဆံကို ရှာနေတာက မြေကြီးနဲ့ဝေးပြီး စိတ်သောက ဖြစ်နေကြတာ။ စားစရာသီးပင်ကို ရှာတာက ကောင်းမယ်။ ကြက်မွေးပြီး ကြက်ဥစား၊ နွားမမွေးပြီး နွားနို့သောက်၊ အဲဒီလို နေကြည့်ဦးမှ။ ရွာထဲက ကရင်ကလေး သုံးလေးယောက် ခေါ်တာပေါ့"

ကြီးကြီးက "အို…ကျွန်မ ဘုရားရှိခိုးကျောင်းက မွေးစားထားတဲ့ ကောင်လေးတွေ ပြည့်လို့။ ကရင်လည်းပါ၊ ကုလားလည်းပါ၊ တရုတ်လည်းပါ။ ခေါ်ခိုင်းရင် အချိန်မရွေး ရတာပဲ။ ရွာထဲက ကောင်လေး တွေက ထန်းရည်မူးတတ်တယ်"

"အဖြူ့ကော မွေးစားပါလား"ဟု ပြောချင်ပြန်သော်လည်း မပြော တော့ချေ။

ကြီးကြီးက "ဘုန်းကြီးဆီက သစ်သီးမျိုးစုံတော့ အစုံတောင်း ရမယ်။ ဘုန်းကြီးက အပင်ပေါက်တွေပျိုးပြီး ဒကာ၊ ဒကာမတွေကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်တတ်တယ် ပြောတာပဲ။ တကယ် မျိုးကောင်းတဲ့ အပင်တွေနော်။ ယုယထားတော့လည်း ပိုကောင်းတာပေါ့။ ကြည့်စမ်း၊ ခါတိုင်း ဘုန်းကြီးကန်တော့ပြီးချည်းပဲ ပြန်တာ။ ခုလောက် စေ့စေ့စပ်စပ် မလည်ဖူးဘူး။ ခုမှအဖြူ့ပြချင်လို့ ခေါ်လာတာ။ ကိုယ်ပါ မြင်ဖူးရတော့တယ်။ စိတ်ချမ်းသာစရာကောင်းလိုက်တာ။ ဒီလိုနေရာမျိုး နေလို့မှ သူတော်ကောင်း စိတ်မဝင်တဲ့သူဘယ်ရှိနိုင်မလဲ။ ပတ်ဝန်းကျင်က လူ့ကို တကယ် ပြုပြင်တာပဲ”

ဘကြီးက “အေးလေ...ဒီပတ်ဝန်းကျင်ကလည်း အလိုလို ဖြစ်နေတာတော့ မဟုတ်ဘူးပေါ့။ လူက လုပ်ယူတာပဲ”

နေမြင့်လာသည်နှင့် သူတို့သည် အရိပ်သိပ်သည်းသော ကံ့ကော်ပင်အောက် ထိုင်ကြသည်။ “တို့ ကားနောက်ခန်းမှာ ကုလားမြက်ဖျာလိပ်တစ်လိပ် ရှိတယ်။ ရှင် ယူသိမ်းလိုက်သေးလား”ဟု ကြီးကြီးက မေးလျှင်ဘကြီးက ခေါင်းခါသည်နှင့် “အတော်ပဲ၊ ဖျာခင်းပြီး အေးအေးဆေးဆေးထိုင်ရအောင်။ မနက်က စားထားတာ အများကြီးပဲ။ မဆာကြသေးဘူးမဟုတ်လား။ မွန်းတည့်ခါနီးမှ ပြန်ကြရင် မကောင်းလား”

“ဖျာသွားယူလိုက်ရမလား”ဟု ဘကြီးက မေး၏။

“မပင်ပန်းရင်ပေါ့”ဟု ကြီးကြီးက မျက်စောင်းချိတ်လိုက်ရာအဖြူက ရယ်မောပြီး “အဖြူ ပြေးယူလိုက်ပါမယ်”ဟု ထပြေးရသည်။ အဖြူသည် ကားထဲမှ ကူရှင်များပါ ယူလာသည်။ နောက်မှီစရာ ပင်စည်ကို ကြီးကြီးက ဦးသွားကာ “ကျွန်မက ဝတယ်တော့။ လေးတယ်၊ မှီစရာပိုလိုတယ်။ အဖြူ မှီချင်လား၊ လာလေ”

အဖြူသည် ဘကြီးကို ငေးကြည့်နေပြီးမှ မကြားလိုက်ဘဲ “ဘကြီးအစက နှုတ်ခမ်းမွေးကြီးနဲ့ဆို”ဟု လွှတ်ခနဲ မေးမိ၏။

ဘကြီးက ရှက်ပြုံးပြုံးကာ “မောင်လှဦးဆိုတဲ့ကောင် တယ်နောက်တာပဲ။ နှုတ်ခမ်းမွေး ကတ်ကြေးနဲ့ ညှပ်တဲ့ရာဇဝင် ခင်းပြီးပြီထင်တယ်”

ကြီးကြီးက “အဖြူ ယောကျ်ားယူရင် ဘယ်တော့မှ သိပ်အလိုမလိုက်နဲ့။ အင်မတန် ရောင့်တက်တတ်တယ်။ သူတို့ကိုယ်သူတို့ အရှင်

www.burmeseclassic.com

www.burmeseclassic.com



သခင် ဘုရင်တစ်ပါးလို့ ထင်လာတတ်တယ်။ ကြီးကြီးကတော့ ကိုယ်ငါးခုတ်ရင် သူ့ ငရုတ်သီး ထောင်းခိုင်းတာပဲ။ ကိုယ် အဝတ်လျှော်ရင် သူ့အဝတ်လှန်းခိုင်းတာပဲ။ သူ ရုံးသွားတော့လည်း ကိုယ်က အိမ်မှာ တစ်နေကုန်ကုန်းလုပ်နေရတာ မဟုတ်လား။ သူတို့ကမှ ကုလားထိုင်နဲ့ စားပွဲမှာ ထိုင်နေတာ။ ကြီးကြီးလက်တွေ ကြည့်စမ်း၊ ကြမ်းထော်နေတာပဲ။ အဲဒါငယ်ငယ်တုန်းက စာအုပ်အသစ်လှန်ရင် လက်ရှုအောင် သွေးထွက်အောင် နုတဲ့ လက်တွေပေါ့။ ဝမ်းနည်းလို့ပြောတာ မဟုတ်ပါဘူး။ အလုပ်မလုပ်တဲ့လက်ကို ကြီးကြီးက မစုံမက်ပါဘူး။ ဒါပေမဲ့ အိမ့်ရှင်မိန်းမဟာ ကိုယ်ကပိုက်ဆံရှာသူ မဟုတ်ပါလားဆိုပြီး ဘာမှ စိတ်ငယ်စရာ၊ အောက်ကျစရာမရှိတဲ့အကြောင်း ပြောပြတာပါ”

ဘကြီးက “ကာလ သားသမီးပါကွာ၊ ပြောနေစရာ မလိုပါဘူး၊ နားလည်ပါတယ်”

ကြီးကြီးက “မောင်လှဦးကတော့ နှုတ်ခမ်းမွေးထောင်တတ်တဲ့ လူစားလည်း မဟုတ်ပါဘူး”

အဖြူသည် ရယ်မောနေရာမှ အေလင်းကို သတိရလာပြီး “အေလင်းကို စောစောက အဖြူ လာနေတုန်း လာနေပါလို့ ပြောလိုက်ရရင် ကောင်းမှာနော်။ သူက နေချင်ပါ့မလား မသိဘူး”

ကြီးကြီးက သက်ပြင်းချလေ၏။ “အေလင်း ကျတော့လည်း ကြီးကြီးတို့ အလိုလိုက်လွန်သွားသလား မသိပါဘူး။ ဒါပေမဲ့လည်းလေ သူလည်း အသက်အစိတ်ကျော်ပြီပဲ။ အလုပ်နဲ့အကိုင်နဲ့ သူ့ဝမ်းသူကျောင်းလို့သူ့အခန်း သူငှားလို့နေတာပဲ။ ငယ်ငယ်ကတည်းက ဘော်ဒါနေလာတာကိုး။ ပြီးတော့လည်း ဘာမှ လိမ့်လိမ့်လဲလဲ ဖြစ်မှာတော့မဟုတ်ဘူးလို့ ကြီးကြီးထင်တယ်။ ပြီးတော့ ဒီမှာသာ သူက ထူးခြားနေသလိုလို ရှိတာကို။ သူ့ကိုလန်ဒန်မှာ ထားလိုက်ရင် ဘာမှ ထူးပြောဆိုစရာရှိမယ့် မိန်းကလေး မဟုတ်ဘူးပေါ့”

ဘကြီးက “တို့စားဖို့ ထမင်းချိုင့်ပါ ယူလာရရင် ကောင်းမှာ” ဟုသာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် ကိုဦးကို ဘူတာရုံသွားကြိုရရင် ကောင်းမှာပဲဟု တွေး၏။ ဟုတ်တယ်။ ကားမောင်းသင်ရဦးမယ်။ တစ်ခါတုန်းက ကိုဦး ပြောဖူးသလို ဟောဒီရွာကလေးမှာ အိမ်ငှားနေပြီး ကိုဦးကို လိုက်ပို့ လိုက်ကြိုလုပ်။ ရုံးအလုပ်နဲ့ သွားစရာရှိရင် ကိုဦးက ဆေးရုံကားရှိသားပဲ။ အဖြူက နေ့လယ်ကျရင် မြို့ထဲဈေးဝယ်စရာတို့၊ စာအုပ်ဆိုင် သွားချင် တာတို့ ရှိသေးတာ။ ပြီးတော့ အေလင်းနဲ့ အေလင်းသူငယ်ချင်းမတွေနဲ့ မိန်းမပိုင်း ဖွဲ့ရတာလည်း ပျော်စရာကောင်းမှာပဲ။ လူ့ဘဝ တိုတိုကလေးပဲ။ ဘာကြောင့် အုပ်ဆောင်းအောက်မှာ ကုပ်နေရမှာလဲ။ တရားမရချင်သေးပါဘူး။ ဖေဖေ ကြိုက်ရင် ဖေဖေ နေပေါ့။ သူ့လို နေရာတကာမှာ အပြစ်မြင်ပြီး မကျေမနပ်နဲ့၊ ဒေါသ မာနနဲ့လည်း မနေချင်ပါဘူး။ အသက်ကြီးသွားလည်း သူနာပြု သင်တန်းတောင် လက်ခံနိုင်ရင် တက်ချင် တက်လိုက်ဦးမယ်။

"ကိုဦးက အိမ်ကို တန်းလာမှာ ထင်ပါရဲ့နော် ကြီးကြီး"ဟု ပြောမိလျှင် ကြီးကြီးသည် ဘာမှမပြောဘဲ ကူရှင်များကို ထပ်လိုက်လေ၏။ "တို့ အိမ်ပြန်ပြီး ကိုဦးကို စောင့်ကြရင် ကောင်းမယ်ထင်တယ်"ဟု သူက စတင် တွေးမိသည့်သဖွယ် တာဝန်ယူ၍ပြောသည်။ "ပြီးတော့ ဆာလာ မလားလည်း မပြောနိုင်ဘူး။ ပစ္စည်းတွေ ဝယ်ခြမ်းလာဦးမှာ။ ကျွန်မကလည်း ရှင့်ဖို့ ကတ္တီပါ ရှေ့ထိုးဖိနပ် မှာလိုက်သေးတယ်။ ချမ်းတတ်တယ် မဟုတ် လား။ ဧည့်ခန်းက သူများ မီးလင်းဖိုမှာ သူချည်း ကပ်ပြီး ကွေးနေတာပဲ မဟုတ်လား။ ခုတလောမှ ဧည့်သည်တည်းဖို့ အိမ်ဆောက်နေလို့ ချွေးတွေ ဘာတွေထွက်နေတာ"

ဘကြီးက ဖျာလိပ်နှင့် ကူရှင်များကို ကားဆီပို့ဆဲ။ အဖြူနှင့် ကြီးကြီးတို့သည် ဆွမ်းစားကျောင်းသို့ဝင်၍ ယွန်းချိုင့်နှင့် ဒန်ချိုင့်တို့ကို ယူကြ၏။ ပြီးတော့ ဆွမ်းစားနေသည့် ဘုန်းကြီးများကို မနှောင့်ယှက် တော့ဘဲ အသာပြန်လာကြ၏။ ဘကြီးက ကားကို လျင်မြန်စွာ မောင်း သည်။

"ကိုဦးကတော့ နေ့လယ် ရောက်လာမယ် ပြောတာပဲ။ အဖြူ ရထားဝင်ချိန်၊ ထွက်ချိန်တွေလည်း မသိ။ သေသေချာချာလည်း မမေးမိဘူး" ဟု အဖြူက ပြောလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ဘူတာရုံကို ဖုန်းဆက်မေးတာပေါ့"ဟု ဘကြီးက ပြော၏။

"ကျွန်မ သိပါတယ်။ ၁၂ နာရီကျော်၊ ၁ နာရီ အလွန်ဆုံး ရန်ကုန်ကို ဝင်လာမှာပဲ။ ပြီးတော့ ဆေးရုံက သူ့တပည့်တွေက သွားကြိုကြမှာတဲ့။ ပူမနေနဲ့တဲ့ ပြောသွားတာ။ ခုမှ ၁၁ နာရီခွဲ ရှိသေးတယ်။ ဘူတာရုံက ဒီကို နာရီဝက် မောင်းရဦးမှာဆိုတော့ အိမ်ကို ၁ နာရီနဲ့ ၂ နာရီအကြား ရောက်လာမှာပဲ"

အိမ်ရောက်လျှင် ခဏနားပြီး ထမင်းစားကြ၏။ ပြီးတော့ ဘကြီးက တစ်ရေးအိပ်သော်လည်း ကြီးကြီးက မလှဲနိုင်။ ကိုဦး စားသောက်မည်ဆိုလျှင် အသင့်ရှိဖို့ ပြင်ဆင်ပြန်သည်။ အဖြူ့ကိုတော့ သိုးမွေးခြုံစောင် ထိုင်ထိုးခိုင်းသည်။

အဖြူက ငယ်ငယ်က ကျောင်းမှာ သင်ဖူးသဖြင့် အနည်းငယ် တတ်ထားသော သိုးမွေးထိုးနည်းကို အားကိုးကာ၊ လက်က အလုပ်လုပ်ရင်း မျက်စိများ စုံမှိတ်ကာ ကိုဦးကို မြင်ယောင်နေ၏။ ကိုဦး...ကိုဦး၊ သူ ရထားပေါ်မှာလား။ အဖြူ့ကို သတိရနေရဲ့လား။ နောက်ဆုံး နှစ်ရက်မှာ သူ စာမရေးဘူး။ ဘာဖြစ်လို့လဲ၊ ပျင်းလို့လား။ အဖြူ့အဖို့ အရေး ဘယ်လောက် ကြီးတယ်ဆိုတာ မသိလို့လား။ သူ့ဓာတ်ပုံနဲ့ သူ့လက်မှတ်ကို ဘယ်လောက် နမ်းရတယ်ဆိုတာ သူ မသိလို့ ထင်ပါရဲ့။ အေးလေ... အဖြူကပဲ ကလေးအဖြစ်က မလွန်မြောက် မကြီးရင့်တာလား။

အနားသို့ ကြီးကြီး ရောက်လာပြီး...

"အဖြူ တစ်ရေးမှေးလိုက်ပါဦးလား။ ၁၀ မိနစ်ရရ၊ ၁၅ မိနစ် ရရပေါ့။ မနက်က အိပ်ရေးပျက်လို့ စံပယ်တောင် ဆင်းမရူးနိုင်ဘူး မဟုတ်လား"

"အဖြူ နေ့လယ် မအိပ်တတ်ပါဘူး။ အဖြူ စဉ်းစားနေတာပါ။ ကြီးကြီးနဲ့ ဘကြီး ရန်ဖြစ်ရင် ဘယ်လိုနေကြလဲလို့။ ငယ်ငယ်က ရန် မဖြစ်ဖူးဘူးလား"

"ပါးစပ်ကတော့ အနိုင်လု ပြောနေကြတာပဲ။ ကြီးကြီးက မျိုသိပ် မထားတတ်ဘူး မဟုတ်လား။ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲ။ နောက်တော့ ကိုယ့်ကိုယ်ကိုယ်လည်း ဆုံးမရတာပေါ့။ ပြီးတော့ ဘကြီးက စိတ်ဆိုးရင် သူ့ငှက်သိုက်တွေ လည်ကြည့်ပြီး ငှက်တွေ အစာကျွေး၊ ငှက်တွေနဲ့ စကားပြောဆိုတော့ ငှက်ကလေးတွေ လန့်ကုန်မှာစိုးလို့ ကြီးကြီးလည်း စကားကျယ်ကျယ် ဗျစ်တောက် ဗျစ်တောက် မလုပ်ဝံ့တော့ဘူး”

“ကြီးကြီး စိတ်ဆိုးရင်ကော…”

“ကြီးကြီး စိတ်ဆိုးရင်လား”ဟု ကြီးကြီးက ရယ်လိုက်၏။

“ငယ်ငယ်ကတော့ ခတ်ပြားဖွင့်ပြီး ခေါင်းအုံးဖက်ပြီး တွဲကပစ်လိုက်တာပဲ။ သူက ကြီးကြီးကို ကပွဲမှ မသွားစေတာ။ သိပ်နှမြောတာ”

“ခုတော့”

“ခုတော့ ကိတ်မုန့်ပဲ ဖုတ်နေလိုက်တာပေါ့”

အဖြူသည် ခဏမျှ လေးဖင့်နေပြီးမှ မရဲတရဲ “ကိုဦး စိတ်ဆိုးရင်ကော။ အဖြူက ခုထိ ကိုဦး စိတ်ဆိုးတာ မမြင်ဖူးသေးလို့”

ကြီးကြီးက မျက်နှာထားတည်တည်ဖြင့် “ငယ်ငယ်ကတော့ စိတ်ဆိုးရင် သစ်ပင်အောက်သွားပြီး ဘာဂျာမှုတ်နေတာပဲ။ ဘာဖြစ်လို့လဲ၊ ပန်းကန်တွေ၊ ဘာတွေ မခွဲတတ်ပါဘူး။ မကြောက်ပါနဲ့။ သူ အဲဒီလို လုပ်ရင် သူ့ဆေးရုံက လူနာလှောင်ပိတ်ထားတဲ့ အခန်းထဲ ထည့်ပစ်လိုက်ရုံပေါ့” ပြီးတော့ ကြီးကြီးသည် တဟားဟားရယ်၍ ထွက်သွားသည်။

သို့လျှင် နောက်ဆုံး၌ ဧည့်ခန်းပေါက်ဝ၌ ကိုဦး လာရပ်သည်။ သူ့ဆံပင်များ ပွယောင်းနေ၏။ ဘောင်းဘီအနက်မှာလည်း ဒူးနေရာမှ ဖုန်အနည်းငယ် ကွက်တင်နေပြီး လည်စီးမှာ ခါတိုင်းလို ခပ်ကြေကြေပင်။ သူ့ကိုကြည့်ပြီး ရင်ထဲ ထိတ်ခနဲဖြစ်ကာ အဖြူသည် “ချစ်လိုက်တာ”ဟုသာ တွေးလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် ဆေးရုံမှ ကိုယ့်အခန်းကို ပြန်လာရတာ ရှက်သလိုလို ဖြစ်နေသည်။ ခဏပဲနေမှာ၊ သိပ်ကြာကြာ နေမှာမှ မဟုတ်ဘဲဟု တွေး၏။ ကိုဦးနဲ့ နီးစပ်နေရတာ တစ်ခုပဲ ကျေနပ်စရာရှိသည်။ မနက်မိုးလင်း၍ ကိုဦးနှင့် ဆေးရုံအုပ် ဘကြီးကအစ အမှိုက်လှည်း ကုလားအဆုံး၊ အလုပ်များကြသည်ကို ကြည့်ပြီး သည်အတိုင်း ထိုင်ကြည့်နေရတာ အားနာလာသည်။ အန်တီ မငွေခင်လည်း သူ မလိုတော့ချေ။ စာဖတ်လိုက်၊ ပန်းအိုးပြင်လိုက်၊ လက်ဆွဲရေဒီယိုဖွင့်၊ ဓာတ်ပြားဖွင့်နှင့် နေရတာလည်း ကျေနပ်သော်လည်း မပြည့်စုံသေးဟု ထင်၏။ ဆေးရုံမှာ သုံးသည့် လက်သုတ်ပဝါ၊ စားပွဲခင်း စသည်တို့ကို ဝိုင်းဝန်းချုပ်လုပ်၊ တံဆိပ်ပန်းထိုးခြင်း ကူညီလုပ်လည်း အားနာသေးသည် ထင်သည်။ ကိုဦးရဲ့ အိပ်ခန်းကိုလည်း သွားရောက်ရှင်းလင်း၍ စိတ်ရှိလျှင် ချက်ပြုတ် စားသောက်နေလိုက်သော်လည်း သူများတွေ ဘာထင်မလဲဟု ကြောင့်ကြ လျက်ရှိသည်။ သူများတွေကတော့ အဖြူဟာ ဆရာဝန်ကို ဝိုင်းချစ်နေ ကြသည့် စိတ္တဇလူနာ မိန်းမတို့ထဲက တစ်ယောက်လို့ ထင်မှာပဲ။ ဟုတ်များကော ဟုတ်နေသလားဟု စိတ်ညစ်မိ၏။ ကိုဦးမှရယ် မဟုတ်ဘူး။ ဘယ်ယောကျ်ားပျို တစ်ယောက်မဆို ကိုဦးနေရာမှာ၊ တူညီသော အခြေအနေမှာ တွေ့ရင် ချစ်တယ်ဆိုပြီး ဖြစ်လာတော့မှာလားဟု တွေး၏။ ဒါပေမဲ့ ကိုဦးက တခြားလူမှ မဟုတ်ဘဲ။ အဖြူ့အဖို့ ဘယ်သူနဲ့မှ မတူသော သူမျှသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူ စိတ်ကူးရသမျှကို ကိုဦးကို ပြောတော့ပြ၏။ (ဆုတ်ပစ်မည် စိတ်ကူးသော စာကိုလည်း တကယ်တော့ ပြခဲ့မိ၏။) ကိုဦးက အေးချမ်းစွာပင် ဆွေးနွေးမြဲ။ မနက်တိုင်း လမ်းလျှောက်ရင်း ညတိုင်း အပြင်ထွက်ရင်း စကားများစွာ ပြောမိကြ၏။ သူတို့သည် ညဆိုလျှင် ရုပ်ရှင်ရုံလောက်သာ သွားဖြစ်ကာ အများအားဖြင့် ကြီးကြီးတို့အိမ်သို့ လည်တတ်ကြ၏။

ကိုဦးက အဖြူ အိမ်ပြန်နိုင်သည်ဟု ထင်သည်။ အဖြူကလည်း ထင်သည်။ သို့ပေမယ့် မပြန်ချင်ပေ။ သွားစရာလည်း မရှိပေ။ ကြီးကြီးတို့ဆီ သွားနေဖို့လည်း နောက်ကျခဲ့ပြီ ထင်လေသည်။ မိတ်ဆွေသာ ဖြစ်၍ သားသမီး မဖြစ်နိုင်တော့ပြီ။

မန္တလေးကအပြန် ကိုဦး တောင်ငူဝင်ခဲ့သည်လို့ သိရ၏။ (တစ်ရက်စော၍ အားသည်မို့ ဝင်လို့ရ၏။) ဖေဖေနှင့် တွေ့ခဲ့သည်တဲ့။ ဖေဖေသည် အဖြူ့ကို ဆေးရုံ၌ လွတ်လွတ်ကျွတ်ကျွတ် ထားနိုင်အောင် တောင်ငူမှာ သွားနေသည်။ ဖေဖေ အနည်းငယ် မကျန်းမမာ ဖြစ်နေသည်။ အဖြူ့ကို တွေ့ချင်လှပြီ။ ပြီးတော့ အဖြူ့ဖို့ လိမ္မော်သီးနှင့် ငှက်ပျောသီးများ ပေးလိုက်သည်။ အဖြူက ကိုဦး ဝယ်ခဲ့သည်လို့ ထင်ခဲ့သည်။

"အဖြူ့ ဖေဖေ ပိန်သွားတယ်၊ စိတ်လည်း တော်တော်ထိခိုက်နေတယ်"ဟု ကိုဦးက ပြောပြ၏။

"ဟုတ်လား၊ ဒါဖြင့် ကိုယ်ချင်းစာတတ်တော့မှာပေါ့နော်"ဟု ပြောလိုက်ပြီး စိတ်မကောင်းလည်း ဖြစ်သွားသည်။

"အဖြူက နာတုန်းပဲ"

"သတိရသွားလို့ပါ။ တစ်ခါတုန်းက အဖြူက သူတို့နဲ့ ရန်ဖြစ်ပြီး ရှမ်းပြည်နယ်သွားမယ်၊ မေမေ့ ဆွေမျိုးတွေသွားရှာမယ်ဆိုတော့ အဖြူ့ အိပ်ခန်းကို အပြင်ကနေ သော့ခတ်ထားတယ်။ ၆ ရက်တိတိပဲ။ နောက် ဒီလို မပြောတော့ပါဘူးလို့ ဝန်ခံမှ ဖွင့်ပေးတယ်။ အဖြူလေ ဆက်ပြီး အလှောင်မခံနိုင်လို့သာ ဝန်ခံလိုက်ရတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းလိုက်တာ၊ ဖွဲ့မရှိကောင်းလားလို့"

"ဒါတွေပြောလို့ မကုန်နိုင်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မကုန်နိုင်ဘူး၊ အများကြီး ကျန်သေးတယ်။ ပြောလည်း မပြော ချင်ပါဘူး။ မေ့လည်း မေ့မသွားဘူး။ ခက်တာက"

"သူကတော့ အဖြူ့ကို သိပ်တွေ့ချင်နေတယ်"

"ဖြည်းဖြည်းပေါ့"

ကိုဦးသည် ဟိုယောင်ယောင် သည်ယောင်ယောင်လုပ်နေပြီးမှ စိတ်ဆုံးဖြတ်လိုက်ဟန်နှင့် "စာတစ်စောင်လည်း ပေးလိုက်တယ် အဖြူရဲ့၊ ဖတ်ကြည့်ပါဦး"

အဖြူသည် စာကိုယူလိုက်ပြီး "အိပ်ခါနီးမှ ဖတ်မယ်"ဟု ပြော လေ၏။ ကိုဦးက ပူပင်သည်။ အဖြူ စိတ်ဆင်းရဲလျှင် ဘယ်လိုလုပ် မည်လဲ။ ညမအိပ်နိုင်လျှင် ဘယ်လိုလုပ်မည်လဲ။ ရုံးခန်းမှာ သူ စောင့်အိပ်ချင်သည်တဲ့။

"မစောင့်စေချင်ဘူး ကိုဦးရယ်။ အဖြူတစ်ယောက်တည်း ဖတ် ချင်တယ်။ ကိုယ့်အင်အားတစ်ခုတည်းနဲ့ တွေ့ချင်တယ်။ တကယ်တော့ ဒီလိုသာ ဖြစ်ရမယ်လို့ ကိုဦးပဲ ပြောတယ်မဟုတ်လား"

"မငွေခင်ဖြစ်ဖြစ် စောင့်အိပ်ခိုင်းချင်တယ် အဖြူရယ်၊ စိတ်မချဘူး"

"မလိုပါဘူး"

အဖြူသည် ထိုညမှာ မငွေခင် ဝင်လာမည်စိုး၍ ရုံးခန်းနှင့် ဆက် နေသော တံခါးမကြီးကို ပိတ်လိုက်သည်။ တံခါးမှာ အမြဲဖွင့်ထားနေကျမို့ ကပ်နေကာ တော်တော်နှင့် ဆွဲလို့မရ။ ရပြန်တော့ ကန့်လန့်ထိုးလို့ တော်တော် နှင့်မရ။ တံခါးပိတ်နေတာကိုက ၁၅ မိနစ်ခန့်ကြာသည်။ ခေါင်းရင်းက ပြတင်းကိုလည်း ပိတ်လိုက်၏။ လိုက်ကာအဖြူကို သည့်ထက် ထူစေချင်၏။ စိတ်လုံချင်ကာ ရှိသမျှ ကန့်လန့်၊ မင်းတုပ်မှန်သမျှ ချထားချင်စိတ် ရှိလာ၏။ ပြီးတော့ အန္တရာယ်ကို ရင်ဆိုင်ရမည်လို ကြောက်ရွံ့လေးလံသောစိတ်ဖြင့် အိပ်ရာပေါ်မှာထိုင်ကာ စာအိတ်ကို မဖောက်သေးဘဲ တွေနေသည်။

မုန်းစရာကောင်းသော၊ စိတ်ညစ်စရာကောင်းသော ကိုယ့်ကိုယ် ကိုယ် သနားခြင်းသည် တစ်စတစ်စ စမ်းသန်း၍ ဝင်လာပြန်သည်ကို အတင်း ဖြေဖျောက်၏။ စာကိုမဖတ်ဘဲ ဖျက်ဆီးလိုက်ရရင် ကောင်းမလား။ ကိုဦးကို ပြေးခေါ်ပြီး ဝေးရာသို့ ရှောင်ရရင် ဖြစ်မလား။ သတ္တိမရှိဘူးပေါ့။ မရှိဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



ရင်ကော ခွင့်မလွှတ်နိုင်ဘူးလား။ ကိုဦးကတော့ ခွင့်လွှတ်လိမ့်မည်။ ကိုယ့်ကိုယ်ကိုယ် တစ်နေ့ ခွင့်လွှတ်နိုင်ပါမည်လားဟုသာ ပူစရာရှိ၏။

စာအိတ်ကို ဘေးမှ ဆုတ်ဖွင့်သည့်အခါ လက်များတုန်နေသည်။ ရင်ထဲ လှိုက်လှဲကာ မျက်ရည်များ မထင်ဘဲကျလာသည်။ စာအိတ်ပေါ်မှ ခင်ဖြူဖြူလှဲ့ဟု သူ့နာမည်ကို ဖျောက်၍ မေမေ့နာမည်ပါ ထည့်ပေးလိုက်သည်ကို ဝမ်းနည်း၏။ ဖေဖေ နာကျင်မှာကို သနား၏။ သူက နာကျင်စေခဲ့သော်လည်း သူ့ကို မနာကျင်စေချင်ပါဘူး။ အဖြူ့ကြောင့် ဘယ်သူမှ မနာစေချင်ပါဘူး။ အဖြူ့ကို နာအောင် လုပ်ရက်ကြသော်လည်း အဖြူက နာအောင် မလုပ်ရက်ပြန်ဘူး။ အဲဒါ ညံ့ဖျင်းတာလား၊ စိတ်ပျော့တာလား၊ စိတ်ကောင်းပဲ ရှိလွန်းလို့လား၊ ကိုယ့်ကိုယ်ကိုယ် သည့်ထက် ပိုချစ်ပြီး ကိုယ့်ကောင်းကျိုးကို သည့်ထက် ပိုလိုလားရင် အားလုံး ရှင်းသွားမှာပဲ။ ဘာဖြစ်လို့ မလုပ်နိုင်တာပါလိမ့်။ ပြီးတော့ အရွယ်ရောက်တဲ့ သားသမီးတိုင်းဟာ မိဘကို စွန့်ခွာပြီး အိမ်ထောင်ထူကြတာဟာ သဘာဝပဲ။ ဒါပေမဲ့ ဖေဖေနဲ့ အဖြူက တော့ ပြဿနာ ဖြစ်နေတဲ့ သားအဖကိုနော်။ အိမ်ထောင်ကိစ္စ မပါသေးဘဲနဲ့တောင် သမီးကို မယုံကြည်တာ၊ အထင်သေးတာ၊ စိုးပိုင်ချင်တာ၊ အာဏာကြီးချင်တာ။ ကိုယ်မှအပ တန်းတူ တခြားလူသတ္တဝါ တစ်ယောက်ပါလားလို့ မလေးစားချင်တာတွေက ဖေဖေနဲ့ အဖြူ့ကို သွေးခွဲခဲ့ပြီ။ အဲဒီ သဘောထားတွေဟာ အချစ်မေတ္တာဆိုတာနဲ့ တွဲဖက်ကောင်းတာတွေလည်း မဟုတ်ပါဘူး။

အဖြူသည် စာစမဖတ်သေးခင်ကပင် တရှိုက်ငင်ငင် ဖြစ်ခဲ့ လေ၏။ ဖေဖေနဲ့ ပတ်သက်တိုင်း စိတ်ဆင်းရဲရမှာကတော့ ရှောင်လို့ မရတော့ပါဘူးနော်။ ဖေဖေဟာ သမီးကို သည်အရွယ်အထိ မွေးမြူ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဖေဖေဟာ သမီးရဲ့ အသည်းနှလုံးကို ကုတ်ခြစ်နေတဲ့ ဆူးပမာ ဖြစ်ခဲ့ပြီ။ သေမှ ပျောက်မယ့်ဒဏ်ရာ ဖြစ်ခဲ့ပြီ။

***သမီး အဖြူ***

သမီး နေကောင်းနေပြီ ကြားရလို့ ဝမ်းသာတယ်။ သမီး ဝလို့ဖြိုးလို့

www.burmeseclassic.com

www.burmeseclassic.com



စားနိုင်သောက်နိုင်နေပြီ ဆိုတာလည်း သိရတယ်။ မကြာခင်ရက်အတွင်းမှာ ဆေးရုံကတောင် ဆင်းနိုင်ပြီဆိုတာ သိရတော့ ဖေဖေ သိပ်ပြီး လာခေါ်ချင်တာပဲ။

ဖေဖေတော့ တယ် နေမကောင်းလှဘူး။ သွေးတိုး ဖြစ်ချင်တယ် ထင်ပါရဲ့။ နှလုံးရောဂါ ဖြစ်လည်း အံ့ဩစရာတော့ မဟုတ်လှဘူး။ ဖေဖေ့ဆံပင်လည်း ဒီသုံးလေးလအတွင်း သိပ်ဖြူလာတာပဲ။ တစ်သက်လုံး စိတ်မချမ်းသာခဲ့ရတာလည်း အဖြူ အသိသားပဲ။ အသက်ရှည်ရှည်လည်း တယ်မနေချင်တော့ပါဘူး။

စာရှည်ရှည် မရေးတော့ဘူးလေ။ တစ်ခုပဲ ဝမ်းနည်းတယ်။ အဖြူဟာ ဖေဖေ့ စေတနာ၊ မေတ္တာကို ခံယူပြီး ကျန်းမာဝဖြိုးလာရတာ မဟုတ်တာ တစ်ခုပဲ။ အေးလေ…မပြောပါစို့နဲ့။ သမီး ဘယ်တော့ အိမ်ပြန်လာမလဲ။ ဖေဖေ ခု တောင်ငူမှာ။ သမီး သိမှာပေါ့။ ဒေါ်ကြီးလည်း စစ်ကိုင်းက သူ့ညီမ သီလရှင်ဆီ သွားနေတော့မယ်။ ဖေဖေလည်း ကြီးပြီ။ မသေခင် သမီးနဲ့ အေးအေးချမ်းချမ်း နေချင်တယ်။ ရှေ့ နေရလှ ဆယ်နှစ်ပေါ့။

ဘယ်တော့ ဆေးရုံက ဆင်းမလဲ။ စာပြန်လိုက်ပါ။ ဖုန်းဆက်လည်း ရတာပဲ။ သမီး မမှတ်မိမှာစိုးလို့ အောက်မှာ ရေးပေးလိုက်မယ်။

အဖြူ့ မျက်ရည်ကြားတွင် စာလုံးများ ဝါးကုန်ကာ ကြီးလိုက်၊ သေးလိုက် ဖြစ်နေကြ၏။ ဖေဖေ၊ အင်မတန် မာကျောခက်ထန်တဲ့ ဖေဖေ။ အလျှော့ကြီးတော့ လျှော့ခဲ့ပြီ။ ဒါပေမဲ့ ယုံကြည်လို့ လုပ်တဲ့ အလုပ်တော့ မဟုတ်ဘူး။ လက်မလွှတ်နိုင်လို့၊ အဆုံးမခံနိုင်လို့။ အဲဒီလိုလုပ်လို့ ဖေဖေရော အဖြူပါ စိတ်ချမ်းသာမယ် ထင်သလား။

အပြင်၌ လေတိုက်သံ ကြားရ၏။ သစ်ရွက်များ ညည်းညူသံ ကြားရ၏။ သစ်ရွက်ပွန်းသော စံကားဖြူကိုင်းဖြင့် ပြတင်းကို လာရောက်ခြစ်သံ ကြားရမည်လားဟု ယောင်ပြီး လှည့်ကြည့်မိပြီးမှ အဖြူသည် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် ချက်ချင်း တစ်ကိုယ်လုံး တုန်လာလေ၏။

ဖေဖေဟာ တစ်ခါမှ သည်လို ပျော့ပျောင်းတဲ့လေသံကို မသုံးဖူးပါဘူး။ နဂို စိတ်ပျော့ပျောင်းနူးညံ့သူမှ မဟုတ်တာ။ ဒါပေမဲ့ အဖြူ ယုံဖို့

www.burmeseclassic.com

www.burmeseclassic.com



ခက်လှပြီ။ ဖေဖေ့အိမ်ကို ပြန်လာတဲ့အခါမှာ အဖြူဟာ ဖေဖေ နှိပ်စက်တာကိုခံမယ့် အဖြူမဟုတ်တော့ဘူးဆိုတာ သိရဲ့လား။ အရွယ်ရောက်ခဲ့တဲ့ ကိုယ်စိတ်လွတ်လပ်ခြင်းကို အပိုင်ယူတော့မယ့် အဖြူသာ ဖြစ်တယ်။ ဖေဖေ အော်ငေါက်ကြိမ်းဝါးလို့ မဖြစ်တော့ဘူး။ ရိုက်နှက် တံခါးပိတ်ထားလို့ မဖြစ်တော့ဘူး။ အိမ်ထောင်ခွဲထွက်တော့မယ့်၊ ချစ်သူ ရှိနေပြီဖြစ်တဲ့ အဖြူသာဖြစ်တယ်။ အလုပ်ထွက်လုပ်ချင်လုပ်မယ့်၊ မေမေ့လိပ်စာကိုရှာမယ့် အဖြူသာဖြစ်တယ်။ ဖေဖေ လိုလားနိုင်ပါ့မလား။ ပြီးတော့ ဖေဖေ ဘာပြောပြော၊ သမီးကို ရူးသည်အထိ နှိမ်နင်းခဲ့သူဟာ တစ်နံနက်ခင်းမှာ ကျွတ်ကျွတ်လွတ်လွတ် သိမြင်နားလည်လာတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ အဖြူ သံသယဖြစ်လှပါတယ်။ ပြီးတော့ အဖြူနဲ့ ဖေဖေဟာ တန်းတူ ခေါင်းမာကြသူတွေ ဖြစ်တယ်။

အဖြူသည် ပြတင်းမှ သစ်ကိုင်းခြစ်သံကို ကြားယောင်လာသည်။ ဖျောက်လို့မရ။ စိတ်အားငယ်၍ တစ်ခါတည်း ဆင်းပြေး အော်ဟစ်လိုက်ချင်စိတ် ပေါက်၏။ ရူးခြင်းနှင့် ကောင်းခြင်းကြားမှာ သေးမျှင်သော ကြိုးကလေးသာ ခြားလျက် ရှိသည်ထင်၏။ အဖြူ့ဘဝ ပြန်ကောင်းနိုင်ပါဦးမလား၊ ပြန်ကောင်းနိုင်ပါဦးမလား။ မတွယ်တာဘဲ မနေနိုင်သူအဖို့ သေဆုံးခြင်းသာ အေးငြိမ်းရာ ဖြစ်တော့မည်။ ကြီးကြီး၊ ဘကြီး၊ အေလင်း၊ မငွေခင်၊ ကိုဦး။ သူတို့ အားလုံးကိုလည်း အားကိုးလို့ရမည် မထင်။ အဖြူရဲ့ ဒုက္ခဟာ ငရဲမီးလိုပဲ ထင်သည်။ ပူလောင်၍ သူတို့ အနားကပ်နိုင်မည် မထင်။ ပြီးတော့ သူတို့ဆီ ထွက်ပြေးခြင်းဖြင့် ဖြေဖျောက်လို့ရမည်မဟုတ်။ အဖြူ သိခဲ့ပြီ။

ကိုဦးနဲ့တော့ တိုင်ပင်ရဦးမည်။ သူက အဖြူ့ရဲ့ ဆရာဝန်လည်း ဖြစ်သည်။ မိတ်ဆွေကောင်းလည်း ဖြစ်သည်။ သူ့အကျိုးမငဲ့ဘဲ သင့်လျော်ရာကို လုပ်ခွင့်ပေးလိမ့်မည်။

ကိုဦးကို ညနေက ကတိပေးထားခဲ့သည်။ မခံမရပ်နိုင်ဖြစ်လျှင် ငံ့၍ ခံစားမနေပါ။ ကိုဦးရဲ့အခန်းကို လာခဲ့မည်လို့။

သူ့ကို တွေ့ချင်လိုက်တာ။ ခံစားရသမျှ ဖွင့်အန်ချင်လိုက်တာ။ ပြီးတော့ သူ့ရဲ့ ယုယမွေးနမ်းခြင်းကို တောင်းပြီး အိပ်မက်မမက်သော

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်အေးချမ်းခြင်းကို လိုချင်လိုက်တာ။

သို့သော် အဖြူ တစ်ယောက်တည်းပင်။ ဘယ်သူ့ အကူအညီမှ မပါဘဲပင် ဒီည ဖေဖေ့ကို ရင်ဆိုင်မည်။

အဖြူသည် ဖေဖေ့စာကို လက်ကိုင်ပဝါဖြင့် သုတ်၏။ မင်နှင့် မျက်ရည်များကြောင့် လက်ကိုင်ပဝါ၌ အပြာကွက်များ စွန်းကုန်လေ၏။ ဖေဖေ့စာကို ပြန်ခေါက်ပြီး ခင်ဖြူဖြူလှဲ့ဟု နာမည်တပ်ထားသော စာအိတ်ထဲသို့ ပြန်ထည့်၏။ မကြာခင်ပဲ "လှဲ့"ဆိုတာကိုပါ ဖြုတ်ရမည်။

အဖြူသည် နာရီကိုကြည့်လျှင် ၁၀ နာရီပင်ခွဲပြီကို တွေ့ရ၏။ ကိုဦးဟာ အဖြူ့အခန်း မီးလင်းနေတာကိုကြည့်ပြီး ပူပင်နေသလား။ အဖြူ အိပ်မည်။ အိပ်မက်မမက်ဘဲ အိပ်မည်။ အန်တီမငွေခင် သောက်တတ်သော အိပ်ဆေးပုလင်းကို ရှာ၏။ ပုလင်းထဲ၌ ဆေးအပြည့်ရှိသည်။ အကုန်သောက်ချလိုက်ရင်တော့ နိဗ္ဗာန်သို့ ဖြတ်လမ်းပဲထင်ရဲ့။ အားရှိသလိုလိုပင်။ ပြီးတော့ ဆေးနှစ်ပြားထုတ်ကာ ရေအနည်းငယ်နှင့် သောက်ရ၏။ အပြင်မှာ လသာသလား၊ ကြယ်လင်းသလား၊ မှောင်မိုက်သလား ဂရုမစိုက်တော့ဘဲ မီးမှိတ်၍ အိပ်သည်။ အဝတ်အစားလဲဖို့တောင် သတိမရတော့ချေ။

သို့သော်လည်း အဖြူ မတတ်နိုင်ချေ။ အိပ်မက်မက်သည်။ ကြောက်စရာ အိပ်မက်တော့မဟုတ်။ တစ်ခါ မက်ဖူးသလိုပင်။ ဖေဖေသည် အဖြူ့ကို စိန်လက်ကောက်လာ၍ပေး၏။ အဖြူက ယူဖို့ အားနာနေသည်။ ငြင်းဖို့လည်း အားနာနေသည်။ ဖေဖေ့ကိုပဲ သိမ်းခိုင်းထားသည်။ စိတ်ထဲကမူ အဖြူ့မင်္ဂလာဆောင် လက်ဖွဲ့လို့များ သူ ပြောနိုင်ရင် ဘယ်လောက် ဝမ်းသာမလဲ။ ဖေဖေ့ကို တစ်ခါတည်း ခွင့်လွှတ်လိုက်မည်ဟု တွေး၏။

အဖြူသည် ရှန်းကန်လိုက်၏။ မမက်ဘူး၊ အိပ်မက် မမက်ဘူး။ ဘာဖြစ်လို့ မက်ရမှာလဲ။ ဖျတ်ခနဲ နိုးလာလျှင် တစ်ကိုယ်လုံး တောင့်နေသည်။ စောင်လစ်ပြီး အေးနေသည်။ ချောင်းအနည်းငယ် ဆိုးသည်။ မျက်စိပြူးကျယ်နေသည်။ ထိုခဏ၌ ပြတင်းမှန်ကို တိုးသံကြားရ၏။ ရိုက်မိသံလည်း ကြားရ၏။ သစ်ကိုင်းခြစ်မိသံတော့မဟုတ်။ အဖြူ ထပြီး မီးဖွင့်ရာ အခန်းထဲမှာ လင်းနို့တစ်ကောင် ပိတ်မိပြီး ပျံနေလေ၏။ အတော

www.burmeseclassic.com

www.burmeseclassic.com



လူးဆတ်၍ပျံသည်။ လူကိုဖြတ်သန်း၍ ပျံသည်။ အခန်းထဲရှိ အသီးအနံ့များကို စုံမက်၍ ဝင်လာဟန်တူရဲ့။ ပြတင်း ထဖွင့်ပေးလိုက်ပြီး လင်းနို့ လွတ်မြောက်သွားမှ ယောင်ယမ်းကာ စံကားဖြူကိုင်းမှာ စံကားဖြူပွင့်များ ပွင့်နေသေးသည်လားလို့ ထွက်ကြည့်ချင်သေး၏။ အပြင်မှာ နောက်ကျ၍ ထွက်သော လဆုတ် လခြမ်းသည် ကြည်ကြည်လင်လင်သာကာ အဖြူ့ကို ဆီး၍ နှုတ်ဆက်သလို ရှိလေသည်။ စိတ်အနည်းငယ် အေးမြသွား၏။ ကိုဦး၏ အိပ်ခန်းဘက်သို့ကြည့်သော် မီးမှိန်မှိန်ကို လိုက်ကာကြားမှ ထိုးထွင်းမြင်လိုက်ရ၏။ ကိုဦး စာဖတ်နေသလား။ အိပ်ပျော်ပဲနေပြီလား။ ခု ထသွားလိုက်လျှင် သူ့ဆီရောက်မည်ပင်။ လူ့ဘဝဟာ ဘာလို့ ရှုပ်ထွေးပါလိမ့်။ အဖြူသည် ပြတင်း၌ ငေးမောနေပြီး ခိုက်ခိုက်တုန်လာမှ ပိတ်ဖို့သတိရ၏။ အိပ်ဆေး နှစ်ပြား သောက်ရပြန်၏။ မူးဝေလာသည်ကို သိပြီး အိပ်ပျော်သွားသည်။ အိပ်မက် မမက်ချေ။

ခါတိုင်းလိုပင် အိပ်ပျက်လျှင် နေမြင့်အောင် အိပ်ပျော်နေတတ်ပြီမို့ နိုးလာသော် ရွှေရောင်ဝင်းဝါသော ကိုယ့်ဆေးရုံခန်းကလေးကို မြင်ရ၏။ မျက်စိကျိန်းပြီး မူးဝေနေ၏။ ရုံးခန်းနှင့် ကူးသန်းရာတံခါး ပိတ်မြဲပင်။ ညက ကန့်လန့်ချလို့ရတာပဲ။ အပြင်မှာ ကိုဦး ရောက်နေပြီလား၊ စိတ်ပူနေပြီလား။ တံခါးပိတ်ထားတော့ ပူနေမှာပဲနော်။

အဖြူသည် အိပ်ရာက ဖြန်းခနဲ ထလိုက်ပြီး တံခါးကို အလျင်ဆုံး ဖွင့်၏။ အပြင်မှ ကိုဦး ထလာသံ ကြားသည်။

"အဖြူလား"

"ဟုတ်ကဲ့...ဒါလင်"

"ဘာဖြစ်လို့ တံခါး ပိတ်ထားတာလဲ။ ကိုဦးဖြင့် အပြင်ကနေ ပြတင်းပေါက် လိုက်ကာကျော်ပြီး ကုလားထိုင်ပေါ်က မြင်ရအောင် ကြည့်ရတယ်"

ကန့်လန့်ကျပ်နေသည်ကို အတော် လှည့်ဖွင့်ယူရ၏။ ကိုဦးရဲ့ အင်အားဖြင့် ဆွဲလိုက်တော့ တံခါးသည် အနည်းငယ် လွယ်ကူစွာ ပွင့်သွားသည်။

"ညက အိပ်ရလား၊ ဘာဖြစ်သေးလဲ"ဟု ကိုဦးက ပူပူပင်ပင် မေး

www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှင် အဖြူသည် မျက်နှာလွှဲကာ "ဘာမှ မဖြစ်ပါဘူး၊ အိပ်ဆေးတော့ သောက်တာပေါ့"ဟု ပြောသည်။

"အိပ်မက် မက်သေးလား"

"နည်းနည်းပါးပါး"

"အဖြူကလည်းကွာ မပွင့်မလင်းနဲ့။ ဘာဖြစ်နေတာလဲ"

အဖြူသည် ဘာမှမပြောဘဲ မျက်နှာသစ်ခွက်သို့သွား၏။ စိမ်ပြေနပြေ သွားတိုက်နေသေး၏။ ပြီးမှ ခုတင်ပေါ်ထိုင်ကာ စိတ်ရှည်လက်ရှည် စောင့်နေသော ကိုဦးကို စိတ်တင်း၍ ခပ်တည်တည်ကြည့်ကာ...

"တကယ်တော့ ဒါဟာ အဖြူရဲ့ ကိစ္စလုံးလုံးသာ ဖြစ်တယ်။ ကိုဦး ဘာတတ်နိုင်မှာလဲ"ဟု ပြောမိလေ၏။

ကိုဦးက ရယ်မော၏။ ပြီးတော့ အဖြူ့ဆီလာကာ ပခုံးကို ဖက်လိုက်ပြီး "ကိုဦးရဲ့ လူနာကလေးရယ်၊ ခုနတုန်းကတော့ ဟုတ်ကဲ့... ဒါလင် ဘာညာနဲ့၊ ရိုရိုသေသေ ကောင်းကောင်းမွန်မွန်ပဲ။ အဖြူ့ အိပ်မက်ထဲမှာ ညက ကိုဦး ဘာလုပ်မိလို့လဲ"ဟု မေးကာ ရယ်မောပြန်၏။

အဖြူသည် ဖေဖေ့ကို သတိရ၏။ အိမ်မှာတော့ ငါက မလွန်ဘဲနဲ့ တောင် ဖေဖေဟာ ထစ်ခနဲရှိ ဒေါသဖြစ်နေတယ်။ ခုလိုများ လွန်မိရင် မပြောနဲ့တော့။ မိုးမီးလောင်သလိုပဲ။ ဖေဖေက သူ့ဒေါသသာ အရေးကြီးပြီး သူကလွှဲရင် ကျောက်ရုပ်တွေလို ခံစားမှု မရှိရဘူး အောက်မေ့တတ်တယ်။

ကိုဦးကို အားနာသွား၏။ "စိတ်မဆိုးပါနဲ့နော်"ဟု ပြောပြီး ရှေ့မဆက်တတ်တော့ဘဲ ကိုဦးဘေးမှာ ဝင်ထိုင်သည်။

"အဖြူ့ ဖေဖေက ဘာရေးလိုက်သလဲ"ဟု ကိုဦးက မေး၏။

"ကိုယ့်ဆရာဝန်ကိုတော့ ကိုယ် ပြောကောင်းတယ်"ဟု ပြောပြန်၏။

"အဖြူ ကျန်းမာလို့ ဝမ်းသာတယ်တဲ့။ အိမ် ဘယ်တော့ပြန်မလဲတဲ့။ သူလည်း သွေးတိုးဖြစ်ချင်တယ်တဲ့။ မသေခင် အေးအေးချမ်းချမ်း နေချင်တယ်တဲ့။ သူ နေရလှ နောက်ဆယ်နှစ်ပဲတဲ့။ နောက် ဆယ်နှစ်ဆို အဖြူက အသက်လေးဆယ်နီးပါးပေါ့နော်။ အဲဒီတော့မှ ကောလိပ်ကျောင်း ဆက်တက်ပြီး လင်ကလေး၊ ဘာကလေး ယူရင်လည်း ယူရအောင်၊ ပျော်စရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုဦးကမူ ခပ်ပြုံးပြုံးပင် ကြည့်နေပြီး ဘာမျှမပြောချေ။

"လေသံကတော့ သိပ်ပျော့သွားတာပါပဲ။ သတိထားမိလား။ စာအိတ်ပေါ်မှာတောင် ခင်ဖြူဖြူလို့တဲ့"

ကိုဦးက အပြုံးပျက်ပြယ်သွားပြီး ဘာမျှမပြောချေ။ ခဏကြာမှ "အဖြူ ဘာလုပ်ချင်သလဲ"ဟု မေးလေ၏။

အဖြူ ဘာလုပ်ချင်သလဲ။ ကိုယ့်ကိုယ်ကိုယ် မေးမိ၏။ တကယ်ဖြစ်နိုင်ရင် အလုပ်ချင်ဆုံးကတော့ အသစ်ပြန်လည် မွေးဖွားခြင်းဖြစ်လေ၏။ ကြီးကြီးနှင့် ဘကြီးတို့ရဲ့ အိမ်မျိုးမှာ သားသမီး ဖြစ်ချင်၏။ ပျော်ပျော်ရွှင်ရွှင်နှင့် ကြီးပြင်းချင်၏။ ပညာသင်ချင်၏။ အရွယ်ရောက်တော့ ကိုဦးလိုလူမျိုးနဲ့ ချစ်ချင်၏။ နာကြည်းသော ဒဏ်ရာကို နားမလည်သည့်ကိုယ် ဖြစ်ရလို၏။

"အဖြူ ဘာလုပ်ချင်သလဲ"ဟု ကိုဦးက မေးပြန်သည်။

အဖြူ ငေးနေသည်။ အဖြူ ဘာလုပ်ရမည်လဲ။ တစ်ခု လုပ်မည်မှာတော့ ဖေဖေ့ကို စကားပြောချင်သည်။ တောင်ငူကို လှမ်းဆက်မည်။

"ကောင်းသားပဲ"ဟု ကိုဦးက ထောက်ခံ၏။ "တယ်လီဖုန်းနဲ့ စီစဉ်ထားမယ်။ ဆက်လို့ရတော့ အဖြူ့ကို ခေါ်မယ်။ အဖြူ တစ်ခုခုစားနှင့်ဦးလေ"

ကိုဦးသည် အဖြူ့ ပခုံးကို အားပေးသလို ဖျစ်ညှစ်ပြီး ထွက်သွား၏။ အန်တီမငွေခင် ဝင်လာပြီး အဖြူ စားသောက်ဖို့ ပြင်ဆင်သည်။ အဖြူသည် မှန်တင်ခုံ၌ ထိုင်ကာ စိတ်မပါဘဲ မျက်နှာကို လိမ်းခြယ်၏။ ဆံပင်ဖြီးနေရာက သတိရပြီး ဆံပင်ဖြူပေါက်သလားဟု ရှာသည်။ အလင်းရောင် လက်ပြန်ကာ ဆံပင်များစွာ ဖြူသည်လို့ ထင်ရလေ၏။ တစ်ပင်စီ ဆွဲယူလိုက်တော့လည်း ဖြူသည်မဟုတ်။ ဖျတ်ခနဲ သတိရလာသည်မှာ နိုဝင်ဘာ တစ်ရက်နေ့မှာ သူ့အသက် ၂၇ နှစ်ပြည့်ခဲ့ပြီ။ မငယ်တော့ဘူး။ ကိုဦး ပြောဖူးသလို လင်နှင့်၊ သားနှင့် ကိုယ့်အိမ်ထောင်ကို ဦးစီးနေရမယ့်အရွယ် ဖြစ်လေပြီ။

နိုဝင်ဘာ တစ်ရက်နေ့မှာ အသက်ဝင်ခဲ့တဲ့ အဖြူ။ အဲဒီနေ့မှာ မွေးဖွားခဲ့တာဟာ အမှားတစ်ရပ်များလေလား။ ပခက်တွင်း၌ ဘယ်နတ်သမီး ကျိန်ဆိုလို့ လွှတ်လေသလဲ။

အဖြူသည် ခေါင်းကိုခါ၍ "အို...ဒီတောင်စဉ်ရေမရ အကျိုး မရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေ ဘာလို့ တွေးမလဲ။ လူ့ဘဝမှာ ကြုံသလိုပေါ့။ ဖြစ်အောင် နေရမှာပေါ့”ဟု သူ့ဘာသာသူ အားပေးဆဲ၊ တယ်လီဖုန်း မြည်သံကြားပြီး ကိုဦး ကိုင်သံ၊ စကားအနည်းငယ်ပြောသံ၊ အဖြူ့ကို လှမ်းခေါ်သံ ကြားရ၏။

“အဖြူရေ…တောင်ငူနဲ့ ဆက်လို့ရပြီ”

အဖြူသည် ငိုချင်လာပြန်သည်။ ပြီးတော့ ရုပ်ရှင်သာဆိုရင်တော့ မင်းသမီး သိပ်ငိုရတာပဲလို့ ပရိသတ်က ပြောတော့မှာပဲဟု တွေးတော၏။ ငိုချင်စိတ် ပျောက်သွားပြီး “ဟုတ်ကဲ့…ဒါလင်”ဟု သိသိ မှတ်မှတ် ဖြေလိုက်သည်။

●

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ နေ့စဉ်လိုပင် အဖြူနှင့် ဖေဖေတို့ တယ်လီဖုန်းပေါ်မှ ငြင်းခုံစကားများကြ၏။ အဖြူနှင့် ဖေဖေသည် သိပ်ပြီး ခွဲခွာဖူးသည် မဟုတ်သဖြင့် ဖုန်းပေါ်မှ မျက်နှာမမြင်ရဘဲ စကားပြောရတာလည်း တစ်မျိုးကောင်းသည်။ သိပ် အားနာစရာ မလို၊ ကြောက်စရာလည်း မလို။ အဖြူသည် ရဲရင့်လာသည်။ အဲသည်လို ခဏခဏ ကြာကြာ ခွဲခွာ၍ ရန်ဖြစ်ခဲ့လျှင် ပြဿနာ အတော်ရှင်းခဲ့လိမ့်မည်ဟု ထင်မိ၏။ ခုတော့ ဖေဖေသည် တောင်ငူဆန်စက်နှင့် ပျဉ်းမနားမှ ဆီစက်တို့ကို ဆွေမျိုးများနှင့် အပ်ထားပြီး တစ်နှစ်မှ တစ်ခေါက်လောက်သာ ရောက်ခဲ့သည်။ ပဲခူးဘက်မှ မေမေ့နာမည်နှင့် ထားသော လယ်အနည်းငယ်မှ ရစရာကိုလည်း အိမ်က ပို့စေသည်။ ဖေဖေက ကံကောင်းသူဖြစ်လေတော့ ခိုင်းစရာလူ ပေါများ၏။ သူ့ပိုက်ဆံကြေးငွေ အရှိန်နှင့် ဩဇာ လွှမ်းမိုးနိုင်၏။ ဘယ်မှမသွားဘဲ အိမ်မှာထိုင်ကာ အဖြူ့ကို ကျဉ်းကျပ်အောင်၊ စိတ်ညစ်ညူးအောင်သာ မင်းမူဖို့ အလုပ်ရှိသည်။

ဖေဖေသာ သူများဖေဖေလို နေ့စဉ် ရုံးသွားနေရင်လည်း သိပ်ဆိုးမယ်မဟုတ်ဟု ထင်မိ၏။ သားသမီးများစွာ ရှိလည်းကောင်းနိုင်သည်။ အရေးအကြီးဆုံးကတော့ မေမေ။ သူ့ကို စွန့်ခွာသွားသော မေမေ။ မေမေ ပေးခဲ့သောဒဏ်ရာသည် သူမှတစ်ဆင့် သမီးအဖြူသို့ လာရိုက်ခတ်သည်ထင်သည်။ အဖြူ သူ့ကို စွန့်ခွာသွားမှာ ကြောက်သည်ထင်သည်။ သို့သော် မေမေသည် သူ့မယားဖြစ်၍၊ အဖြူက သမီးသာ ဖြစ်လေရာ မယားကိုပင်

www.burmeseclassic.com

www.burmeseclassic.com



မပိုင်စိုးသင့်ဘဲ သမီးကို ဘာကြောင့် ပိုင်စိုးနိုင်မည်လဲ။ လူလူချင်းပင်။

"ဖေဖေ ချစ်တယ်ဆိုတာက ပါးစပ်က ပြောလို့သာ ကြားလိုက်ရတာပဲ"ဟု အဖြူ တစ်ခါ ပြောချလိုက်မိ၏။

ဖေဖေက ထုံးစံအတိုင်း အသံကိုမြှင့်၍ ပြော၏။ "နင့်ကြောင့် မဟုတ်ရင် ငါ သည်လိုနေမယ် ထင်သလား။ အနှစ်နှစ်ဆယ်ကျော်လုံးလုံး ယောကျ်ားတန်မဲ့ တစ်ယောက်တည်းနေပြီး၊ အပျော်အပါး မရှာဘဲ နေပြီး နင့်ကို စောင့်ရှောက်နေတာ ဘာကြောင့်လို့ ထင်သလဲ။ နင့်ကို ပစ်ထားခဲ့ပြီး ငါ အိမ်ပြင်ထွက် ပျော်နေနိုင်တယ်။ အနည်းဆုံး မိန်းမတစ်ယောက် ကောက်ယူနိုင်တယ်။ နင် ဆင်းရဲမစိုးလို့။ နင့်ကို နှိပ်စက်မစိုးလို့။ ငါ့ပစ္စည်းကို နင် လျော့ယူရမစိုးလို့။ အဆွယ်အပွား တိုးလာမစိုးလို့။ မယားအသစ်တောင် မရှာခဲ့ဘူး။ ငါ့ဘဝကို သားသမီးအတွက် နှစ်ပြီး ပုံပြီးနေခဲ့တယ်။ မအေ အစောင့်အရှောက်ကင်းမဲ့တဲ့ သမီးမို့ ကလေကချေ ဖြစ်မှာစိုးလို့ မျက်စိအောက်ကတောင် အပျောက်မခံခဲ့ဘူး။ နင် လိမ္မာအောင်၊ သေသပ်ပိပြားအောင် ဆုံးမခဲ့သမျှကို နင်က နှိပ်စက် ညှဉ်းပန်းတယ်လို့ ထင်ခဲ့တယ်။ နင့်အမေ၊ ပြီးတော့ နင်က တစ်ခါ ငါ့ကို နာအောင် လုပ်ပြန်ပြီလား"

"ဖေဖေ အော်ပြောစရာ မလိုပါဘူး။ အဖြူ နားမလေးပါဘူး"ဟု ပြောလိုက်ပြီး စကား ဘယ်လိုတတ်ပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် အံ့ဩ၏။ ဖေဖေ့ကို ခံပြောနေကျဖြစ်သော်လည်း ရိုက်မှာစိုး၍ ချုပ်တည်း နိုင်သမျှ ချုပ်တည်းထားခဲ့ရာမှ ယခု ဖုန်းထဲမှ ပြောလို့ကောင်းနေ၏။ တကယ်တော့ ဖေဖေ့ကို ကြောက်သည်မှာ ကိုယ်ခန္ဓာမှာ ကြောက်တာသာ ဖြစ်၏။ ငရဲကိုတော့ တစ်ဖက်က ကြောက်ပြန်၏။ သို့သော် ထူးပြီး ငရဲကြီးတော့မှာလည်း မဟုတ်ပါဘူး။ ရှေ့လျှောက် ကောင်းစားမယ့် သမီးလည်း မဟုတ်ဘူး။ ဖေဖေက သည်အတိုင်း ပြောတာပဲ။ သည်အတိုင်း ဆုတောင်းတာပဲ။

ဖေဖေသည် စိတ်ဆိုးလွန်းလျှင် တယ်လီဖုန်းကို ဂျုံးခနဲ ချသွားတတ်၏။ စိတ်မကျေနပ်သူ အဖြူက ပြန်ခေါ်လျှင် လာမကိုင်တော့။ တယ်လီဖုန်း ဆက်ပေးသူက အားနာဟန်ဖြင့် "စကားပြောလိုစိတ် မရှိပါဘူးတဲ့ ရှင်"ဟု သတင်းပေးတတ်၏။ အဖြူသည် ရှက်လည်းရှက်၊ နာလည်းနာ၊

www.burmeseclassic.com

www.burmeseclassic.com



မခံလည်း မခံချင်ဖြစ်ကာ တောင်ငူကို ချက်ချင်းလိုက်သွားလိုစိတ် မကြာခဏ ပေါ်တတ်လေသည်။

"နင်က နေကောင်းလာပြီဆိုတော့၊ အရွယ်ရောက်လာပြီဆိုတော့၊ ငါကလည်း ကျတဲ့အရွယ် ရောက်ပြီဆိုတော့ အာခံပြီပေါ့။ နင့်ကိုယ်နင် အားကိုးနိုင်အောင် ငါကလည်း နင့်နာမည်နဲ့ ပစ္စည်းတွေ လွှဲပေးထားတာ ရှိပေတာကိုး"လို့လည်း ပြောတတ်ပြန်၏။

"ကိစ္စမရှိပါဘူး၊ ဖေဖေ အကုန်ပြန်ယူပါ၊ အဖြူ့ဘဝ အဖြူ ကျောင်းနိုင်ပါတယ်"ဟု ပြောလျှင်တော့ ဖေဖေသည် အံကြိတ်သံဖြင့် "ငါ့ပစ္စည်း မှန်သမျှ နင့်ဖို့ ရည်ရွယ်လာတာ မသိဘူးလား၊ ဘယ်သူ့ပေးရမှာလဲ"ဟု ပြောပြန်သည်။

"ဖေဖေရယ်...အော်ငေါက်ကြိမ်းဝါးနေရုံနဲ့တော့ ဘယ်ပြဿနာကိုမှ ဖြေလို့ မရပါဘူး"ဟု အဖြူက ပြောမိ၏။

"နင့်ကို ဘယ်သူ မြှောက်ပေးနေသလဲ"

ဘယ်သူ မြှောက်ပေးနေသလဲတဲ့။ အဖြူ့ကို ဘယ်သူမြှောက်ပေးဖို့လိုသလဲ။ အဖြူသည် လောလောဆယ်မှာ ကျန်းမာ၍ သိမြင်တတ်သော၊ စဉ်းစားတတ်သော၊ ဝေခွဲတတ်သော ဉာဏ်ရှိသူဖြစ်သည်။ တစ်ခုခုက မြှောက်ပေးသည်ဆိုလျှင် ထိုတစ်ခုခုသည် ဖိနှိပ်ခြင်းကို မခံချင်သော၊ မိဘအုပ်ချုပ်ခြင်းမှ လွတ်ထွက်လာသော၊ အရွယ်ရောက်လာသော၊ ကိုယ့်ဘဝကိုယ် ပိုင်ဆိုင်ချင်သော အဖြူ့ ပင်ကိုစိတ်သာ ဖြစ်လိမ့်မည်။

တစ်ခါတစ်ရံတော့လည်း ဖေဖေသည် တတ်နိုင်သမျှ ပျော့ပျောင်းစွာ ပြော၏။ သူ အင်မတန် အားထုတ်ရမှန်း သိသာသည်။

"သမီးရယ်...ဖေဖေလည်း ကြီးလှပါပြီ။ ၆ဝ တောင် နီးလာပါပြီ။ ဘယ်လောက်ကြာကြာ နေရမှာလဲ။ သေခါနီး စိတ်ဆင်းရဲအောင် မလုပ်ကောင်းပါဘူး"

အဖြူသည် မျက်ရည်မဆည်နိုင်ဖြစ်ကာ "ဖေဖေဟာ မချစ်ဘဲနဲ့တော့ သည်လောက် အပင်ပန်းခံနေမယ် မဟုတ်ပါဘူး။ သားသမီးကို ချစ်တယ်ဆိုရင်လည်း ချစ်ရာရောက်အောင် မနေတတ်ခဲ့ပါကလား"ဟု

www.burmeseclassic.com

www.burmeseclassic.com



တွေးတတ်၏။

"ပြီးတော့ သမီးဟာ ကောင်းကောင်း ကျန်းမာတာလည်း မဟုတ်ဘူး။ ဖေဖေမရှိဘဲ သမီး ဘယ်လိုနေလို့ရမလဲ။ ကိုယ့်အိမ်ကို မပြန်ရင် ဘယ်သွားမလဲ။ တကယ်တော့ ဒီအိမ်ဟာ ဖေဖေ့အိမ်တောင် မဟုတ်ဘူး။ သမီးနာမည်နဲ့ လွှဲပြီးသား။ သမီး ထွက်သွားပြီး တစ်နေရာရာမှာ၊ ဖေဖေ့ မျက်ကွယ်ရာမှာ တစ်ခါ မကျန်းမာပြန်ရင် ဘယ်လိုလုပ်မလဲ"

အဖြူသည် ထိတ်လန့်လာ၏။ ဖေဖေက ငါ့ကို အရူးလို့ ခေါ်လိုက်တာပဲ။ တကယ်ပဲ ရူးစေချင်သလား၊ ရူးနေမှ သူ့လက်ထဲမှာ ထည့် ထားနိုင်မယ် မဟုတ်လား။ ဟင့်အင်း...ဟင့်အင်း။ အဖြူ ထပ်ပြီး မရူးပါရစေနဲ့။ အဖြူဟာ ဖေဖေ့ဆီက ထွက်ပြေးမှ အရူးဘဝက လွတ်နိုင်မှာ။ ကြည့်စမ်း၊ ဘယ်လောက် ဖေဖေ တစ်ကိုယ်ကောင်းဆန်လိုက်ပါလိမ့်။ အဖြူ့ကို သူ မပိုင်ရမှာစိုးလို့ အရူးဘဝက ကောင်းခွင့်တောင် မပေးနိုင်တော့ပြီလား။

ပြီးတော့ ကိုဦး မြှောက်ပေးတယ်လို့ သူ ဆိုချင်တာပေါ့။ တကယ်တော့ သူဟာ အဖြူ့ရဲ့ ဆရာဝန်ပါ။ ရောဂါကုတဲ့၊ စိတ္တဇော ပျောက်ကင်းရာဖြစ်တဲ့ ဆရာဝန်ပါ။ မြှောက်ပေးတယ်ဆိုတဲ့ စကားဟာလည်း သေးသိမ်လှပါတယ်။ ကိုဦးရော၊ အဖြူရော ညံ့ဖျင်းသွားပါတယ်။ အဖြူ့ကို လူကောင်းလို့ထင်ရင်၊ အရွယ်ရောက်သူလို့ထင်ရင်၊ မစော်ကားချင်ရင် ဒီစကားလုံးကို မသုံးထိုက်ပါဘူး။

"အဖြူ နင် ဖေဖေ့ကို တစ်ခါတည်း မကြည့်ချင်တော့ဘူးလား။ မတွေ့ချင်တော့ဘူးလား။ ဒီလောက်ပဲ မေတ္တာစာတ် ခေါင်းပါးနေပြီလား" ဟု ဖေဖေက တစ်ခါ ညည်းညူလိုက်၏။

"ဖေဖေ၊ အဖြူရဲ့ မိတ်ဆွေဖြစ်စမ်းပါ။ အဖြူ့ကို အကောင်းထင်စမ်းပါ။ အဖြူ့ဘက်က နေစမ်းပါ"ဟု အဖြူက ပြောလိုက်၏။ ပြီးတော့ တွေး၏။ တို့နှစ်ယောက်ဟာ ကိုယ့်အကြောင်းကိုယ် ပြောနေကြတာပဲ။ ကိုယ့်ကိုယ်မှာသာ စိတ်ဝင်စားနေကြတာပဲ။ ဖက်စပ်လို့ မရနိုင်အောင်ပဲ ဖြစ်နေပြီလား။ မိတ်ဆွေသင်္ဂဟမှ မဖြစ်နိုင်တော့ပြီလား။ မိတ်ဆွေသင်္ဂဟ မဖြစ်ဘဲ မိဘနှင့် သားသမီး မညီညွတ်နိုင်။ လင်နဲ့ မယား မညီညွတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို မောင်နှမ မညီညွတ်နိုင်။

ထို့နောက် ဖေဖေသည် စွပ်စွဲ၏။ "တကယ်တော့ ဘာမှမဟုတ်ဘူး။ နင်ဟာ လင်လိုချင်လို့ ဒီလို ဖြစ်နေတာ"

ကောင်းပြီ။ လင်လိုချင်တာကော သဘာဝ မကျဘူးလား။ အဖြူဟာ လင်ယူဖို့ နောက်တောင်ကျနေပြီ။ ပြီးတော့ အဖြူ လိုချင်တဲ့ လင်ကလည်း လူကောင်းသူကောင်းပဲ။ ကျွေးနိုင်မွေးနိုင်ရုံမက အရှူးရောဂါတောင် ကုနိုင်တဲ့ ဆရာဝန်ပဲ။ (သို့ပေမယ့် ဖအေစားတော့ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး။ ဖြစ်ဖို့လည်း မသင့်တာ အမှန်ပဲ။ ဝန်ခံပါတယ်။)

"နင့်အကြောင်း စဉ်းစားရင် ငါ့ ဘယ်ဘက်ရင်ဘတ်က အောင့်လာတယ်၊ သိလား။ နှလုံးထဲက နာတယ်ဆိုတာ ဒါပဲ။ နင်ဟာ အဖ သတ်မယ့် သမီးပဲ။ ငါ့ကိုယ်ငါ သေနတ်နဲ့ ပစ်သတ်ဖို့တောင် ငါ စိတ်ကူးမိတယ်၊ ခဏခဏပဲ။ နင်က ငါ့ကို သေစေချင်နေတာလည်း သိပါရဲ့"ဟု ဖေဖေက ခြိမ်းခြောက်ပြန်၏။

ကိုဦးနဲ့ တိုင်ပင်ပြန်တော့ သည်းခံဖို့ရာ သူ တိုက်တွန်း၏။ မိဘနှင့် သားသမီးဖြစ်စေ၊ လင်နှင့်မယားဖြစ်စေ၊ ရန်သူများပင်ဖြစ်စေ သဘောမညီညွတ်သော်လည်း တစ်ယောက်ကိုတစ်ယောက် နားလည်၍ ယှဉ်တွဲနေထိုင်နိုင်သည်တဲ့။ ထပ်တူထပ်မျှ သဘောညီညွတ်နေစရာလည်း မလိုပါတဲ့။ နားလည်ဖို့ရာ၊ သည်းခံတတ်ဖို့တော့ လိုသည်။

"သူပြောသမျှ သည်းခံနေပြန်တော့ စွပ်စွဲတာကို ဆိတ်ဆိတ်နေ ဝန်ခံရာရောက်တယ် ကိုဦးရဲ့။ အဖြူကလည်း ဆေးရုံရောက်သည်အထိ ခံစားရသေးရဲ့။ အဖြူကပဲ သမီးဆိုး၊ သမီးမိုက် ဖြစ်ရသေးရဲ့။ မလွန်လွန်းဘူးလား"ဟု ခံပြင်းမိပြန်သည်။

"တချို့ မိဘတွေက သည်လိုပဲ အဖြူရဲ့။ သားသမီး အိမ်ထောင်ပြုမှာ သိပ်ကြောက်တယ်၊ ရှေးဆန်တာပေါ့လေ။ ပြီးတော့ ဘာသာရေးယုံကြည်မှုလည်း ပါမှာပေါ့လေ။ လူ့ဘဝဆိုတာ သံသရာရှည်စေတဲ့ ဝဋ်ဆင်းရဲခဆို မဟုတ်လား။ နာမည်ပေးထားတာကိုကလည်း အိမ်ထောင်တဲ့။ ဥရောပ အယူအဆလည်း ဒီလိုပဲ မဟုတ်လား။ ယောကျ်ားက အချစ်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တယ်။ မိန်းမက လက်ထပ်ထိမ်းမြားခြင်းကို လိုချင်တယ်။ ဖမ်းတယ် မိတယ်ဆိုတဲ့ စကားတွေ သုံးလေ့ရှိတာပဲ။ ပြီးတော့ အိမ်ထောင်ရေး အဆင် မပြေတဲ့ မိဘများဟာ ပိုပြီး သားသမီးကို အိမ်ထောင်ပြုရာမှာ ပိတ်ပင် တားဆီးတတ်တယ် ထင်တာပဲ”ဟု ကိုဦးက ဖျောင်းဖျခဲ့ပြန်၏။

သို့သော် ဖေဖေနှင့် ပြောရတိုင်း စိတ်လှုပ်ရှား၍ သည်းမခံလိုခြင်း များခဲ့၏။ ငရဲလည်း ကြီးလှပါပြီဟု ထင်၏။ အကောင်းဆုံးကတော့ ဖေဖေ့ ကို ရှောင်ကွင်းခြင်းသာ ဖြစ်လိမ့်မည်။ နှလုံးကို ဆူးခြစ်ခြင်းမှ ကင်းလွတ်မည် မဟုတ်သော်လည်း အေးချမ်းမည်။ အဖြူ မောလှပါပြီ။

အဖြူ ဘယ်လောက် မောသလဲဆိုတာ သေဖို့တောင် မကြောက် တော့သလောက် အထိပဲ။ ဘဝအသစ် စဖို့ရာတောင် မောလှပါရဲ့။

“ကောင်းပြီ”ဟု ဖေဖေက ပြော၏။ “နင် အိမ်မပြန်လာချင်ဘူး၊ ငါနဲ့မနေနိုင်ဘူးဆိုရင် ဘယ်မှာနေမယ် စိတ်ကူးသလဲ။ အရှုးထောင်မှာ တစ် သက်လုံးနေမှာတော့ မဟုတ်ဘူးထင်ပါရဲ့။ ဘယ်လိုလဲ၊ အရူးကုဆရာဝန် နဲ့ ယူတော့မှာလား”ဟု ကြမ်းတမ်းစွာ ပြော၏။

အဖြူကလည်း အညံ့ခံမည် မဟုတ်။ “ဒီလောက် ဖေဖေ ရိုင်းပျစရာ မလိုပါဘူး။ ပြီးတော့ ဖေဖေ့အိမ် ပြန်လာ မလာသာ ဖေဖေနဲ့ ဆိုင်တာပဲ။ ဘယ်မှာနေမယ် မနေဘူးဆိုတာက အဖြူ့ကိစ္စပါ။ အဖြူ ဆယ့်ခြောက်နှစ် ကျော်ခဲ့တာ ဆယ့်တစ်နှစ်ရှိပြီ”

ဖေဖေ စားပွဲခုံကို လက်သီးနှင့်ထုသည် ထင်၏။ ဒုန်းခနဲ ကြားရပြီး အသံမြင့်ကာ “နင် အခုနေ ငါ့ဘေးမှာသာရှိရင် ပါးရိုက်မိ တော့မယ်”

“ဖေဖေ့ဘေးနားလည်း ဘယ်တော့မှ မရှိတော့ဘူး မှတ်ထားပါ။ ပါးရိုက်လည်း ခံနေတော့မယ် မထင်နဲ့”

“နင်က ခံရိုက်ဦးမှာလား”

“ပုလိပ်နဲ့ တိုင်မယ်”

ကိုဦးကတော့ ဘေးကနေ၍ မျက်နှာမကြည်လင်လှဘဲ တဟား ဟားသာ ရယ်မောနေတော့သည်။ “ဆွေးနွေးပွဲကလည်း ပြင်းထန်လှ ချေလား” ဟု ဆို၏။ အဖြူလည်း ဦးအောင် တယ်လီဖုန်းကို ဆောင့်ချ

www.burmeseclassic.com

www.burmeseclassic.com



ကာ စိတ်ဆိုးနေဆဲက ငိုချင်ရယ်ချင်နှင့် ငိုလည်းငို၊ ရယ်လည်းရယ်မိသည်။ ပြီးတော့ စဉ်းစား၍ ဖေဖေ့မှာတော့ ဘေးမှာ ဖျောင်းဖျမည့်သူမရှိ၊ ရယ်မောကြည်စင်စေမည့်သူ မရှိ။ အထီးကျန်နိုင်တဲ့ ဖေဖေ၊ သနားဖို့ကောင်းတဲ့ ဖေဖေ။

ဖေဖေ စိတ်လျှော့ဟန်ရှိသည့် တစ်ခါမှာတော့ ပြောပြန်၏။ စကားစပုံကတော့ မဆိုးပါ။ "အေးလေ၊ ဖေဖေလည်း ခေတ်ပညာတတ် တစ်ယောက်ပါ။ တစ်ယူသန် ရှေးဆန်တယ် မထင်ပါနဲ့။ (အလကား ပြောတာဟု အဖြူက ကြားဖြတ် တွေးလိုက်၏။) ဖေဖေ မသေခင် အဖြူ အိမ်ထောင်ပြုဖို့တော့ ကောင်းတာပေါ့။ အသေဖြောင့်နိုင်တာပေါ့။ ဒါပေမဲ့ လူနာဘဝနဲ့ တွေ့ရတဲ့ ဆရာဝန်ကို ကောင်းလှပြီ ထင်တာ၊ တွယ်တာတာ ကတော့ ဖြစ်တတ်တဲ့ သဘာဝပဲ။ အစစ်အမှန် မဟုတ်နိုင်ပါဘူး။ ပြီးတော့ ဒီ လှဦးဆိုတဲ့ ဆရာဝန်နဲ့က သမီးအတွက် ပတ်သက်ပြီး ဖေဖေ ခွန်းကြီး ခွန်းငယ် စကားများဖူးထားတာ ရှိတယ်။ ဒီကောင်ကို ကြည့်လို့ကို မရဘူး၊ ဆောင့်ကြွားကြွားနဲ့။ ဒီတော့ သမီး အိမ်ပြန်ခဲ့ပါ။ သမီးနဲ့ သင့်လျော်မယ့်၊ ဖေဖေ ကြည်ဖြူနိုင်မယ့်၊ သမီးနဲ့ ဖေဖေ မကွဲမကွာနေစေမယ့် အိမ်ထောင်ဖက်ကို ရွေးပါ။ လှဦးနဲ့မှဆိုရင်တော့ ဖေဖေနဲ့ အပြတ်ပဲ။ အဖေ မရှိတော့ဘူးလို့ အောက်မေ့ပြီးမှ လုပ်ချင်ရာလုပ်။ ဖေဖေကလည်း သမီးဆိုတာ မရှိတော့ဘူးလို့ မှတ်တော့မယ်"

အဖြူသည် ဖေဖေ့ နောက်ဆုံးစကားကို လုံးစေ့ပတ်စေ့ ပြောပြပြီး ညှိုးငယ်သလိုလိုရှိသော ကိုဦးမျက်နှာကို အားနာစွာ တစ်ချက်ကြည့်လိုက်၏။ ပြီးတော့ မျက်လွှာမချဘဲ မနေနိုင်ဖြစ်ကာ "ဘယ့်နှယ့်လဲ ကိုဦး"ဟု မေးလိုက်လေ၏။

ကိုဦးက ဘာမှမပြောဘဲ နေ၏။ ခုနေ ကိုဦး ထလာပြီး အဖြူရဲ့ ပခုံးကို ဖျစ်ညှစ်ရင် ဘယ်လောက် ကောင်းမလဲ။ အဖြူ့လက်ကို ဆုပ်ကိုင်ရင် ဘယ်လောက်ကောင်းမလဲ။ အဖြူ့ပါးပြင်၊ နှုတ်ခမ်းကို မွှေးနမ်းလျှင် အားလုံးကို မေ့ပစ်လိုက်နိုင်မှာပဲ။ ဒါပေမဲ့ ကိုဦး ငြိမ်ပြီး တွေးတောနေသည်။ အဖြူ့စိတ်ကူးကို အမြဲ မဖတ်နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကြာရှည်ကြီးပင် တိတ်ဆိတ်ပြီး နေကြသည်။ နာရီပေါင်းများစွာ ကြာတယ်လို့ ထင်ရသည်။ တိတ်ဆိတ်ခြင်းသည် ကြောက်မက်ဖွယ် ကောင်းလာပြန်သည်။ အဖြူ ကြုံတွေ့ခံစားခဲ့ရသော၊ အိပ်မရသောညများ၏ တိတ်ဆိတ်ခြင်းမျိုးလိုပင် ရူးသွပ်ချင်ဖွယ်ကောင်းသော တိတ်ဆိတ်ခြင်း ဖြစ်လေ၏။ အဖြူသည် နှုတ်ခမ်းကို ကိုက်နေရ၏။ နက်စွာသော ချောက်ကမ်းပါးမှာ တစ်ယောက်တည်း ရောက်နေရသလို ရှိသည်။ ကြည့်စမ်း၊ ကိုဦးကတော့ မသိဘူး။ သူ့နဂို အေးဆေးငြိမ်သက်ခြင်းနဲ့ ထိုင်နေတာပဲ။ နေနိုင်လိုက်တာ။ အဖြူ လိမ့်ကျတော့မယ်လားလို့ တွေးမိပုံမရဘူး။ သူသည်လိုပဲ မသိဘဲ နေတော့မှာလား။ တကယ်တော့ သူဟာ အဖြူနဲ့ ဘာမှ သွေးသားတော်စပ်တာလည်း မဟုတ်ဘူးနော်။ ငယ်ငယ်တုန်းက မြင်တောင် မြင်ဖူးခဲ့တာလည်းမဟုတ်ဘူး။ သူ အဖြူ့ကို တကယ်မှ ချစ်ရဲ့လား။ သူ့ လူနာမျှသာလား။ အဖြူ့ရဲ့ နှလုံးထဲက လှည့်ပတ်နေတဲ့သွေးနဲ့ တူညီသောသွေးရှိသူ ဖေဖေတောင် တစ်သက်လုံး ရက်စက်ခဲ့တာ။ မိုးပေါ်က ကျလာသူတစ်ဦးဟာ အဖြူ့အပေါ် တကယ် ကောင်းပါ့မလား။ အဖြူသည် တစ်ကိုယ်လုံး တုန်လာသည်။ ကြီးစိုးမြဲသော အားငယ်စိတ်သည် မခံမရပ်နိုင်အောင် ပြင်းထန်လာသည်။

ကိုဦးသည် သည်တော့မှ ဖျတ်ခနဲ ထလာပြီး "အဖြူ ဘာဖြစ်သလဲ၊ မူးနေသလား၊ ဘာဖြစ်သလဲ"ဟု မေးသည်။ ပြီးတော့ အဖြူ့ လက်ကောက်ဝတ်ကို စမ်းသည်။ ကိုဦးရဲ့လက်များ နွေးပူလှပြီး အဖြူ့ကို အားရှိစေသည်။ သက်သာရာ ရစေသည်။ ကိုဦး ရင်ခွင်ထဲဝင်ပြီး ငိုလိုက်ချင်သည်။ သို့ပေသည့် ချုပ်တည်းထား၏။ ချုပ်တည်းထားခြင်းဟာ ကြီးရင့်ခြင်းရဲ့ သက်သေဆိုပဲဟု ခါးသီးစွာ တွေးသေး၏။ ပြီးတော့ စဉ်းစား၏။ ငါ ဘာဖြစ်နေသလဲ။ သည်လိုပဲ တစ်သက်လုံး ဖြစ်နေမှာလား။ မကောင်းနိုင်တော့ဘူးလား။ ပျော်ရွှင်ခြင်းကို မရတော့ဘူးလား။ မစုံမက်ရတော့ဘူးလား။ "လာ...သွားစို့"လို့ ကိုဦးရဲ့လက်ကို ဆွဲခေါ်ပြီး သည်နေရာက ထွက်သွားလို့ မရဘူးလား။ ရသော်လည်း အဖြူ ပျော်လိမ့်မယ်မဟုတ်လို့ ကိုဦးက ပြောဖူးသည်။ အဖြူ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



"အဖြူ လှဲနေရအောင်"ဟု ကိုဦးကပြောပြီး အိပ်ရာဆီသို့ တွဲခေါ်လာသည်။ ချက်ချင်းပင် အဖြူ အားနာစိတ် ပေါ်လာသည်။ ကိုဦးကို သိပ်ဆိုးနေမိတာပဲ။ ခဏခဏ မကောင်းလည်း ထင်တတ်သေးသည်။ စိတ်ချမ်းသာခြင်းဆိုတာ ကိုဦးက ဘယ်လောက်ပေးပေး၊ အဖြူ မရနိုင်ဘူး ထင်ပါရဲ့။ မိမိကိုယ်မှာသာ ရှိတယ်ဆိုတာ ဟုတ်မှာပဲဟု ဖျတ်ခနဲ အလင်းရောင် ဝင်လာသလို တွေးမိ၏။ သို့သော် တခြားလူ အများ ကတော့ အဖြူ့လို သားသမီးကို စွန့်ပစ်သွားတဲ့ အမေလည်း ရှိမှာ မဟုတ်ပါဘူး။ မယားက ပေးသွားတဲ့ ဒဏ်ရာကို သမီးဆီ လွှဲချတဲ့ အဖေလည်း ရှိမှာ မဟုတ်ပါဘူး။ အေးလေ...အဖြူ့ကို မကိုင်းညွတ်ချင်တဲ့၊ အကျိုးအပဲ့သာ ခံလိုတဲ့ စိတ်လည်းရှိမယ် မဟုတ်ပါဘူးဟု တွေး၏။

ခါတိုင်းနှင့်မတူ နှုတ်ဆိတ်နေသော ကိုဦးကို ထိတ်လန့်စွာ ကြည့်မိပြန်၏။ "ကိုဦး"ဟု ခေါ်လိုက်မိ၏။ ကိုဦးက ပြုံးပြီး ခါတိုင်းလိုပင် အဖြူ့လက်များကို ကိုင်ဆုပ်လာသည်။ ကျေးဇူးတင်ဖို့လည်း ကောင်းသည်။ တကယ်တော့ သူ့မှာ အဖြူ့အတွက် ဘာတာဝန်မှမရှိ။

"တကယ်တော့ ကိုဦးမှာ အဖြူ့အတွက် အလကား တာဝန်ပို နေတာပဲ"ဟု ပြောလိုက်မိ၏။

"အဖြူက သူစိမ်းလို ပြောပြန်ပြီ"ဟု ကိုဦးက ညင်သာစွာ ပြောသည်။ "အဖြူ့မှာ အားငယ်ပြီး အထီးတည်းနိုင်ပြီး ဘယ်သူ့ကိုမှ မယုံကြည်နိုင်၊ စိတ်မချနိုင် ဖြစ်နေပြန်ပြီ။ အဲဒီလို ဖြစ်ရအောင် ကိုဦး တစ်ခုခုများ လုပ်မိသလား"

အဖြူသည် ခေါင်းခါပြလိုက်ပြီး ဖေဖေသော်လည်းကောင်း၊ အဖြူ သော်လည်းကောင်း သေမှ အေးမှာပဲဟု တွေးလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com



ထိုညမှာ အဖြူသည် ဖေဖေနှင့် ပတ်သက်သော အိပ်မက်အသစ်တစ်ခု မက်သည်။ အိပ်မက်ထဲမှာ ဖေဖေသည် သံချွန်လို သေးမျှင်ချွန်ထက် သော လက်နက်တစ်ခုနှင့် အဖြူ့ကို ထိုးဆွနေသည်။ ထူးဆန်းစွာပင် နာကျင်လှခြင်း မရှိ။ အဖြူသည် မသိချင်ယောင်ပင် ဆောင်နေသေး၏။ ဖေဖေ့ကို ခါတိုင်း လိုပင် ကြောက်ရွံ့နေသည်။ ပြီးတော့ "ဖေဖေပါလား၊ ဖေဖေ့ကို အိပ်မက် မမက်တာ ကြာပါကောလား"ဟု နှုတ်ဆက်လိုက်ရာ ဖေဖေက ပြုံးရယ်ခဲသော သူ့နဂိုမျက်နှာဖြင့်ပင် "ဟုတ်တယ်၊ တောင်ငူ သွားနေတာ ဘယ်လောက် ကြာပြီလဲ။ မေးနေရသေးလား"ဟု ပြန်ဖြေသည်။ အဖြူက ဖေဖေဟာ အမြဲ စိတ်ဆိုးနေတာပဲ။ သိပ်စိတ်ညစ်စရာ ကောင်းတာပဲဟု စဉ်းစားလိုက်ရာ ဖေဖေက သိသွားသည်တဲ့။

မိုးလင်းလျှင် အဖြူသည် အိပ်မက်အကြောင်းကို စဉ်းစား၏။ အိပ်မက်ဆိုသည်မှာ ဘာမှ အရေးကြီးသော ကိစ္စလို့ မထင်ချင်တော့ချေ။ ကိုဦးကို ပြောပြစရာလည်း မလိုဘူးထင်သည်။ ဖေဖေ ဝဋ်ခံနေရတဲ့ အိပ်မက် တောင် ထပ်မက်နိုင်ပါသေးရဲ့။ ဘာဖြစ်လဲ၊ တစ်သက်လုံး အိပ်မက်များစွာ မက်နေမှာပဲ။ တစ်ခုတော့ ရှိသည်။ အိပ်မက်မမက်ဘဲ မနေရဘူးဆိုလျှင် လှပချစ်ဖွယ်ကောင်း၍ အရောင်စုံသော အိပ်မက်များကို မက်ချင်သည်။ ဒါပဲ။

ပြီးတော့ ဆေးရုံမှာ နေရတာ ပျင်းလာတာ တကယ်ပဲ။ ကိုဦး

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလှတာကိုလည်း သနားလှပြီ။ ဘကြီးကလည်း နေကောင်းပြီ၊ အိမ်ပြန်နိုင်ပြီလို့ ပြောသည်။ နေစရာမရှိတာ၊ ပြန်စရာမရှိတာ တစ်ခုပဲ ခက်လှသည်။

ညို့မှိုင်း၍ သော့ခလောက်ခတ်သော ပြတင်းပေါက်၌ သံတိုင် တပ်သော၊ သစ်ပင်ကြီးများ အုံ့ဆိုင်း၍ လသာသည်ကို ခြံထဲ ဆင်း မကြည့်နိုင်သော အိမ်သို့ မပြန်လိုပြီ။ အပွင့်ဖြူ၍ အနံ့သင်းသော စံကားပင်ကို ချစ်ပါလျက် အရွက်ပြုန်းသော၊ သစ်ကိုင်း ပြတင်းမှန်ကို ခြစ်တတ်သော၊ ချောက်ချားစေသော ညများ၊ ခြေသံမကြားအောင် ထ၍ မိုးလင်းထိ ပြတင်း၌ ရပ်ကာ အိပ်မပျော်သော ညများ၊ ကိုဦးကို သတိရနိုင်စွမ်းမရှိလည်း တစ်စုံတစ် ယောက် တစ်စုံတစ်ခုကို ရှာဖွေရသော ညများကို ပြန်မတွေ့လိုပြီ။ စိတ်ဆင်းရဲ တိုင်း ဒေါသကြီးသော ဖေဖေနှင့်၊ နှုတ်ဖျားမှ ဘုရားစာရွတ်သလောက် မေမေ့ကို နှိပ်စက်စကား ထွက်သော ဒေါ်ကြီးတို့နှင့် ပြန်လည် မနေထိုင်လိုပြီ။

ကြီးကြီး၊ ဘကြီးတို့နဲ့တော့ နေလို့ရမည်။ အေလင်းတို့ သူငယ်ချင်း မိန်းမတစ်တွေနေသော အခန်းများမှာ သွားနေလည်း ရသည်။ အကောင်း ဆုံးကတော့ ကိုဦးရဲ့အခန်းသို့ သတို့သမီးအဖြစ် သွားဖို့သာ ဖြစ်သည်။ သို့သော် သတို့သမီးဆိုသည်မှာ စိတ်ရောဂါကုဆေးရုံခန်းမှ တန်းထွက်ရိုး ထုံးစံ မရှိ။

အဖြူ ဘာလုပ်ရမှာလဲ။

"အဖြူဟာ မာနသိပ်ကြီးသလား မသိပါဘူး"ဟု ပြောမိလျှင် ကိုဦးက "ဘာဖြစ်လို့လဲ"ဟု မေးသည်။

"သြော်...ကိုဦးနဲ့ မခွဲချင်ပေမယ့်လည်း တစ်ယောက်တည်း ဘယ်သူ့မှ အားမကိုးဘဲ နေလိုက်ချင်သေးတယ်"ဟု ပြောမိ၏။

"ဒါ ကောင်းကောင်း ကျန်းမာလာတဲ့ လက္ခဏာပေါ့ အဖြူရဲ့။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အားကိုးချင်တဲ့ မာနတော့ ရှိရစမြဲပေါ့။ အင်အားရှိတဲ့ သဘောပေါ့"

"ချစ်စရာတော့ မကောင်းဘူး"

"ကြောက်စရာတော့ ကောင်းတယ်လား"ဟု ကိုဦးက ရယ်မော

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"တကယ်တော့လည်းလေ အဖြူဟာ ကိုဦး မရှိရင် မနေနိုင် ပါဘူး။ နေရောင်မရတဲ့ မှောင်ထဲက သစ်ပင်လို ခဏကလေးနဲ့ သေသွား မှာပဲလို့ ပြောချင်တယ်။ ကြီးကြီးတို့၊ ဘကြီးတို့လို မိဘမျိုးရရင်လည်း ဘယ်တော့မှ မေမေ၊ ဖေဖေနဲ့ မခွဲချင်ပါဘူး။ လင်ယူလည်း အတူ နေမယ်။ သေရင်လည်း သိပ်ငိုမယ်၊ နမြောမယ်၊ ဝမ်းနည်းမယ်လို့ ပြောချင်တယ်။ အဖြူ့ကိုလည်း ဘယ်သူကမှ သွားလိုရာသွား၊ နေလို ရာနေလို့ မလွှတ်လိုက်စေချင်ဘူး။ အဖြူမရှိရင် မနေနိုင်ပါဘူးဆိုတာကို ကြားချင်တယ်။ သြော်...တော်တော် ပြဿနာများတဲ့ သူပဲနော်"

"သြော်...အဖြူ ကြုံရတဲ့ အခြေအနေက တစ်မျိုးကို ကျေနပ် စရာ မကောင်းဘဲကိုး။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ဒါကို အဖြူ သိတာပဲ။ အဖြူ သိရင် ပြီးတာပဲ"

"အဖြူ အလုပ်လုပ်နေရရင် ကောင်းမယ်ထင်တယ်။ ဘာလုပ် ရမလဲ၊ အသက်မွေးဝမ်းကျောင်းကလည်း ဘာမှမသင်ခဲ့ရဘူး။ အသက် သာ ကြီးသွားတယ်၊ လူ့ပြည်မှာ ဘာမှလည်း မလုပ်လိုက်ရဘူး။ နောက်ကျ သွားပြီလား မသိပါဘူး။ ငယ်ငယ်ကလို စာသင်ဖို့လည်း စိတ်မရှိတော့ဘူး။ လက်နှိပ်စက် သင်ရရင် ကောင်းမယ်ထင်တယ်"

"အဖြူ လုပ်ချင်ရင် ဘာဖြစ်ဖြစ် ဖြစ်ရမှာပေါ့။ တက္ကသိုလ် ပြန်တက်လည်း ဖြစ်တာပဲ။ စာရေးမ ဝင်လုပ်လည်း ဖြစ်တာပဲ။ ကျောင်း ဆရာမလုပ်လည်း ရသားပဲ။ ပြီးတော့ အဖြူက ပိုက်ဆံလိုလို့ လုပ်ရတာ မဟုတ်တော့ တစ်မျိုး ပိုပြီးကောင်းသေးတယ်။ အလုပ်မှာ စေတနာ အများ ကြီး ထည့်လို့ရတာပေါ့။ ဒါထက် ဆရာဝန်ကတော် လုပ်ရတာတော့ အလုပ် လို့ မထင်ချင်ဘူးလား။ တကယ် ပြောနေတာ"

"ထင်ပါတယ်၊ ဒါပေမဲ့..."

"ဘာဖြစ်လဲ"

"ဖြည်းဖြည်းပေါ့"

"ကောင်းပါတယ်၊ အဖြူ့အတွက် အကောင်းဆုံးပါပဲ။ တကယ်

www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ဖို့သာ မူလမဟုတ်လား”

အဖြူသည် ခုပင် ကိုဦးရဲ့ အိပ်ခန်းကို ကိုယ့်အိမ်လို့ ထင်ချင်လာပြီး ပြဿနာဟူသမျှ လေထဲလွှင့်ပစ်ချင်စိတ် ပေါ်လာသည်။ ကိုဦး၌ယုံကြည်အားကိုးချင်စိတ် ပြန်လည် ပြင်းပြလာသည်။ စိတ်အေးချမ်းသွားပြန်သည်။ လူ့ဘဝ သာယာလှပလာပြန်သည်။

“ဆေးရုံကဆင်းပြီး တစ်နေရာရာတော့ ခဏနေချင်သေးတယ် ကိုဦးရဲ့။ ကြီးကြီးတို့ဆီပဲ နေမှထင်ပါရဲ့။ တစ်ခုပဲရှိတယ်။ ဖေဖေ သူတို့ကို ရန်လုပ်မှာ စိုးတယ်။ အဲဒါ မခံနိုင်ဘူး။ အေလင်းတို့နဲ့ သွားနေရင်ကော”

“ကြီးကြီးတို့ကတော့ အဖြူ့ ဖေဖေကိုလည်း နားလည်မှာပါ။ အဖြူ့ ဖေဖေလည်း ကြီးကြီးတို့တစ်တွေနဲ့ တွေ့ရင် နည်းနည်းဖြစ်ဖြစ် ပြောင်းလဲသွားနိုင်တာပဲ။ သတိရလာနိုင်တာပဲ”

“အေလင်းတို့နဲ့ နေရင်တော့ ကိုယ့်ကိုယ်ကိုယ် ပိုအားကိုးခွင့်ရမယ်”

“ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ စဉ်းစားကြသေးတာပေါ့”

●

www.burmeseclassic.com

www.burmeseclassic.com



ယခုတလော အဖြူနှင့် ကိုဦးတို့ ညဘက် သိပ် မထွက်ဖြစ်ကြပေ။ ကိုဦးက အဖြူ အိပ်ပျော်သည်အထိ ဆေးရုံ ရုံးခန်း၌ နေပြီးမှ သူ့အိမ်ခန်းသို့ ပြန်တတ်သည်။ စကားထိုင်ပြောလို့ မဆုံးနိုင်သော ညများလည်း ရှိသည်။ စိတ်လှုပ်ရှားပြီး နမ်းရှုံ့က် ဖိုလှိုက်ကြရသော ညများလည်း ရှိသည်။ စာအုပ်ကိုယ်စီနှင့် စကားမပြောဘဲ တိတ်ဆိတ်အေးချမ်းသော ညများလည်းရှိသည်။

စာထိုင်ဖတ်ကြသော ညများမှာ ကိုဦးရဲ့ ထူထဲလေးလံ၍ ရုပ်ပုံများစွာပါသော ဆေးကျမ်းစာအုပ်များကို ငေးမောမိတတ်၏။ ကိုဦး အင်မတန် စိတ်ဝင်စားစွာ ဖတ်သည်ကိုလည်း သတိပြုမိ၏။ အဖြူက စကားတစ်ခွန်း၊ နှစ်ခွန်း လှမ်းပြောလိုက်ရင်တောင် ကြားလေ့မရှိ။ တစ်ခါ တစ်ရံ ကြားသော်လည်း အဓိပ္ပာယ်ပေါက်ဟန် မပြ။ ပြန်လှန် ပြောချင်စိတ်လည်း မရှိ။ ဆေးရုံအလုပ်နှင့်၊ သူ့စာအုပ်များနှင့် ရောင့်ရဲတင်းတိမ်ပြီး နေလို့ရသည့် သူပင်။

အဖြူဟာ သူ့ဘဝမှာ မရှိမဖြစ် လိုအပ်တဲ့အရာတော့ မဟုတ်ပါဘူး။ သူဟာ အဖြူ့အဖို့ အရေးကြီးသလောက် အဖြူဟာ သူ့အဖို့ အရေးမကြီးပါဘူး။ အဖြူ အပြင်းအထန် သေမလို ဖြစ်နေတုန်းက သူ ဗန်းမောက်မှာ သည်အတိုင်း နေနိုင်ခဲ့တာပဲ။ အေးလေ…အဖြူ့ရောဂါ သူ မရှိမှ ပိုပျောက်လွယ်မလားလို့ သူ ထင်စားခဲ့တယ်လို့တော့ ပြောတာပဲ။ ဒါပေမဲ့ အဖြူသာ သူ့နေရာမှာဆိုရင်တော့ အဖြူ့ရောဂါထက် အဖြူက

www.burmeseclassic.com

www.burmeseclassic.com



ပိုအရေးကြီးမှာပဲ။ ရောဂါပျောက်ပြီး အဖြူ့ကို လက်လွှတ်ရတာထက် ရောဂါသည်လူနာ အဖြူကို ပိုလိုချင်မှာပဲ။ ယောကျ်ားနဲ့ မိန်းမ ချစ်ပုံချင်း ကွာတယ်ဆိုတာ ဒါပဲ ထင်ပါရဲ့။ ဘယ်ဟာက ကောင်းတယ်လို့တော့ မပြောတတ်ပြီပင်။

အဖြူသည် ကိုဦးကို အားကိုး၍ ပျော်ရွှင်အောင်နေကာ ဖေဖေ့ကို ဖုန်းမဆက်ဘဲ နေသည်။ ဖေဖေက ဆက်သည်ကိုလည်း နားမထောင်ဘဲနေသည်။ သို့သော်လည်း မေ့မေ့ပျောက်ပျောက် မနေနိုင်ဘဲ ပူလောင်လျက်ရှိသည်။ ဖေဖေ စိတ်ဆင်းရဲ နာကြည်းမှာကိုလည်း ဝမ်းနည်းရ၏။ ဖေဖေဟာ မယားကို လက်လွှတ်လိုက်သလို သမီးကိုလည်း လက်လွှတ်လိုက်ပါတော့။ အနာကြီး နာချင်ရင်လည်း နာလိုက်ပါတော့။ ဖေဖေလည်း တတ်နိုင်သမျှ ဘဝသစ် ပြန်စပါတော့ဟု တွေးတောနေတတ်၏။

ကိုဦးကတော့ ဖျောင်းဖျလေ့ ရှိသည်။

"အဖြူရယ်၊ သားသမီးနဲ့ မိဘဟာ စိတ်မနာကောင်းပါဘူး။ ကိုဦးတော့ အမေကို အင်မတန်ချစ်လို့လားမသိဘူး။ အဖြူနဲ့ အဖြူ့ ဖေဖေကို နားတောင်မလည်ချင်ဘူး။ တကယ်တော့လည်း ချစ်လို့ ပိုပြီး နာစရာဖြစ်တာပါ။ သည်းခံသင့်ပါတယ်။ အချင်းချင်း နားလည်သင့်ပါတယ်"

"ရန်ဖြစ်ဖို့ လူနှစ်ယောက်လိုတယ်ဆိုတဲ့စကား ရှိသားပဲ"ဟု အဖြူက ပြောလိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အဖြူ့ ဖေဖေ နေ့တိုင်း ဖုန်းဆက်နေတာကို မပြောချင်တာကတော့ ဆိုးတာပေါ့ အဖြူရဲ့။ မိဘရဲ့အချစ်ကို သားသမီးရမှ နားလည်တယ်ဆိုလား"

"အဖြူကလည်း ပုထုဇဉ်ပဲ ကိုဦးရဲ့။ အဖြူ့ အကျိုးဖြစ်စေတဲ့ အချစ်သာ လိုချင်တာ၊ အိုးလှအောင် တဖုန်းဖုန်း ရိုက်ရတယ်ဆိုတဲ့ အချစ်မျိုး မလိုချင်ပါဘူး။ မလှချင် နေပါစေတော့၊ ရွှံ့စောင်းထူအမ်း နေပါစေတော့။ ပြီးတော့လည်း အဖြူက လူပဲ၊ ရွှံ့မှ မဟုတ်တာ"

သို့သော် နောက်တစ်နေ့မှာ အဖြူသည် ဖေဖေ့ကို တယ်လီဖုန်းမှ လက်ခံစကားပြောသည်။ ထုံးစံအတိုင်းပင် သူတို့ စကားများကြ၏။ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားပြောစရာမရှိဘဲ ခါတိုင်းပြောနေကျ အငြင်းအခုံ ပွားများခြင်းဖြင့် ဘာမှ အဆုံးသတ်လို့မရဘဲ ရှိကြ၏။ အဖြူရော ဖေဖေပါ ခေါင်းမာတာ အမှန်ပဲ။ ဖေဖေက အိမ်ပြန်လာစေချင်၏။ ဖေဖေ လုပ်ခဲ့သမျှ မှန်တယ် ထင်၏။ အဖြူက အိမ်မပြန်ချင်။ ဖေဖေ လုပ်ခဲ့သမျှ အမှားလို့ ထင်သည်။ ရှေ့လျှောက် နှိပ်စက်ဦးမည်လို့ထင်ကာ ဖေဖေ့ကို မယုံကြည်နိုင်မြဲ ရှိသည်။ ပြီးတော့ သည်လောက် စိတ်ဝမ်းကွဲပြီး၊ နာကြည်းပြီးကြမှတော့ ပြန်လည် ပေါင်းစပ်လို့ ကောင်းနိုင်တော့မည်မထင်။

ဖေဖေက ပြော၏။

"စကား များမနေနဲ့၊ နက်ဖြန် အသင့်ပြင်ထား။ မနက်ဖြန် အစော ကြီးထပြီး ကားနဲ့ ဆင်းလာခဲ့တော့မယ်။ ရန်ကုန်ကို ဆယ့်တစ်နာရီ၊ အလွန် ဆုံး ဆယ့်နှစ်နာရီပေါ့။ ရောက်မယ်။ ငါ တစ်ခါတည်း ဆေးရုံကို တန်းလာ ခဲ့မယ်။ အိမ်ပြန်ဖို့ အသင့်ပြင်ထား"

အဖြူသည် ဘာမျှ ပြန်မပြောနိုင်ဘဲ ဖေဖေ တယ်လီဖုန်း ချသွား သည်ကို နားထောင်နေလိုက်မိ၏။ လက်များ တဆတ်ဆတ် တုန်လာပြီး နှုတ်ခမ်းဖြူအောင် ကြောက်သွားသည်ကို ခံစားလိုက်ရ၏။ "ဟင့်အင်း... ဟင့်အင်း၊ မဖြစ်နိုင်ဘူး။ အဲဒီအိမ်ကြီးကို ကြောက်တယ်။ ဘယ်နည်းနဲ့မှ မပြန်နိုင်ဘူး။ ပြီးတော့ အဲဒီအိမ်မှာ ကိုဦးရဲ့ ခြေသံကိုလည်း ဘယ်တော့မှ ကြားရမှာ မဟုတ်ဘူး။ ဖေဖေဟာ နားလည်မယ့်လူ မဟုတ်ဘူး။ အလျှော့ ပေးမယ့်သူ မဟုတ်ဘူး"

ပထမတော့ ကိုဦးဆီပြေး၍ ငိုလိုက်ဖို့ စိတ်ကူး၏။ ပြီးတော့ ကိုဦးကိုပင် မယုံကြည်ချင်သောစိတ် ပေါ်လာပြန်၏။ ကိုဦးက တစ်ခါမျှ အိမ်မပြန်နဲ့လို့ ပြောဖူးတာ မဟုတ်ဘူး။ အဖြူ့ရဲ့အိမ် မဟုတ်မှန်း သိလျက်နဲ့။ တော်ပြီ။ အဖြူသည် တိတ်ဆိတ်စွာ သေတ္တာပြင်စ ပြုလာ၏။

ထိုညနေမှာ ကိုဦး ရုံးခန်းသို့ ရုတ်တရက် ပြန်မလာနိုင်အောင် အလုပ်များနေရပြန်၏။ လူနာများကို ကိုဦးကိုယ်တိုင်ပါမှ အုပ်ချုပ်လို့ လွယ်သည်။ ကိုဦး ပြောစကားကို နားထောင်ကြသည်။ သူ့မှာ ထူးဆန်း သော ညို့ဓာတ်များ ရှိသလားတောင် မသိ။ သူ့ကို ချစ်ကြိုက်နေသော

www.burmeseclassic.com

www.burmeseclassic.com



အသက် ၅၀ ကျော် အပျိုကြီး လူနာတစ်ယောက်ကမူ ကိုဦးကို ဆရာဝန်ရွှေရင်အေးလို့တောင် ခေါ်သတဲ့။

ကိုဦးကို သေတ္တာနီ အသင့်ပြင်ပြီး စောင့်ရသည်မှာ ကြာလှ ပြီလို့ထင်သည်။ သူ့ကို နည်းနည်းများ လျှော့ပြီးချစ်ရင် တိုင်ပင်တောင် မနေဘဲ ဝေးရာသို့ ထွက်ပြေးချင်ပြီ။ သို့ပေမဲ့ ကိုဦးက အစစအရာရာ တိုင်ပင်လို့ ရရုံမက သူ့ကိုပင် ကားမောင်း ပို့ခိုင်းရဦးမည်။

ကိုဦး မလာခင် အန်တီခင် ဝင်လာပြီး "အလို...အဖြူက သေတ္တာပြင်လို့၊ လင်နောက် လိုက်တော့မလို့လား"ဟု မေး၏။

အဖြူက ဘာမျှမပြောဘဲ နေသည်။

"အဖြူ အိမ်ပြန်တော့မလို့လား"ဟု တည်ကြည်စွာ မေးပြန်၏။

"မပြန်ပါဘူး၊ မပြန်ချင်ဘူး"

"ဒါဖြင့် ဘယ်သွားမလို့လဲ"

အဖြူက တွေနေပြီး "အန်တီခင် ငယ်ငယ်က ဝိုင်ဒဗလျူအေစီမှာ နေဖူးတယ်ဆို။ ဘယ်လို နေရသလဲ"ဟု မေးသည်။

"ဘာဖြစ်တာလဲ အဖြူရဲ့"ဟု အန်တီခင် ပူပင်လာသည်။

"ဆရာလှဦးနဲ့ စိတ်ဆိုးလို့လား"

"မဆိုးပါဘူး"

"ဘာဖြစ်တာလဲ၊ ပြောစမ်းပါ။ အန်တီခင်ကို ပြောကောင်းပါတယ်"

"ဖေဖေ လာခေါ်မယ်ဆိုလို့ ပြေးချင်လို့။ အန်တီခင်နဲ့ကော လာနေလို့ မရဘူးလား။ အန်တီခင်က ဆေးရုံမှာ မနေဘူးဆို၊ ကိုယ့်အိမ်နဲ့ ကိုယ်ဆို"

အန်တီခင်က သက်ပြင်းချလေ၏။ "ဆရာ ကိုလှဦးကော တိုင်ပင်ပြီးပြီလား" ဟုသာ မေးလေ၏။

"သူ့ကို စောင့်နေတာပဲ။ ဒီနေ့ တစ်နေ့လုံး သူ သိပ်အလုပ်များနေတယ်။ ဒီနေ့ လူနာတွေ လျှပ်စစ်ဓာတ်ပေးတဲ့နေ့ မဟုတ်လား။ ပြီးတော့ ခုတလော ကိုဦးမှာ အဖြူ့အတွက် အလုပ်တွေ မပြီးမပြတ် ဖြစ်နေတာတွေ ရှိနေသေးတာ။ အဖြူလည်း သူ့ကို ဒုက္ခပေးရတာ အားနာလှပြီ။ နေလည်း ကောင်းလာတော့ ဆေးရုံမှာ တစ်သက်လုံး ဘယ်နေလို့ ဖြစ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးလေ...အန်တီ ဆရာ့ကို သွားရှာလိုက်ပါဦးမယ်"ဟု ပြောကာ ထွက်သွားမည်ပြုပြီးမှ စိတ်မချသလို အခန်းမှ မခွာတော့ချေ။

ညနေ ၅ နာရီထိုးမှ ကိုဦး ပြန်လာသည်။ ထုံးစံအတိုင်း အားတက်သွားပြီး စိတ်အေးပြန်သည်။ ကိုဦးက ပစ်ထားမယ်မဟုတ်။ အဖြူ့ အလိုကိုလည်း လိုက်မှာ။ သူ့ကို အကုန်ပြောလို့ရတာ။

ကိုဦးက သူ့ရုံးခန်းစားပွဲမှာ မထိုင်ဘဲ အဖြူ့အခန်းသို့ တန်းဝင်လာပြီး အန်တီခင်နှင့် အဖြူ့မျက်နှာတို့ကို အကဲခတ်၏။ ပြီးတော့ အေးဆေးညင်သာစွာပင်...

"အဖြူ ဒီနေ့ တောင်ငူကို ဖုန်းပြန်ဆက်မယ်ဆို။ ဆက်ဖြစ်သလား"

"ဆက်ဖြစ်တယ်"

"ကိုဦးလည်း တစ်နေ့လုံး သတိရနေတာ၊ ပြန်လာလို့ မရလို့။ ဦးကိုလေးက ဘာပြောသလဲ"

အဖြူသည် ချုပ်တည်းထားလျက်က မျက်ရည်ဝိုင်းလာကာ "ဖေဖေ နက်ဖြန်လာခေါ်မယ်တဲ့။ အဖြူ မလိုက်ချင်ဘူး။ အဖြူ ထွက်ပြေးတော့မယ်။ အဖြူ့ကို တစ်နေရာရာ ပို့ပေးပါ။ အေလင်းတို့နေတဲ့ဆီဖြစ်ဖြစ် အခန်းတစ်ခန်း ငှားပေးပါ"

"နေပါဦး အဖြူရဲ့။ လာခေါ်လည်း မလိုက်ချင်နေလို့ ရပါတယ်။ ပြီးတော့ ဆေးရုံအနေနဲ့လည်း ဝင်ပြောပိုင်ခွင့် ရှိသင့်သလောက် ရှိတာပေါ့။ ကိုဦး ဖုန်းပြန်ဆက်ပါဦးမယ်။ အဖြူ ထွက်ပြေးနေလို့ ပြီးမှာမှ မဟုတ်တာ။ ကိုဦး ပြောဖူးသားပဲ။ ရင်ဆိုင်ပါလို့"

"ရင်မဆိုင်တတ်ဘူး ကိုဦးရဲ့"

"ကဲ...ကဲ...သေတ္တာကို ဗီရိုထဲ သိမ်းလိုက်ပါဦး။ မငွေခင်နဲ့ ခြံထဲ ဆင်းပါဦးလား။ ကိုဦးဖို့ နှင်းဆီဝါဝါ ရှာခဲ့ပါဦး၊ ပြီးတော့ ဘုရား တက်ကြဦးစို့။ လထွက်တော့ နည်းနည်းနောက်ကျမယ်။ လဆုတ်ရက်ကို။ ဒါပေမဲ့ ကောင်းကင်က ကြည်လင်နေတာပဲ။ လသာဦးမှာ အဖြူရဲ့"

ကိုဦးသည် တယ်လီဖုန်း ကောက်ကိုင်ကာ တောင်ငူကို တောင်းလိုက်သည်။ ပြီးတော့ မငွေခင်ကို ကော်ဖီ ဖျော်ခိုင်းသည်။ မငွေခင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလျှင် အဖြူ့ပါးပြင်ကို အရင်ဆုံး နမ်းလိုက်ပြီး ပြုံးကာ "ဘယ်တတ်နိုင်မလဲ အဖြူရဲ့၊ ကိုယ်ယူမယ့် ကိုယ်ချစ်တဲ့ အဖြူကို ဆေးရုံပေါ်မှာပဲ နမ်းရတော့မှာပဲ။ ကိုဦးကလည်း ဆေးရုံမှာ နေရတဲ့ ဆရာဝန်ကို၊ အဖြူက လည်း အိမ်မပြန်ချင်တဲ့ လူနာကို။ ပြီးတော့ နမ်းချင်တိုင်းသာ ဆေးရုံပြင် ထွက်နေရရင်တော့ အလုပ်ထွက်ရတော့မှာပဲ"ဟု ပြောပြီး သူ့ဘာသာ သဘောကျဟန်နှင့် ရယ်ပြန်သည်။

"ပြီးတော့ ဒါက ကိုဦးရဲ့အခန်းပဲ။ ဆေးရုံခန်း၊ လူနာခန်းမှ မဟုတ်တာ"ဟု အဖြူက ထောက်ခံမိ၏။ စိတ်ပေါ့ပါးသွား၏။ ကိုဦးရဲ့ အိမ်ခန်းမှာ အဖြူက ဖြေလျှော့သော်လည်း ကိုဦးက မဖြေလျှော့စေဘဲ မထုံး တတ်သည်သို့ ကျစ်ဆံကျစ်သလို ခွေလိမ်ပေးခဲ့တဲ့ တစ်ဝက်တစ်ပျက် ဖြေလျှော့ခဲ့သော ဆံပင်များကို အဖြူ့ဘာသာ ပြန်ထုံးနှောင်ကာ ဆံထိုး ဆံညှပ်များနှင့် တစ်ချောင်းချင်း ထိုးစမ်း၍ ခိုင်မြဲစေခဲ့တဲ့ တစ်ညကို ပြန်သတိရ၏။ ရင်ထဲ တုန်ရင်မောဟိုက်လာပြန်၏။ ထိုညသို့ ပြန်သွား ချင်လေ၏။ ကိုဦးနဲ့ တစ်မျိုးတွေ့ခဲ့ရရင် ကောင်းမှာ။ လူနာအဖြစ် မဟုတ်ဘဲ ကောင်းမွန်ကျန်းမာသော၊ ပျော်ရွှင်လွတ်လပ်သော သာမန် မိန်းမပျိုအနေနှင့် တွေ့ခဲ့ရရင် ကောင်းမှာ။ ဘာပြဿနာမှ ရှိတော့မှာ မဟုတ်ဘူး။ ဒါပေမဲ့လည်း မဖြစ်နိုင်တာ မတောင့်တပါစို့နဲ့။ ခု ဘာလုပ် ရမလဲသာ စဉ်းစားရမည်။

တယ်လီဖုန်းမှ ခေါင်းလောင်းသံ မြည်လျှင်တော့ အဖြူသည် ကိုဦးဘေး၌ မရှိလိုတော့ဘဲ ပန်းခြံဘက်သို့ ဆင်းခဲ့၏။ "ကိုဦး ဖေဖေနဲ့ စကားပြောပြီး လိုက်ခဲ့နော်"ဟု မှာခဲ့၏။

နှင်းဆီခင်း၌ ညနေစောင်းမှ ပွင့်အာလာသော နှင်းဆီပန်းများကို ရွေး၏။ ကိုဦးဖို့ နှင်းဆီဝါများ ရပြီ။ အဖြူဖို့ နှင်းဆီဖြူများ ရှာဆဲ။ ပွင့်ချပ်နည်းပါးသော်လည်း ပန်းနုရောင်ကြွပြီး သင်းပျံ့မွှေးကြိုင်လှသော နှင်းဆီကို တွေ့၏။ မာလီက "ပန်းနာမည်က ဒေါက်တာတဲ့"ဟု ဆိုသည် ကိုလည်း သဘောကျပြီး ကိုဦးရဲ့ စားပွဲမှာ ဒါပဲစိုက်တော့မယ်၊ နှင်းဆီ ဝါနဲ့ နှင်းဆီဖြူတွေတော့ ဘုရားလှူကြစို့ဟု စိတ်ကူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး စီမံမှုကြောင့် ဖေဖေ လာမခေါ်တော့ချေ။ အဖြူသည် ဆေးရုံမှာ ဆက်နေရပြန်သည်။ ဆေးရုံမှာ တစ်သက်လုံး နေလို့မဖြစ်သည်ကိုလည်း အဖြူသတိရပြီး စိတ်ညစ်နေသည်။ ဖေဖေနှင့် ဖေဖေ့အိမ်ကိုတော့ မပြန်တော့ပြီဟု ဆုံးဖြတ်ထားလေရာ နေစရာရှာဖို့ အရေးကြီးလှလေ၏။ ပိုက်ဆံကြေး ငွေအတွက် ပူစရာမလိုသော်လည်း အလုပ်လုပ်ချင်သည်။ လက်နှိပ်စက်နှင့် လက်ရေးတိုသင်လျှင် ကောင်းမည်ထင်သည်။ ကိုဦးကတော့ အဖြူ့ကို အလိုလိုက်မည်ဖြစ်သော်လည်း အလုပ်လုပ်ဖို့လိုမည် မထင်ဘူးတဲ့။ ကြီးကြီး၊ ဘကြီးတို့နဲ့ဖြစ်စေ၊ အေလင်းတို့နဲ့ဖြစ်စေ သုံးလေးလနေပြီး လက်ထပ်လိုက်ကြဖို့သာ ရှိသည်တဲ့။

"တစ်ခုပဲ ရှိတယ် အဖြူရဲ့"ဟု ကိုဦးက ပြော၏။ "ဒီဆေးရုံက ဆင်းပြီး ဘယ်မှာနေမယ်ဆိုတာကိုတော့ ဦးကိုလေးနဲ့ ပြေပြေပြစ်ပြစ် ပြောဖို့ ကောင်းတယ်။ သူ သဘောတူရင် အကောင်းဆုံးပေါ့။ မတူလို့ အဖြူ အတင်းလုပ်ရတောင် အဖြူ့ဘက်က ဝတ္တရားကျေပြီး ဖြစ်တာပေါ့။ ပြီးတော့ အဖြူ ပုန်းနေလို့ မရနိုင်ဘူး။ ကိုဦးမှာလည်း အဖြူ ဘယ်မှာနေတယ်၊ ဘယ်ကို သွားတယ်ဆိုတာ သူ့ကို ပြောပြဖို့ ဝတ္တရားရှိတယ်"

ဖေဖေ့ကို ဘယ်လို ပြောရပါ့မလဲဟု အဖြူ စဉ်းစား၏။ အဖြူ့ အဖို့ ပြောဖို့ ခက်လှသောစကား ဖြစ်လေ၏။ ဖေဖေ ဒေါသဖြစ်မှာ၊ ဆူမှာ၊ အော်မှာ၊ နာကြည်းမှာ၊ ဝမ်းနည်းမှာတွေကို မတွေ့ဆုံဝံ့သလို ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြူကပဲ လွန်သလိုလည်း ခံစားရသည်။ ပြီးတော့ ဖေဖေ ဘယ်လောက် ရှက်လိမ့်မလဲ။ မယား၏ စွန့်ခွာခြင်း၊ ပြီးတော့ သမီး၏ စွန့်ခွာခြင်းကိုခံရလျှင် ဖေဖေ အသက်ရှင်နေထိုင်လို့ ကောင်းတော့မယ် မဟုတ်လို့လည်း တစ်ခါ ဆိုခဲ့ဖူးပြီ။ ဖေဖေ လူ့ဘဝ၌ ဆက်လက်နေထိုင်ခဲ့သည်မှာ မေမေရဲ့ ကျန်ခဲ့သော သမီးကြောင့်သာ ဖြစ်သည်တဲ့။

ဖေဖေက သုံးလေးရက် တစ်ခါတော့ ဖုန်းဆက်လိုသေး၏။ ဖေဖေ၏ ကြေကွဲဝမ်းနည်းခြင်း အတိပြည့်သော၊ အနိုင်ယူမြဲ လူတစ်ယောက်၏ အလျှော့ပေးရသော အသံကို ကြားရသည်မှာ ရင်တွင်းလှိုက်လှဲဖွယ်ပင် ဖြစ်သည်။ "ပြီးတော့ အဖြူရယ်၊ ဖေဖေ့မျက်စိအောက်မှာ အမြဲ မြင်နေရတဲ့ သမီးကို ကျန်းမာပါစေ၊ စိတ်ချမ်းသာပါစေတော့လို့ မမြင်ရ၊ မကြည့်ရ နေခဲ့ရတာ ဘယ်လောက် ကြာပြီလဲ။ ငါးလပြည့်တော့မယ်။ သမီး မွေးကတည်းက အားတိုင်း ရိုက်လာခဲ့တဲ့ ဓာတ်ပုံအယ်လ်ဘမ်ပဲ ကြည့်နေရတယ်။ အဖြူဟာ ငယ်ငယ်က သိပ်ဝတာ။ နို့ပုလင်းလည်း သူများထက် နှစ်ဆ ဖျော်တိုက်ရတာ။ အခါလည်ကျော်တော့ ငှက်ပျောသီး၊ လိမ္မော်သီး ကျွေးရင် ငါးလုံး၊ ခြောက်လုံး တစ်ထိုင် တည်းစားတာ။ စကားပြောလည်း အတတ်သိပ်မြန်တာပဲ။ လမ်းလျှောက်လည်း စောတာပဲ။ အေးလေ... ကျောင်းထားတော့ ပိန်သွားတယ်။ အဖြူက အားကြီး ကြောက်တတ်တာကို။ လူလည်းကြောက်တတ်၊ သရဲလည်း ကြောက်တတ်။ ကျောင်းထားတော့ မပျော်ဘူး ထင်ပါရဲ့" စသဖြင့် တယ်လီဖုန်းမှ ပြောနေတတ်သည်။

ထိုအခါမျိုးမှာ အဖြူသည် တောင်ငူသို့ ပြေးသွား၍ ဖေဖေ့ ခြေရင်းမှာ ထိုင်လို့ ကန်တော့ကာ ငိုလိုက်ချင်သည်။ ဒါပေမဲ့ မေးချင်ပြန်သည်။ ဖေဖေ ကိုဦးကို ဘာကြောင့် မကြည်ဖြူနိုင်တာလဲ။ အဖြူ့ကို ချစ်တဲ့၊ အဖြူက ချစ်တဲ့ ကိုဦးပါ။ စိတ်ကောင်းရှိတဲ့ ကိုဦးပါ။ အဖြူ့ ကောင်းကျိုးကို လိုလားတဲ့ ကိုဦးပါ။ အဖြူဟာ အရွယ်ရောက်လို့ အိမ်ထောင်ပြုရင် ကိုဦးထက် ဘယ်သူ သင့်လျော်နိုင်ဦးမှာလဲ။

"အဖြူ့ ဒေါ်ကြီးလည်း သီလရှင်တွေနဲ့ မပျော်လို့တဲ့၊ အိမ်ပြန်ချင်တယ်တဲ့။ ဖေဖေကတော့ အဖြူ မကျေနပ်မှာစိုးလို့ အိမ်တော့ မပြန်လာပါ

www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့။ ဆွေမျိုးတွေနဲ့ နေပါတော့လို့ ပြောရတယ်။ ဖေဖေ့ကို စိတ်အနာကြီး နာသွားလေရဲ့။ မောင်နှမ နှစ်ယောက်တည်းရှိတာ၊ တစ်သက်လုံး အတူနေလာတာ။ ခုမှ အဖြူ့ကြောင့် သူ့ကို နှင်ချတယ်ဆိုပြီး ဖေဖေလည်း စိတ်တော့ မကောင်းဘူးပေါ့"

ဟိုတုန်းကတော့ သူ့နှမသြဇာ သူ့မှာ အတော်သက်ရောက် တာပဲ နေ့ာ်ဟု အဖြူ တွေးတတ်၏။ ပြီးတော့ မေမေ့ မကောင်းကြောင်းလည်း ဒီမိန်းမကြီး အင်မတန်ပြောတာ။ မေမေ ထွက်သွားတာ သူ့ ပယောဂတောင် ကင်းရဲ့လားမသိဘူးဟု တွေးမိ၏။ ပြီးတော့ ဖျတ်ခနဲ မေးမိသည်။

"ဖေဖေ၊ မေမေ ရှိတုန်းကကော ဒေါ်ကြီးနဲ့ တည့်ရဲ့လား"

ဖေဖေ ရုတ်တရက် ဘာမျှ ပြန်မဖြေချေ။ အဖြူကလည်း ငြိမ်ပြီး စောင့်နေသည်။ အတော်ကြာမှ ဖေဖေက "ဒါတွေ မပြောစို့နဲ့တော့လေ"ဟု မာအက်လာသော အသံနှင့်ဖြေသည်။

"အဖြူကတော့ ပြောချင်တယ်၊ မေးစရာတွေ ရှိသေးတယ်"

သူတို့သည် တယ်လီဖုန်းပေါ်၌ ရန်ဖြစ်ကြဦးမည် ထင်သည်။

သို့သော် ဖေဖေက သူ့ကိုယ်သူ ဆုံးမဟန်ဖြင့် "အဖြူ့ မေမေနဲ့ ပတ်သက်သမျှဟာ စိတ်မချမ်းသာစရာချည်းပဲ။ ဘာဖြစ်လို့ ပြောချင်တာလဲ" ဟု မေး၏။

"အဖြူ့ မေမေ တစ်ယောက်လုံးပဲ ဖေဖေရဲ့။ ဖေဖေတို့က မကောင်းဘူးဆိုတာနဲ့ မေမေ မကောင်းရရောလား။ မေမေ့ကိုချစ်ဖို့ တစ်ခါမှ မသွန်သင်ခဲ့ဖူးဘူး။ မေမေ မသေဘဲနဲ့တောင် သေပြီလို့ ပြောရက်တယ်။ မေမေ့စာတွေလည်း အဖြူ ဘယ်တော့မှ မဖတ်ရဘူး။ အဲဒါတွေဟာ နည်းနည်းမှ တရားတဲ့အလုပ်တွေ မဟုတ်ပါဘူး။ အဖြူ့ ပေါ်မှာရော၊ မေမေ့အပေါ်မှာရော။ ပြီးတော့ ခု သိတတ်လာမှ စဉ်းစားမိတယ်။ မေမေ့မှာလည်း လင်နဲ့ သမီးကို ပစ်ခဲ့ဖို့ လုံလောက်တဲ့ အကြောင်းတော့ ရှိရမှာပဲ။ မေမေ့မှာ သူ့ကိုယ်သူ သူ့ဂုဏ်သရေသူ ကာကွယ်ဖို့ ပြောစရာ စကားတော့ ရှိရဦးမှာပဲ။ ဖေဖေက အပြစ်မြူခြည်မှမရှိဘဲ မေမေက တစ်ဖက်သတ်လွန်တာ သက်သက်တော့ လည်း ဟုတ်နိုင်မယ်မထင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် တယ်လီဖုန်းကို အသာချသွားလေ၏။

အဖြူသည် ပထမဆုံးအကြိမ် စိတ်ဆိုးပြီး မကျန်ရစ်ချေ။ ကိုဦး နှင့် ရယ်စရာလုပ်ပြီးတောင် ပြောနိုင်သည်။ "ဖေဖေက ကလေးလိုပဲ" ဟု ပြောမိလျှင် ကိုဦးက ရယ်ချင်သည်။ ပြုံးနေသည်။ "ဘာရယ်တာလဲ"ဟု ခပ်ရှက်ရှက်နှင့် မေးလျှင်တော့ "အဖြူ ဝင်ရှုလည်မယ်နော်၊ အပျိုကြီးလုပ်မှာဖြင့် မဟုတ်ဘဲနဲ့"ဟု ဆိုလေသည်။

"အပျိုကြီး လုပ်နေရရင် ကောင်းမလား မသိဘူး"

"ဘယ်ကောင်းမလဲ၊ ပျင်းစရာကြီး"ဟု ခပ်တည်တည် ပြောသည်။ "ပြီးတော့ ကိုဦးက လူပျိုကြီး မလုပ်ချင်ဘူးဗျ"

ဖေဖေနှင့် သုံးလေးရက်တစ်ခါ ဖုန်းဆက် စကားပြောရ၏။ တဖြည်းဖြည်း ချော့၍ အဖြူ အခန်းငှားပြီး နေချင်ကြောင်း ပြောပြရ၏။ အေလင်းတို့ မိန်းကလေးတစ်သိုက်နေကြသော အိမ်ခန်းမှာ တစ်ခန်းရမည်။ ဖေဖေက ကြမ်းတမ်းသော ဆဲရေးသံ ကြားလိုက်ရသလို တုန်လှုပ်သွား၏။ အနားမှာရှိလျှင် ထရိုက်ချင်သော လေသံကို သုံးပြန်၏။ အဖြူက ရယ်မော မိ၏။ ဖေဖေဟာ အရင်တုန်းကလိုပဲဟု ပြောမိ၏။ အဖြူ ပြောင်းလဲသွား သည်ဟု ဖေဖေက ထင်သည်။ သို့သော် အဖြူ ပြောင်းလဲသွားသည်မဟုတ်။ အဖြူသည် ငယ်ငယ်ကတည်းက ဖိနှိပ်ခြင်းကို မခံလို။ လွတ်လပ်ခြင်းကို ကြိုက်သည်။ အေးချမ်းသာယာစွာ နေချင်သည်။ အဓိပ္ပာယ်ရှိသော အချစ်ကို လိုချင်သည်။ အဖြူ လွန်သလား။

အဖြူဟာ ဘယ်လိုလူလဲဆိုတာ ဖေဖေ ခုမှသိတာ ဖြစ်လိမ့်မည်။ ဒါမှမဟုတ် ခုမှ အဖြူ ပြသနိုင်တာ ဖြစ်လိမ့်မည်။ အဖြူကတော့ အနည်းနဲ့ အများ၊ အမြဲ သည်လိုပါပဲ။

နောက်တော့ ဖေဖေက ပြော၏။ တောင်ငူကိုတစ်လှည့် လာနေ ပါလားတဲ့။ တစ်ပတ်ပဲ ဖြစ်စေပေါ့တဲ့။ အဖြူ ငယ်ငယ်က ရောက်ဖူးပေမယ့် မေ့လောက်ပြီ။ တောင်ငူမှာ ဆွေမျိုးများလည်း ရှိသည်။ တောင်ငူက ပြန်မှ အဖြူ့ သဘော။ အဖြူ အခန်းငှားနေရမှ လူ့ပြည်မှာ နေလို့ဖြစ်တော့မည် ဆိုလျှင်။ ပြီးတော့ ဖေဖေ အဖြူ့ကို တွေ့ချင်လှပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူဆိုတာကို စဉ်းစားပြန်တော့ ငယ်ငယ်က ၅ နှစ်သမီး ခန့်က ထင်သည်။ ရောက်ခဲ့ဖူးသည်။ မေမေနှင့် ဖေဖေတို့ ချစ်ကြည် ညီညွတ် နေကြသည့်အချိန် ဖြစ်မည်။ အဖြူတို့နေသည့် တိုက်ဖြူဖြူကို မှတ်မိ သလိုလို။ ရန်ကုန်ပြန်ရောက်တော့ အိမ်ဖြူကိုပြန်မယ်၊ အိမ်ဖြူကိုပြန်မယ်ဟု ပူဆာလေ့ရှိသည်ဟု ဖေဖေ ပြောဖူး၏။ ပြီးတော့ ထင်းခွဲ၊ ရေခပ်သူ မောင်ရွှေ မောင်က စာကလေးများ လေးခွ နှင့်ပစ်ကာ မီးဖုတ်ကျွေးသည်နှင့် စာကလေး မြင်တိုင်း အဖြူ လက်ညှိုးထိုးတတ်သည်လို့ ပြောဖူးသည်။ ရွှေမောင် တစ်ညနေ ထန်းရည်မူးလာသည်ကို ကြည့်ပြီး "အဖြူ့လည်း ထန်းရည် ဝယ်ပေးရမယ်၊ ထန်းရည်သောက်ချင်တယ်"ဟု ပူဆာပြန်သည်တဲ့။ အဖြူ ငယ်ငယ်တုန်းကတော့ ဖေဖေဟာ ပျော်ရွှင်ရောနှောနေတတ်သော အဖေ ဖြစ်ဟန်တူသည်။ ဒုက္ခနှင့်ကြုံမှ ပျက်စီးသွားတာ ဖြစ်သည်။ ကြမ်းတမ်း ခက်ထန်လာတာ၊ ကိုယ့်ကိုယ်ကိုယ် သနားခြင်း၊ နာကြည်းခြင်းဖြင့် တစ်ကိုယ် ကောင်း ဆန်လာတာ ဖြစ်နိုင်သည်။ သမီးအပေါ်၌ ဝေဒနာပွင့်အန် သွန်ကျ တာ ဖြစ်နိုင်သည်။ သို့သော် ပင်ကိုမျိုးစေ့ မခိုင်လို့ ဖြစ်ပေမှာပဲ။ ဒါကြောင့် ခံနိုင်ရည် ညံ့ဖျင်းခြင်း ဖြစ်ပေမှာပဲ။

အဖြူသည် တောင်ငူကိုလည်း မသွားချင်ပေ။ ရန်ကုန်သို့ မကြာ ခဏ လာလည်ကြသော ဆွေမျိုးများကိုလည်း အဖြူ ရင်းရင်းနှီးနှီး နေဖူး သည်မဟုတ်။ အဖြူ့ကို စိတ်ရောဂါသည်လို့ အထင်သေးနေကြမှာကိုလည်း ဘယ်လို ဖြေဖျောက်နိုင်ပါမည်လဲ။

သို့သော် ဆေးရုံအုပ် ဘကြီးက သည်လိုအရေးမျိုးမှာ ဝင်ရောက် လာတတ်၏။ ဘကြီးက ပြော၏။ "တောင်ငူအိမ်ကို အဖြူ မမှတ်မိလို့၊ တော်တော် ပျော်စရာကောင်းတာ။ ခြံအကျယ်ကြီးပဲ။ မာလကာပင်တွေ ဆိုတာ စားလို့မကုန်နိုင်ဘူး။ သီးမွှေးငှက်ပျောတော၊ နံ့သာပုငှက်ပျော တောကလည်း ခြံနဲ့ကပ်နေတော့ ဝယ်တောင် မစားရဘူး။ စိတ်ပြေလက် ပျောက် နာလန်ထမှာ သွားနေဖို့တောင် ကောင်းတာ။ ပြီးတော့ တောင်ငူက မင်းဖေဖေရဲ့ နှမဝမ်းကွဲတစ်ယောက်ဟာ အဖြူ မှတ်မိမလား မသိဘူး၊ အန်တီ မိနီလေကွာ။ စိန့်ဂျိုးဇက်ကွန်ဗင့်မှာ ဘော်ဒါထားမိလို့ ခရစ်ယာန် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တာလေ။ မင်းဖေဖေနဲ့ မတည်လို့ အဖြူကတော့ သိပ်တွေ့ဖူးမှာ မဟုတ်ဘူး။ သူက ခု ဩစတြေးလျရောက်နေတဲ့ အဖြူ့ မေမေနဲ့ အဆက်မပြတ်ဘူးတဲ့။ စာ အပြန်အလှန်ရေး၊ ပစ္စည်းတွေမှာ လုပ်နေကြတာ"

အဖြူသည် စိတ်အားထက်သန်လာပြီး "ဆိုလိုတာက အန်တီ မီနီနဲ့တွေ့ရင် အဖြူ့မေမေနဲ့ ဆက်မိနိုင်တယ်ပေါ့ ဟုတ်လား။ ဘကြီး ကလည်း နေနိုင်လိုက်တာ။ ဘာလို့ ခုမှ ပြောတာလဲ"

"ဘကြီးအဖို့က သိပ်ချိန်ဆရတယ်လေ"

"အန်တီမီနီကို အဖြူ မှတ်မိပါတယ်။ ကိုယ်လုံးလှလှ၊ နှာခေါင်း ကော့ကော့နဲ့ မဟုတ်လား။ မျက်လုံးဝိုင်းဝိုင်း ခပ်ချောချောပဲ"

"အဖြူ မှတ်မိသားပဲ။ မီနီက အပျိုကြီးလုပ်ပြီး ခုတော့ ကျောင်း အုပ်ဆရာမကြီး ဖြစ်နေပြီ။ အသက်ကလည်း ငါးဆယ်တော့ ကျော်ရော ပေါ့။ ငယ်ငယ်ကလိုပဲ သူ့စိတ်နဲ့ သူ့ကိုယ်ပဲ။ ဘုရား၊ တရားတော့ သိပ် ကြည်ညိုတာပဲ။ သူ့ခရစ်ယာန်ဘုရားပေါ့လေ"

"အန်တီ မီနီ့ဆီမှာ မေမေ့ဓာတ်ပုံတွေလည်း ရှိမှာနော်"ဟု စဉ်းစဉ်း စားစားပြောရင်း အဖြူသည် မျက်လုံးထဲ မျက်ရည်အုလာသည်။

ဖေဖေက မကြာခဏ ပြက်ရယ်ပြုတတ်၏။ "လူစုံအောင် မမြင် ဖူးဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးပါနဲ့ဦး"တဲ့။ ဟုတ်တယ်။ အဖြူ ဟာ လူစုံအောင် မမြင်ဖူးသေးဘူး။ မအေကိုတောင် မမြင်ဖူးတာ ကြာပြီ။ မေမေဟာ ခုနေ အသက်ငါးဆယ်ကျော်ဆိုတော့ ကြီးကြီးလို တုတ်တုတ် ဝဝပဲလား။ လူငယ်တွေနဲ့ ရောနှောပျော်ရွှင် နေတတ်သလား။ နားလည် သိမြင်တတ်သလား။ အိမ်ထောင်ကို စွန့်ခွာသွားတယ်ဆိုတော့ ပြတ်တောက် တဲ့စိတ်တော့ ရှိတာပဲ။ နောက်အိမ်ထောင်ကျပြီး ကလေးတွေ၊ ဘာတွေနဲ့ အခြေကျနေတယ်ဆိုတော့လည်း အဲဒီဘဝမှာတော့ သူဟာ မယားကောင်း၊ မအေကောင်းဖြစ်နေမှာ ထင်ပါရဲ့။

မေမေနဲ့ အဆက်ပြတ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ သည်မို့ ချစ်ခင်တမ်းတစိတ် မရှိလှသော်လည်း ဖေဖေ ပြောသလိုပင် လူစုံအောင် မြင်ဖူးဖို့ ကောင်းသည်လို့ ထင်လေ၏။ ဝိုးတိုးဝါးတား မှတ်မိသော မျက်နှာမှ

www.burmeseclassic.com

www.burmeseclassic.com



ပီသလာသော ခါတ်ပုံကလေးဖြစ်ဖြစ် မြင်ဖူးချင်သည်။ မေမေသာ မစွန့်ခွာသွားခဲ့လျှင် အဖြူ့ရာဇဝင် တစ်မျိုးဖြစ်လာမည်။

"နေပါဦးလေ၊ အဖြူ တောင်ငူကို သွားတော့သွားလည်ချင်ပါတယ်။ အဆင်သင့်ရင် နှစ်လဖြစ်ဖြစ်၊ သုံးလဖြစ်ဖြစ်ပေါ့။ အနည်းဆုံး အန်တီမိနီနဲ့တော့ သွားနေနိုင်မှာ မဟုတ်လား။ ဘကြီးက အန်တီမိနီနဲ့ကော ခင်လား"

"ဆွေမျိုး တစ်ဖက်စီပဲ၊ သွေးတော့ မစပ်ပါဘူး။ ခင်တော့ ခင်တယ်။ ယူနီဗာစီတီ အတူရောက်ကြတာပဲ။ မိနီက ဆရာဝန်လိုင်း လိုက်ချင်တာ။ သူ့အိမ်က ငွေမထောက်ဘူး။ ခရစ်ယာန်ဖြစ်သွားတော့ ဘုရားကျောင်းက ထောက်ပံ့ငွေနဲ့ နေရတာ။ ဒါနဲ့ နှစ်သိပ်မရှည်တဲ့ ဘီအက်စ်စီကို သင်္ချာနဲ့ ယူရတာ။ ပြီးတော့ အိမ်မပြန်ဘဲ တစ်ပြည်လုံးအနှံ့ ကျောင်းဆရာမလုပ်ပြီး နယ်လှည့်နေတာ။ အသက်လေးဆယ်ကျော်မှ တောင်ငူ ပြန်ရောက်တာပဲ"

အဖြူသည် ခဏတွေဝေနေပြီး ခြောက်သွေ့စွာ ရယ်၍ "အန်တီမိနီကတော့ အားကိုးစရာ သခင်ယေရှု ရှိတာကို"ဟု ပြောလိုက်မိလေသည်။

ကိုဦးကလည်း အဖြူ တောင်ငူသို့ အလည်သွားဖို့ တိုက်တွန်းသည်။ တောင်ငူတင်မက အဖြူ့ မိခင်ဘက်က ဆွေမျိုးများရှိရာ ရှမ်းပြည်နယ်ပါ သွားနိုင်သည်။ မန္တလေး၊ ပုဂံ၊ မြစ်ကြီးနားအထိ လည်ဖို့ကောင်းသည်။

"အဖြူ လည်တော့ လည်ချင်တာပေါ့။ ရန်ကုန်မြို့တောင် နှံ့အောင် မရောက်ဖူးတာ၊ မသွားတတ်တာ။ ဘယ်သူနဲ့ လျှောက်လည်ရမှာလဲ"

"အဖြူ့ ဖေဖေနဲ့ပေါ့"ဟု ကိုဦးက ပြော၏။ သူ့မျက်နှာ၌ ဘာကို မှန်းမသိ အဖြူ ရှာဖွေမိ၏။ တည်ကြည်အေးဆေးခြင်းသာ တွေ့ရ၏။ ကြာကြာပင် ငေးစိုက်ပြီး သူ့မျက်နှာကို ကြည့်လည်း မပြောင်းလဲသော တည်ကြည်အေးဆေးခြင်းသာ တွေ့ရပြန်၏။ အဖြူသည် ဝမ်းနည်းသလိုလို၊ အားငယ်သလိုလိုဖြစ်ကာ ဘာလုပ်ရမှန်း မသိဘဲ ပြုံးလိုက်မိ၏။ ကိုဦးဟာ အင်မတန် ဆေးကုကောင်းတဲ့ ဆရာဝန်ပဲ။ ဒါမှမဟုတ် စေတနာဖြူတဲ့ မိတ်ဆွေပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲလေ"ဟု အဖြူ ပြောလိုက်၏။ "ဒါပေမဲ့ တစ်ရက်၊ နှစ်ရက်တော့ နားဦးမယ်။ မလှုပ်ချင်သေးပါဘူး။ မောတယ်"ဟု ပြောလိုက်၏။ ပြီးတော့ ပြဇာတ်တစ်ပုဒ်ထဲမှ ဇာတ်လိုက်မင်းသမီးသည် ကျားရဲရာသို့ သွားကာ အမှန်တရား ရှာဖွေတာကို သတိရသည်။ အဖြူဟာ သူ့လောက် သတ္တိရှိမယ်၊ မရှိဘူးတော့ ဘယ်သူမှ သတိမရကြဘူးနော်ဟု စဉ်းစား၏။

ဘာပဲဖြစ်ဖြစ် ဆေးရုံ၌ နေလို့တော့ မဖြစ်ပြီဟု ဆုံးဖြတ်လိုက်၏။

ထိုညလယ်၌ အဖြူသည် တစ်ရေးနိုးကာ မျက်စိကြောင်နေသည်။ အပြင်၌ နောက်ကျ၍ထွက်သော လဆုတ်လပဲ့သည် အေးမြသာယာနေသည်။ အဖြူ့ ခုတင်ခေါင်းရင်း ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။ လပဲ့ခြမ်းသည် အဖြူ့လိုပင် တစ်ကိုယ်တည်း နိုင်သည်။ ငယ်ငယ်က မကြာခဏ ကိုးကားရွတ်ဆိုမိသော ရှယ်လီ့ကဗျာကို ရွတ်မိပြန်၏။

"အို...လမင်း
သင် ဖြူဖျော့ခြင်းဟာ
မိုးယံကို လှမ်းတက်လို့
မြေပြင်ကို ငေးမောကြည့်ပြီး
မျိုးမတူတဲ့ ကြယ်တို့အလယ်မှာ
အဖော်မဲ့ လွင့်ပါးနေရလို့ ပေလား"

မျက်စိကို စုံမှိတ်ပြီး စိတ်ကို လျှော့လိုက်လျှင်တော့ ကြုံခဲ့ဖူးသော ညများမှာလိုပင် ဖေဖေသေပြီလို့ သူ တင်စားပစ်မိတော့မည် ဖြစ်၏။ ပြီးတော့ ခဏပန်းသာ နားနေရသော ဆေးရုံခန်းကို ခိုလှုံပြေးဝင်မိတော့မည် ဖြစ်၏။ တကယ်ပင် ရင်ထဲ၌ ကျပ်တည်းလာကာ ဝတ်ထားသော ပန်းရောင်ဇာ ညဝတ်အင်္ကျီရှည်ကို ချွတ်ပစ်ချင်စိတ် ပေါ်လာသည်။ ပြီးတော့ တစ်ကိုယ်လုံး တုန်လာသည်။ "ကိုဦး...ကိုဦး"လို့ အတင်း အော်ခေါ်လိုက်ချင်လာ၏။ ဒါမှမဟုတ် "အန်တီခင် လာစောင့်ပါဦး" ဟု အော်ခေါ်လိုက်ချင်လာ၏။ အဖြူသည် လက်ခုံများကို နာအောင်ကိုက်နေရပြီး ချမ်းတုန်လာသည်ကို သတိထားမိ၏။ စောင်ကို တင်းကျပ်အောင် ခြုံရ၏။ ပြီးတော့ ဖြုန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



သတိရလာသည်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အလျှင်ဆုံးချစ်ရမည်။ အလျှင်ဆုံး အားကိုးရမည်။ သဘာဝကျသည်။ အဖြူသည် စောင်ကို ခွာလိုက်၏။ ကုတ်အကျီရှည်ကို ချွတ်လိုက်၏။ ပြီးတော့ အိပ်ရာခေါင်းရင်းသို့လာကာ ပြတင်းပေါက်ကို ဆောင့်တွန်းဖွင့် လိုက်၏။ အေးမြသောလေကို ရှူလိုက်၏။ လေသည် သင်းမွှေးလှသည်။ မိဖုရားပန်းနံ့ထင်သည်။ စံကားဖြူပွင့်များကိုတော့ လက်လှမ်းမီမှာ ခူးရတော့မည်မဟုတ်။ ကိုဦးဖို့တောင် ခူးချင်တော့မည်မဟုတ်။ မီးပွင့်ကလေးများ ဖြစ်သွားသည်ကိုလည်း မမြင်ချင်တော့။ ပြီးတော့ ရယ်လိုက်၏။ အဖြူ တကယ် နေကောင်းပါပြီ။

ဘယ်လောက်ကြာအောင် ပြတင်းပေါက်မှာ ရပ်နေမိသည် မသိ။ သုံးနာရီထိုးသံကြား၏။ လင်းလုပြီပေါ့။ မီးဖွင့်လိုက်ပြီး ဖတ်ချင်သော စာအုပ်များကို ရှာ၏။ အတော်ကြာ ရှာရ၏။ နောက်ဆုံး၌ ထူးထူးဆန်းဆန်း ကိုဦးရဲ့ လူ့ဦးနှောက် အလုပ်လုပ်ပုံစာအုပ်ကို ရွေးချယ်မိ၏။ စိတ်ဝင်စားစွာ မိုးလင်းအထိ ထိုင်ဖတ်လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူကို သွားမည်ဆုံးဖြတ်ပြန်တော့ ဘယ်လိုသွားရမည်ဆိုတာ စီစဉ်ရခက်ပြန်သည်။ အဖြူ့ သဘောကတော့ ရထားနှင့် တစ်ယောက်တည်း သွားဖို့ပင်။ ဖေဖေက လာကြိုချင်သည်။ ဖေဖေ လာကြိုသည်ကို အဖြူ မလိုလားပြန်ချေ။ ရန်ကုန်မှ အဖော်တစ်ယောက်ယောက်နှင့် သွားဖို့ ဝန်ခံလိုက်သည်။ ဒေါ်ငွေခင်ကို ခေါ်လျှင်ရမည်။ သို့သော် အဖြူသည် ကိုဦးကိုသာ လိုက်ပို့စေချင်သည်။ တတ်နိုင်သမျှ ကိုဦးနှင့် အတူရှိချင်သည်။ ဟိုရောက်ရင် ကိုဦးကို သိပ်လွမ်းမှာပဲ။ ဘယ်လို ခွဲရမယ်ဆိုတာတောင် မစဉ်းစားတတ်တော့ချေ။ အဖြူဆိုတဲ့ လူနာဟာ ဆေးရုံခန်းကနေပြီး ဆရာဝန်ရဲ့ အိမ်ခန်းသို့ တန်းတက်သွားတယ်ဆိုတာ အဖြူ အပြောခံလိုက်တော့မယ်။ ကိုဦး မခံနိုင်ဘူးလားဟု စိတ်ထဲမှ မေးမြန်းနေ၏။

ကိုဦးကတော့ ပြော၏။ "အဖြူရယ် စိတ်တော့ မဆိုးနဲ့။ ကိုဦးကို အားကိုးပြီး လာရတာကို မလိုလားနိုင်ဘူး။ အဖြူ့ကိုယ်အဖြူ အားကိုးပြီး အဖြူ့စွမ်းအားနဲ့ အဖြူ နေနိုင်ပြီ။ ကိုဦးဆီ အချစ်သက်သက်နဲ့ လာတာပဲ ဖြစ်စေချင်တယ်။ အဖြူ့ဘာသာ တကယ်ရပ်တည်နိုင်တဲ့အခါမှာ အဖြူဟာ ကိုဦးကိုတောင် အလိုရှိချင်မှ ရှိတော့မယ်။ အဲဒီအချိန်မှာ ကိုဦးဟာ အဖြူ ချစ်စရာ ဟုတ်ချင်မှ ဟုတ်တော့မယ်။ အဲဒါတော့ စစ်ဆေးစေချင်တယ်၊ သေချာစေချင်တယ်။ အဖြူဟာ လူနာဘဝနဲ့သာ ကိုဦးကို တွေ့ရတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဦးက စိတ်ကူးသိပ်ယဉ်တာပဲ။ မာနလည်း သိပ်ကြီးတာပဲ"ဟု အဖြူ ပြောလိုက်မိ၏။ ဒါပေမဲ့ သူ့ကို ချစ်တာဟာ စိတ်ကူးယဉ်တာ ကိုရော၊ မာနကြီးတာကိုရော ချစ်တာပဲ။ အဲဒါတွေ မရှိဘဲနဲ့လည်း ကိုဦး မဟုတ်နိုင်ဘူး။

"အဖြူ တစ်ခါပြောဖူးတယ်နော်"ဟု ကိုဦးက စပြန်၏။ "လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရတဲ့၊ စစ်ဆေးရတဲ့ ဘဝကို တစ်နေ့မှာ ရောက်ကြရတာပဲလို့။ မရောက်သေးသမျှလည်း လူမပီသ သေးဘူးလို့။ အခု အဖြူ့အဖို့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရမယ့် အချိန်ပဲ။ ပြန်ကြည့်ပြီးလို့ အဖြူဟာ ဘယ်သူပဲလို့ ပီသလာတဲ့အခါမှာ ကိုဦးကို လိုလားသေးတယ်လို့ ပြောပါ အဖြူရယ်။ အဲဒီအခါကျတော့ ကိုဦး သိပ်ဝမ်းသာမှာပဲ"

"ကိုဦးကတော့ ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီးပြီပေါ့"

"ကြည့်လို့ပြီးပြီရယ်လို့တော့ ဘယ်သူမှ မရှိနိုင်ပါဘူး။ အနည်းဆုံး အကြောင်းကိစ္စ တစ်ခုကြောင့်တော့ ကိုယ့်ကိုယ်ကိုယ် မကြာခဏ စစ်ဆေးရစမြဲပေါ့လေ။ အဖြူနဲ့ ပတ်သက်လို့တော့ ကိုဦးအဖို့ ဘာမှ ထူး ပြောစရာ မရှိပါဘူး။ ကိုဦးလည်း ငယ်တော့တာမှ မဟုတ်ဘဲ။ မိန်းကလေးတွေ တွေ့ခဲ့ဖူးတာပဲ။ ချစ်ခဲ့ဖူးတာပဲ။ အဖြူ့ကိုတော့ မတူဘူး။ အဖြူနဲ့ ချစ်ရမှ ပျော်တော့မှာပဲ။ ဒီထက် ပိုပြောရဦးမလား။ မပြောတတ်တော့ဘူးကွာ၊ ပြောစရာလည်း မရှိတော့ဘူး"

အဖြူသည် ကိုဦးကို တစိမ့်စိမ့်ကြည့်ပြီး "အမယ်လေး...နားထောင်လို့ ကောင်းလိုက်တာ၊ ထပ်ပြောစမ်းပါဦး"ဟု ပြောလိုက်၏။ ပြီးတော့ သူတို့ ရယ်မောကြ၏။ အဖြူသည် ချက်ချင်းပင် ရင်ခုန်လာပြီး တို့နှစ်ယောက်ဟာ သည့်ထက်ပိုပြီး ကမ္ဘာ့ရှုးထိုးလုပ်တတ်ရင် ဘယ်လောက် ကောင်းမလဲဟု တောင့်တလိုက်၏။ တစ်ခါတည်း ပြဿနာတွေ ပြီးသွားမှာပဲ။ ပြီးတော့ သူဟာ အဖြူရဲ့အချစ်ကို မယုံသေးဘူး။ တကယ်တော့ အဖြူဟာ သူ့လူနာအဖြစ်က မကုန်ဆုံးနိုင်သေးဘူး။ အေးလေ... အဖြူရဲ့ စိတ္တဇဝေဒနာ အဆိုးဆုံးအခါကို သူ မြင်ခဲ့ရတာကိုး။ ဘယ်လောက်ဆိုးခဲ့တယ်ဆိုတာ အဖြူ့ဘာသာတောင် မြင်ခဲ့နိုင်တာ မဟုတ်ဘူး။ သူ သံသယရှိထိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူ လူကောင်းပါဆိုတာသာ ပြရတော့မှာပဲ။ ပြီးတော့ အဖြူက စိတ်လိုက်မာန်ပါ ရှိတတ်တာလည်း အမှန်ဆိုတော့ အပြစ်မတင်သာပါဘူးဟု တွေးသည်။

အဖြူသည် သက်ပြင်းချလိုက်၏။ "ဟုတ်ပါတယ်လေ၊ အရင်းမစိုက်ဘဲ ဘာအလုပ်မှ လုပ်လို့မရပါဘူး။ တောင်ငူကို ဘယ်လိုသွားရသလဲ။ ဖြစ်နိုင်ရင် စနေနေ့ကို ကိုဦး ခွင့်ယူပြီး ကားနဲ့ လိုက်ပို့နိုင်မလား။ တကယ်ပဲ တတ်နိုင်သမျှကလေးတော့ ကိုဦးဆီက ရချင်သေးတယ်နော်။ ခွင့်လွှတ်ပါဦး"

ကိုဦးက နှုတ်ခမ်း အနည်းငယ် တုန်ယင်ကာ "လိုက်ပို့မှာပေါ့ အဖြူရဲ့၊ နေ့ဝက် ခွင့်ယူလိုက်မှာပေါ့။ ဆေးရုံအုပ်က အဖြူ့ဘကြီး တစ်ယောက်လုံးပဲဟာ။ ပြီးတော့ ဒီဆေးရုံမှာ ကိုဦး အချိန်ပိုတွေ လုပ်ထားတာတွေအတွက်သာ ပိုက်ဆံတောင်းရရင် လခထက်တောင် များဦးမယ်။ စနေနေ့ထွက်ပြီး တောင်ငူမှာ အခြေအနေကြည့်ပြီး တစ်ည၊ နှစ်ည အိပ်သင့်လည်း အိပ်ရတာပေါ့"

"စနေနေ့ မနက်အစောကြီး ထွက်ရမှာပေါ့နော်။ တောင်ငူကို ဘယ်လောက်ကြာကြာ မောင်းရမလဲ။ ကိုဦး ပင်ပန်းနေမှာပဲ၊ တစ်ယောက်တည်း မောင်းရရင်။ ဆေးရုံဒရိုင်ဘာ ခေါ်သွားဦးမလား"

"မပင်ပန်းပါဘူး အဖြူရယ်၊ ပြီးတော့ တခြားလူ အနားမှာ မရှိစေချင်ပါဘူး"

"ကိုဦး ဒါလင်"ဟု အဖြူသည် မချုပ်တည်းနိုင်ဘဲ ခေါ်လိုက်၏။ ပြီးတော့ ကိုဦးရဲ့ရင်ခွင်ထဲ ခေါင်းဝင်ကာ သူ့ကို ခါးမှ သိုင်းဖက်လိုက်၏။ ကိုဦးရဲ့ ပါးပြင်သည် အဖြူ့ ဆံပင်များမှာ လာပြီး ပွတ်သပ်မိ၏။ အဖြူက မျက်နှာကို မော့လိုက်ရာ အဝေးသို့ ငေးကြည့်၍ မျက်ရည်လည်နေသော ကိုဦးရဲ့ မျက်လုံးများကိုသာ မြင်ရသည်။ သူတို့နှစ်ယောက်လုံးပင် မရိုးနိုင်သော ရင်ခုန်ခြင်းဖြင့် မောဟိုက်လာသော်လည်း ပထမဆုံးအကြိမ်ပင်သဘောတူ ငြင်းဆန်ကြပြီး မနမ်းမွှေးမိကြချေ။

ခဏကြာလျှင် အဖြူသည် ကိုဦးရဲ့ရင်ခွင်မှ အသာထွက်ခွာ၍

www.burmeseclassic.com

www.burmeseclassic.com



အသံကိုထိန်းကာ "ဒီနေ့ ကြာသပတေးဆိုတော့ မနက်ဖြန်ညကတည်းက ပြင်ရမှာပေါ့နော်။ အဖြူကတော့ သေတ္တာအသင့်ပဲ။ ကိုဦး သောကြာနေ့ည အိမ်ပြန်အိပ်ဦးမှာလား။ ဒီရုံးခန်းမှာပဲ နေပါလားဟင်။ ဒါမှမဟုတ် အဖြူ့ကို ခေါ်ပါ။ ကိုဦးအခန်းမှာ တစ်ညလုံး မအိပ်ဘဲ စကားပြောရအောင်"ဟု တောင်းဆိုမိပြန်သည်။

သည်တော့မှ ကိုဦးသည် အဖြူ့ဆီ အတင်းဝင်ရောက်လာကာ မမျှော်လင့်ဘဲ ခပ်ကြမ်းကြမ်းပင် သိမ်းဖက်မွှေးနမ်းသည်။ အဖြူ့မှာ ညပ်နေပြီး ဝမ်းသာဝမ်းနည်း ဖြစ်နေသည်။ မရေတွက်သာသော ကိုဦးရဲ့ အနမ်းများကို ပြန်လည် တုံ့ပြန်စပြုလာသည်။ ပြီးတော့ မောဟိုက် တုန်ယင်လာဆဲ။ ကိုဦးက "အဖြူ့ဆီကိုပဲ ကိုဦး လာခဲ့ပါမယ်။ ပြောပြီးပြီ မဟုတ်လား။ ဒီတစ်ခါဆိုရင် ကိုဦး စိတ်နိုင်တော့မှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ပေးထားတဲ့ ကတိကို မဖျက်ပါရစေနဲ့ အဖြူရယ်"ဟု ပြောလေသည်။

"ဆရာဝန်အဖြစ် ပေးထားတဲ့ ကတိပေါ့"ဟု အဖြူက ချက်ချင်း မေးလိုက်လျှင် "စိတ်မဆိုးဘူး မဟုတ်လား"ဟုသာ ပြန်မေးသည်။ အဖြူကလည်း "နားလည်ပါတယ်"ဟုသာ ဖြေလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့ ညနေမှာ အဖြူသည် ခါတိုင်းလိုမဟုတ်ဘဲ နှုတ်ဆိတ်နေသည်မို့ ကိုဦးကပင် "ဘယ့်နှယ်လဲ၊ တိတ်လှချည်လား အဖြူရဲ့"ဟု နှစ်ခါ၊ သုံးခါ ပြောယူရ၏။ အဖြူကတော့ စဉ်းစားနေသည်။ တောင်ငူသို့ အလည်သွားခြင်းသာ ဖြစ်သည်။ အဖြူ နေစရာအိမ် တောင်ငူမှာ ချက်ချင်း တွေ့ဖို့ဆိုသည်မှာ ခဲယဉ်းသောကိစ္စပင်။ တောင်ငူကို မှတ်ပင်မှတ်မိသည် မဟုတ်။ ငယ်ငယ်ကနေဖူးပြီး တစ်ခါမှလည်း ပြန်ရောက်တော့သည်မဟုတ်။ ဘူတာရုံကို မီးရထားဝင်လျှင် လမ်းကွေ့သည်မို့ ရှေ့တွဲများ ကောက်သွားသည်ကို မြင်ရတာလောက်တော့ စွဲလမ်းနေမိသည်။ ဒါပဲ။

တောင်ငူမှ ဆွေမျိုးများ အိမ်သို့လာလည်ကြမြဲ။ သို့သော် ဖေဖေ့လို လူကြီးများသာဖြစ်ကာ ကိုယ်နှင့်ရွယ်တူ ဆွေမျိုးရယ်လို့ ခင်မင်စရာ မရှိခဲ့။ အိုမင်းယိုယွင်းနေသော လူကြီးများရဲ့ လောကမှာပဲ နေခဲ့ရလို့လည်း အဖြူ ဒုက္ခရောက်ခဲ့တာ ဖြစ်သည်။ ညီအစ်မ၊ မောင်နှမရယ်လို့ ဒုက္ခသုခ ဝေငှစရာ ရှိခဲ့လျှင် အများကြီး သက်သာမည်လို့ အဖြူ ထင်သည်။

ထိုခဏ၌ မေမေရဲ့ သားသမီးကလေးများအကြောင်း စဉ်းစားမိ၏။ တကယ်တော့ အဖြူရဲ့ အရင်းဆုံးသော ဆွေမျိုးများ ရှိသည်ပဲ။ မောင်နှမ အရင်းအချာများပင်။ တွေ့ရရင် ကောင်းမှာ အမှန်ပဲ။

"အဖြူ ဘာတွေ စဉ်းစားနေလဲ။ အဖြူ ကြောက်နေသလား"ဟု ကိုဦးက ပူပင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါဘူး၊ စဉ်းစားနေတာကတော့ တောင်ငူကို အဖြူ နေဖို့ သွားတာမှ မဟုတ်တာ။ ခဏ အလည်ပဲ။ တောင်ငူပြီးရင် ဘယ်စခန်းလဲလို့ စဉ်းစားနေတာပါ"

"တောင်ငူပြီးရင် ကိုဦးကို ပြန်မတွေ့ချင်တော့ဘူးလား"

"ဒါကတော့ တောင်ငူပြီးမှ သိရမှာပဲ"ဟု အဖြူ ပြောလိုက်၏။ စိတ်ထဲကတော့ "ကိုဦးရဲ့ အိမ်ခန်းကို လာချင်တာပေါ့"ဟု ပြော၏။

"အဖြူ့ စေတနာအလျောက်ပါ"ဟု ကိုဦးက ဖြည်းလေးစွာ ပြောလေ၏။

"ကိုဦးမှာ ဒါပဲ ပြောစရာ ရှိသလား"

"အများကြီး ပြောစရာရှိတယ်။ အဲဒါလည်း တောင်ငူပြီးမှပဲ ပြောရင် ကောင်းမယ်ထင်တယ်"

အဖြူသည် ရယ်မောလိုက်၏။ "ကိုဦးနဲ့ ရန်ဖြစ်ရတာကတော့ တကယ့် ယဉ်ယဉ်ကလေးပဲ။ ဒီလို ရန်ဖြစ်နည်းနဲ့တော့ တစ်သက်လုံး ဖြစ်နေနိုင်ပါတယ်။ ကိုဦးကတော့ အဖြူ့ကို ရိုက်မှာ မဟုတ်ပါဘူးနော်"

"မသိဘူးလေ၊ အဖြူ့ကို စိတ်မှ မဆိုးရသေးဘဲ။ အဖြူက ကိုဦးကို သိပ်အကောင်းကြီး ထင်မနေနဲ့။ ကိုဦး ဘယ်အထိ ဆိုးမယ် ဆိုတာ အဖြူ မသိနိုင်ဘူး။ ကိုဦးလည်း မသိနိုင်ဘူး။ နှိပ်စက်တယ် ဆိုတာလည်း ကိုယ်ထိလက်ရောက် တစ်မျိုးတည်း ဖြစ်နိုင်တာမှ မဟုတ် တာ။ လူဆိုတာ အနည်းနဲ့အများ တစ်ကိုယ်ကောင်း ကြံကြတာချည်းပဲ။ ကိုဦးက ပုထုဇဉ်ပဲ။ အကြွင်းမဲ့ ကောင်းမှာပဲလို့တော့ မထင်စားစေချင်ဘူး။ ပြီးတော့ ကိုဦးလည်း ခေါင်းမာတဲ့အခါ သိပ်မာတာ။ အဖြူ တွေ့မှ မတွေ့ဖူးသေးတာ"

"ကဲပါလေ…ခွဲခါနီးကို ရန်ဆက်မဖြစ်ကြပါစို့နဲ့"ဟု အဖြူ ပြောလိုက်ပြီး ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။ ကိုဦးကို မခွဲနိုင်ပါဘူး။ တောင်ငူက ပြန်လာရင် ကိုဦးဆီပဲ ပြေးလာမှာပဲ။ ကိုဦးကလည်း ခေါ်မှာပါ။

"ဒါပေမဲ့ အေလင်းတို့ဆီ သွားချင်သေးတယ်။ တစ်ခါမှ သူတို့နေတဲ့ အပေါ်ထပ်ကို တက်မကြည့်ရသေးဘူးနော်။ ခဏခဏသာ လိုက်ပို့နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားမှ မတက်ရဘဲကို အဖြူရဲ့"

"ဒီတစ်ခါတော့ အဖြူ တက်ကြည့်ဦးမယ်။ ကိုဦး ဧည့်ခန်းမှာ ထိုင်စောင့်နေပေါ့"

ကိုဦးက ပြုံး၍ "ပြန်တော့ ဆင်းလာမှာပေါ့နော်"ဟု မေးသည်။

"ပြီးတော့ ကြီးကြီးတို့၊ ဘကြီးတို့လည်း သွားနှုတ်ဆက်ရဦးမယ်"

သူတို့သည် အေလင်းတို့ဆီ သွားကြ၏။ အေလင်းက တင်းနစ်ရိုက်သွားဖို့ ရှပ်တို၊ ဘောင်းဘီတို၊ ဖိနပ်ဖြူနှင့် ဆင်းလာသည်နှင့် ဆုံနေသည်။ အဖြူ အလိုရှိသည်မို့ အိပ်ခန်းများ လှည့်ပြရသည်။ "ပျော်စရာ ကောင်းလိုက်တာ"ဟု အဖြူ တွေးမိလေ၏။ မိန်းကလေးများ ကိုယ့်အခန်းနှင့်ကိုယ် ဂစ်တာတီးသူတီး၊ ဓာတ်ပြားဖွင့်သူဖွင့်၊ ကြမ်းတိုက်သူတိုက်၊ မှန်ရှေ့ထိုင်သူထိုင်နှင့် ပျော်ရွှင်ကြသည်ဟု အဖြူထင်သည်။ သည်လို နေလို့ရသည်ဆိုတာ ခုမှ သိရ၏။ ကျောင်းမှ ထွက်ကတည်းက သူငယ်ချင်းဆိုတာတွေနှင့်လည်း အဆက်ပြတ်ခဲ့ရ၏။ ဖေဖေက အပေါင်းအသင်းများသည်ကို မကြိုက်။ သူငယ်ချင်းများနှင့် မတွေ့ဖန်များတော့လည်း ခင်မင်ဖူးတာတွေ ပြယ်ပျောက်ကုန်သည် ထင်ပါရဲ့။ ယခုနေ ပြန်တွေ့လျှင် မှတ်တောင်မှတ်မိပါ့မလားမသိ။ ပြီးတော့ သော့ခလောက်နှင့် သံတိုင် ကာဆီးခဲ့သည်ကို မခံရပ်နိုင်တိုင်း ဆေးရုံနှင့် မိတ်ဖွဲ့နေရတာနဲ့ပင် အချိန်များစွာကုန်ခဲ့သည် မဟုတ်လား။ ပြန်စဉ်းစားလျှင် ဘဝဟောင်းလို့ ထင်မိအောင် ချန်ရစ်ခဲ့ပြီဖြစ်သော်လည်း တကယ်တော့ အိမ်မှလွတ်ကင်းလာသည်မှာ လပိုင်းမျှသာ ရှိသေး၏။ ကိုဦးနှင့် ချစ်ရသော အကြောင်းချင်းတများစွာကြောင့် ထိုလပိုင်းမျှသော အချိန်သည်လည်း အကြာကြီးလို့ ထင်ရ၏။ ကိုဦးနှင့်လည်း နှစ်များစွာ ကြာရှည်ရင်းနှီးရသလို ထင်ခဲ့၏။ အချိန်ဆိုတာလည်း စိတ်နှင့်၊ စေတနာနှင့် တိုင်းထွာရသောအရာပဲဖြစ်သည်လို့ ကိုဦး တစ်ခါပြောဖူး၏။ အဖြူ သိတာပေါ့။ ကိုဦးနှင့် စတွေ့ဖူးသော၊ ပြီး ကွဲသွားလိုက် ပြန်တွေ့လိုက်ဖြစ်သော နှစ်တို့ကို ကြာခဲလှသည်လို့ မထင်ခဲ့။ ခုတစ်ဖန် ရင်းနှီးစွာ နေကြရသော လပိုင်းကိုမူ အလွန် ကြာရှည်များပြားလှသော အချိန်ပိုင်းလို့ ထင်စားမိ၏။ ဒါမှမဟုတ် ကိုဦးနဲ့တွေ့မှ လူ့ဘဝမှာ တကယ် နေထိုင်ကြီးပြင်းရတာ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူတို့သည် အေလင်းကို တင်းနစ်ကွင်းသို့ လိုက်ပို့ရသေးသည်။ ထုံးစံအတိုင်း အေလင်းက စကားတတွတ်တွတ် ပြောလာ၏။ "နေပါဦး၊ မမဖြူက ဘာကိစ္စ တောင်ငူသွားနေဦးမှာလဲ။ ဆေးရုံကဆင်း၊ ကိုဦးအိမ်ပေါ် တက်နေလိုက် ပြီးရော။ သူတို့ကြည့်ရတာ ဘုန်းကြီး၊ မယ်သီလဝတ်ကြ တော့မယ့် အတိုင်းပဲ။ အေးစက်စက်နဲ့"

ကိုဦးက ရယ်မော၏။ "ဒီလိုတော့လည်း အေလင်းက သူ့အစ်ကို သူ အထင်ကြီးသားပဲ"

အေလင်းက ခေါင်းခါပစ်လိုက်ကာ "ဒါ အထင်ကြီးတာလား၊ အားမရတာ သိရဲ့လား။ တော်ကြာ တောင်ငူက မပြန်ရဖြစ်တော့မှ ကိုဦး မောနေမယ်နော။ အေလင်းတို့များတော့ ကြိုက်တဲ့လူများ လက်ထဲ ရောက် လာရင် ဘယ်အလွတ်ခံလိမ့်မလဲ။ တစ်ခါတည်း ဖမ်းထားမှာ"

အဖြူက ဝင်ပြီး "မမဖြူက အလည်သွားတာပါ အေလင်းရဲ့။ တစ်ခါတည်း အပြီးထွက်သွားတာမှ မဟုတ်တာ။ တောင်ငူမှာ ကြာကြာ နေနိုင်မယ် မထင်ပါဘူး။ ခု အေလင်းဆီ လာတာလည်း တောင်ငူကအပြန် နေချင် လာနေရအောင် ကြည့်ထားတာ"

"တကယ်လား"ဟု အေလင်းက ဝမ်းသာသွား၏။ "မမဖြူ လာနေ ရင် အတော်ပဲ၊ အေလင်းတို့ အားလုံး ကပွဲချည်း သွားသွားနေကြလို့ ခဏ ခဏ သူခိုး ခိုးခံရတယ်။ မမဖြူ လာရင်တော့ အိမ်စောင့်ရမှာပဲ"

"ငါ့ညီမကတော့ တော်တော် လာဘ်မြင်တယ်"ဟု ကိုဦးက ဝင် ပြောသည်။

"အို...မမဖြူက ကပွဲမှ မသွားချင်တာ။ အေလင်းခေါ်တာ ဘယ် နှခါရှိပြီလဲ။ လူ့ဘဝတိုတိုကလေးကို ပျော်ရွှင်ခံစားလို့မှ မနေတတ်တာ။ ရှင်တုန်းသာ ရွှေထီးဆောင်းလို့ ရတာ၊ သေရင် မြေကြီးပဲ ဆရာရေ..."

အဖြူက ရယ်မောလိုက်ပြီး "အေလင်းလက်ထက်ကျမှ စကား ပုံတွေလည်း အဓိပ္ပာယ်အသစ် ပေါက်ကုန်ပါပြီ"ဟု ပြောရသည်။

"သြော်...မမြဲတဲ့ လောကကြီးမှာ ခုတစ်ခဏကိုသာ စံမက်ရတယ် မမဖြူရဲ့။ ပြီးခဲ့တာကိုလည်း ပူပင်မနေသာဘူး၊ နောင်ဖြစ်မယ့်ဟာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်စရာ မလိုဘူး။ ခုလောလောဆယ် အသက်ရှင် မျက်တောင်ခတ်နေတဲ့ တစ်ခဏကလေးကို ခံစား စံစားရမယ်။ ပြီးတော့ လူ့ဘဝက ရသမျှကို ချေးမများရဘူး၊ ယူရမယ်။ ဒါပဲ”

“အေလင်းရဲ့ နီတိကို အေလင်းပဲ လိုက်နာပါတော့ကွာ။ တို့တော့ အရိုးရင့်သွားပြီ ထင်တယ်။ တရားမဝင်နိုင် သဘောမပေါက်နိုင်တော့ဘူး” ဟု ကိုဦးက ပြောသည်။

“ဟင့်အင်း”ဟု အဖြူက ငြင်းလိုက်၏။ “အဖြူတော့ အေလင်းရဲ့ နီတိကို တကယ်သဘောပေါက်တယ်။ လုပ်လည်းလုပ်ချင်တယ်။ ယေဘုယျအားဖြင့် ပြောတာ။ ဒါပေမဲ့ မလုပ်တတ်သေးဘူး။ တဖြည်းဖြည်း သင်ယူရမယ် ထင်တယ်။ အဖြူက လူတော သိပ်မတိုးချင်တော့ ကပွဲသွားတဲ့ပုံစံတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့လေ”

“ဟုတ်ရဲ့လား အဖြူရဲ့”ဟု ကိုဦးက အံ့ဩသလို မေးလျှင်...

“ဟုတ်တာပေါ့။ အဖြူ့လို လူ့သက်တမ်း တစ်ဝက်ကျိုးမှ လူ့ဘဝမှာ တကယ်နေဖူးတဲ့ လူအဖို့တော့ ဆုံးရှုံးခဲ့တာတွေ သိပ်ပြန်လိုချင်တာပဲ။ စုံမက်တာပဲ” ထို့နောက် ကိုဦးသာကြားအောင် တီးတိုးပင် “ဒါကြောင့် အဖြူဟာ ဘာကိုမှ ချုပ်တည်းမနေဘဲ ကိုဦးနဲ့ တွေ့တာပေါ့။ နောက်ကျနေတဲ့ သူဟာ သူများထက် ပိုပြေးရမယ်မဟုတ်လား”

ကိုဦးက ဘာမျှမပြောဘဲ ငြိမ်သက် တွေးတောနေဟန် ရှိသည်။

အဖြူသည် တောင်ငူကို သတိရပြီး “ပြန်လာရင် သည်မှာနေဖို့ ကောင်းတယ်”ဟု စဉ်းစား၏။ ပေနှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်း၍ အိပ်ရာတစ်ခု၊ စာရေးစားပွဲနှင့် ကုလားထိုင်၊ အဝတ်ဗီရို၊ မှန်တင်ခုံတို့ ရှိသည့် အခန်းမှာ မိန်းကလေးတစ်ယောက်အဖို့ ပြည့်စုံလုံလောက်ပြီ။ အောက်မှာ ဧည့်ခန်းနှင့် တယ်လီဖုန်းရှိသည်။ အချိန်တန်လျှင် ထမင်း စားခန်းသို့သွား၍ အသင့်စားနိုင်သည်။ တစ်လတစ်ရာငါးဆယ်ပေးဖို့လည်း အဖြူ့မှာ ဝင်ငွေ လုံလောက်စွာ ရှိသည်။ ဘဏ်တိုက်မှာလည်း အပ်နှံထားတာရှိသည်။ အဲသည်တစ်ခုတော့ ကုသိုလ်ကောင်းတယ် ဆိုရမည်။

“သစ္စာရိပ်သာ၊ မြလေးရုံလမ်း။ သစ္စာရိပ်သာ၊ မြလေးရုံလမ်း”

www.burmeseclassic.com

www.burmeseclassic.com



ဟု အဖြူ ကျက်မှတ်လျက် ရှိလေသည်။

ကြီးကြီးနှင့် ဘကြီးတို့ကို သွားနှုတ်ဆက်ပြန်တော့ အဖြူသည် စိတ်ငြိမ်းချမ်း၍ အားတစ်မျိုး ရှိလာသည်။ အဖြူ ဒုက္ခရောက်ရင် ကြည့်မနေမယ့်သူများ ဖြစ်သည်လို့ တွေးလိုက်၏။ စိတ်လျှော့လိုက်ပြီး တစ်ကိုယ်လုံးကွေးငုံ့ကာ ကြီးကြီးတို့ ရင်ခွင်သို့ ဝင်လိုက်လျှင်လည်း ပြဿနာအများပင် ကုန်ဆုံးသွားမည်။ သတ္တိမွေးစရာ မလိုတော့ချေ။ ပြီးတော့ ချစ်တဲ့ ကိုဦးနဲ့လည်း နီးစပ်ရာ အရပ်ပင်တည်း။

ကြီးကြီးက ပူပင်ဟန်ရှိ၏။ "ကိုဦးရယ်၊ အဖြူ့ကို တောင်ငူမှာ တစ်ယောက်တည်း ကြာကြာလွှတ်ထားလို့တော့ မတော်ဘူးထင်တယ်။ ဖြစ်နိုင်ရင် ဆေးရုံက ခွင့်ယူပြီး လိုက်စောင့်ရှောက်နေဖို့ ကောင်းတယ်"

ဘကြီးက "အို...ဟိုမှာ...အဖေတစ်ယောက်လုံးလည်း ရှိနေတာပဲကွာ။ ဆေးရုံမှာလည်း မောင်ဦးမရှိရင် သိပ်လစ်ဟင်းတာ မဟုတ်လား။ အေးလေ...မင်းပြောသလို လုပ်နိုင်ရင်တော့လည်း ကောင်းတာပေါ့။ သည်လောက် ပူစရာမရှိဘူးလို့သာ ပြောတာပါ"

"တောင်ငူဟာ အဖြူ့အတွက် ဆေးကြမ်းကြီး မဟုတ်ပါစေနဲ့လို့တော့ ဆုတောင်းရတာပဲ။ ပြီးတော့ အဖြူက ကိုဦးကို နေ့တိုင်း ဖုန်းဆက်မှာ မဟုတ်လား။ ဖုန်းနံပါတ် မေ့ပစ်မှာလား"ဟု ကိုဦးက ခပ်လေးလေး ပြောသည်။

"မေ့ပစ်ဖို့တော့ မကောင်းဘူးလေ"ဟု အဖြူက ပြောလိုက်၏။ "ဒါပေမဲ့ အဖြူ မတတ်နိုင်တာတွေလည်း အများကြီး မဟုတ်လား။ ဒီတစ်ခါ သတိတော့ သိပ်ထားရမှာပဲ။ ပြီးတော့လည်း အဖြူ့မှာ အင်အားတော့ လုံလုံလောက်လောက် ရှိပြီထင်ပါတယ်"

ထုံးစံအတိုင်းပင် ကြီးကြီးသည် ပူပင်မဆုံးရှိကာ မနက်ခရီးထွက်ကြလျှင် ရန်ကုန်က ထွက်မိသည်အထိ ကားနှင့်လိုက်ပို့ချင်သေး၏။ အဖြူနှင့် ကိုဦးတို့က မနည်းပင် တားမြစ်တောင်းပန်ရသည်။ ဒါနှင့် ကြီးကြီး၏ ကိတ်မုန့်များကိုသာ သယ်ယူဖို့ ကြံစည်ရ၏။ အဖြူတို့က ဘာမျှ မသယ်ချင်။ ကြီးကြီးက "ဘယ်လိုကလေးတွေလဲ၊ ရေဘူးတို့ ကော်ဖီဓာတ်ဘူးတို့

www.burmeseclassic.com

www.burmeseclassic.com



မယူတော့ဘူးလား။ မောင်လှဦး တယ်မိုက်ပါလား။ ဒီအချိန်ကတည်းက အသင့် မပြင်ထားရင် မေ့တော့မှာပေါ့"

"ဟုတ်ပါရဲ့"ဟု အဖြူက ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ "အဖြူက ခရီးလည်း ထွက်ဖူးတာမဟုတ်တော့ မစီမံတတ်ဘူး။ ကော်ဖီနဲ့ ရေတော့ ပါမှပေါ့နော်။ ပေါင်မုန့်နဲ့ အသားဟင်းလည်း ချိုင့်နဲ့ဘာနဲ့ ထည့်ဖို့ ကောင်းတာ"

ကိုဦးက "မလိုပါဘူး။ လမ်းတစ်လျှောက်လုံး ဝယ်စားသွားတာပေါ့"

ကြီးကြီးကတော့ အလျှော့မပေးတော့ဘဲ အမြဲ ပြည့်လျှံနေတတ်သော သူ့ရေခဲသေတ္တာထဲမှ အမဲနှပ်များ၊ ပေါင်မုန့်နှင့် ဘီစကွတ်များ၊ ကြက်ဥပြုတ်များကို ခြင်းတောင်းနှင့် ကမန်းကတန်း ပြင်ဆင်လေသည်။ ပြီးတော့ လက်စသတ်ပြီးစ သိုးမွေးခြုံစောင်ကိုပါ အတင်းပေးပြန်သည်။ အဖြူ့မှာ အနွေးထည် လုံလောက်စွာ ရှိသည်ဆိုတာကို မကျေနပ်နိုင်၊ မယုံကြည်နိုင်ချေ။

"ကြီးကြီး"ဟု အဖြူသည် မျက်ရည်ဝိုင်းပြီး ခေါ်မိ၏။ "အဖြူ တောင်ငူကပြန်လာရင် နေစရာမရှိဘူး။ ကြီးကြီးဆီမှာ နေရင်ရမလား"

ကြီးကြီးက သူ၏ နူးညံ့အိပျောင်းသော လက်မောင်းများဖြင့် အဖြူ့ကို ဖက်ယမ်းကာ "ရတာပေါ့ အဖြူရဲ့၊ မေးနေရသေးသလား။ ကြီးကြီးဖြင့် တောင်ငူ မသွားစေချင်တော့ဘူး။ တစ်ခါတည်း ခေါ်ထားလိုက်ချင်တာပဲ။ ဒါပေမဲ့လည်း မိဘဆိုတာ မချစ်တတ်တဲ့သူ မရှိဘူး။ ကံမကောင်းလို့ မသင့်မြတ်ကြရင်တောင် သည်းခံနားလည်သင့်ပါတယ်။ အတူမနေနိုင်တောင် မိတ်ဆွေတော့ ဖြစ်နေဖို့ ကောင်းပါတယ်"

အဖြူနှင့် ကိုဦးတို့ ဆေးရုံပြန်လာကြလျှင် အဖြူသည် လမ်းတစ်လျှောက်လုံး တိတ်ဆိတ်လာသည်။ ကိုဦးက မကြာခဏ စကားပြောသည်။ ပြန်ပြီး မပြောဖြစ်ချေ။ ဆေးရုံကို လှမ်းမြင်ရမှ သစ်ရိပ်ပျောက်၍ လထွက်စ ဝင်းပသော လမ်းကွေ့မှာ ခဏရပ်လိုက်သည်။

"အဖြူ ဒီလောက် အားငယ်နေရအောင် ကိုဦး မရည်ရွယ်ဘဲ လုပ်မိ

www.burmeseclassic.com

www.burmeseclassic.com



နေပြီ ထင်တယ်။ ကိုဦးကိုယ်ကို ကိုဦး ရိုက်ချင်တယ်။ ကိုဦးဆီကို အဖြူ ဘယ်အချိန်မဆို လာလို့ရတယ်ဆိုတာ သိတယ်မဟုတ်လား။ အကောင်းဆုံး ကတော့ ဆေးရုံဝင်းအပြင်မှာ ရှိတဲ့အိမ်ကို ကိုဦး ရှာနိုင်ရင်ပေါ့။ ဒါပေမဲ့လည်း နောက်ဆုံး မတတ်သာရင် ကိုဦးရဲ့ ဆေးရုံက ပေးတဲ့ အိမ်ခန်းကိုပဲ အဖြူ လာနေနိုင်တာပဲ။ ပြီးတော့ အဖြူ့ကို အဖြူ အလိုရှိတဲ့အခါမှာ ကိုဦး လက်ထပ်ချင်တယ်ဆိုတာကော သိပြီးသားပဲ မဟုတ်လား။ တကယ်တမ်းတော့ အဖြူ တကယ်လုပ်ချင်ရင် တောင်ငူကိုတောင် ဒီမနက် ထွက်စရာ မလိုတော့ဘူး"

"ဘယ်သွားနေရမှာလဲ"

"အဖြူ ဝတ်နေကျ အင်္ကျီလက်ရှည် အဝါကလေးနဲ့၊ အချိတ် ထဘီ အဖြူကလေးနဲ့၊ နှင်းဆီဝါ အငုံကလေးတစ်ငုံပန်ပြီး နောက်ဆုံးသော ဆံမြိတ်ချခြင်းနဲ့ တရားရုံးသွားကြတာပေါ့ အဖြူရဲ့။ ကိုဦးရဲ့သတို့သမီး အဖြူပေါ့"

အဖြူသည် ကိုဦးရဲ့ ရှပ်အင်္ကျီရင်ဘတ်များ စို့ရွှဲသည်အထိ ကိုဦးရဲ့ ရင်ဘတ်ကို မျက်နှာအပ်၍ ငိုလိုက်၏။

"တကယ်တော့လည်း အဖြူ သည်လောက် ဣန္ဒြေမရ မလုပ်ချင်ပါဘူး။ ကိုဦးရဲ့ အဲဒီလို ပြောတာကိုသာ လိုချင်တာပါ။ စိတ်အေးချင်တာပါ"ဟု ပြောပြလိုက်၏။

ထိုနောက်တော့ အဖြူသည် ချစ်သူ ကိုဦးနှင့် သိမ်းဆည်းခြင်း မရှိသော စိတ်အလိုလိုက်ခြင်းဖြင့် နမ်းမိပြန်သည်။ တောင်ငူ မသွားတော့ဘူး၊ ဘယ်မှ မသွားတော့ဘူးဟု ပြောလိုက်ဖို့ ခဏခဏ ပါးစပ်ပြင်မိသည်။ သို့သော် အဖြူ့နှုတ်ခမ်းများကို ကိုဦးက စိုးပိုင်ထားသည်။ အေးလေ...အဖြူ ကလေးလို စိတ်လိုက်မာန်ပါ မလုပ်တော့ပါဘူး။ တောင်ငူ သွားဦးမယ်။ ဖေဖေနဲ့ တွေ့ဦးမယ်။ မေမေ့လိပ်စာ ရှာဦးမယ်။ အဖြူ ရပ်နားတဲ့ နောက်ဆုံးစခန်းကတော့ ကိုဦးပေါ့။

သူတို့ ဆေးရုံသို့ ဝင်လျှင်တော့ ကိုဦးသည် ဆေးရုံဝရှိ အရွက်သိပ်သည်းသော ပျဉ်းမပင်ကို မော်ကြည့်ကာ သက်ပြင်းချလိုက်၏။ "အဖြူရယ်... ဆက်ရက်လို၊ စာကလေးလိုဆိုလည်း ဘာပြဿနာမှ မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီလို နီးရာသစ်ပင်မှာ အသိုက်ဖွဲ့ပြီး နေလိုက်ရုံပဲနော်”

စိတ်အေးချမ်းနေသော အဖြူက ရယ်လိုက်၏။

တစ်ညလုံး သူတို့ရောက်တတ်ရာရာတွေ ပြောကြ၏။ ကိုဦး တိုက်တွန်းလွန်း၍ အဖြူ တစ်ရေးအိပ်ဆဲ။ ကိုဦးက သူ့ရုံးခန်း၏ လူနာစမ်းသော ခုတင်မှာ အိပ်သည်။ မထင်မှတ်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီး မိုးလင်းလုမှ အဖြူ နိုးလာသည်။ နိုးနိုးချင်း ဆေးရုံ၏ အသံဗလံကို ပထမဆုံး ကြားကာ ဒါ နောက်ဆုံးကြားခြင်းပဲဟု တွေးလိုက်သည်။ လက်တွန်းလှည်း တွန်းသံ၊ လက်တွန်းလှည်းပေါ်မှ ကော်ဖီချိုင့် နို့ချိုင့်ကြီးများ၊ ခွက်ချင် ဇွန်းကြီးများ တဂျိမ်းဂျိမ်းမြည်သံ၊ အလုပ်သမားများ လှမ်းအော်ပြောသံတို့ကို နှုတ်ဆက်နေမိ၏။ စောစောစီးစီး နိုးနေပြီ။ စိတ်ပျော်ရွှင်ဟန်ရှိသော ယောကျာ်းလူနာတစ်ယောက်၏ စိန်အောင်မင်းလေနှင့် သီချင်းဟစ်သံကို နားစိုက်ထောင်မိ၏။ ကိုဦးပြောဖူးတဲ့ ကိုယ်ခန္ဓာနာကျင်ချင်တတ်တဲ့ ဂီတဆရာများလားဟု တွေးတောမိ၏။ နေရစ်ကြတော့ သူငယ်ချင်းတို့၊ အဖြူတော့ သွားပြီ၊ ကျွတ်လွတ်ပြီဟု စိတ်ထဲက လှမ်းပြောလိုက်ပြန်ပြီး အိပ်ရာမှ ခုန်ထလိုက်သည်။

မငွေခင်သည် အဖြူ၏ပစ္စည်းများကို သိမ်းဆည်းနေသည်။ အန်တီခင်၏ ကျင်လည်စွာ လှုပ်ရှားနေသော အမူအရာကို နှစ်လိုစွာ ကြည့်နေလိုက်ပြီးမှ “အဖြူ သေတ္တာနီတစ်လုံးပဲ ယူသွားမှာ အန်တီရဲ့” ဟု ပြောလိုက်၏ ။

“ကျန်တဲ့ပစ္စည်းတွေ ဘယ်ထားရမလဲ မေးမလို့”ဟု အန်တီခင်က ပြော၏။

“မသိပါဘူး၊ ကိုဦး အခန်းမှာဖြစ်ဖြစ် သွားထားလိုက်ပေါ့”

“ဆရာ ကိုလှဦးလည်း နိုးနေပြီ”

“ဟုတ်လား၊ အဖြူ့ကို မနှိုးကြဘဲကိုး”

“ကိုလှဦးက မနှိုးရက်လို့ အဖြူရဲ့၊ သိသားနဲ့။ နေပါဦး၊ ခု ဟန်းနီးမွန်း ထွက်ကြတာက ဘယ်နှရက်ကြာမှာလဲ”

“အန်တီခင်ကလည်း သိပ်ဆိုးတာပဲ။ ဟန်းနီးမွန်း ထွက်တာဆို

www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်းတော့ကောင်းသားပဲ။ ကမ္ဘာတစ်ပတ် ပတ်လိုက်ရရင် သိပ်ကောင်းမှာ။ ခု သွားမှာက ဖေဖေ့ဆီပါ"

"ဟုတ်လား"ဟု အန်တီခင်က အံ့သြသလို ကြည့်နေသည်။

"အလည်ပါ။ ဖေဖေက အဖြူ့ကိုလည်း သိပ်တွေ့ချင်နေပြီ။ တောင်ငူက ဆွေမျိုးတွေရှိတာလည်း အစေ့အင မြင်ရအောင်ပေါ့။ ကိုဦးလည်း ဟိုမှာ အဆင်သင့်ရင် ဆက်နေပြီး အတူပြန်လာကြမှာ"

အန်တီခင်ကို အဖြူ ကန်တော့သည့်အခါ မျက်လုံးများ အရည်လည် ပြောင်လက်သော်လည်း အပြုံးမပျက်ဘဲ အန်တီခင်က ဆုပေး၏။ "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရာကျော် ရှည်ပါစေ၊ အိုအောင်မင်းအောင် ပေါင်းကြရပါစေ"

အဖြူသည် စိတ်ကူးယဉ်ချင်လာကာ "ဘာဖြစ်လဲ"ဟု သူ့ကိုယ်သူ အားပေးပြီး အင်္ကျီဝါနှင့် ချည်အချိတ်ထဘီဖြူကို ဝတ်သည်။ ခရီးထွက်တာမို့ ညစ်လွယ်လည်း မတတ်နိုင်ပြီ။ စားပွဲပန်းအိုးမှာ နှင်းဆီ ရောင်စုံစိုက်မြဲရှိသော်လည်း အဖြူငုံကိုသာ ရွေး၍ပန်မိသည်။ အန်တီခင် ပြင်ဆင်ပေးသည်ကို ကိုဦးနှင့် စားကြသောက်ကြရ၏။ ကြီးကြီးပေးလိုက်သော စားစရာနှင့် ကော်ဖီဘူး၊ ရေဘူးများ ခြင်းတောင်းနှင့် ပြင်ဆင် ရ၏။ လက်သုတ်ပဝါ၊ ဆပ်ပြာ၊ ငွေရေဖလား စသည်ဖြင့် သတိရလာ ပြန်သည်။ ကားကြာကြာ မောင်းရရင် ကိုဦး ညောင်းမှာပဲဟု တွေးကာ ပရုတ်ဆီဘူး၊ လင်နမင်နှင့် အနယ်ဂျစ်စင် ဆေးပြားများပါ ယူသေးသည်။

ဟန်းနီးမွန်း ထွက်ရသလိုပဲ။

အေးမြ၍ မိုးတိမ်ထူသဖြင့် မဖြူလင်းလှသော နံနက်မှာ သူတို့ခရီးထွက်ခဲ့ကြ၏။ ဆေးရုံသို့ရောက်စ မိုးရွာသော ဆောင်းဦးတစ်မနက်မှာ ကြီးကြီးတို့အိမ် သွားကြသည်ကို သတိရ၏။ ကြက်တူရွေးကလေးများ ဓာတ်ကြိုးတန်းမှာ နားနေသည်ကို ကားရပ်ပြီး ကြည့်ကြသည်ကို သတိရ၏။ ထိုကြက်တူရွေးကလေးများ ဘယ်ပြေးကြပြီလဲ မသိ။ ယခု ဆောင်းကုန်တော့မည်။ အဖြူ့ဘဝလည်း နွေဦးရာသီမှာ သာယာလှပခြင်းကို တွေ့တော့မည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံက လူတွေက ဘာထင်မလဲ မသိဘူး"ဟု ပထမဆုံးအကြိမ် မေးမြန်းလိုက်လျှင် ကိုဦးက ဘေးလှည့်မကြည့်ဘဲ "တို့ဆရာ မိန်းမရနေပြီလို့ ပြောကြတာပဲ။ ကိုဦးကလည်း မငြင်းလိုက်ပါဘူး"

"သိပ်ဆိုးတာပဲ"

"ဘယ့်နှယ်တတ်နိုင်မလဲ၊ ဒါ အကောင်းဆုံးပဲ။ ငြင်းစရာလည်း လိုမှာမှ မဟုတ်တာ"

သူတို့သည် အလျင်စလို မရှိရုံမက တကယ်တော့လည်း သွားချင်သည့်ခရီးမဟုတ်၊ ဆိုက်ချင်သည့်စခန်း မဟုတ်သဖြင့် လမ်းမှာ လေးဖင့်၍နေကြသည်။ တောရွာဈေးကလေးများတွေ့လျှင် ပေါ်စ ကန်စွန်းဥများ၊ ကျွဲကောသီးများ၊ ငှက်ပျောသီးများ ဝင်ဝယ်ကြ၏။ ချောင်းကလေး မြောင်းကလေးများ၌ ငါးဖမ်းနေသော လှေငယ်များကိုမြင်လျှင် ဆင်းပြီးကြည့်ကြ၏။ စကားစမြည် ပြောကြ၏။ သူတို့ကို လက်ထပ်ပြီးစ ခရီးထွက်လာသူများလို့လည်း တွေ့သမျှလူက ထင်ကြသည်။ ကိုဦးက ပြော၏။ "သူတို့ကိုလည်း အပြစ်မဆိုနဲ့လေ။ အဖြူက အချိတ်ထဘီ ဝတ်ရုံနဲ့ကို သတို့သမီးနဲ့ တူနေတာ ထူးတဲ့ကုသိုလ်ပေါ့"

နေ့လယ် နေပူချိန်မှာ နားနေလိုက်ကြပြန်၏။

ထို့ကြောင့် မှောင်ခါနီးမှာမှ ဖြူးသို့ ရောက်ကြ၏။ ဖြူးရောက်မှ "မှောင်ရင် မကောင်းဘူးလေ"ဟု ကိုဦးက ပြောကာ လျင်မြန်စွာ မောင်းသည်။

ဦးကိုလေး၏ အိမ်ဖြူဖြူသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရှာ၍တွေ့သည်။ အေးချမ်းသာယာတယ်လို့ ထင်ရဆဲ၊ စောင့်မျှော်နေသော ဦးကိုလေးသည် ပြေးဆင်းလာပြီး "သမီး အဖြူ လာပြီလား။ တော်တော်ကို ဝလာပါလား။ အံ့ဩစရာတောင် ကောင်းတယ်။ ငယ်ငယ်က ကျောင်းမထားခင်တုန်းကလိုပဲ။ အသားတွေလည်း ဖြူလို့။ နေကောင်းနေပြီပေါ့။ ဝမ်းသာလိုက်တာ သမီးရယ်"ဟုပြောကာ အဖြူ့ကို လက်ဆွဲခေါ်လေ၏။

ကိုဦးကိုတော့ ပြုံးရုံမျှပင်။

အဖြူနှင့် ကိုဦးတို့ကို ညစာထမင်း ကျွေးပြီးလျှင်တော့ ဦးကို

www.burmeseclassic.com

www.burmeseclassic.com



လေးသည် “ဒေါက်တာက ညတွင်းချင်း ရန်ကုန်ပြန်ဆင်းမှာလား၊ မနက်မှ ဆင်းမှာလား။ ဒီတစ်ည အိပ်ရင်လည်း အိပ်ရအောင် အစိုးရတည်းအိမ်မှာ အခန်းငှားထားပါတယ်”ဟု ပြောလေသည်။

သို့နှင့် ကိုဦးသည် တနင်္ဂနွေ ညနေစောင်းမှာ ရန်ကုန်သို့ ပြန်သည်။

အဖြူသည် ဘယ်လိုပင် စိတ်တင်းသော်လည်း မရ။ ဖေဖေနှင့် နှစ်ယောက်တည်း ရှိနေရမှာကို ကြောက်နေသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ဆုံးမလို့မှ မရ။ ဖေဖေ့ကို ယခုမှ သေသေချာချာ မြင်ဖူးသလို ဖြစ်နေသည်။ ဖေဖေ ပိန်သွားသည်၊ ဆံပင်ဖြူများစွာ ပေါက်နေသည်။ စိတ်ဆင်းရဲခြင်းနှင့် မကျေနပ်ခြင်းတို့ ရောပေါင်းထားသော အမူအရာကို မြင်ရသည်။ စကား ပြောတိုင်း ဖေဖေ့ဘယ်ဘက် အောက်မျက်ခမ်းသည် ဆတ်ခနဲ တွန့်လှုပ်တတ် သည်။ အဖြူ ဆေးရုံသို့မလာခင်က သည်အတိုင်းလား၊ ခုမှ သည်လိုဖြစ် သလားဆိုတာ အဖြူ မစဉ်းစားတတ်။ ကိုယ်က အပြစ်ကျူးလွန်ထားသလို ခံစားရ၏။ ဖေဖေ့ကို သနားစိတ်ဖြင့် ရင်ထဲလှိုက်လှဲလျက်ရှိသော်လည်း အနားမကပ်ဝံ့အောင် ကြောက်နေသည်ကိုလည်း ခံစား၏။

အပေါ်ထပ် ကိုယ့်အိပ်ခန်းထဲလည်း မနေဝံ့ချေ။ ဖေဖေက အပေါ် ထပ် တက်လိုက်လာတတ်သည်။ အဲဒီလိုဆိုလျှင် ဖေဖေနှင့် နှစ်ယောက် တည်း ဖြစ်နေသည်။ ဖေဖေ စကားပြောမှာကို မကြားဝံ့။ ထို့ကြောင့် အောက် ထပ်ဧည့်ခန်းမှာ ညောင်းညာစွာ ထိုင်နေရသည်။ ဖေဖေ ဧည့်ခန်းမှာ လာ ထိုင်လျှင် မီးဖိုချောင်သို့ဝင်ကာ ထမင်းချက် မိန်းမနှင့် ကူညီလုပ်ကိုင်ပေး နေသည်။ အဝတ်လျှော်၊ ကြမ်းတိုက်၊ တံမြက်စည်းလှည်းရာမှာလည်း အဖြူ ပါဝင်နေသည်။ ဆွေမျိုးများ အဖြူ့ထံ မပြတ် လာလည်ကြသည်မို့လည်း စိတ်သက်သာရာ ရသေး၏။ သို့သော် ညစာ စားပြီး၍ မိုးချုပ်လျှင် အဖြူ သည် ဖေဖေ့ကို ရှောင်ကွင်းလို့ရတော့သည် မဟုတ်။

ထို့ကြောင့် ဖေဖေ့ကို ဘုရားသို့ ပို့ခိုင်းရ၏။ ဆွေမျိုးအိမ်များသို့ လည်ချင်ဟန် ပြုရ၏။ မကြည့်ချင်သော ရုပ်ရှင်ကား ညံ့ညံ့များကို သွား ကြည့်နေရ၏။ အငြိမ့်ပွဲများကို ရှာဖွေကြည့်ရပြန်၏။ ဖေဖေက လည် ပတ်သည်ကို ကျေနပ်ပုံမရသော်လည်း အလိုလိုက်ဖို့ ကြိုးစား၏။ အိမ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင်တော့ "အမယ်လေး...အိပ်ချင်လှပြီ"ဟု ကြေညာကာ အဖြူသည် အခန်းထဲတန်းဝင်ပြီး မီး ချက်ချင်းပိတ်ပစ်သည်။ ဝတ္ထုတောင် မဖတ်ဝံ့တော့ချေ။

သို့သော် အဖြူက စ၍ပင် ဖေဖေနှင့် ရင်ဆိုင်ရပြန်သည်။

တောင်ငူသို့ရောက်ပြီး ကိုဦးနှင့် အဆက်ပြတ်လျက် ကိုဦးကို ဖုန်းဆက်ချင်လည်း ရုတ်တရက် မဆက်ဝံ့ဘဲ ရှိသည်။ ကိုဦးက ဆက်မှာပဲဟု စောင့်စားဆဲ။ ဆယ်ရက်ပင်ကျော်သွားပြီး နေမထိ ထိုင်မထိ ဖြစ်နေသည်။ ကိုဦးကို တမ်းတနေသည်။ တစ်ညဦးမှာတော့ တယ်လီဖုန်းမြည်သံကြား၍ ထွက်အလာမှာ ဖေဖေက ကောက်ကိုင်၏။ ကိုဦး ဖြစ်မှာပဲ။ "အဖြူ အိပ်နေတယ်"ဟု ဖေဖေ ပြန်ဖြေလိုက်၏။ ပြီးတော့ တယ်လီဖုန်းချလိုက်ပြီး အော်ပရေတာကို တစ်ခါ ပြန်ခေါ်ပြန်သည်။ "ဒီမှာ ကိုဘထွန်း၊ ကျွန်တော့်အိမ်ကို ရန်ကုန်ကဆက်ပြီး အဖြူရှိလားမေးရင် နေမကောင်းပြီးစမို့ နားနေတယ်။ စကားမပြောနိုင်ဘူးလို့သာ ဖြေစမ်းပါ။ ကျွန်တော်က မှာထားတယ်လို့ ပြောလိုက်ဗျာ။ ကျွန်တော့် အိမ်ကို ဆက်ပေးမနေနဲ့တော့"

အဖြူသည် ပထမတော့ ဘာမှမပြောတတ်ဘဲ နေသေး၏။ ငယ်ငယ်က လုပ်မြဲအတိုင်း အိပ်ခန်းထဲဝင်ကာ တံခါးချက် အကုန်ချပြီး လှောင်အိမ်တွင်းက တောတွင်းတိရစ္ဆာန်လို ခေါက်တုံ့ခေါက်ပြန် တစ်မျိုး၊ ပတ်ချာလှည့်၍ တစ်မျိုး လမ်းလျှောက်နေဖို့ ရည်ရွယ်၏။ သို့သော် ချက်ချင်း သတိရပြီး ကြောက်လန့်ခြင်း ပျောက်ကွယ်သွားပြီး စိတ်ဆိုးခြင်း သက်သက်ဖြင့် ဖေဖေ့ကို ရင်ဆိုင်၏။

"ဖေဖေ ဘယ်လိုလုပ်တာလဲ။ တယ်လီဖုန်းဆက်တာ ရန်ကုန်က ဆိုရင် ဒေါက်တာလှဦးပဲ ဖြစ်မှာပဲ။ အဖြူ မအိပ်ဘဲနဲ့ အိပ်တယ်လို့ ဘာဖြစ်လို့ ပြောရတာလဲ။ အဖြူ စကားမပြောနိုင်ဘူးလို့လည်း ဘာဖြစ်လို့ ပြောရတာလဲ။ အဖြူ သူ့ကို ပြောချင်တယ်၊ သိပ်ပြောချင်တယ်"

ဖေဖေက တုတ်ကောက်နှင့် ရွယ်လိုက်၏။ ဖေဖေ တုတ်ကောက်ကို တစ်သက်လုံး ကိုင်လာသလား၊ ခုမှ ကိုင်သလား၊ မေ့နေပြီ။ ခုမှ ကိုင်သည် ထင်သည်။ တုတ်ကောက်မှာ အမြစ်အဖု ချွန်ချွန်များ မုန့်ကြိုးလိမ်

www.burmeseclassic.com

www.burmeseclassic.com



လည်ပတ်နေသော၊ တုတ်ခိုင်သော တုတ်ကောက်ဖြစ်သည်။ အဲဒါနှင့် ရိုက်လိုက်လျှင် လိပ်ကျောက်မြီးနှင့် ရိုက်သလို ဖြစ်မည်ထင်သည်။ အရေပြားမှာ အပေါက်များစွာ ဖြစ်ကုန်မည် ထင်သည်။ စဉ်းစားကြည့်ရုံနှင့်ပင် အဖြူ နာကျင်လာသည်။

"သွား...သွား"ဟု ဖေဖေက ပြော၏။ "နင့်ကို ငါ မရိုက်ချင်ပါဘူး၊ ရိုက်ဆုံးမလို့ရတဲ့ဟာမျိုးလည်း မဟုတ်ဘူးဆိုတာ သိပြီ။ အိပ်ခန်းထဲ ခုဝင်ပြီး အိပ်တော့"

အဖြူသည် ဘာမျှမပြောဘဲ အိပ်ခန်းထဲ ဝင်ခဲ့၏။ ကလန့် လေး ချက်ရှိသည်ကို အကုန်ချလိုက်၏။ ပြီးတော့ အေးငြိမ်စွာပင် ပြတင်းပေါက်သို့ သွား၍ရပ်၏။ ရန်ကုန်အိမ်လိုပဲ စံကားဖြူပင်အစား အကိုင်းတုတ်ခိုင်၍ အရွက်ဝေစည်လှသော ကံ့ကော်ပင်သည် ပြတင်းပေါက်နှင့် စွန်းငြိလျက်ရှိသည်။ အပွင့်များ မပွင့်သေးဘူး ထင်သည်။ သကြန်နီးမှ ပွင့်သည်မဟုတ်လား။ အဖြူသည် တစ်ခါတုန်းက အခါမဟုတ်ဘဲ ပွင့်သော စံကားဖြူများကို တွေ့ရသလို အခါမဟုတ်ဘဲ ပွင့်သော ကံ့ကော်ပွင့်များ တွေ့မည်လားဟု လိုက်ရှာသည်။ မွှေးတော့ မွှေးတာပဲ။ ဟုတ်တယ်၊ မွှေးနေတာ သုံးလေးည ရှိပြီ။ ဘာပန်းနံ့လဲလို့ စဉ်းစားမရလို့သာ။ ကံ့ကော်တစ်ပွင့်နှင့် တစ်ငုံကို သွားတွေ့သည်။ လက်လှမ်းလို့ မမီချေ။

ပြီးတော့ စဉ်းစား၏။ "ဖေဖေ့ကို ငါ မနာကျည်းတော့ဘူး၊ စိတ် မဆိုးတော့ဘူး။ အဲဒီအဆင့်ကို လွန်သွားပြီ"

ထို့နောက် တစ်ယောက်တည်း အသံထွက်အောင် ပြောလိုက်၏။ "ခု ဘာလုပ်ရ ကောင်းမလဲ"။ အဖြူ့အသံသည် အလွန်ကျယ်လောင်သည်လို့ ထင်ရပြီး ကိုယ့်ဘာသာ လန့်သွား၏။ တစ်ယောက်တည်း စကားပြောနေတာဟာ မမာတဲ့ လက္ခဏာလား။ ဟိုတုန်းက ဒီလိုပဲ တစ်ယောက်တည်း စကားပြောနေရာက စတာပဲ။ ပထမတော့ အပြင်မှာ တိတ်ဆိတ်လွန်းအား ကြီးပြီး ရင်တွင်းမှာ ဆူပွက်ညံစီနေတယ်။ ဒါနဲ့ ရေဒီယိုကိုဖွင့်ပြီး လူသံသူသံကို နားထောင်ရတယ်။ ပြီးတော့ တစ်ခါ ဖေဖေနဲ့ ဒေါ်ကြီးမှအပ ဘယ်သူမှ မဝင်စေတဲ့ အဖြူရဲ့ လူမမာအခန်းကို တစ်ခါတစ်ရံ ရောက်လာတဲ့ ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်တဲ့ ကုလားမတို့၊ ပြတင်းပေါင် ဆေးသုတ်သမားတို့ကို အတင်းဖမ်းပြီး စကားပြောရတယ်။ ပြီးတော့ ကိုယ်ဘာသာ တစ်ယောက်တည်း ပြောရတော့ တာပဲ။

သနားဖို့ကောင်းတဲ့ မိန်းကလေးပဲဟု ကိုယ့်ကိုယ်ကိုယ်အပြင်က ထွက်ကြည့်၍ ဝေဖန်လိုက်၏။

ခုတော့ ပူစရာ မရှိတော့ပါဘူး။ သူဟာ သစ်ပင်လို၊ တိရစ္ဆာန်လိုပဲ။ ဒဏ်ရာရပေမယ့် ညည်းညူခြင်းနဲ့ အချိန်ကုန်မခံပါဘူး။ တတ်နိုင်သလောက် ပြန်ကောင်းအောင် ကြိုးစားနေတယ်။ ဆက်လက် အသက်ရှင် ကြီးထွားနေ တယ်။ အသစ်အသစ် ပျက်သမျှ၊ အသစ်အသစ် ဖြစ်နေတယ်။ ပြီးတော့ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတော့၊ မအိုမင်းသေးတော့ မကျဆုံး လွယ်ဘူး။

"ကိုဦးအကြောင်း တွေးနေရင် ကောင်းမယ်"ဟု အသံထွက်၍ပင် ကိုယ့်ကိုယ်ကိုယ် အကြံပေးလိုက်ပြန်၏။ သူက အဖြူ့ကို ချစ်တယ်။ သည်းခံ တယ်။ နားလည်တယ်။ ခုထိ နာနာကြည်းကြည်း ပြောစလောက်ဖြစ်အောင် မလုပ်ဖူးသေးဘူး။ နောက် လုပ်ရင်တော့ ကုသိုလ်ပေါ့။ မတတ်နိုင်ဘူး။ နောင်ဆိုတဲ့ အချိန်အခါအတွက် ဘယ်သူမှတော့ တာဝန်မခံနိုင်ဘူး။ အေလင်း ပြောသလိုပဲ။ ခု တစ်ခဏကိုသာ စဉ်းစားမယ်၊ ခံစားမယ်။

ထိုခဏ၌ အဖြူ့ ပါးပြင်များ နွေးလာသည်။ တစ်ယောက်ယောက် ကသာ ကြည့်နေမယ်ဆိုရင် ပန်းရောင်ရိပ်ကြွလာတာ မြင်လိမ့်မည်။ ပြီးတော့ မျက်စိများကို မှေးလိုက်ကာ ကိုဦးရဲ့ စုံမက်မြတ်နိုးသော အနမ်းများကို သတိရနေလိုက်၏။ ကိုဦးနဲ့ လက်ထပ်ဖို့ပဲ။

အဖြူ့ သဘောပါပဲလို့ ကိုဦးက ပြောပြီးပြီ။

အဖြူသည် ဖေဖေ အပြင်၌ တုတ်ကောက်တဒေါက်ဒေါက်ဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသံကိုပင် မကြားတော့ဘဲ အိပ်ရာသို့ ဝင်ခဲ့လေ၏။ နှစ်နှစ်ခြိုက်ခြိုက်လည်း အိပ်ပျော်သွားသည်။

●

www.burmeseclassic.com

www.burmeseclassic.com



အဖြူသည် ကိုဦးထံ စာရေးလို့လည်း မရ။ တောင်ငူအိမ်၌ အဖြူ့ဘက်သား တစ်ယောက်မျှ မရှိချေ။ အဖြူ့ စာများကို စာတိုက်သို့ သွားထည့်ပေးမည့် သူလည်း မရှိ။ အဖြူ့ထံလည်း ဘာစာမှမရောက်။ ကိုဦးက စာတော့ ရေးမှာပဲ။ ကြီးကြီးနဲ့ အေလင်းတောင် စာရေးမယ်လို့ ဝန်ခံကြတယ်။ စာပို့သမား ဘိုင်စကယ်သံ၊ ခေါင်းလောင်းတီးသံ ကြားရလျှင် ဖေဖေကိုယ်တိုင် ဆင်း၍ စာယူတတ်၏။ ပြီးတော့ အဖြူ့ကို လှမ်းလို့တောင် မကြည့်ဘဲ သူ့အခန်းသို့ သူ ဝင်သွားတတ်သည်။ အဖြူ့ဖို့ စာပါသလား မသိ။ မေးဖို့လည်း သတိမရ။ ဖေဖေ့ရှေ့မှာ ငယ်ကတည်းက ကျိုးနွံလာရခြင်းသည် အကျင့်ပါနေကာ သည်အတိုင်း အချိန်ကုန်၍ နေမိသည်။

နောက်တော့မှ သတိရပြန်၏။ ဘာဖြစ်လို့ အတင်းဆင်းပြေးပြီး...

"ကျွန်မဖို့ စာပါသလား၊ ခင်ဖြူဖြူနာမည်နဲ့ စာပါသလား"လို့ မမေးလိုက်ပါလိမ့်။

အဲသည်လိုလုပ်လျှင် ဘာဖြစ်မလဲ။ ဖေဖေ တုတ်နဲ့ ရိုက်မှာလား။ ဖေဖေ့ တုတ်ကောက်မှ ဆူးချွန်များကို သတိရကာ နာကျင်လာပြန်သည်။

ပြီးတော့ အဖြူရဲ့ အကြီးဆုံးသော ပျော့ညံ့ခြင်းကတော့ ကိုယ်ခန္ဓာကို နာကျင်အောင်လုပ်ခြင်းဟာ အဖြူ့ကို အထိခိုက်နိုင်ဆုံးဖြစ်သည်။ ထိတ်လန့်ရှက်ကြောက်ခြင်း ကြီးစွာဖြစ်စေသည်။ မာနကို အစွမ်းကုန် ရိုက်ခတ်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူ့ကို ရိုက်နှက်ခြင်းဟာ တကယ်တော့ စွန့်ပစ်လိုက်ခြင်း ဖြစ်သည်။ ပင်လယ်ရပ်ခြားသို့ ပို့လိုက်ခြင်း ဖြစ်သည်။ ရှင်ကွဲကွဲစေခြင်း ဖြစ်သည်။ ဖေဖေ မသိသေးဘူးလား။ တုတ်ကောက်နဲ့ ရှယ်တုန်းပဲ။

ဖေဖေ့ဘက်က တွေးပြန်တော့ ဖေဖေဟာ သူ မကြိုက်တာကို သူများလည်း မလုပ်စေချင်သူ ဖြစ်တယ်။ သူ့အလိုကို သူများက လိုက်စေချင်သူ ဖြစ်တယ်။ အာဏာရှိချင်သူ ဖြစ်တယ်။ သူ့ရဲ့ဒေါသကို သူ အရေးထားသူ ဖြစ်တယ်။ ဒေါသဖြစ်လျှင် သူတစ်ပါးကို ရိုက်နှက် နာကျင်စေချင်သူ ဖြစ်တယ်။

ဖေဖေ့လမ်းနှင့် အဖြူ့လမ်းတို့ဟာ ဆုံတွေ့ဖြတ်ကျော်မိဖို့ ကောင်းတာမဟုတ်ပါဘူး။

အဖြူသည် အခန်းထဲမှ မထွက်ဘဲနေခြင်းကို ပြန်လုပ်ပြန်သည်။ အဖြူ့အခန်းနှင့် အပြင်လောကတို့ကို ဆက်သွယ်ထားသည်မှာ ကုံ့ကော်ကိုင်းဖြတ်သန်းသော ပြတင်းပေါက်သာ ဖြစ်သည်။ ပြတင်းပေါက်၌ သံတိုင်တော့ မရှိချေ။ (သံတိုင်များ လာတပ်ထားဦးမှာလား) အလွယ်တကူ ပင် ပြတင်းမှ ကုံ့ကော်ကိုင်းသို့ ကူး၍ မြေသို့ ဆင်းသွားနိုင်သည်။ ကုံ့ကော်ရွက်များကတော့ ရှုပ်ထွေးကားဆီးကာ အဖြူ့မျက်နှာ၊ လက်မောင်းများကို ပွတ်တိုက်ထိရှစေမည် ထင်သည်။

အဖြူနှင့် ဖေဖေသည် ထမင်းစားချိန်မှာတော့ တွေ့ကြ၏။ အဖြူ့ကို ထမင်းချက်က ထမင်းစား လာခေါ်မြဲ။ အဖြူကလည်း ငြင်းဆန်ခြင်းမပြု။ အခန်းတွင်းသို့ စားစရာ မပို့ခိုင်း။ ကောင်းမွန်သပ်ရပ်စွာ ဝတ်စား၍ ထမင်းစားပွဲသို့ ဆင်းမြဲ။

ထမင်းပွဲ၌ ဖေဖေနှင့် အဖြူသည် စကားတစ်လုံးမျှ မပြောမိဘဲ နေသည့်အခါ နေခဲ့၏။ သူစိမ်းပြင်ပြင်များလို ယဉ်ကျေးဖွယ်ရာစကားကို စိတ်မပါဘဲ ပြောချင်လည်း ပြောကြ၏။ ဖေဖေသည် အဖြူ ကျန်းမာဖို့ အစားအသောက် ကိစ္စကိုတော့ ကိုယ်တိုင် စီမံနေသည်။ အဖြူ ထမင်းစားပြီး သောက်ဖို့ ဆေးပြားများကို ရေဖန်ခွက်နှင့် အသင့်စောင့်၍ တိုက်သည်။ သံပရာရည်ကို ဂလူးကို့စ်နှင့်သာ ဖျော်စေသည်။ နို့အေး၊ နို့ပူ

www.burmeseclassic.com

www.burmeseclassic.com



မပြတ်စေရ။ နေ့စဉ် မန္တလေးရထားဆိုက်တိုင်း ရှမ်းပြည်နယ်မှ တင်လိုက်သော အသီးအနှံများကို ဝယ်စေသည်။

"ဦးကိုလေးဟာ သူ့သမီးကို တယ်ဂရုစိုက်တာပဲ"ဟု ပြောကြ၏။

"မယား မရှိတော့ကတည်းက သမီးကို ပုံပြီး ချစ်တော့တာပဲ" ဟု ပြောကြ၏။

အဖြူ မမြင်ဖူး၊ မသိဖူးသော ဆွေမျိုးများလည်း လာကြ၏။ အဖြူ့ကို ချစ်ခင်ကြတယ်လို့ ထင်ရ၏။ ဖေဖေ ပိုက်ဆံရှိလို့ ထင်ပါရဲ့။ အဖြူ့ကို ဝိုင်းဝန်းမြှောက်စားကြ၏။ ရှာကြံချီးမွမ်းနေကြ၏။ သူတို့ထဲက ဘယ်တစ်ယောက်မျှတော့ အားကိုးလို့ရမှာ မဟုတ်ပါဘူး။ စိတ်ရောဂါဖြစ်စဉ်က၊ အဖြူ ဒုက္ခရောက်ခဲ့စဉ်က သူတို့ ဘယ်မှာ ရောက်နေကြသလဲ၊ သိတောင် သိကြရဲ့လား။

ထိုခဏ၌ မရောက်လာသော ဆွေမျိုးတစ်ယောက်ကို သတိရ၏။ အန်တီ မီနီ။

အနည်းငယ် ပါးနပ်လာသော အဖြူသည် အိမ်မှာ ဧည့်သည် အထူဆုံးအချိန်၌ ဣန္ဒြေမပျက် မေးလိုက်၏။ "အန်တီမီနီလည်း မတွေ့ပါလား။ သူ့ဆီ သွားလည်ရဦးမယ်။ သူ ဘယ်မှာနေသလဲ"

ဖေဖေက ဘယ်ဘက် အောက်မျက်ခမ်း တစ်ချက်တွန့်သွားကာ "ဘာလုပ်ဖို့လဲ"ဟု ပြောဆဲ။ မသိတတ်သော၊ သွေးဝေးကွာသော ဆွေမျိုးတစ်ယောက်က ပြော၏။ "ကက်သလစ်ဘုရားရှိခိုးကျောင်းနဲ့ ကပ်လျက်က အုတ်တိုက်ပုကလေးမှာလေ။ ဘေးမှာ ဇရာမ သောက်ရေတွင်းကြီးနဲ့။ အဲဒီရေတွင်းလောက် ကောင်းတဲ့ ကြည်တဲ့ရေ တောင်ငူတစ်မြို့လုံးမှာ ဘယ်မှာမှ မရှိဘူး"

"သြော်...သိပြီ။ ရခိုင်စုအဝင်မှာ မဟုတ်လား"ဟု အဖြူက အကွက်ဆင်လိုက်ရာ လိုသောအဖြေကို ရ၏။

"မဟုတ်တာ၊ ဂါတ်တဲလမ်းမှာလေ"

ဂါတ်တဲလမ်းကို အဖြူ ကောင်းစွာ မှတ်မိသည်။ အဖြူတို့အိမ်မှ ဈေးသို့ တန်းသွားပြီး ပထမဆုံး ဖြတ်သောလမ်း၌ ညာဘက်သို့ ဆက်

www.burmeseclassic.com

www.burmeseclassic.com



သွားလျှင် ဂါတ်တဲလမ်း ဖြူးနေသည်ကို တွေ့သည်။ ဟုတ်သားပဲ။ ဂါတ်တဲလမ်းအဆုံးမှာ မှိုင်းညို့သော သစ်ပင်အုပ်များကြား၌ ကက်သလစ် ဘုရားရှိခိုးကျောင်း ရှိသည်။ ကွန်ဗင့်စာသင်ကျောင်းလည်း ရှိသည်။ ရေကြည်သော ရေတွင်းကြီးကိုတွေ့လျှင် အန်တီမိနီ့အိမ်ကို တွေ့မည်။

ဖေဖေက ဝင်၍ မန္တလေးသို့ ဘုရားဖူးသွားဖို့ ကောင်းကြောင်း ပြော၏။ သံတောင်နှင့် ပသီချောင်းတို့သို့ အလျှင်သွားလည်ဖို့ အကြံပေး၏။ မြတ်စောညီနောင်သို့ အဖြူ မရောက်သေးဘူးဆိုတာ သတိရပြန်၏။ တောင်ငူပတ်လည်က မြို့များလည်း လည်ပတ်ဖို့ ကောင်းသည်တဲ့။

နောက်ဆုံး၌ သူ့ကိုယ်သူ မချုပ်တည်းနိုင်ဟန်ဖြင့် ဖေဖေက မျက်မှောင်ကုတ်၍ ပြော၏။ "ဒီမိနီဆိုတဲ့ မိန်းမဟာ တယ် အသက်ပြင်းပါကလား၊ နှလုံးရောဂါကြီးနဲ့" အဖြူသည် မနှစ်မြို့ခြင်းနှင့် ဖေဖေ့ မျက်နှာကို ကြည့်လိုက်လျှင် ဘယ်ဘက်အောက်မျက်ခမ်း တဆတ်ဆတ်တွန့်နေသည်ကို မြင်သည်။ သနားကြင်နာခြင်းဖြင့် ငိုချင်စိတ် ပေါ်လာသည်။

အဖြူနှင့် ဖေဖေသည် သံတောင်နှင့် ပသီချောင်းသို့ သွားလည်ကြ၏။ မြတ်စောညီနောင်သို့ ဘုရားဖူးသွားကြ၏။ ဖေဖေနှင့် နှစ်ယောက်တည်း နေရမှာ ကြောက်သောအဖြူသည် ကားပေါ်မှာဆိုလျှင် ပိုကြောက်သည်။ ဖေဖေသည် ဖြုန်းခနဲ စိတ်ရူးပေါက်ကာ လူပြတ်သော တစ်နေရာရာ၌ လည်ပင်းညှစ်သတ်မည်လားလို့ တွေးတတ်၏။ ပြီးတော့ ဟုတ်တယ်၊ ဒီလို တွေးနေတာဟာ အဖြူ ရူးနေလို့သာ ဖြစ်ရမှာပဲဟု စဉ်းစား၏။ ပြီးတော့ ဖအေတစ်ယောက်လုံး အပေါ်မှာ သည်လောက် အယုံအကြည် ကင်းမဲ့ရသော ဘဝအတွက် ဝမ်းနည်း၏။ အသက်ရှင် နေထိုင်ရသည်မှာ တန်ဖိုးမရှိ ဖြစ်လာ၏။

သို့သော် "အချစ်များစွာနှင့် စေတနာကောင်းစွာနှင့်"လို့ အဖြူသို့ ညွှန်းပြီး လက်မှတ်ထိုးထားသော ကိုဦးရဲ့ဓာတ်ပုံသည် အဖြူ့ကို အားပေးလျက် ရှိသည်။ သူ့ရဲ့ ချိုသာအေးငြိမ်းသော မျက်နှာကို မြင်ရလျှင် စိတ်ချမ်းမြေ့ကြည်လင်၏။ ကိုဦးရဲ့ဓာတ်ပုံကို ခေါင်းအုံးအောက်မှာထားကာ အိပ်ရသည်မှာ ပါးပြင်နွေးလှသည်လို့ ထင်လေ၏။ ကိုဦးကို သတိရရတာ

www.burmeseclassic.com

www.burmeseclassic.com



ကပင် စိတ်ချမ်းသာမှုကို ပေးသည်။

သို့သော်လည်း ဖေဖေ အနားမှာရှိလျှင် ကိုဦးအကြောင်းကို တွေးတောင် မတွေးဝံ့။ အဖြူက အမူအရာ ပျက်တတ်သည်။ ဟန်ဆောင်ရာ၌ ညံ့ဖျင်းသည်။ ကိုဦး... ကိုဦးလို့ စိတ်က တမ်းတလိုက်လျှင် အဖြူသည် မျက်တောင်များစင်း၍ ငေးတွေသွားတတ်သည်။ နှုတ်ခမ်းကော့ပျံ၍ ပြုံးယောင် သန်းလာတတ်သည်။ ပြီးတော့ ကိုဦးနှင့် နီးနီးစပ်စပ်နေခဲ့ရတာတွေကို လွမ်းကာ၊ လူလွတ်ကင်းရာသို့ ရှောင်ဖယ်လာတတ်သည်။ ကိုဦးနှင့် ချစ်ရသော အကြောင်းတစ်ခုနဲ့ပဲ ပြည့်စုံလုံလောက်ကာနေလေသည်။

သို့ပေမယ့် တစ်ယောက်တည်း နေခွင့်မရဘဲ ဖေဖေ ခေါ်ရာသို့ မငြင်းဝံ့ဘဲ အမြဲလိုက်နေရ၏။ တစ်ခါတစ်ရံ ဖေဖေသည် ဖြုန်းခနဲ လှုပ်ရှားလိုက်လျှင် လန့်သွားပြီး ကားပေါ်က တွန်းချပစ်ခဲ့မလားလို့ ထင်ပြန်၏။ ထို့ကြောင့် ခရီးဝေးသွားဖို့ကို ခေါင်းမူးတယ်ဟု ငြင်းဆန်ကာ လူထူသော မြို့ထဲနှင့် ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတို့သို့သာ သွားလိုဟန် ပြုရလေသည်။

သို့ပေမယ့် သူတို့ ရှောင်ကွင်း၍မရသော ကိုဦးရဲ့ နာမည်သည် ဝင်လာသည်။

တစ်နေ့တော့ ဖေဖေက နိဒါန်းမပျိုးဘဲ "လှဦးဆီက စာတွေ ရေးနေသလား"ဟု မေးလေသည်။

အဖြူက ဒေါသဖြစ်သွားပြီး ကြောက်တာပျောက်သွား၏။ "ဘယ့်နှယ်လုပ် သိနိုင်မှာလဲ၊ ဖေဖေပဲ စာတွေ ဖြတ်ယူနေတယ် မဟုတ်လား"

ဖေဖေက အဖြူ့ကို မကြည့်ဘဲ "ဒါကတော့ ဘယ်ပြောလို့ ဖြစ်မလဲ၊ ဘယ်လောက် ဖြတ်ယူနေနေ နည်းလမ်းရှာရင်တော့ ရတာပဲ"

"ရှာတော့ နေတာပဲ။ မရသေးဘူး"ဟု အဖြူ ပြောလိုက်ရာ ဖေဖေသည် ဘာမျှ မပြောတော့ဘဲ ကားကို လျင်မြန်စွာ မောင်းလေ၏။

တစ်ညနေမှာတော့ ဖေဖေ အိမ်ရှေ့မှာ ခေါက်ပြန်လျှောက်နေဆဲမှာကို ရန်ကုန်ကို တယ်လီဖုန်းဆက်ဦးမယ်ဟု အဖြူ တွေး၏။ အဖြူ တယ်လီဖုန်း ကောက်ကိုင်လိုက်လျှင် ဖေဖေသည် လမ်းလျှောက် ရပ်သွားပြီး "ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်မလို့လဲ”လို့ မေးမှာပဲ။ အဖြူက “ရန်ကုန်၊ ဒေါက်တာလှဦးဆီ”လို့ ပြောလိုက်ရုံ ရှိသည်။ အဲသည်အခါမှာ ဘာဖြစ်နိုင်မည်လဲ။

အဖြစ်နိုင်ဆုံးကတော့ ဖေဖေသည် ယခုအခါမှာ လက်ထဲက မချသော ဆူးချွန်များပါသည့် တုတ်ကောက်နှင့် ရိုက်လိုက်လိမ့်မည်။ အဖြူ့ကိုယ်မှာ အပေါက်တွေနဲ့ ဖြစ်ကုန်မည်လား။ အဖြူသည် ခေါင်းခါလိုက်၏။ တွေးရုံနှင့် နာကျင်လာပြန်၏။ ကြောက်လာပြန်၏။ အဖြူဟာ အသားနာမှာ သိပ်ကြောက်တာပဲနော်။ သူများထက်များ ပိုကဲနေလေသလား။ ဒါပေမဲ့လည်း အဖြူ့လောက် မိဘ အရိုက်ခံရဖူးတဲ့ သားသမီးလည်း ရှိမယ်မထင်။

ငယ်ငယ်က တစ်ခါ အိမ်မှာမွေးထားသော ဆွေမျိုးစပ်လျှင် တော်သည့် တင်ကြည်အမည်ရှိသော ကလေးမကလေးကို ဖေဖေ ကြာပွတ်နှင့် ရိုက်ဖူး၏။ အဖြူက တင်ကြည်နှင့် ရောငိုပြီး တင်ကြည့်ကို ပရုတ်ဆီလူးပေးကာ ဖေဖေ့ကို ဆောင့်အောင့်မိရာ၊ အဖြူပါ ကြာပွတ်နှင့် အရိုက်ခံရသည်။ တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်ပြီး ၁၅ ချက်တိတိ ရိုက်လေသည်။ ရန်သူအားပေးလုပ်သည်တဲ့။

အဲဒါမျိုးကျတော့ ကိုဦးကိုတောင် ပြောပြလို့ ပါးစပ်က မထွက်တော့ပေ။ ထို့ကြောင့် သည်လို ဒဏ်ရာမျိုးက မပြေပျောက်ဘဲ ကျန်နေမှာပင်။

အဖြူသည် ကိုဦးကို တယ်လီဖုန်း မဆက်ဝံ့သည်နှင့် ညစဉ် စာရေးနေမိပြန်သည်။ သို့သော် ဖြောင့်ဖြောင့်ရေးရပြန်သည် မဟုတ်။ ဖေဖေက “ညဉ့်နက်လှပြီ။ ၁၀ နာရီတောင် ထိုးတော့မယ်။ မီးမှိတ်တော့၊ အိပ်တော့”ဟု အမိန့်ပေးတတ်၏။ အဖြူသည် “ဟုတ်ကဲ့…ဖေဖေ”ဟုသာ အလိုအလျောက် ဖြေမိကာ မီးငြိမ်း၍ အိပ်ရာထဲ ဝင်ရ၏။ ပြီးတော့ တိတ်ဆိတ်နေသောအိမ်မှာ ကိုဦးသို့ ရေးသောစာများကို စာအိတ်ထဲ ထည့်ဖို့ မှောင်ထဲမှာ ချိုးခေါက်ရတာတောင် ကျယ်လောင်လှသည်ဟု ထင်မှားကြောက်ရွံ့နေပြန်သည်။

တစ်နေ့မှာတော့ ဖေဖေနှင့် အဖြူသည် ကလပ်သို့ ထမင်းစား သွားရ၏။ တောင်ငူသို့ အရေးပိုင် အပြောင်းအလဲရှိသည်မို့ ကြီးကျယ်သော

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲ ကျင်းပရခြင်း ဖြစ်သည်။ မြို့ခံလူကြီးများနှင့် အရာရှိပိုင်းတို့အတွက် ပျော်ရွှင်ဖွယ်ရာ ပွဲသဘင်ဖြစ်သည်။ ကလပ်မှာ မီးရောင်စုံ ထွန်းသည်။ အရက်များ လျှံဝေသည်။ အဖြူ မမြင်ဖူးသေးသော လူအများကို မြင်ရသည်။

အဖြူသည် ကိုဦးကိုလွမ်းသော၊ ဝမ်းနည်းသောစိတ်ဖြင့် အဝါနှင့် အနက်ကို ရောဝတ်သည်။ မှန်ထဲကြည့်လိုက်လျှင် ဖြူဖျော့၍ ချောင်ကျသွားသော မျက်နှာကို မြင်ရ၏။ အဖြူ ကောင်းကောင်း အိပ်မပျော်တာကြာပြီ။ (အိပ်မက်များတော့ မမက်တော့) သတို့သမီး သေဆုံးသော ဇာတ်လမ်းများ ဖြစ်နေမှာလားဟု တွေးလိုက်ပြီး မခံချင်စိတ်ပေါ်သည်။ ဘာကြောင့် အရှုံးပေးရမည်လဲ။ အဖြူ ရှေ့လျှောက် လူ့ပြည်မှာ အကြာကြီးနေရန် ရှိသေးသည်။ ပြီးတော့ ကိုဦးနဲ့ လက်ထပ်ပြီး ကိုယ်စိတ်ချမ်းသာစွာ နေရဦးမှာ။

အဖြူ့ စာများသည် ပြီးပြတ်၍ စာအိတ်ပိတ်ပြီး တံဆိပ်ခေါင်းကပ်ပြီးသားလည်းရှိ၏။ မပြီးပြတ်သေးဘဲ အသစ်အသစ် ထပ်ရေးသော ရေးလက်စများလည်း ရှိ၏။ ထိုစာများကို သိမ်းဆည်းသိုဝှက်ပြီးမှာ အပြင်ထွက်ရသည်။ အဖြူ့အခန်း သော့တူမှာ ဖေဖေထံတွင်မက ထမင်းချက်စသော အိမ်ဖော်များထံမှာလည်း ပေးထားသည်။

“ဘာဖြစ်သလဲ”ဟု အဖြူသည် အားတင်းပြီး စာများကို သိမ်းဆည်းဖို့ မကြိုးစားပြန်ဘဲ ကလပ်သို့ ဖေဖေနှင့် လိုက်ခဲ့သည်။ အဖြူ့ကို လူအများပင် ဝိုင်းဝန်းကြည့်ကြသည်လို့ ထင်သည်။ တကယ်ပင် စူးစိုက်ကြည့်နေသော ယောကျာ်း၊ မိန်းမ အများကိုတွေ့ကာ မသိမြင်ချင်ယောင်ပင်ဆောင်ရသည်။

ဘာဖြစ်လို့ ကြည့်ကြတာလဲ။ အဖြူ လှလွန်းလို့တော့ ဟုတ်မယ်မထင်။ အဖြူ့ကိုချစ်သော ကိုဦးတို့ မောင်နှမ၊ ကြီးကြီးနှင့် ဘကြီး၊ အန်တီခင်တို့ကသာ လှတယ်ထင်သည်။ ဖေဖေကလည်း ဘယ်တော့မှ ငါ့သမီးလှတယ်လို့ ငယ်ငယ်ကတည်းက မပြောခဲ့ဖူးချေ။

အဝါနှင့်အနက် ရောဝတ်သော အဖြူ့သဏ္ဍာန်ဟာ ကြေကွဲပူလောင်ခြင်းကိုများ ဆောင်လေသလား။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးကြ၍ စိမ်းမြသော အရက်ချို သောက်သူသောက်၊ ကော်ဖီမည်း သောက်သူသောက် ရှိဆဲ။ “ဒေါ်မီနီ…ဒေါ်မီနီ ပီယာနို တီးပါ၊ သီချင်းဆိုပါ”ဟု ပွဲတောင်းသံ ကြားရ၏။

အဖြူသည် ထိတ်ခနဲဖြစ်ကာ အားလုံး ဝိုင်းလက်ခုပ်တီးကြသည်ကို မပါဝင်မိဘဲ ပီယာနိုခုံသို့ ခပ်အေးအေးသွားနေသော ကိုယ်လုံး ကျော့ရှင်းသည့် အန်တီမီနီကို ငေးနေမိ၏။ အဖြူ မှတ်မိတာပဲ၊ အန်တီမီနီ တော်တော်ကလေးတော့ ပြည့်ဖြိုးလာသည်။ ကြည့်လို့ ကောင်းမြဲပင်။ အန်တီမီနီက ခေတ်ပေါ် အနောက်တေးတစ်ပုဒ်ကို တီး၏။ ပြီးတော့ ခေတ်ပေါ် မြန်မာသီချင်းကို တီးပြန်၏။ အဖြူသည် အန်တီမီနီကို မျက်ခြည်မပြတ်ကြည့်ပြီး ဘယ်လို စကားစရပါမလဲ၊ အဖြူ့ကိုသိပါ့မလား၊ လိုလားပါ့မလား၊ ယုံကြည်ပါ့မလား၊ ဖေဖေ့သမီးမှ်သာပဲလို့ ထင်မလားဟု အတွေးများစွာနှင့် နေလေသည်။

သို့သော် ဖေဖေ့ထံမှ ခွဲထွက်လာလို့ မရသည်နှင့် သည်အတိုင်း စိတ်ညစ်နေသည်။

အန်တီမီနီ ပြန်တော့မည် ပြင်လျှင်တော့ အဖြူသည် ဉာဏ်ထွက်လာကာ “ဖေဖေ၊ အဖြူတို့ ပြန်ရအောင်၊ အိပ်ချင်ပြီ။ အိပ်ပျက်ရင် မူးဦးမယ်”ဟု ပြောလိုက်၏။ ပြီးတော့ အသာကလေး ဖင့်နွဲ့နေရပြန်သည်။ အန်တီမီနီနှင့် ဖေဖေ ဆုံသွားမှာလည်း ကြောက်ရ၏။ အန်တီမီနီ ကားပေါ်တက်မိမှ ဖေဖေ့ကိုခေါ်ကာ ကလပ်ပေါ်မှ ပြေးဆင်းလာသည်။ အန်တီမီနီကား နောက်က လိုက်လာကြသည်။ ဖေဖေက မသိလိုက်ချေ။

လမ်းခွဲမှာ အန်တီမီနီကား ချိုးဝင်သောလမ်းကို ဘာလမ်းပါလိမ့်ဟု စဉ်းစားပြန်၏။ သိပ်မမှတ်မိချေ။ ဈေးလမ်းလား။

“ဖေဖေ အဲဒီလမ်းကသွားရင် ဘယ်ရောက်လဲ”ဟု ခပ်အေးအေး မေးလိုက်လျှင် ဖေဖေက “အို…ဘာလုပ်မလို့လဲ၊ အိမ်ကို မရောက်ဘူး”ဟု ဖြေလေသည်။

“ဟော”ဟု အဖြူ ဆိုလိုက်၏။ “ဟိုလမ်းထဲမှာ ဘုရားရှိခိုးကျောင်း မဟုတ်လား၊ အဝင်ပေါက် ခေါင်းမိုးပေါ်မှာ မီးရောင်စုံလင်းလို့ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်လိုက်တာ၊ ဘာများလဲ ဖေဖေ”ဟု ပြောရပြန်သည်။

“အဲဒါ ခရစ္စမတ်ကတည်းက ဆင်ထားတဲ့ အရုပ်တွေပါ။ ခုထက်ထိ မသိမ်းသေးဘူး။ ယေရှုခရစ်မွေးတဲ့ပုံပေါ့။ နွားတင်းကုပ်နဲ့၊ ယေရှုခရစ် သားအမိ သားအဖနဲ့၊ ပူဇော်ဖို့လာတဲ့ အရှေ့တိုင်းသား ပညာရှိကြီး သုံးယောက်လား။ ဘာလဲ၊ အဲဒါတွေပေါ့”

“သွားကြည့်ချင်တယ်။ ဖေဖေ အဲဒီဘက်က မောင်းပေးပါလား”

ဖေဖေက တစ်ချက် ညည်းညူလိုက်သော်လည်း လမ်းထဲ ချိုးဝင်လိုက်ရာ စောစောက ဝေးကွာသွားသော အန်တီမီနီ ပါသွားသည့်ကား၏ နောက်မီးနီကို ပြန်မြင်ရပြန်၏။

“ဖေဖေ မြန်မြန်မောင်းပါ”ဟု လွှတ်ခနဲ ထွက်သွားပြီးမှ ငြိမ်နေလိုက်ရ၏။ ဖေဖေက သံသယဖြစ်ဟန်မရှိဘဲ ခပ်မြန်မြန်ပင် မောင်းလာသည်။ အန်တီမီနီ့ကားသည် ဘုရားရှိခိုးကျောင်းနှင့် ကပ်နေသော အိမ်ခြံဝင်းသို့ ဝင်သွားသည်။ ခြံဝင်းဝ၌ “မီနီညိုမောင်”ဟု ဆိုင်းဘုတ်တပ်ထားသည်ကိုပါ မြင်လိုက်ပြီး သေချာသွားသည်။ အန်တီမီနီတို့အိမ် တံခါးပေါက်မှာလည်း ခရစ္စမတ်ပွဲတုန်းက ဆင်ယင်ထားဟန် ရှိသော၊ မဖြုတ်သိမ်းသေးသော ကြယ်သဏ္ဌာန်မီးပုံးသည် လင်းလျက်ရှိလေ၏။

အဖြူသည် အိပ်မက်မမက်ဘဲ အိပ်ရတာ ကြာခဲ့ပြီ။ ကိုဦးကို အိပ်မက်ထဲမှာတောင် တွေ့ချင်လျက် မတွေ့ရဘဲရှိသော်လည်း ထိုညဦး အန်တီမီနီ၏ ကြယ်မီးပုံးကို အိပ်မက် မက်သည်။ အဖြူသည် ခါတိုင်းလိုပင် အိပ်မက်ထဲမှာ တစ်ယောက်တည်းဖြစ်ကာ မရောက်ဖူးသောလမ်း၌ ရောက်နေသည်။ လျှောက်ခဲ့ လျှောက်ခဲ့ရာမှ အလင်းရောင်ကို တွေ့၏။ အန်တီမီနီသည် ကြယ်မီးပုံးကို ကိုင်မြှောက်ကာ ပြနေလေသည်။

မိုးလင်းခဲ့လျှင် အဖြူသည် အိပ်ရာထဲ၌ ထထိုင်ပြီး အိပ်မက်မက်ပြန်ပြီဟု စိတ်မကောင်းသလို ဖြစ်နေသည်။ တကယ်တော့ အဖြူ့ အိပ်မက်များကို အဖြူ အဓိပ္ပာယ် ကောက်နေတတ်ပြီး ပူပန်ခြင်း မရှိတော့သည်မှာ အမှန်။ အိပ်မက်များကို အရေးမထားတော့တာ အမှန်ပင်။ ကျန်းမာလာပြီမို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တတ်နေကာ၊ အိပ်မက် မက်ပြန်လျှင် ပီပြင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိလှတော့။ ပြန်လည် စဉ်းစားမနေလို့လည်း တစ်ကြောင်းထင်သည်။ မေ့ပျောက်လည်း သွားတတ်သည်။

သို့သော် လေးငါးညပင် အန်တီမီနီနှင့်ကြယ်မီးပုံးပါသော အိပ်မက်များ ဆက်မက်လျှင် အနည်းငယ် ကြောက်ရွံ့လာ၏။ အန်တီမီနီ၏ မျက်နှာထားများသည်လည်း မတည်ငြိမ်ဘဲ တစ်ခါတစ်ရံ ခက်ထန် ကြမ်းကြုတ်၍ တစ်ခါတစ်ရံ အဖြူ့ကို မသိမမှတ်မိဘဲ ရှိလေသည်။ ပြီးတော့ အန်တီမီနီသည် အိပ်မက်ထဲမှာ စကားတစ်ခွန်းမျှ မပြောချေ။

အိပ်မက်မက်ပြီး ညတစ်ဝက်မှာ လန့်နိုးတတ်လာပြန်၏။ ပြန်၍ အိပ်မပျော် ဖြစ်တတ်ပြန်၏။ သည်တော့မှ စိုးရိမ်ပူပန်လာသည်။ အစားအသောက် ပျက်လာပြန်သည်။ သိသိသာသာပင် ကိုယ်အလေးချိန် လျော့လာသည်။ ဖေဖေလည်း သုန်မှုန်နေတတ်ပြန်သည်။ နောက်ဆုံးတော့ မလွဲမသွေပင် ဖေဖေ သေဆုံး၍ ဧရာမ အကောင်ကြီးဖြစ်ဟန်၊ ဝဋ်ခံနေရဟန် တို့ကို မက်သည်။ ဖေဖေ့ တူထုသံသည် ပျော့နေသည်။

အိပ်ရာမှနိုးလျှင် အဖြူသည် ခုန်ထလိုက်ပြီး အိပ်ခန်းပြတင်းကို ဖွင့်လိုက်၏။ အပြင်မှ ကြည်စင်ဝါရွှေသော နေခြည်သည် မွှေးရီသော လေနှင့်အတူ တိုးဝင်လာ၏။ ကံ့ကော်နံ့။ အခါမဟုတ်ပါဘဲ ကြိုးကြားပွင့်နေသော ကံ့ကော်ပန်း၏ အနံ့။ ပြတင်းပေါက်အနား၌ ကပ်နေသော၊ လျှောပြေသောအကိုင်းမှ ခိုတွယ်၍ဆင်းလျှင် မြေသို့ရောက်မည်ဖြစ်၏။ လွတ်မြောက်မည် ဖြစ်၏။ သို့သော် အဖြူသည် မာနကြီးနေကာ သည်နေ့ ရန်ကုန်သို့ ဖုန်းဆက်မည်ဟု ဆုံးဖြတ်လိုက်သည်။

ရိုက်ချင်လည်း ရိုက်ပစေတော့၊ နာချင်လည်း နာပစေတော့။ အရိုက်မခံဖူးတာလည်း မဟုတ်၊ မနာဖူးတာလည်း မဟုတ်။ ပြီးတော့ တစ်နေ့ သေဆုံးကြသည့်အခါမှာလည်း ဝေဒနာနဲ့ တွေ့ရဦးမည်။ အေးလေ...၊ သူတစ်ပါးရိုက်တာ ခံရတာနဲ့တော့ ဘယ်တူမလဲ။ သေရတဲ့ ဝေဒနာမှာ မာနကျိုးပဲ့ခြင်းတော့ ဘယ်ပါမလဲ။

တစ်နေ့လုံး ဖေဖေ့ညှော်သည် မပြတ်သည်မို့ ဖုန်းမဆက်ရ။ ဖေဖေ့ အနားမှ ထိုင်ပြီး ရောနှောညှော်ခံနေရသည်။ ညနေစာ စားမှပင် ညှော်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ညနေစာ စားပြီးပြီးချင်းလည်း မဆက်ဖြစ်သေး။ အန္တရာယ်ကို ရှောင်လိုစိတ်ကပဲ ကာဆီးနေသလား မသိ။ ခြောက်လှန့်နေသလား မသိ။

ခုနေ ကိုဦး ဘာလုပ်နေမလဲ။ သူ့အလုပ်နဲ့သူ ပျော်ရွှင်ကျေနပ်နေမလား။ အဖြူ့ကို သတိရနေမလား။ အဖြူ့သတင်း ဘာမျှမကြားရလို့ ပူပန်နေမလား။ အဖြူ့ရောဂါ ပြန်ထပြီး သူ့ကို မေ့ပျောက်ပြန်ပြီလို့ ထင်မလား။

ဟင့်အင်း...၊ ဟင့်အင်း... အဲဒါတော့ မခံနိုင်ဆုံးပဲ။ အဖြူ ဘာပဲဖြစ်ဖြစ် ကိုဦးကို မေ့ပျောက်တဲ့ရောဂါတော့ ဖြစ်နိုင်တော့မှာမဟုတ်။ ဒီတစ်ခါဖြစ်ရင်တော့လည်း ဘယ်တော့မှ ကောင်းတော့မယ်မဟုတ်။

အဖြူသည် ခေါင်းအုံးအောက်က ကိုဦးရဲ့ဓာတ်ပုံကို နမ်းလိုက်ပြီး "အဖြူ စကားပြောမလို့။ ကိုဦး ဆေးရုံမှာ ရှိမှာလား၊ အိမ်ခန်းကို ပြန်ပြီလား၊ လျှောက်ပဲ လည်ပတ်မေ့ပျောက် ပျော်ရွှင်နေပြီလား"ဟု ပြောလိုက်၏။

ပြီးတော့ တုတ်ကောက် တဒုန်းဒုန်းထောက်ကာ၊ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ဖေဖေ့ဘေးနားမှ ဖြတ်ကာ တယ်လီဖုန်းကို ကောက်ကိုင်ပြီး ပြန်ထူးသံကြားလျှင် "ဦးဘထွန်း၊ ရန်ကုန် စိတ်ရောဂါကုဆေးရုံနဲ့ ဆက်ပေးစမ်းပါ။ ခုနစ်–တစ်–တစ်–ငါး–ငါး"ဟု ပြောလိုက်၏။ ပြီးတော့ အဖြူ့အသံဟာ ခါတိုင်းလိုပဲလား၊ ခါတိုင်းထက် ကျယ်သလား၊ ခါတိုင်းထက် တိမ်သလားဟု တွေးဆ၏။ ခါတိုင်းလိုပဲ ဖြစ်စေချင်သည်။

"ဒါ ဘာလုပ်တာလဲ"ဟု ဖေဖေက အော်လိုက်၏။ ဖေဖေရဲ့ ဘယ်ဘက်အောက်မျက်ခမ်းသည် တဆတ်ဆတ် တွန့်လှုပ်လာပြန်သည်။ မဲ့ရွဲ့နေလိုက်တာ။ ဒေါသကြီးလိုက်တာ။ အဲဒီမျက်နှာထားမျိုးဟာ ချစ်စရာမကောင်းပါဘူးဟု တွေး၏။ ဘာမျှတော့ ပြန်မပြော။

"ခု အိပ်ခန်းထဲ ပြန်ဝင်"ဟု ဖေဖေက အမိန့်ပေး၏။

အဖြူသည် ဘာမျှမပြောဘဲ တယ်လီဖုန်း စားပွဲဘေးက ကုလားထိုင်၌ ဝင်ထိုင်လိုက်၏။ ပြီးတော့ "မြန်မြန် မြည်ပါတော့ကွယ်"ဟု စိတ်ကူးကာ တယ်လီဖုန်းကို စိုက်ကြည့်နေသည်။

"ပြောနေတာ ကြားလား၊ နားချင်သလား"ဟု ဖေဖေက ပြောပြန်၏။

အဖြူသည် ဖေဖေ့ကို ရင်ဆိုင်လိုက်၏။ မော့ကြည့်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အဖြူ့မျက်လုံးများကို ဖေဖေက ခံနိုင်ရည်ရှိဟန်မတူဘဲ မကြာခဏ လွှဲသွား၏။ အဖြူက မထင်မှတ်ဘဲ တည်ငြိမ်နေသောအသံဖြင့် ပြောလိုက်မိသည်။

"ဖေဖေ အဖြူ အခု နေမကောင်း ဖြစ်ချင်လာပြန်ပြီ။ အိပ်ပျက်လာပြန်ပြီ။ ပြီးတော့ ဟိုအိပ်မက်ကို မက်ပြန်ပြီ။ အဖြူ သွားတော့မယ်။ အဖြူနေလို့ မဖြစ်တော့ဘူး။ ပြီးတော့ ကိုဦးနဲ့ မတွေ့ဘဲနဲ့လည်း မနေနိုင်ဘူး"

ထိုခဏ၌ တယ်လီဖုန်း မြည်လာသည်။ ရန်ကုန်နဲ့ ဆက်လို့ ရပြီ ထင်သည်။

ဖေဖေက "မကိုင်နဲ့"ဟု ဟန့်တားလိုက်သည်။

အဖြူက ဖေဖေ့ကိုမကြည့်ဘဲ လှမ်းကိုင်လိုက်လျှင် ကိုင်သော ညာဘက်လက်ပေါ် ဖေဖေ့တုတ်ကောက် ကျလာပြီး အဖြူ့လက်ချောင်းများ ပေါက်ပြဲသွား၏။ သွေးစို့လာ၏။ လက်ခလယ်မှ သွေးတော်တော်များများ စီးကျလာသည်။

အဖြူသည် ဘယ်ဘက်လက်ဖြင့် ကိုင်ကာ "ကိုဦးလား၊ နက်ဖြန် ဘူတာရုံမှာ တစ်နေ့လုံး စောင့်နေပါ။ ရတဲ့ရထားနဲ့ လိုက်ခဲ့မယ်"ဟု ကမန်းကတန်း ပြောလိုက်၏။ "အဖြူ...အဖြူ"လို့ မကြားရတာ ကြာပြီဖြစ်သော ကိုဦးရဲ့ အသံသဲ့သဲ့ကို ကြားနေလျက်က တယ်လီဖုန်းကို ချလိုက်၏။

အဖြူ အိပ်ခန်းတွင်းသို့ ဝင်လာဆဲ။ ဖေဖေသည် ပါးစပ်မှ မပီသ သော စကားသံများထွက်ကာ တယ်လီဖုန်းကို တုတ်ကောက်ဖြင့် ရိုက်ခွဲပြီး ကျန်ခဲ့၏။ အဖြူသည် နေ့စဉ်သုံး ပိုက်ဆံအိတ်ထဲသို့ သူ့ချက်လက်မှတ် စာအုပ်ကို ထည့်လိုက်၏။ ပြီးတော့ အသာကလေး ထွက်လာသည်။ ဖေဖေ မမြင်အောင် လှေကားမှ ဆင်းမည်။

သို့သော် ဖေဖေက မြင်သွားပြီး၊ ပါးစပ်မှ မပီမသပင် ရေရွတ်ကာ လှေကားသို့လာပြီး၊ အဖြူ့ကို လှမ်းပြီး တုတ်ကောက်နှင့် ရိုက်ပြန်သည်။ အဖြူ လှေကားမှ သုတ်သုတ်ဆင်းခဲ့သော်လည်း တစ်ချက် ထိသွားသည်မို့ ခေါင်း၌ ဆူးချွန်များ စူးဝင်သည်ကို ခံစားရပြန်၏။ လက်နှင့် ပြန်စမ်းသည့်အခါ ပူနွေးပျစ်ချွဲသော သွေးကို တွေ့ထိရ၏။ အနည်းငယ် လန့်သွားဆဲ။ ဖေဖေ သည် လှေကားထိပ်မှ "ခု ပြန်တက်ခဲ့၊ အဖြူ ပြန်တက်ခဲ့၊ မသွားနဲ့၊ မသွားရ

www.burmeseclassic.com

www.burmeseclassic.com



ဘူး” ဟု ခေါ်သည်။ တုတ်ကောက်ကိုလည်း အသစ်ပြင်၍ ကိုင်ပြန်သည်။

သူ အဖြူ့ကို ရိုက်သတ်တော့မှာပဲ။ သူ ရူးနေတာပဲ။ တကယ်တော့ ဖေဖေသာ ရူးတာ။ အဖြူ ဘာမှမဖြစ်ဘူး။

အသားနာမှာ ကြောက်ခြင်းသည် ကြီးစိုးလာပြန်၏။ ဒါထက် အဖြူ့ကို ခွန်အားဗလနှင့် ဆွဲခေါ်ထားလိုက်မှာကို ပိုကြောက်ကာ အဖြူသည် ဖြုန်းခနဲ အိမ်ထဲမှ ထွက်ပြေးခဲ့၏။ မှောင်ရီသော သစ်ရိပ်များကို ခိုကာ ခြေသံမကြားအောင် ဖိနပ်ပါ ချွတ်လိုက်၏။ ဖေဖေ့အသံနှင့် အိမ်မှ အိမ်ဖော်များအသံ ကြားရပြန်၏။ သူတို့မမီအောင် အတင်းအမြန်ပြေးမှ ဖြစ်မည်။ အဖြူသည် လျင်မြန်စွာ ပြေးသည်။ အားရှိနေပြီ။ မောရမှန်း မသိအောင် ပြေးသည်။ ဈေးလမ်း၊ ပြီးတော့ ဘုရားရှိခိုးကျောင်း။

စိတ်နည်းနည်း လျှော့မိလျှင်တော့ အသံကုန် ဟစ်အော်နေမိတော့သည် ထင်သည်။ ပြေးရတာ ပေါ့ပါးအောင် အဝတ်အစားတွေပါ ချွတ်ခဲ့မိတော့သည် ထင်သည်။ ပြီးတော့ သေဆုံးပြီဖြစ်သော ဖေဖေ့ အိမ်မှ...။

အဖြူသည် ခေါင်းကို သွက်သွက်ခါ ယမ်းလိုက်၏။ ခေါင်းထဲမှာ ပေါ့ပါးပြီး၊ သွေးခဲပြီး ပိတ်သွားသော ဒဏ်ရာမှ နာကျင်လာ၏။ မိုက်ခနဲပင် ခံစားရ၏။ ပါးပြင်၌ သွေးများစီးကျပြီး ခြောက်စပြုနေသည်ကို လက်နှင့် စမ်းကြည့်လိုက်၏။ ညာလက်၌ သွေးတွေတိတ်သွားပြီ။

သို့သော် အဖြူသည် အလွန် လျင်မြန်စွာပင် ဖိနပ်ကို လက်က ကိုင်၍ ပြေးခဲ့ပြီး၊ မီးလင်းနေသော ယေရှုခရစ်မွေးဖွားဟန် ရုပ်ပုံများ ခင်းကျင်းထားသည့် ဘုရားရှိခိုးကျောင်းရှေ့ရောက်မှ ရပ်နားလိုက်၏။ အန်တီမိနီ အိမ်ခြံဝ၌ ရပ်ပြီး အမောဖြေသေး၏။ ပြီးတော့ ဖိနပ်ကို စီးသည်။ ပိုက်ဆံအိတ်ထဲက လက်ကိုင်ပဝါဖြင့် လက်မှသွေးများကို သုတ်သည်။ ပါးပြင်ကို ပွတ်သည်။ ပိုက်ဆံအိတ်၌ မှန်ပိုင်းပါသည်ကို သတိရပြီး မှောင်ရီရီမှာ အားစိုက်ကြည့်၍ တတ်နိုင်သမျှ သပ်ရပ်အောင် ပြင်လိုက်၏။ ဆံပင်ကို လက်နှင့် ဖိသပ်ရ၏။ ပြီးတော့ “အန်တီမိနီ”ဟု ဆင့်ခေါ်ကာ ကြယ်မီးပုံး လင်းနေဆဲ အိမ်တံခါးဝသို့ ရောက်လာသည်။

●

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ နောက်နှစ်လမျှ နေသည့်အချိန်အတွင်း အဖြူသည် ကြီးကြီးတို့ဆီတစ်လှည့်၊ အေလင်းတို့ဆီတစ်လှည့်၊ ကိုဦးရဲ့ အိမ်ခန်းမှာတစ်လှည့် နေသည်။ တောင်ငူမှာ ကျန်ရစ်သော အဖြူ့ဖေဖေ ကိုယ်တစ်ခြမ်းသေပြီး ဆေးရုံတက်ရသည်ကိုလည်း သွားမကြည့်တော့ချေ။ စကားအစပ်မခံဘဲ နေသည်။ ပြီးတော့ ဘယ်သူ့ကိုမှ အသိမပေးဘဲ အဖြူ့ဘာသာ စီစဉ်ထားသည့်အတိုင်း အဖြူ့ မေမေနှင့် မောင်၊ ညီမလေးများရှိရာ ဩစတြေးလျသို့ ထွက်သွားသည်။

သွားဖို့ တစ်ပတ်အလိုမှာမှ ကိုဦးကို ဖွင့်ပြောလိုက်၏။

"အဖြူ ဒီဘဝက ခဏဖြစ်ဖြစ် ထွက်သွားမှ ဖြစ်တော့မယ်။ ကိုဦး နားလည်တယ် မဟုတ်လား။ ဖေဖေ့ကိုရော၊ အဖြူ့ကိုယ်ကိုရော ခွင့်လွှတ်နိုင်မှ၊ မေ့ပျောက်နိုင်မှ၊ အားလုံး အသစ်ပြန်စနိုင်မှာ။ ကိုဦးနဲ့ အေးအေးချမ်းချမ်း ချစ်နိုင်မှာ။ အဖြူကောင်းစားဖို့ အဖြူ အနာခံပါရစေတော့။ အရင်းစိုက်ပါရစေတော့။ ဖေဖေ ပြောတဲ့အတိုင်းပဲ၊ လူတောင် စုံအောင် မမြင်ဖူးသေးတဲ့ အဖြူဟာ မေမေ့ကိုလည်း မြင်ဖူးချင်သေးတယ်။ ဘယ်လို မိန်းမလဲလို့ သိချင်သေးတယ်။ ကိုဦး မတားဘဲနေမယ်မဟုတ်လား၊ နားလည်တယ် မဟုတ်လား"

မျက်ရည်ကျနေသော်လည်း အသံပင်ထွက်အောင် အဖြူ ရယ်မောနေရာက ကိုဦးကို အတင်းသိမ်းကျုံးဖက်လိုက်၏။ ကိုဦးရဲ့လည်ပင်း၌

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအပ်လိုက်၏။ မျက်နှာကိုမော့ပြီး ကိုဦးရဲ့ အမူအရာကို အကဲခတ်ပြန်တော့ နှစ်ယောက်လုံးပင် တဖြည်းဖြည်း မောဟိုက်လာဆဲ။ ကိုဦးရဲ့ တုန်ယင်သောလက်များသည် အဖြူ ပါးပြင်များမှ ခေါင်းပေါ်သို့ ကူးသန်းလာသည်။ အေလင်း ပြင်ဆင်ပေးထားသည့် ဆန်းကြယ်လှသော၊ အနွယ်အနွယ် ခွေလိပ်သော အဖြူ့ဆံထုံးပုံသစ်မှ ဆံညှပ်များကို တစ်ခုချင်း ဖြုတ်နေသည်ကိုလည်း ခံစားပျော်ရွှင်နေလိုက်သည်။

**[ရှုမဝ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာ၊**
**၁၉၇၁၊ ဇန်နဝါရီ၊ ၁၉၇၂]**

ပြီး

www.burmeseclassic.com

www.burmeseclassic.com



# ကြည်အေး

ရန်ကုန်မြို့ လှည်းတန်းရပ်တွင် အဖ ကုန်သည်ဦးဟန်၊ အမိ ဒေါ်ငွေယုန်တို့က ၁၉၂၉ ခုနှစ်တွင် မွေးဖွားသည်။

တတိယတန်းတွင် ပညာသင်ကြားနေစဉ် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်၍ စစ်လွတ်ရာ ပြေးရသည်။ စစ်ပြီးသော အခါ ကုလားအဘိုးကြီး ကေကေမီတြထံတွင် အင်္ဂလိပ်စာ သင်ကြားသည်။ ကျောင်းနှစ်နှစ်မျှနေပြီး ဆယ်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်သည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သို့ ရောက်သည်။ ဆေးပညာ တတိယနှစ်တွင် ကျောင်း ထွက်သည်။ ထို့နောက် ဝိဇ္ဇာစာမေးပွဲကို ဖြေဆိုအောင်မြင် သည်။ နောင် ဆေးပညာ ပြန်လည်သင်ယူပြီး ဆရာဝန်ဘွဲ့ ရခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြ အဖြစ် အမှုထမ်းဖူးသည်။

၁၉၅၃ ခုနှစ်တွင် ဘဏ်မန်နေဂျာ ဦးတင်မြင့်နှင့် အိမ် ထောင် ပြုသည်။ သားသမီးခြောက်ယောက် ထွန်းကား သည်။ ၁၉၇၂ ခု ဒီဇင်ဘာလတွင် အမေရိကန်ပြည်ထောင်စု သို့ ထွက်ခွာသွားသည်။ ယခုအခါ အင်္ဂလန်ပြည် တောင်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာဝန်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။

၁၉၄၇ ခုနှစ်ထုတ် တာရာမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၄)ပါ **"ထိုည"** ဝတ္ထုတိုသည် ပထမဆုံး ပုံနှိပ်ဝတ္ထုဖြစ်သည်။ **မိ** (၁၉၆၀၊ ၁၉၉၅)၊ **တမ်းတတတ်သည်** (၁၉၆၁၊ ၁၉၉၅)၊ **ကျွန်မ ပညာသည်** (၁၉၆၁၊ ၁၉၉၇)၊ **ကေဖွဲ့ဆိုသီ** (၁၉၆၃၊ ၁၉၉၇)၊ **ဖုန်းသက်တိုင်** (၁၉၆၄)၊ **နှမ်းလျှအိမ်ပြန်** (၁၉၆၄၊ ၁၉၉၇)၊ **မောင်၊ ကိုကိုနှင့် မြနန္ဒာ** (၁၉၇၃၊ ၁၉၉၃)၊ **ကြည်အေး၏ ကဗျာများ** (၁၉၉၀၊ ၁၉၉၂)၊ **ကြည်အေး၏ ဝတ္ထုတိုများ** [၁၊ ၂၊ ၃၊ ၄] (၁၉၉၁၊ ၁၉၉၃၊ ၁၉၉၃၊ ၁၉၉၅)၊ **အပြင်ကလူ** (၁၉၉၆)၊ **အပြင်ကလူ [၂]** (၁၉၉၇)၊ **ဖူးငုံပွင့်သစ်** (၁၉၉၈) တို့မှာ ထင်ရှားသည်။ **တောတောင်ရေမြေ** (၁၉၅၅)နှင့် **ဤမာန** (၁၉၉၄) တို့ကိုလည်း ဘာသာပြန်ခဲ့သည်။

မမိုးသူ ကလောင်အမည်သုံး၍ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ ရေးသည်။ ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ထိုညမှာ အဖြူသည်
ဖေဖေနှင့်ပတ်သက်သော အိပ်မက်အသစ်တစ်ခု မက်သည်။
အိပ်မက်ထဲမှာ ဖေဖေသည် သံချွန်လို သေးမျှင်ချွန်ထက်သော
လက်နက်တစ်ခုနှင့် အဖြူကို ထိုးဆွနေသည်။
ထူးဆန်းစွာပင် နာကျင်လှုခြင်းမရှိ။ အဖြူသည် မသိချင်ယောင်ပင်
ဆောင်နေသေး၏။ ဖေဖေ့ကို ခါတိုင်းလိုပင် ကြောက်ရွံ့နေသည်။

# ကြည်အေး

## မေတ္တာမိုးအိမ်

www.burmeseclassic.com